
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





## အ ၁ ခ

"ဆရာမရှင့် ...

ဆရာမရဲ့ "အိမ်ထောင်ဖက်စစ်စစ် ဟုတ်ရဲ့လား" ဆိုတဲ့ အမျိုးသမီးများအတွက် အမေးအဖြေကဏ္ဍကို အမြဲတမ်း စောင့်ဖတ်နေကျွ ရှိသတ်တစ်ယောက် ဖြစ်ပါတယ်။ ဆရာမရဲ့အဖြေလေးတွေဟာ ကျွန်မတို့ မိန်းမသားထုတစ်ရပ်လုံးအတွက် အမြဲတမ်း အားကိုးလက်ကိုင်ပြုနေရတဲ့ အကြံဉာဏ်လေးတွေပါ။ မဂ္ဂဇင်းမှာ တစ်လတစ်ကြိမ် စောင့်ဖတ်ရတာ အားမရနိုင်လို့ အပတ်စဉ်ထုတ်ဂျာနယ် တစ်စောင်စောင်မှာ အစီအစဉ်သစ်တစ်ခုအဖြစ် ထည့်ဖို့ စီစဉ်ပေးပါလို့ တောင်းဆိုပါတယ်။

www.burmeseclassic.com



ဆရာမဆီက အဖြေနဲ့ အကြံဉာဏ်ကို ခပ်မြန်မြန်လေး ပြန်ရချင်တဲ့ ကျွန်မတို့အတွက် ပိုအဆင်ပြေသွားမှာပါ ဆရာမ။ ကျွန်မ တောင်းဆိုမှုကို သေသေချာချာ စဉ်းစားပေးပါနော် ဆရာမ။

ချစ်ခင်လျက် ...

ခင်မမ(မိတ္ထီလာ)"

တင့်ရှင်းသွင်က ဘောလ်ပင်ကို ကောက်ကိုင်ကာ စာရွက်လွတ်မှာ ခပ်သွက်သွက် ရေးချလိုက်ပါသည်။

"မခင်မမရဲ့တောင်းဆိုမှုကို ခေါင်းထဲထည့်ထားပါတယ်။ အားပေးဖတ်ရှုမှုကို ကျေးဇူးတင်ပါတယ်"

အဖြေစာရွက်နှင့် ခုနကစာရွက်ကို ကလစ်နှင့်တွဲညှပ်လိုက်ကာ တင့်ရှင်းသွင်က နောက်ထပ်စာတစ်စောင်ကို စာအိတ်ထဲမှ ဆွဲထုတ်လိုက်ပါသည်။

"မမတင့်ရှင်း ...

ညီမကို ကူညီပါဦး မမရယ်။ ညီမရဲ့ချစ်သူဟာ အရာရှိတစ်ယောက်ပါ။ ညီမထက် ဆယ်နှစ်ကြီးပါတယ်။ ညီမကိုလည်း ချစ်တယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ သူက ညီမအပေါ်အမြဲတမ်း သူ့ရုံးက စာရေးမလေးကိစ တစ်ယောက်ကို ဆက်ဆံသလို သူ့ထက်ညံ့တဲ့လူတစ်ယောက်ကို ဆက်ဆံသလို အမြဲပဲမလေးမစား လူရာမသွင်း ..."





"မမ"

နောက်ဘက်က ခေါ်သံကြောင့် တင့်ရှင်းက လှည့်ကြည့်လိုက်ရင်း ...

"ဘာလဲ အစော"

"ဖုန်းလာပါတယ် မမ"

"ဘယ်သူတဲ့လဲ"

"ဆက်နေကျ မသီရိခက် ဆိုတဲ့ အစ်မကြီးပါ၊ မမဟဲန်းဒ်ဖုန်း ခေါ်မရလို့တဲ့၊ အစော ဘာပြောလိုက်ရမလဲ"

တင့်ရှင်းက သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း ...

"မပြောနဲ့ ... မပြောနဲ့၊ ငါ လာပြောလိုက်မယ်"

တင့်ရှင်းသွင်သည် ဘောလ်ပင်ကိုချကာ တယ်လီဖုန်းရှိရာ အပြင်ဘက် ဧည့်ခန်းဆီ ထွက်လာပါသည်။ စာရေးနေချိန်၊ အလုပ်လုပ်နေချိန်မို့ ဟဲန်းဒ်ဖုန်းကို အသံဆိုင်းလဲ့ဲ့လုပ်ထားမိတာဖြစ်သည်။ စာရေးနေတုန်း စာတွေပြန်နေတုန်း တစ်ဆက်တည်းပြီးအောင် လုပ်ချင်ပေမယ့် ဒီသီရိခက် ဆိုတာကတော့ ကိုယ့်ရဲ့ပရိသတ်အဖြစ်မှသည် ကိုယ်နဲ့ တစ်ဆင့်တက်ရင်းနှီးသူ ဖြစ်လာခဲ့ပြီးပြီ။

အဲသလို ခင်မင်ရင်းနှီးသွားရတဲ့ ညီမငယ်တွေ၊ အစ်မကြီးတွေ၊ အမျိုးသမီးမိတ်ဆွေတွေ သူ့မှာ အများကြီးပါ။ ဘာကြောင့်လဲဆိုတော့ "တင့်ရှင်းသွင်"ဆိုတဲ့ စာရေးဆရာသည်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးပရိသတ်ထုရဲ့ အသည်းစွဲ Best seller စာရေးဆရာမ တစ်ယောက် ဖြစ်လို့ပင်။

ဒီ သီရိခက် ဆိုသည့် မိန်းကလေးက အသက်အစိတ်ကျော်ပြီဖြစ်သည့် ကဂျီကချောင်မလေး တစ်ယောက်တည်း။

“ဟယ်လို”

“မမ”

“အင်း ... ပြော သီရိ”

“မမရယ် ... မမကို တိုင်ပင်ရဦးမယ်၊ ကိုဆိုးပေပေါ့၊ ဟိုး တစ်နေ့က သီရိ သူ့အိမ်ကိုသွားတော့ သူက မရှိဘူး၊ ဘာသွားလုပ်နေတယ် ထင်လဲ မမ”

“အင်း ... မသိဘူးလေ”

“ဘောလုံးကွင်းမှာ ဘောလုံးသွားကန်နေတယ် မမရယ်”

တင့်ရှင်းက ပြုံးစိစိ ရယ်ချင်သွားရကာ ...

“အင်း ... အဲဒီတော့ ! ”

“ကျွတ် ... မမကလည်း၊ အဲဒီတော့ ဆိုတော့ သီရိက ဘာပြောရမှာလဲ”

“မသိဘူးလေ၊ သီရိ ဘာကို မကျေနပ်တာလဲ မမက မသိရသေးလို့ပါ”

“အဲဒါကိုပဲလေ၊ ဘောလုံးသွားကန်တာကိုလေ၊ ဘောလုံးသမားလည်းမဟုတ် ဘာမဟုတ် မမရယ်၊ ကလေးတွေနဲ့



BURMESE CLASSIC .com



ရောနှောပြီး ဘောလုံးသွားကန်စရာလား၊ သူ့အသက်ကဖြင့် သုံးဆယ်ပြည့်ဖို့ တစ်နှစ်ပဲ လိုတော့တာ မမရဲ့”

“ဘာလဲ ... သူက ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်လေးတွေနဲ့ ကန်နေလို့လား”

“အို ... မမကလည်း၊ ဒါလေးတွေနဲ့တော့ သူ ဘယ်လိုလုပ် အုပ်စုဖွဲ့မလဲ၊ ကျန်တဲ့ယောကျ်ားလေးတွေက နှစ်ဆယ်ကျော် အစိတ်တွေ”

“ဪ ... သီရိရယ်၊ သူလည်း သုံးဆယ်မှ မပြည့်သေးတာ၊ နှစ်ဆယ်ကျော်ပေါ့”

“အို ... မကြိုက်ပါဘူး မမကလည်း၊ ဘောလုံးကန်စရာလား”

“ဟင် ... ဘောလုံးကန်တာ ဘာဖြစ်လို့လဲ၊ ကျန်းမာရေးအတွက် အားကစားနည်း တစ်မျိုးတောင် ဖြစ်သေးတယ် မဟုတ်လား”

“ဟာ ... မမကလည်း၊ ဘောလုံးကန်တော့ ဘောင်းဘီပေါင်တိုလေး ဝတ်ရတာ၊ သူ့အရပ်ကြီးနဲ့ ဘောင်းဘီပေါင်တိုနဲ့၊ အပေါ်က တီရှပ်အရွဲအဟောင်းကြီးနဲ့ ကြေးတွေ ရွှဲ့တွေပေလို့ ဖြစ်နေတဲ့ ရုပ်ကြီးကို တွေ့ရတာ မုန်းလိုက်တာ အရမ်းပဲ၊ ရှက်စရာကြီး၊ သီရိက သူ့ကို အဲသလို ပစ်စလက်ခတ်နေတတ်တဲ့သူ မဖြစ်စေချင်ပါဘူး၊ သီရိရဲ့ သတို့သားလောင်းကို စတိုင်လ်ပဲနဲ့ ရုပ်လက်ရှည်လေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



နက်က်တိုင်စည်းပြီး ရှူးနဲ့ ကြော့မော့သပ်ရပ်နေတာမျိုး လိုချင်တာ"

တင့်ရှင်းသွင်က အပြုံးနှင့် သက်ပြင်းလေးတစ်ချက် မှုတ်ထုတ်လိုက်ရပါသည်။ ဒီကလေးမဟာ ရတာမလို လိုတာမရ သူ့ဟာနှင့်သူ ပဋိပက္ခတွေ ဖြစ်နေတာ။ ဒီလူတစ်ယောက်ကို သူ့မှာ ဘယ်သောအခါမှ စိတ်တိုင်းမကျနိုင်ပါ။

"မမ"

"ဟင်"

"ပြောဦးလေ"

"ဘာပြောရမလဲ၊ မမ နားထောင်နေတယ်လေ"

"အကြံပေးဦးလေ၊ မမကလည်း"

"အကြံပေးရမယ် ဆိုရင်တော့ သီရိကိုပဲ မမက ပြန်မေးရမှာ"

"မေး"

"သီရိ သူ့ကို စ,သိကတည်းက သူဟာ ရှူးနဲ့စတိုင်လ်ပဲန်နဲ့ ရှပ်လက်ရှည်နဲ့ လည်စည်းနဲ့ ပုံစံမျိုးနဲ့ စသိခဲ့တာလား"

"ဟင့်အင်း"

"ဘယ်လို တွေ့ခဲ့လဲ"

"မပြောချင်ပါဘူး မမရယ်၊ အလုပ်ချိန်ဆိုရင် မည်းတူး ပေကျံနေတဲ့ မက္ကင်းနစ်ဝတ်စုံကြီးနဲ့ပေါ့၊ အလုပ်ချိန်ပြင်ပ



BURMESE CLASSIC .com



ဆိုရင်တော့ ချည်ပုဆိုးလေး ရှပ်လက်တိုလေး တော်ရိ ဖော့ဖိနပ်နဲ့ ဖြစ်ဖြစ် ဂျင်းဘောင်းဘီစုတ်နဲ့ ဟီရှပ်မည်းမည်းနဲ့ ဖြစ်ဖြစ်ပေါ့"

"အဲဒါ အဖြေပဲလေ ညီမလေး၊ ညီမလေးက ကြိုက်ပြီးမှ သူက ပုံပြောင်းလိုက်တာမှ မဟုတ်တာ၊ ဒီပုံကိုပဲ သီရိ သွားကြိုက်ခဲ့တာလေ"

"အာ ... ဒါပေမဲ့ မမကလည်း သီရိက သီရိနဲ့ကြိုက်ပြီးရင် လိုချင်တဲ့ပုံ ပြောင်းပစ်မလို့ပေါ့"

"ဒီမှာ သီရိ၊ ယောကျ်ားတစ်ယောက်ကို ဘယ်မိန်းမတစ်ယောက်ကမှ ပုံပြောင်းမပစ်နိုင်ပါဘူးဆိုတာ မှတ်ထားလိုက်စမ်းပါ ညီမရယ်၊ ငါနဲ့ရရင်တော့ ကလေကချေကနေ အဆင့်အတန်း မြင့်သွားကောင်းရဲ့၊ ငါနဲ့ရရင်တော့ အရက်ပြတ်ကောင်းရဲ့၊ ဆေးလိပ်ပြတ်ကောင်းရဲ့၊ ကွမ်းဖြတ်ကောင်းရဲ့၊ ငါနဲ့ရရင်တော့ မိန်းမ မရှုပ်တော့ဘဲ ခြေငြိမ်ကောင်းရဲ့ဆိုတဲ့ အတွေးမျိုးဟာ မိုက်မဲတဲ့ မိန်းမတွေရဲ့အတွေးပဲ ...

ယောကျ်ားတစ်ယောက်ကို ချစ်တော့မယ် ယူတော့မယ်ကြံရင် လက်ရှိ သူ့ပုံစံ သူ့အခြေအနေကို ငါလက်ခံနိုင်သလား ဆိုတာကို အဓိက အရေးတကြီး စဉ်းစားပါ၊ ငါကတော့ ဒါလေးကို ,မကြိုက်ပေမယ့် ငါနဲ့ယူရင်တော့ ဟိုလိုလေး ပြုပြင်ပြောင်းလဲပစ်လိုက်မယ်၊ အဲဒါမျိုး အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြောသွားပဲဆိုတဲ့ မျှော်လင့်ချက်ကို ဘယ်တော့မှ မထားပါနဲ့၊ အဲဒီအထင်ဟာ ကိုးဆယ်ရာခိုင်နှုန်း လွဲတတ်ပါတယ်၊ သူ့ကို သူ့ပုံစံပကတိအတိုင်း ချစ်နိုင်မှ ရှေ့ဆက်ဖို့စဉ်းစားပါ”

“သီရိ သူငယ်ချင်းတစ်ယောက်ရဲ့ ယောက်ျားကတော့ သူနဲ့လည်းရပြီးရော ကွမ်းမစားတော့ဘဲ ကွမ်းဖြတ်လိုက်တယ် မမရဲ့”

“ဟုတ်လား”

“ဟုတ်တယ် မမရဲ့”

“သူက ဘာအလုပ် လုပ်လဲ”

“အရင်ကတော့ ကုမ္ပဏီတစ်ခုမှာ သာမန်ဝန်ထမ်းအနိမ့်ပါပဲ၊ နောက် သူက French တွေ ဘာတွေတက်ပြီး Tourist Guide လက်မှတ် ယူလိုက်ပြီးတော့ ခုတော့ Guide လုပ်နေတာ”

“ဘယ်နိုင်ငံခြားသားမှ အထူးသဖြင့် West က အဖြူတွေပေါ့၊ သူတို့နဲ့ လိုက်ပါမယ့် Guide ကို ကွမ်းတွေ ဝါးထားတဲ့ သွားနီနီမည်းမည်းကြီးနဲ့ ကွမ်းသွေးတပျစ်ပျစ် ထွေးနေတာ လက်ခံမှာ မဟုတ်ဘူး၊ ဒီလူဟာ ဒီအလုပ်ကို ရွေးချယ်မိပြီးမှတော့ သူ့ဟာသူ ကွမ်းမဖြတ်ရင် ဘယ်လိုမှ လုပ်ကိုင်စားလို့ရမှာ မဟုတ်ဘူးလေ၊ ကွမ်းကို သူ ဖြတ်ကိုဖြတ်မှ ဖြစ်မှာလေ”





“ဒီတော့ ... မမ ဆိုလိုတာက”

“သူ့မိန်းမက ဆုံးမပဲ့ပြင်လို့ သူ ကွမ်းဖြတ်တာ မဟုတ်ပါဘူး သီရိရယ်၊ မိန်းမစကား နားထောင်ရုံသက်သက်နဲ့ ကွမ်းကိုဖြတ်ပစ်တယ်လို့ မမ လုံးဝမယုံပါဘူး၊ သူ့ရဲ့ Career သူ့အသက်မွေးဝမ်းကြောင်း အလုပ်အတွက် လိုအပ်လို့ မဖြတ်မဖြစ် ဖြတ်လိုက်တာလို့ပဲ မမ ထင်တယ်”

“သူငယ်ချင်းကတော့ သူ ပြုပြင်လိုက်နိုင်တာလို့ ဂုဏ်ယူနေတာ..မမရဲ့”

“ဒီတော့ ကောင်းတာပေါ့၊ သူ ဒီလိုထင်နေတော့ သူစိတ်ချမ်းသာရတာပေါ့”

“မမက သီရိကိုတော့ အဲလို စိတ်မချမ်းသာခိုင်းပဲနဲ့”

“ဟိုကိစ္စက တကယ်ပြောင်းလဲသွားပြီးတဲ့ ကိစ္စလေ၊ ဒါကြောင့် သူ စိတ်ချမ်းသာသလို သူထင်တာ ဘာမှအရေးမကြီးဘူး၊ သီရိက မဖြစ်သေးတာကို ကြိုတင်မျှော်လင့်ယုံကြည်နေတာလေ၊ ဒါမျိုးကျတော့ ဖြစ်မလာခဲ့ရင် ပိုပြီး စိတ်ဆင်းရဲရ အထိနာရမှာမို့လို့ မမက ပြောနေတာပါ ...

သီရိ ချစ်သူက မမ ခုနပြောတဲ့ ရာခိုင်နှုန်း ၉၀ ထဲ က မဟုတ်ဘဲ ကျန်တဲ့ ဆယ်ရာခိုင်နှုန်းထဲက ရှားရှားပါးပါး မိန်းမစကား နားခံတဲ့သူ ဖြစ်နေရင်တော့ အတိုင်းထက် အလွန်ပေါ့ ညီမရယ်”



www.burmeseclassic.com

www.burmeseclassic.com



"အခု အဲလိုမဖြစ်လို့ပေါ့ မမရဲ့"

"... ... ..."

"သီရိက သူ့ကို ဘောလုံးမကန်နဲ့လို့ ပြောတယ်၊ သူ့သူငယ်ချင်းတွေကလည်း အမြဲဆွဲခေါ်တာပဲ၊ သူကလည်း ကန်တာပဲ"

"သီရိက အပြစ်မဟုတ်တဲ့ အမှားမဟုတ်တဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲ ဘာမှနာမည်ပျက်စရာလဲ မရှိတဲ့ သာမန်ကိစ္စလေးတစ်ခုကို ဘာကြောင့် သွားပြီးပညတ်နေရတာလဲ ညီမရယ်"

သီရိ အသံတိတ်သွားပါသည်။ ဘာပြန်ဖြေရမှန်းမသိဘဲ စဉ်းစားနေပုံရပါသည်။ လောကကြီးမှာ ကိုယ့်စကားသာအောင်လိုတဲ့ ချဉ်ချင်းမျိုးဟာလည်း ကျား,မ,မရွေး ဖြစ်တတ်တဲ့ စိတ္တဇတစ်မျိုးပဲလား မသိပါ။

"ကိုယ့်အတွက်လည်း အရေးပါ၊ သူ့အတွက်လည်းအရေးပါ၊ ဘဝအတွက်လည်း အရေးပါတာမျိုးကို နိုင်နိုင်မာမာတောင်းဆိုဖို့ အခွင့်အရေး ချန်ထားပါလား သီရိ၊ ဘယ်သူ့အတွက်မှ ဘာအရေးမှမပါတဲ့ မဖြစ်စလောက် ကိစ္စအတွက် ဘာဖြစ်လို့ စကားအဖတ်တင်ခံ တောင်းဆိုနေမှာလဲ ညီမရယ်"





"ဒါပေမဲ့ သီရိမှ သူလုပ်နေတဲ့ ပုံစံတွေကို မကြိုက်တာ၊ ပုဆိုးကိုမ,ပြီး လမ်းလျှောက်တာလည်း မကြိုက်ဘူး၊ အကျယ်ကြီး အားရပါးရ ရယ်ရင်လည်း မကြိုက်ဘူး၊ ဆွေမျိုးတွေနဲ့လည်း ချစ်လွန်း ခင်လွန်း လုံးလွန်းတယ်၊ ပြီးတော့ ..."

"သီရိ ဟိုအရင်က မမကို တစ်ခါပြောဖူးတာကတော့ သီရိ သူ့ကို သွားစချစ်ခဲ့တာဆို"

"အင်းလေ"

"ဒီလောက်တောင် မကြိုက်နိုင်တဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ ကိုယ်ကများတောင် သွားစ,ခဲ့တာလဲ"

"အဲဒီတုန်းကတော့ သူ ပျော်ပျော်နေတတ်တာက ချစ်စရာလို့ပဲ မမရဲ့၊ ဘယ်သူနဲ့မဆို သူကတည့်ပြီး ခင်မင်ပျော်ရွှင်ရယ်မောနေတာပဲ၊ ဟန်လည်းမဆောင်တတ်ဘူး"

"ဒါကိုပဲ ချစ်ခဲ့ပြီးမှများ ညီမရယ်"

"ဒါတွေက သီရိ့ တစ်ယောက်တည်းဖို့မှ မဟုတ်ဘဲ"

"သူနဲ့သီရိ ရှိနေတဲ့ ကမ္ဘာကြီးပေါ်မှာ ဒီလူနှစ်ယောက်တည်းမို့လို့လား သီရိ"

"ဟာ ... မမကလည်း၊ ကဲ ... သီရိ ဘာဆက်လုပ်ရမယ်ဆိုတာပဲ ပြောပါ မမရယ်"

"ဒါက သီရိအပေါ်မှာပဲ မူတည်တယ်လေ၊ သီရိတစ်သက်လုံးစိတ်ချမ်းသာမယ် ထင်တာကို သီရိ ရွေးချယ်ရမှာပဲ!"



www.burmeseclassic.com

www.burmeseclassic.com

"သီရိက သူ့ရဲ့ပုံစံကို တစ်သက်လုံးကြီး လက်ခံသွားရ တော့မှာ တွေးလိုက်တိုင်း လုံးဝစိတ်မချမ်းသာဘူး"

"သီရိစိတ်နဲ့ သီရိအဖြေက ထွက်နေတာပဲ"

"သူနဲ့ လက်ထပ်လို့ မဖြစ်ဘူးပေါ့နော် မမ"

"မဖြစ်ဘူးလို့ တွေးနေမိရင် ဖွတ်တိုးပြီး လက်မထပ်ပါနဲ့ သီရိ"

* * *





## ၂

အက်ဖ်အမ်မ်အိုင်ထဲက ဖေဖေ့အိမ်နှင့် ခြံလေးဟာ အမြဲပဲ တိတ်ဆိတ်အေးမြပြီး ချမ်းမြေ့နေတတ်ပါသည်။ တင့်ရှင်းက ခြံဝင်းလေးရှေ့ လမ်းမပေါ်မှာပဲ သူမရဲ့ဖောက်စ်ဝက်ဂွန် ပုံယောင်းကား ဝါဝါလေးကို စက်သတ်ရပ်လိုက်ပြီး ခြံတံခါးတွန်း ဝင်ကာ ...

"ဖေဖေ"

"ဝင်ခဲ့ သမီး၊ ဘေးဘက်ကိုလာခဲ့"

ဖေဖေ့ခြံက ခြောက်ဆယ် ရှစ်ဆယ် အကျယ်မို့ ဘေးဘက်မှာ မြေကွက်ပိုလေးရှိကာ ဖေဖေက မြက်ခင်းလှလှလေး တစ်ကွက် မွေးထားပါသည်။ ထိုမြက်ခင်းအစပ်က အသားကင်တဲ့ မီးဖိုစင်ကလေးထံမှ အငွေ့တထောင်းထောင်းနှင့် [illegible] နံ့ ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘာတွေအများကြီး လုပ်နေတာလဲ၊ ဘယ်နှယောက် စားမှာမို့လဲ၊ လူက လေးယောက်တည်းလေ"

"လေးယောက်ဆိုတာ အများကြီးပဲ၊ တကယ်စားကြရင် ကုန်တာပေါ့၊ ဒါပေမဲ့ ခုတော့ ကုန်ပါ့မလားပဲ"

"ဘာဖြစ်လို့လဲ ဖေဖေ"

"မြတ်သစ်လွင်က ခုန ဖုန်းဆက်တယ်၊ သူ အချိန်မီမ ရောက်တော့ဘူးတဲ့၊ စားနှင့်ကြပါတဲ့၊ သူ့ကိစ္စကနေ အပြန် ဝင်တော့ ဝင်လာမယ်၊ ဒါပေမဲ့ မစားဖြစ်ဖို့ များတယ်တဲ့"

တင့်ရှင်းရဲ့မျက်နှာလေး ဖျတ်ခနဲ မှိုင်းအုံ့မည်းညို့ ပျက်သွားရပြီးမှ ချက်ချင်းပဲ ကိုယ့်စိတ်ကိုယ် ပြုပြင်ကာ သက် ပြင်းတစ်ချွေး မှုတ်ထုတ်လျက် အာရုံရှင်းပစ်လိုက်ပါသည်။

"ဖေဖေနဲ့ အန်တီ ချက်ပြုတ်ရ ကင်ရ ပြုရတာ အားနာ လိုက်တာ"

အိမ်ရဲ့မီးဖိုခန်းဘေးတံခါးမှ ထွက်လာသော အန်တီ့ ကိုပါ တစ်ဆက်တည်း လှမ်းပြောလိုက်ပါသည်။ အန်တီက ပလတ်စတစ်ခုံတွေ သယ်လာတာမို့ တင့်ရှင်းက သွားကူသယ် လိုက်ပါသည်။

"ဘာအားနာစရာရှိလဲ သမီးကလည်း"

"ကိုမြတ်သစ်လွင်ကို ခေါ်လာမယ်ဆိုလို့ ဒီလိုအလုပ်တွေ ပိုရတာ မဟုတ်လား၊ သမီးချည်းပဲလာရင် ဒီလောက်လုပ် နေစရာမှ မလိုတာ၊ ရှိတာ ဝင်စားရုံပဲဟာ အန်တီရယ်"





"အဲလို ရှိတာပဲ ကြုံသလို စားစားသွားရတာများတော့ ခုလို တကူးတက အသားကင်လေး ကျွေးဖြစ်တာကို ဝမ်း သာရတာ၊ မြတ်သစ်လွင် မလာလည်း ဘာကိစ္စရှိလို့လဲ၊ သမီးရော အန်တီတို့ရော စားကြရတာပေါ့၊ ပိုမှာမပူနဲ့၊ ခုနက မြတ်သစ်လွင် ဖုန်းဆက်ကတည်းက သမီးဖေဖေက ဟိုဘက်ခြံက သူ့ချက်စ်ထိုးဖက်ဘော်ဒါ ဦးမောင်မောင် ခင်ကို အသားကင် ပို့ပေးရမယ်ဆိုပြီး အကြံရပြီးပြီ၊ ခဏ နေရင် အဲဒီကို အရင်ပို့လိုက်မယ်"

တင့်ရှင်းသည် ဘယ်လိုပဲ ဖြေသိမ့်သည့်တိုင် ...

"ဘာပဲဖြစ်ဖြစ် စောစော ကြိုတင်အကြောင်းကြားဖို့တော့ သင့်တာမဟုတ်လား အန်တီ၊ ပြီးတော့ ဒါ သမီးမိဘအိမ် လေ"

ဖေဖေက ခေါင်းယမ်း မျက်မှောင်ကြုတ်ကာ ...

"ဒါတွေ အရေးမကြီးပါဘူး သမီးရယ်၊ သူလည်း ကိစ္စရှိ လို့ပေါ့"

"ဒါပေမဲ့ သူ့ကိစ္စတိုင်းက အမြဲပဲ သမီးကိစ္စတွေတိုင်းထက် ပိုအရေးကြီးနေတာချည်းပဲ"

"ဒီလိုစိတ်ပျက်မှုမျိုး သူများတွေပဲ ဖြစ်ပါစေ သမီးရဲ့"

"သမီးက ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက တင့်ရှင်းသွင်လေ၊ အိမ်ထောင်ဖက်စစ်စစ် ဟုတ်ရဲ့လားဆိုတဲ့ ကဏ္ဍမှာ အမေးအဖြေ လုပ်ပေးနေတဲ့ စာရေးဆရာမ၊ အချစ်ဝတ္ထုတွေရေးပြီး အောင်မြင်နေတဲ့ ဘက်စ်ဆဲလား စာရေးဆရာမ၊ အချစ်ရေး အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ညီမျှတဲ့အမြင်နဲ့ နားလည်မှုရှိတဲ့သူလို့ အများက လက်ခံထားရတဲ့သူလေ"

"အဲဒီနေရာကလည်း တကယ်တော့ အများက ဝိုင်းတွန်းပို့ ချီးမြှောက်ရင်း ဘုမသိ ဘမသိ ရောက်သွားရတာပါ မေမေရယ်"

"အများက လက်ခံတွန်းပို့တာကိုက သမီးရဲ့အမြင်တွေ၊ သမီးရဲ့အကြံပေးချက်တွေ၊ သမီးရဲ့အိုက်ဒီယာတွေကို သဘောကျ နှစ်သက်ကြလို့ပဲလေ၊ သမီးမှာ အိမ်ထောင်မရှိသေးဘဲနဲ့တောင် သမီးကို လက်ခံနှစ်သက်ကြတယ်၊ အထင်ကြီးကြတယ်၊ အိမ်ထောင်ရှင်မကြီး ဖြစ်လာရင် သမီးက ဒီထက်ရင့်ကျက်ပြီး ဒီထက်နားလည်မှုပိုလာနိုင်ရမယ်၊ ဒီထက် ညှိနှိုင်းတဲ့အမြင်ရှိဖို့ လိုတယ်"

"သမီးက အဲသလိုပဲ ကြိုးစားနေပါတယ် မေမေ"

သူ့ကို စာဖတ်ပရိသတ်က အချစ်မေတ္တာဖွဲ့ အိမ်ထောင်ရေးဝတ္ထုတွေနှင့် လက်ခံအားပေးလာကြချိန်မှာ "……မဂ္ဂဇင်း"က ဒီကဏ္ဍလေးမှာ ပင်တိုင်ဆောင်းပါးရှင်အဖြစ် မေး





ခွန်းလေးတွေ ဖြေပေးဖို့ တောင်းဆိုတိုက်တွန်းလာတဲ့အတွက် "အိမ်ထောင်ဖက် စစ်စစ်ဟုတ်ရဲ့လား"ဆိုတဲ့ ကဏ္ဍလေး တာဝန်ယူဖြစ်ခဲ့ပြီး အမျိုးသမီးထုက ပိုမိုလက်ခံ အားကိုးလာတော့တာဖြစ်သည်။

"ခုဆို သမီးကို နောက်တစ်မျိုးတောင် ကမ်းလှမ်းတဲ့သူ ရှိလာတယ်"

"ဘာများလဲ မေမေ"

"သမီးအန့်တီရဲ့ တူတစ်ယောက်က သူ့ပါတနာအချို့နဲ့ ပူးပေါင်းပြီး အခုရှိတဲ့ City FM လိုမျိုး '……FM'ဆိုပြီး ရေဒီယိုချယ်နယ်လ်တစ်ခု လုပ်နေကြတယ် သမီးရဲ့၊ စ,နေတာ လေးငါးလရှိပြီ၊ အစီအစဉ်လေးတွေ စဉ်းစားတီထွင်ကြရင်းနဲ့ သူတို့က ဖုန်းဖြေတဲ့အစီအစဉ်လေးပေါ့၊ ပရိသတ်ရယ်၊ ဆယ်လဘရစ်တီးစ် တစ်ယောက်ယောက်ရယ် Live ဖုန်းပြောကြမယ်၊ အဲလိုပြောတဲ့အခါ အခု ဘာတွေအသစ်လုပ်နေလဲ၊ ဘာအစီအစဉ်တွေရှိလဲ ဆိုတာမျိုးမဟုတ်ဘဲ အမေးအဖြေကဏ္ဍလေးပဲပေါ့၊ အချစ်ရေး အိမ်ထောင်ရေးနဲ့ပတ်သက်တဲ့ Live ဖုန်း အမေးအဖြေကဏ္ဍလေး လုပ်ချင်တယ်၊ နိုင်ငံခြားတွေမှာတော့ ဒါမျိုးတွေ ရှိတယ်လေ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက်ကို သုံးယောက် လေးယောက်လောက်ပဲပေါ့၊ တစ်ပတ်ကို နှစ်ကြိမ်လောက်ဖြစ်ဖြစ် ဒီကဗျာလေး လွှင့်မယ်ပေါ့ကွာ၊ အဲဒါ သမီးမှာ အမျိုးသမီးပရိသတ် နိုင်မာတယ် ဒီအမေးအဖြေမျိုး ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်တဲ့ အရည်အချင်း ရှိတယ်ဆိုတာ သိတာနဲ့ ..."

"အာ ... ဖေဖေ၊ မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"သမီးက စာသာရေးတတ်တာ၊ ဒါမျိုးက တခ်နပ္ပတ္တိဉာဏ်လည်း ရှင်မှ၊ ပါးစပ်ကလည်း စကားကို ချောချောမောမော ပြေပြေပြစ်ပြစ် လျှပ်တစ်ပြက် ပြောတတ်မှ၊ အဲဒီ တဲလဲန့်ထ်မျိုး သမီးမှာ မရှိနိုင်ဘူး ထင်တယ်"

"သမီးပြောတော့ သမီးရဲ့ပရိသတ် တချို့ဟာ နောင်ကျတော့ ခင်သွားပြီး စာအုပ်ထဲက မဟုတ်ဘဲ အပြင်မှာလည်း ဖုန်းဆက်ပြီး အကြံဉာဏ်တောင်းကြ ပြုကြ၊ တိုင်ပင်ကြလုပ်လေ့ရှိကြတယ်ဆို"

"ဒါတော့ ဟုတ်ပေမယ့် ..."

"သူတို့ကိုလည်း သမီး လျှပ်တစ်ပြက်အတွင်းမှာပဲ စကားပြန်ပြောနေရတာပဲ၊ စဉ်းစားနေချိန်မှ မရတာ၊ အဲသလိုပေါ့ပေါ့ပါးပါး အပြင်မှာ ဖုန်းပြောသလိုပဲ သဘောထားလိုက်ရုံပဲပေါ့ သမီးရဲ့၊ သိပ်လေးလေးပင်ပင် မဟုတ်ဘူး၊ ပေါ့ပေါ့ပါးပါး အစီအစဉ်လေးပါပဲ"



"သမီး စဉ်းစားပါဦး၊ သူတို့ကတော့ ဒီအစီအစဉ်လေး တစ်ခုကို ထည့်ကိုထည့်မှာပေါ့လေ၊ သမီး လက်မခံနိုင်ဘူးဆိုရင်တော့ နောက်ထပ် တခြားလူတစ်ယောက် ထပ်စဉ်းစားပြီး ကမ်းလှမ်းကြရမှာပေါ့၊ သမီးကတော့ အလားတူအတွေ့အကြုံရော၊ ပရိသတ်ရော ရှိတယ်ဆိုပြီး မေးကြည့်တာ၊ သမီးစိတ်ဝင်စားရင်တော့ သူတို့လာတွေ့ကြပါလိမ့်မယ် သမီးရဲ့"

"သမီး နည်းနည်းစဉ်းစားကြည့်လိုက်မယ် အန်တီ၊ တခြားမဟုတ်ပါဘူး၊ ကိုယ် မလုပ်ဘူးတဲ့ အတွေ့အကြုံတစ်ခုဖြစ်တော့ ကိုယ်လုပ်လိုက်တဲ့ Result ရလဒ်က ကောင်းနိုင်ပါ့မလားလို့ပါ"

တင့်ရှင်းက ဖေဖေကင်ပြီး ချပေးထားတဲ့ ဝက်သားပြားကင်တစ်တုံကို လှမ်းယူစားရင်း ခေါင်းထဲမှာ ဒီအလုပ်ကိစ္စထက် မြတ်သစ်လွင်ကို ပိုပြီးစိတ်ရောက်နေသည်။ တနုံ့နုံ့လည်း ဖြစ်နေမိပါသည်။

တကယ်ဆို ဒီနေ့ဟာ သူတို့လက်ထပ်ဖို့ စ,စီစဉ်ကြာပါပြီဆိုတာ ဖေဖေတို့ကို အသိပေးဖို့အတွက် ဖေဖေတို့အိမ်လာဖို့ စီစဉ်တာပင်။ ဒါကို ဖေဖေတို့က အသားကင်ကျွေးမည်လို့ ပြန်ပြီး ဖိတ်မန္တကပြုတာ။ စေ့စပ်ပွဲ ပြီးကတည်းက ဖေဖေတို့နှင့် မြတ်သစ်လွင် တစ်ကြိမ်မှ ထပ်မဆုံဖြစ်ကြသေးပါ။ ခုမှ

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်။ သူ့ကိစ္စက မဖျက်နိုင်အောင် ဘယ်လောက်အရေးကြီးတာမို့လို့လဲ။

ဖေဖေနဲ့မေမေဟာ တင့်ရှင်း ခပ်ငယ်ငယ်ကတည်းက လမ်းခွဲခဲ့ကြပါသည်။ ဘယ်သူမှ ဘာမှ ဖောက်ဖျက်လွန်ကျူးတဲ့ အပြစ်မရှိပဲ စိတ်သဘောချင်း မတိုက်ဆိုင် နားလည်မှု ဆက်မထားနိုင်တော့ကာ လမ်းခွဲလိုက်ကြတာပင်။ တင့်ရှင်းက သမီးပီပီ မေမေနှင့်အတူ နေခဲ့ရပြီး ဖေဖေက သတ်သတ်နေသည်။

မေမေနှင့် လမ်းခွဲအပြီး ငါးနှစ်လောက်အကြာမှာ ဖေဖေနှင့် အန်တီဒေါ်ဖြူဖြူ လက်ထပ်ခဲ့ကြပါသည်။ တင့်ရှင်း ဆယ့်သုံးနှစ်လောက်က။ အခု တင့်ရှင်း အသက်နှစ်ဆယ့်ရှစ်နှစ်ဆိုတော့ ဖေဖေနှင့် အန်တီဖြူရဲ့ အိမ်ထောင်သက်က ဆယ့်ငါးနှစ်ရှိပြီ။ မေမေနှင့် အိမ်ထောင်သက် ရှစ်နှစ်နှင့်ယှဉ်လျှင် နှစ်ဆနီးပါး ကွာနေပြီ။

ခုတော့ မေမေ ကွယ်လွန်တာ သုံးနှစ်ကျော်ခဲ့ပါပြီ။

တင့်ရှင်းက ကိုယ့်ရဲ့အိမ်ထောင်ရေးကို ငြိမ်းချမ်းသာယာလိုပါသည်။ ပြိုကွဲခွဲခွာရတာမျိုး မဖြစ်လိုပါ။ ဒါကြောင့်လည်း တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရေးမှာ ငြိမ်းချမ်းခြင်းကို ရှေ့ရှုတဲ့ အမြင်မျိုး အမြဲထားခဲ့သည်။ သူငယ်ချင်းမိတ်ဆွေကိုလည်းကောင်း၊ ချစ်သူကိုလည်းကောင်း ကောင်းသောအမြင်လေးနှင့် ကြည့်နိုင်ဖို့ မြင်နိုင်ဖို့ အမြဲကြိုးစားပါသည်။





ကိုယ်က သိပ်ညှိနှိုင်းတဲ့ အမြင်မျိုး ထားပြန်တော့ တစ်ဖက်ကများ ရှေ့တစ်လှမ်း ဖွတ်တိုးတတ်လေသလား။ အမြင်နှစ်ခု မတိုက်ဆိုင်ဘဲ ဆန္ဒနှစ်ခု ထွက်လာတိုင်း တင့်ရှင်းက "ဘာစ်ဖက်က သူ့အမြင်ကိုလည်း လျှစ်လျူရှုလို့ ဘယ်ဖြစ်ပါ့မလဲ" ဟု အလျှော့ပေးဖို့ ကြိုးစားရိုန်တိုင်းတွင် "ကို"က ရှေ့တစ်လှမ်းတိုး၍ သူ့ဆန္ဒ သူ့အမြင်ကို လက်ဦးမှု ရယူလိုက်တတ်သည်။

တကယ်တော့ ဖေဖေနှင့် မေမေတွင် ဖေဖေကပိုပြီး ညှိညှိနှိုင်းနှိုင်း နားလည်မှု ရှိသူပါ။ ကြည့်ရတာ အန်တီလည်း ဤလိုစရိုက်မျိုး ရှိပုံပင်။ ဒါကြောင့် မေမေနှင့် ရှစ်နှစ်သာ ဖူးစာပါခဲ့တဲ့ ဖေဖေဟာ အန်တီနှင့် ဆယ့်ငါးနှစ်အထိ ချစ်ခင်ယုယနိုင်ကြဆဲ ဖြစ်တာပေါ့။

တကယ်တော့ ကျားမ,မရွေး လူပေါ်မှာသာ မူတည်တဲ့ ရလဒ်များ ဖြစ်ပါမည်။ မိန်းမက ပိုသည်းခံတယ်၊ ယောကျ်ားက ပိုသည်းခံတယ် မဟုတ်ပါ။ နားလည်ခွင့်လွှတ်တတ်သူက ပိုသည်းခံပေးရစမြဲ မဟုတ်လား။

တင့်ရှင်းက ဖုန်းကိုထုတ်ကာ နံပါတ်တစ်ခုကို နှိပ်လိုက်ပါသည်။ အတော်နှင့် မကိုင်ဘဲ အကြာကြီးကြာမှ ကိုင်လိုက်ကာ တစ်ဖက်က ...

"အင်း ... ပြော"


www.burmeseclassic.com

www.burmeseclassic.com

ထူးသံကိုက အထက်ဆီးကပင်။ အလုပ်ရှုပ်နေတယ်လို့ မပြောရုံတမယ်အသံ။ ရှင်းရှင်းဆိုရလျှင် တင့်ရှင်းထံ တိုက်ရိုက်ဖုန်းဆက် မဖျက်ပဲ တင့်ရှင်းကိုကျော်၍ ဖေဖေ့ထံ လှမ်းဖျက်ထားတဲ့ကိစ္စဟာ သူ မအားလပ်လို့မို့ အပြစ်မရှိဘူးဆိုတဲ့ အနေအထားကို ဆုပ်ကိုင်ထားလိုက်ပြီး လောလောဆယ်တောင် ရှုပ်ထွေးပွေလီနေတဲ့ အသံမျိုးနှင့် ထူးလိုက်တာပင်။

ဖြစ်သင့်တဲ့ "ဆောရီး တင့်ရှင်းရာ၊ ကိုယ် ဘယ်လိုမှ မအားတော့လို့ ဖေဖေ့ကိုတောင် ဖုန်းဆက်တောင်းပန်လိုက်ရတယ်"ဆိုတဲ့ စကားသံမျိုး ထွက်မလာပါ။ အဲသလို ဆောရီးလုပ်ရမှာကို ဂုဏ်နိမ့်တယ်ထင်တဲ့ သူမျိုးလည်း ရှိတတ်ပါသည်။

"ကို အလုပ်များနေလို့လား"

"အင်း ... ဟုတ်တယ် တင့်ရှင်း၊ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်ရတဲ့ကြားထဲ သူငယ်ချင်းတစ်ယောက်ကကွာ မနက်ဖြန်ပြန်ထွက်မှာမို့လို့ဆိုပြီး မရမက ခေါ်တာနဲ့ သူက နက်ဖြန်ဆိုရင် မရှိတော့ဘူးဆိုတော့ နောက်နေ့ရွှေ့လို့ မရဘူး မဟုတ်လား"

"ဟုတ်တာပေါ့ ကို"

အင်းလေ ...။ တကယ် ဟုတ်တာပဲ။ ဒီလူက နက်ဖြန်ရှိမှ မရှိတော့တာ၊ ဒီကိစ္စ နောက်နေ့ရွှေ့လို့ ဘယ်ဖြစ်ပါ့မလဲ။

"တင့်ရှင်းကလည်းကွာ၊ ရွဲ့တဲ့တဲ့ငေါ်တော့တော့ အသံကြီးနဲ့"





"တင့်ရှင်း ရိုးရိုးပြောတာပါ၊ မငေါ်ပါဘူး၊ ဒါပေမဲ့ ဒီကိစ္စကို ကို အခုမှ သိတာလား၊ ဒီထက်သုံးလေးနာရီ စောပြောရင် စောဖျက်ရင် မရဘူးလားဟို့ပါ"

"အခု ဘာဖြစ်သွားလို့လဲ"

"စားစရာတွေ အများကြီး လုပ်ထားမိရက်သား ဖြစ်နေတာပေါ့"

"ဖေဖေ့ကို ကိုယ် ဆောရီးလုပ်လိုက်ပါတယ်"

"ဟုတ်ပါတယ်၊ ဖေဖေ ပြောပါတယ်၊ ရပါတယ်၊ တင့်ရှင်းက ကို ဘာတွေများ ဒီလောက်ရှုပ်ထွေးနေလဲ ဆက်ကြည့်လိုက်တာပါ"

တကယ်တော့ ဖေဖေ့ထံလာမည် ချိန်းထားတဲ့ကိစ္စဟာ လေးငါးရက် ကြိုချိန်းထားတဲ့ကိစ္စ။ သူ့သူငယ်ချင်းကိစ္စက ခုမှ ကပ်ပေါ်လာတာ။ ဒါပေမဲ့ နက်ဖြန် မရှိတော့မယ့် သူငယ်ချင်းမို့ ထားလိုက်ပါတော့။ ရှိပါစေတော့။

"ကို သိပ်နောက်မကျဘူးဆိုရင် တင့်ရှင်းတို့ စောင့်မယ်လေ"

"မစောင့်နဲ့တော့ တင့်ရှင်း၊ ကိုယ် အပြင်မှာလည်း တစ်ခုခု စားရသောက်ရဦးမှာပဲလေ"

"ကို"

"အင်း"


www.burmeseclassic.com

www.burmeseclassic.com



"ရှေ့အပတ်ထဲမှာ ဝယ်ဒင်ကိတ်မှာမယ့် အန်တီကြီးဆိုင်မှာ ကိတ်အမြည်း သွားစားရမယ်၊ Cake testing လုပ်ရမယ်တဲ့၊ အဲဒီနေ့တော့ လိုက်မယ်မို့လား"

"အာ ... အဲဒါလောက်ကတော့ တင့်ရှင်းဘာသာ သွားမြည်းလိုက်လို့ ရပါတယ် မဟုတ်လား၊ ကိုယ်က Cake လည်း မကြိုက်လှပါဘူး၊ အရသာလည်း မခန့်မှန်းတတ်ဘူး၊ မြည်းလည်းအလကားပဲ၊ တင့်ရှင်း ကြိုက်ရင် ပြီးတာပဲ"

"မကြိုက်လို့ မစားဘူး မမြည်းဘူးဆိုလည်း လိုက်လို့တော့ ရပါတယ်"

"အရေးကြီးလို့လား"

တင့်ရှင်းက နည်းနည်းတော့ အောင့်လာသည်။

"ကိုယ့်ရဲ့ Wedding Cake မို့ အရေးကြီးတယ်ဆိုရင်လည်း ကြီးတာပေါ့၊ ကိုက Cake မကြိုက်လို့ အရေးမကြီးဘူးဆိုရင်လည်း မကြီးဘူးပေါ့၊ အရေးကြီးတာ မကြီးတာထက် Wedding Cake မို့ နှစ်ယောက်အတူ သွားချင်တာပါ"

"အင်း ... ကြည့်သေးတာပေါ့ တင့်ရှင်းရာ ... နော်၊ ဒါပဲ မဟုတ်လား၊ ခဏနေ ထွက်ရတော့မှာမို့ အလုပ်လေး လက်စသတ်ချင်လို့"

"အင်း ... အင်း ... ဒါပါပဲ"





တင့်ရှင်းက ဖုန်းရဲ့ End ခလုတ်ကို နှိပ်လိုက်ပါသည်။ ခလုတ်ကလေး တစ်ခုနှိပ်တိုင်းတော့ အရာအားလုံးက End ဖြစ်မသွားပါ။ အလွယ်တကူ End မဖြစ်နိုင်တဲ့ ကိစ္စတွေ လောကမှာ အများကြီးပဲမို့လား။

"သမီး ... လာလေ စားစို့"

"ဟုတ်ကဲ့ အန်တီ"

တင့်ရှင်းက ခုံမှာလာပြန်ဝင်အထိုင် ဖုန်းကမြည်လာသည်။

"ဟယ်လို"

"မမ ... သီရိပါ"

တင့်ရှင်းက စိတ်ရှုပ်သွားရကာ ...

"အင်း ... ပြော ညီမ"

"မမ ... သီရိ သူ့ကို ဖြတ်ပစ်လိုက်တော့မယ် မမရာ"

"အင်းဟာ ... ဖြတ်ပစ်လိုက်တော့"

တင့်ရှင်းက စိတ်ပေါက်ပေါက်နှင့် ပြောပစ်လိုက်ပါသည်။

* ❦ *



www.burmeseclassic.com

www.burmeseclassic.com

## ၃

လင်းရွှေရက ကားကိုယ်ထည်ကို လက်ပိုက်မှီကာ ခြေတစ်ဖက်ခွင်၍ရပ်ရင်း သီရိကို ငေးစိုက်ကြည့်နေမိပါသည်။ မကျေနပ်ချက်တွေနှင့် စူပုပ်မှုန်တေနေသော သီရိရဲ့မျက်နှာကလေးကတော့ မကြည်မလင်ချိန်မှာလည်းပဲ လှပနေသေးတာပင်။ ကိုယ့်ရဲ့ရုပ်ကြမ်းနှင့် ယှဉ်လိုက်တော့ သူက သီတာဒေဝီ၊ ကိုယ်က ဒသဂီရိလိုပင်။

သူ့ချစ်သူဆိုပြီး သီရိကို မြင်ဖူးလိုက်ကြသူတိုင်း "ဟား"ခနဲ မယုံနိုင်သလို မြည်တမ်းကြမြဲ။ သူကလည်း လူတကာ အံ့သြမှုကို အေးတိအေးစက် ပြုံးတုံ့တုံ့နေမြဲ။

"မင်း ဘယ်လိုများ လိုက်ယူလိုက်လဲ ရွှေရရာ"

ဤသို့ အံ့သြကြလျှင် လင်းရွှေရက ပခုံးတစ်ချက်တွန့်ကာ မဖြေတတ်။ အဖြစ်မှန်ဖြစ်တဲ့ သူက ခက်ခက်ခဲခဲ





တိုးလျှိုး ဒူးထောက်လိုက်ယူရတာမျိုး လုံးဝမရှိခဲ့ဘဲ သီရိကသာလျှင် သူ့ကို လမ်းခင်းလက်ကမ်း ကြိုဆိုခဲ့တာဆိုတာကို သိကြရင်တော့ ....

"မင်းကွာ ... ကြွားစရာမရှိ ကြဲဖန်ကြွားမနေစမ်းပါနဲ့"

အစရှိသဖြင့် ရယ်ပွဲဖွဲ့ကြပြန်သည်။ ဒီတော့ သူကလည်း လိုက်ရယ်လိုက်တော့တာပဲပေါ့။ တခြား ဘာများပြောနိုင်ပါ့မလဲ။ သူများတွေ အံ့သြတာထား၊ သူကိုယ်တိုင်တောင် အံ့သြနေခဲ့တာပဲလေ။

သီရိရဲ့စိတ်ဟာ အရူးစိတ်လား၊ ကလေးစိတ်လား၊ စိတ်ကူးယဉ်တတ်တဲ့စိတ်လား၊ သူရဲကောင်းဖြစ်လိုစိတ်လား၊ ဘာလား သူလည်း ကွဲပြားအောင် ခွဲခြားမသိတော့ပါ။ သူလို ဘောလောကြမ်းတော အရပ်ကြီးခြောက်ပေ၊ ဗလကြီးတခွဲသားနဲ့ ရုပ်ကလည်း ခပ်ဆိုးဆိုး ဘယ်လိုကြည့်ကြည့် အလုပ်ကြမ်းသမားဟောရှေ့တစ်ပေါက်နှင့်ပဲ တူနေတဲ့သူကို နဖပ်ထွေးဥနေတဲ့ သိန်းခက်လို မြင့်မားတဲ့ အသိုင်းအဝိုင်းက အမျိုးကောင်းသမီးလေးမျာ မျက်စိလည် လမ်းမှားပြီး လာကြိုက်မိခြင်းရယ်လို့ သူက လိုက်တိုင်း သနားမိပါသည်။

တကယ်တော့ သီရိနဲ့ဆိုရင် ဖြူဖြူသန့်သန့် ဆရာဝန်ကလေးတစ်ယောက်ပိုဟာမျိုးနှင့် ပိုက်ဖက်အပ်စပ်တာပါ။ သီရိဟာလည်း နဖူးစာမျက်စိလည်သည်လို့သာ သူ့ကိုလာစွဲလမ်းမိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘယ်သောအခါကမှလဲ သူ့ကို ချစ်သူတော်ထားရတဲ့ အဖြစ် အပျက်အပေါ် နှစ်ခြိုက်ကျေနပ်မှု မရှိခဲ့တာပါ။

"ကဲ ... သီရိ၊ တစ်မျက်နှာလုံး ရှုံ့တွပြီး အရေးအကြောင်း တွေ ထင်ကုန်တော့မှာပဲ၊ ကိုယ့်ကို ဘာပြောချင်လဲ ပြော၊ ကြိုက်တာပြော"

"ဘာမှမကြိုက်ဘူး"

"ကဲ ... ဒါဖြင့် မကြိုက်တာပြော"

"မကြိုက်တာသာ ပြောနေရရင် မိုးချုပ်သွားမယ်"

"ဟား ဟား ဟား ဟား"

လင်းရွှေရက တကယ်ပဲ ရယ်ချင်တော့ကာ ခေါင်း မော့လှန်ပြီး ရယ်ပစ်လိုက်ပါသည်။ ရယ်သံက အကျယ်ကြီး။ သီရိ မျက်နှာက ပိုပြီးစိတ်ရှုပ်သလို မှုန်တေလာပါသည်။ စိတ် ပျက်သံကလေးနှင့် ...

"ကိုကိုက ဘာဖြစ်လို့ ကိုယ်ဖြစ်ချင်သလိုပုံပဲ ဖြစ်နေရတာ လဲ"

"လူဆိုတာ ကိုယ်ဖြစ်ချင်သလိုပုံပဲ ဖြစ်နေကြတာ မဟုတ် လား သီရိ"

"........."

"သီရိရော ... သီရိဖြစ်ချင်သလိုပုံပဲ ဖြစ်နေတာ မဟုတ် ဘူးလား သီရိရယ်"





"သီရိဖြစ်ချင်သလို ဖြစ်နေတဲ့ပုံက လူတကာ လက်မခံနိုင် စရာရှိလား၊ ကိုကိုရော လက်မခံနိုင်တာရှိလား ပြော"

သူက အသာခေါင်းယမ်းလိုက်ရင်း ...

"မရှိပါဘူး၊ မင်းကို အစအဆုံး အတွင်းအပြင် ခြေဆုံး ခေါင်းဖျား ကိုယ် အားလုံးလက်ခံနိုင်ပါတယ် သီရိ"

သူ ပြောရင်း ဝမ်းနည်းသွားပါသေးသည်။ ဒါအမှန် ပဲလေ။ သူ ဖားပြောတာလည်း မဟုတ်၊ ညာပြောတာလည်း မဟုတ်။ အမှန်အတိုင်းပဲ ပြောတာ။ သီရိမှာ လက်မခံနိုင်စရာ အမှုအကျင့် ဘာများရှိလို့လဲ။ အသက်အစိတ်အရွယ် အမျိုးကောင်း သမီးကလေး။ အစစအရာရာ ပကတိအတိုင်းထက် အလွန်ပါ။

တစ်ခုခု ရှာဖွေကြေးများရမည် ဆိုရင်တော့ သူ့ အပေါ် မရောင့်ရဲ မကျေနပ်နိုင်တဲ့ အပြစ်မြင်လွန်းတဲ့ တစ်ယောက် တည်း ပဋိပက္ခဖြစ်နေတဲ့ စိတ်ကိုသာ။

"ကိုယ့်ကိုသာ မင်း လက်မခံနိုင်တာပါ၊ မင်းစိတ်တိုင်းကျ ဖြစ်မနေပေးနိုင်ခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ ကိုယ်ဒေါသဖြစ် ပါတယ်၊ ကိုယ် တကယ်ပြောတာ သီရိ၊ မင်းကို စိတ်ချမ်း သာစေချင်ပေမယ့် မင်းစိတ်တိုင်းမကျအောင် ကိုယ်ဘယ် တုန်းကမှ တမင်တကာ မဆန့်ကျင်ခဲ့ပါဘူး၊ ကိုယ့်ပုံစံဟာ ကိုယ့်ရဲ့ပကတိ နဂိုနေပါ၊ အစစ်ပါ၊ ဒါကို ပြုပြင်ပြီးတော့ လည်း ကိုယ်မနေပြတတ်ဘူး၊ ကိုယ် စိတ်မကောင်းပါဘူး သီရိရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက သူ တကယ်ပဲ စိတ်မကောင်း ဖြစ်လာခဲ့တာပင်။ အရင်းနှီးဆုံး သူငယ်ချင်းတွေကတော့ သူတို့ အချစ်ရေး အတွင်းရေးကို အားလုံးသိကြသူတွေမို့ သီရိကို အချဉ်ပေါက်ကြသည်။ ငုံ့ခံလွန်းတဲ့ သူ့ကိုလည်း စိတ်တိုကြသည်။ သူကလည်း တမင်ငုံ့ခံနေတာတော့ မဟုတ်ပါ။ သူ့ပုံစံ အရှိအတိုင်းကိုက ဒါပဲ။ ပြေလည်ချောမွေ့မှုကိုပဲ သူ ရှေ့ရှုတာပါ။

တပင်တပန်း သည်းခံ အနွံတာခံရတာ မဟုတ်ဘဲ သီရိအပေါ်မှာသာမက အပေါင်းအသင်း သူငယ်ချင်းများအပေါ်လည်း အလိုအလျောက် သည်းညည်းခံ အနွံတာခံမိတတ်တာ သူ့ပုံစံမှန်ပဲ မဟုတ်လား။ အပေါင်းအသင်းများကို သူက သီရိကိုယ်စား နှစ်သိမ့်စကား ပြောရသည်။

"ငါကလည်း ငါပဲကိုးကွာ၊ သူ မကျေနပ်လည်း မကျေနပ်ချင်စရာပဲကိုး"

"ဘာမကျေနပ်စရာရှိလို့လဲ၊ မင်းလောက် ကောင်းတဲ့ယောကျ်ားကို ပတ်ရှာကြည့်ဦး၊ မူးသွားမယ်"

"ငါ့မှာက ချို့ယွင်းချက် နိမ့်ပါးချက်တွေနဲ့လေ"

"ဘာတွေလဲ"

"အရင်ဆုံး မြင်နိုင်တာက သူက ချွေမင်းသမီးလေ၊ ငါက ဘီလူးယက္ခကြီး"





"ဒါကို သူ ဘာဖြစ်လို့ ကြိုက်ခဲ့လဲ၊ သူ့ကို အတင်းအနိုင်ကျင့်ရယူထားလို့လား၊ ခြိမ်းခြောက်အကျပ်ကိုင်ထားလို့လား၊ သူ့စိတ်နဲ့ သူ့ကိုယ် ကြိုက်ထားတာပဲ"

"ပြီးတော့ အဆင့်အတန်းချင်း ယှဉ်ရင်လည်း ..."

"ကျွတ်၊ ဟာကွာ ...၊ သူတို့က အတော်ချမ်းသာပေမယ့် မင်းက မွဲစုတ်နေလို့လား၊ အနုတ်စုတ် ဖြစ်နေလို့လား။ ဘာအဆင့်အတန်း ကွာတာကို ပြောတာလဲ၊ အဓိပ္ပာယ်မရှိတာ၊ မင်းလည်း ဘွဲ့ရပညာတတ်၊ မကင်းနစ်ကယ်လ်နဲ့ ငါတို့ ကျောင်းပြီးထားတာကွ၊ ပေါက်လွှတ်ပဲစားတွေမဟုတ်ဘူး။ ပြီးတော့ အရမ်းကြီး မိုးပျံချမ်းသာမနေပေမယ့် ငါတို့ သူငယ်ချင်းခုနစ်ယောက် စပ်တူစုပိုင်တဲ့ ဝပ်ရှော့ကြီးရှိတယ်ကွာ၊ အထိုက်အလျောက် ဝင်ငွေကောင်းသားပဲ၊ လုပ်ငန်းလေးတွေ ရှိသေးတယ်ကွာ၊ သူက ဘာမို့ ဒါတွေကို ထည့်မတွက်နိုင်ရတာလဲ"

သူတို့သူငယ်ချင်းတစ်စုရဲ့ အဲကွန်း ရေခဲသေတ္တာ အဝတ်လျှော်စက် ပြုပြင်တဲ့ ဆားဗစ်စ်ပေးတဲ့ လုပ်ငန်းလည်းရှိပါသေးသည်။ ဒီအလုပ်နှစ်ခုမှာ လုပ်သားတွေ ဝန်ထမ်းတွေ အစိတ်သုံးဆယ်လောက်နှင့် သူတို့ အလုပ်လုပ်နေကြတာပါ။ ဝင်ငွေလည်း ကောင်းကြပါရဲ့။ ဒါပေမဲ့ ဒါလောက်ကိုမှ သီရိက လက်မခံနိုင်တာ။ လင်းရွှေရဲ့သူငယ်ချင်းတွေဟာ ဒီကိစ္စကို မကြည်ကြ။ သူတို့ကို အထင်အမြင်သေးရပါ့မလားလို့ မခံမရပ်နိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အားလုံးထဲမှာ စိတ်ဆတ်ပြီး ဘုဘောက်ကျတဲ့ ဖော်လတ်နှင့် နေမျိုးနိုင် အဆိုးဆုံးပါ။

"အသိုင်းအဝိုင်းချင်းကလည်း ..."

"နားစမ်းပါ ရွှေရရာ၊ သူ့အမျိုးတွေအားလုံး ဆရာဝန် အင်ဂျင်နီယာ စစ်ဗိုလ်တွေ သင်္ဘောအရာရှိတွေ၊ ကုမ္ပဏီပိုင်ရှင်တွေ ဖြစ်နေတာတို့ ဘာတို့ ဒါတွေ ဘာမှထပ်မပြောနဲ့တော့၊ အဓိကကျတဲ့ အချက်က မင်း ဘာဆိုတာ သူသိပြီးသားမှာ သူ ချစ်ခဲ့တာလေ၊ မင်းက သူ့ကို လိမ်ပြီး သူ့အချစ်ကို ယူထားလို့လား။ သူပဲ အသည်းအသန် ချစ်တုန်းက လိုက်ချစ်ပြီး ဒီလူကိုပဲ အားမရ မကျေနပ်ပါဘူးဆိုတာ လုံးဝမမိုက်ဘူး၊ မင်း ခုလည်း ထိုင်ငိုင်နေတာ မဟုတ်ဘူး၊ ကိုယ့်အတိုင်းအတာနဲ့ကိုယ် လုပ်နေတာပဲလေ"

"ငါက သူ့ကို သနားတာပါကွာ"

"သနားရင် လဲသေနေကွာ၊ ဘာမှတော့ အောက်ကျို့ပြောမနေနဲ့"

တစ်ခါတလေတော့လည်း သူလည်း အောင့်သက်သက် စိတ်ပျက်လက်ပျက် ခံစားမိတာပေါ့။ သူလည်း သက်ရှိယောကျ်ားတစ်ယောက်ပဲလေ။ ဦးနှောက်မရှိတဲ့သူမှ မဟုတ်ဘဲ။ ကိုယ့်ကို မကျေနပ်ခြင်းဟာ ကိုယ့်ကို အထင်သေးတာတစ်မျိုးပဲလို့ နားလည်နိုင်ပါသည်။ အဲဒီအတွက် နာကျင်မှုကတော့ရှိသည်၊





သို့ပေမယ့် လင်းရွှေရဟာ ခွင့်လွှတ်တတ်ခြင်းစိတ်နှင့်ပဲ မွေးဖွားလာသလား။ ဒါမှမဟုတ် မိန်းကလေးတွေအပေါ်ကို ဆိုရင် သူက ပိုပြီးညှာတာ ဂရုစိုက်မိတတ်တဲ့ ဗီဇစိတ်အခံရှိလား မသိပါ။ သူ့အမေကတော့ ထားပါတော့။ သူ့ကို အဒေါ်တွေ မောင်နှမဝမ်းကွဲတော်တဲ့ အစ်မတွေ ညီမတွေ တူမတွေဟာ အင်မတန် ချစ်ကြပါသည်။ မိန်းကလေးသူငယ်ချင်းတွေဟာ ဆိုရင်လည်း တခြားသူငယ်ချင်းတွေ ရှိသေးရက်သားနဲ့ ယောကျ်ားလေးဆိုရင် လင်းရွှေရကိုမှ ယုံကြည်အားကိုးကြ တိုင်ပင်ဖွင့်ပြောကြ ပိုပြီးခင်မင်ကြသလိုပင်။

ခုလည်း သူက ဒီအခက်ကို အပြစ်မမြင်ပါ။ ခွင့်လွှတ်ပါသည်။

"ကိုကိုက သီရိ မကြိုက်ဘူး ဆိုတာတွေကိုလည်း အမြဲလုပ်တယ်"

လင်းရွှေရ ဘာမှ ပြောတော့ဘဲ ပြုံး၍သာ နေလိုက်ပါသည်။ ဘယ်လိုမှ မကျေနပ်နိုင်သူကို ပြေရာပြေကြောင်း ပြောလို့လည်း အပိုပင်။ သူ မကြိုက်ဘူးဆိုတာတွေက ဥပမာ လင်းရွှေရကို မကွဲင်းနစ်ဆုထိဝတ်ရင် မကြိုက်ဘူး ဆိုတာမျိုး။ ခ ရှော့ ကြီးကို စပ်တူပိုင်ရှင်လည်း ဖြစ်နေပေမယ့် သူတို့သူငယ်ချင်းတွေ ကိုယ်တိုင် လိုအပ်ရင် လိုအပ်သလို ကားတချို့ကို ကိုယ်ဝင်ပြီး ကြီးကြပ်ကိုင်တွယ်တာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပြင်နေပါတယ်ဆိုမှ ဆီချေးပေကျံနေတဲ့ အပေါ် အောက် တစ်ဆက်တည်း မက္ကင်းနစ်ဆုထ်ကို မဝတ်ဘဲ သူ့စိတ်ကြိုက်ဖြစ်တဲ့ ရှပ်လက်ရှည် နက်က်တိုင် စတိုင် ဘောင်းဘီရှည်တို့နဲ့ ဝင်ပြင်လို့ ရပါ့မလား။

ဒါကိုမှ မကြိုက်ပါဘူးဆိုတော့ ဒီအလုပ်ကို ဖြုတ်သိမ်းလိုက်တာအပြင် တခြားဘာနည်းနဲ့ ဖြေရှင်းလို့ရမှာလဲ။ ကိုယ်က မက္ကင်းနစ် စက်ပြင်ဆရာပဲလေလို့ ပြောတော့လည်း ပိုင်ရှင်က ပိုင်ရှင်လိုမနေဘဲ ကိုယ်တိုင်စက်ဝင်ပြင်ရကောင်းလားလို့ ကန့်ကွက်ပြန်တဲ့အခါ သီရိခက်အဖို့ သူ့အပေါ် ဘာများကျေနပ်ချင်စရာ ရှာတွေ့နိုင်ဦးမှာလဲ။

"သီရိအတွက် ယုတ်စွအဆုံး ဘောလုံးကန်တာ မကြိုက်ပါဘူး ဆိုတာတောင်မှ မကန်ဘဲ နေမပေးနိုင်တာ"

"သီရိရယ် ... ပြောရခက်ပါလားကွာ။ အလုပ်ချိန်ပြီးရင် ဝန်ထမ်းတွေရော ကိုယ်တို့ရော အညောင်းပြေ အညာပြေ တစ်ခါတစ်ရံလေး ကစားကြတာပါ၊ ဖော်လတ်တို့ သက်ထူးအောင်တို့ အားလုံးလည်း ပါကြတယ်၊ ကိုယ်လည်း အမြဲပါနေကြ ကစားနေကြ၊ Relex လုပ်တဲ့ သဘောပဲ၊ ကိုယ့်ဝန်ထမ်းတွေနဲ့လည်း တန်းတူရည်တူ ညီအစ်ကိုတွေလို သဘောထားတဲ့ အနေနဲ့လေ၊ အဲဒါကို ခုမှ သီရိက သိသွားတော့ မကြိုက်ဘူးဆိုတော့ ဘယ်လိုလုပ်ရမလဲ။





သိရှိတားလို့ ကိုယ် ဝင်မကစားတော့ဘူး ဆိုရင်လည်း သီရိလည်း မကောင်းဘူး၊ ကိုယ်လည်းမကောင်းဘူး"

"သီရိက ဘာလို့မကောင်းရမှာလဲ၊ ဘယ်သူ ဘယ်လိုထင်ထင် ဘယ်သူ့အမြင်ကတ်ကတ် ဂရုမစိုက်ပါဘူး၊ ဘဝတစ်သက်လုံး ပတ်သက်နေရမယ့်သူတွေလည်း မဟုတ်ဘူး"

"သီရိ ဘယ်လိုပြောလိုက်တာလဲ၊ အနည်းဆုံးတော့ ကိုယ့်ရဲ့အရင်းနှီးဆုံး အချစ်ဆုံး သူငယ်ချင်း ခုနစ်ယောက်အပေါ် သီရိ နားလည်မှုရှိသင့်တာပေါ့၊ သူတို့နဲ့က ပတ်သက်နေရမှာပဲလေ"

"မပတ်သက်ပါဘူး၊ ဘာလို့ပတ်သက်ရမှာလဲ၊ သင်းတို့ကလည်း သီရိကိုမုန်းတာ သိသားပဲ၊ သီရိလည်း ခေါင်းထဲတောင် မရှိဘူး၊ ထည့်တောင် မစဉ်းစားဘူး"

လင်းရွှေရက သက်ပြင်းချရင်း ...

"သီရိက အဲဒါတော့ သဘောထား ကျဉ်းမြောင်းတာပဲ"

"ကျဉ်းမြောင်းတော့ ဘာဖြစ်သေးလဲ၊ သီရိက ချစ်သူ၊ ယူဖြစ်ရင် ကိုကို့ရဲ့ဇနီးမယား ဖြစ်ရမှာ၊ သူတို့က သူငယ်ချင်း၊ ဘာမှအရေးမပါဘူး၊ လာမယှဉ်ပါနဲ့"

"တစ်ကယ့်ကမ္ဘာစီ သတ်သတ်စီလေ၊ ဇနီးရှိတာနဲ့ သူငယ်ချင်း မထားရဘူးဆိုတာ အဓိပ္ပာယ်မှ မရှိတာ၊ ဇနီးကဇနီး ဘော်ဒါကဘော်ဒါပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



သီရိက လင်းရွှေရဘက် ဆတ်ခနဲ လှည့်ကြည့်လိုက်ရင်း ...

"ဟုတ်ပါတယ်၊ ကိုကို ပြောချင်သလိုသာပြောတော့၊ ဘာဖြစ်လို့လဲဆိုတော့ အခြေအနေဆိုတာ ဘာအာမခံချက်မှ ရှိတာမဟုတ်ဘူး၊ ဆောက်ဖြစ်မှ ကျောင်းဒကာပါ ကိုကို၊ လက်ထပ်ဖြစ်မှပဲ ဇနီးမယားဖြစ်မှာ လက်မထပ်ဖြစ်ရင် ဘာမှမဟုတ်ဘူးပဲ"

"မင်းခေါင်းထဲမှာ လက်ထပ်ဖြစ်ကြမယ်လို့ မထင်ဘူးလား သီရိ"

လင်းရွှေရက အနည်းငယ် တိုလာပြီဖြစ်တဲ့စိတ်ကို ဆွဲဆန့်ပြီး မေးလိုက်ပါသည်။

"မထင်ဘူး"

"... ... ..."

လင်းရွှေရက စိတ်တိုတုန်းမှာ ဘတ်ခနဲ ချက်ချင်းတုံ့ပြန်ပြောမိလျှင် စကားအမှားပါမည်စိုး၍ သက်ပြင်းတစ်ချက်ပိတ်ရှိုက်ပြီး နှုတ်ဆိတ်နေလိုက်ပါသည်။

"မမကလည်း ပြောတယ်၊ ယူမနေနဲ့တော့တဲ့"

လင်းရွှေရ စိတ်က ဆတ်ခနဲ ဖြစ်သွားရကာ ...

"မမနိုင်လား"

သီရိခက်မှာ သဥ္ဇာနိုင်ဆိုတဲ့ အစ်မတစ်ယောက်ရှိပါသည်။





"မမနိုင် မဟုတ်ပါဘူး၊ မမနိုင် ဒါဖြင့် ဟိုးအစကတည်းကကို ဒီကိစ္စကို စိတ်မဝင်စားဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"မမတင့်ရှင်း"

"ကျွတ်"

လင်းရွှေရက ခေါင်းတစ်ချက်ဆတ်ပြီး ခါယမ်းလိုက်မိကာ ...

"အဲဒီစာရေးဆရာမက သူနဲ့ဘာဆိုင်လို့ ဝင်ပါနေရတာလဲ"

သူ့ချစ်သူ သီရိခက်ဟာ "တင့်ရှင်းသွင်"ဆိုတဲ့ စာရေးဆရာမကို အသည်းစွဲ နှစ်သက်ပြီး ချစ်ခင်လေးစား အားကိုးနေတာ သူ အသိပင်။ ဟိုးငယ်ငယ်ကတော့ စာတွေ ဝတ္ထုတွေ ဖတ်ရုံအားပေးရုံ။ နောက်တော့ ဒီစာရေးဆရာမက မဂ္ဂဇင်းတစ်ခုမှာ အမေးအဖြေကဏ္ဍ လုပ်ရာကတစ်ဆင့် ဒီကဏ္ဍကို နှစ်ခြိုက်လှတဲ့ သီရိက သူကိုယ်တိုင်လည်း မေးခွန်းတွေပို့၊ မေး။ တစ်လတစ်လ သူ့အတွက် အဖြေကိုစောင့်ဖတ်။

အဖြေပါလာတိုင်းလည်း သဘောတကျ ဟုတ်လိုက်လေ မှန်လိုက်လေနှင့် စာရေးဆရာမ တင့်ရှင်းသွင် ဖြေသမျှကို ကျေနပ်စွာ လက်ခံယုံကြည်သည်။ တဖြည်းဖြည်းနှင့် အဲဒီ စာရေးဆရာမက သီရိရဲ့ အခါပေးဦးပုညကို ဖြစ်လာတော့သည်မှာ ဘာလုပ်ရမလဲ ဆိုတာကို လှမ်းမေးပြီး ဟိုကရတဲ့ အဖြေနှင့်ပဲ လင်းရွှေရကို တုံ့ပြန်တော့တဲ့အထိပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲသလောက် သည်းသည်းလှုပ်တော့လည်း မျက်စိနောက်ချင်စရာ။ တကယ်တော့ အဲဒီစာရေးဆရာမရဲ့ အမြင်တွေ သဘောထားတွေက မှန်တာ များပါသည်။ တစ်ဖက်စောင်းနင်း မဟုတ်ပါ။ ဒါပေမဲ့ ရှေ့က ရေလာမြောင်းပေး မေးတဲ့သူကိုက အဖြစ်အပျက်ကို မှန်မှုမရှိတဲ့အမြင်နှင့် ပုံဖော်ပြီး မေးတဲ့အခါ ဟိုဘက်ကလူက တကယ် မြင်နေရတာလည်း မဟုတ်လေရာ ဖြေတဲ့အထဲမှာလည်း လွဲမှားသော လမ်းညွှန်ချက်တွေ ပါလာတော့တာပင်။

ဒါတွေကိုနင်းပြီး သီရိက ပြဿနာရှာ။ လင်းရွှေရသည် ကိုယ့်ချစ်သူကို ပြန်ရန်လုပ်ဖို့ ခက်သောအခါ တစ်ဖက်က အခါပေး စာရေးဆရာမကြီးကို ဒေါတွေကန်ရ။ သီရိက တဖြည်းဖြည်း လူချင်းပါ မိတ်ဆက်ယူကာ ခင်မင်နေပြီ။ မကြာ မကြာ ဖုန်းပြောတတ်တာလည်း လင်းရွှေရ သိသည်။

သီရိတစ်ယောက်ကား ကလေးစိတ်နှင့် စွဲမိစွဲရာ တင့်ရှင်းသွင်ကို သူ့ရဲ့အကြံပေးအရာရှိလို ခိုင်းသမျှလုပ်တော့တယ်ပင်။

"မမက အားလုံးသိတယ်၊ အားလုံး နားလည်တယ်၊ သူ ဝင်ပါတာ သီရိ လက်ခံလို့ပေါ့၊ ပါပစေ"

"နေစမ်းပါဦး၊ စာရေးဆရာဆိုတာလည်း လူပဲလေ၊ လူတစ်ယောက်ဟာ သူ့အသက်အရွယ် သူ့အတွေ့အကြုံ





သူ့လေ့လာနိုင်တဲ့ အတိုင်းအတာအနေလောက် အကန့်အသတ် တစ်ခုအတွင်းပဲ သိမှာပေါ့၊ ဘယ်လိုလုပ် ရှိသမျှအဖြစ်အပျက်အားလုံးအတွက် အဖြေကို သိမှာလဲ၊ နတ်သိကြားမှ မဟုတ်တာ"

"စာရေးဆရာဆိုတာ ဗဟုသုတ အရမ်းပြည့်စုံ ကြွယ်ဝတာ"

"ဟား ဟား ဟား ... သီရိရယ်၊ လောကကြီးမှာ စာရေးဆရာတွေထက် အကြားအမြင် ဗဟုသုတ ကြွယ်ဝသော်လည်း အတွေးအခေါ် ပိုရင့်ကျက်သော်လည်း စာမရေးတတ်လို့ စာရေးဆရာ ဖြစ်မလာရတဲ့သူတွေ စာရေးဆရာတွေ့ထက် တော်တဲ့သူတွေ တစ်ပုံကြီးပါ၊ သူ့ကို မျက်စိမှိတ်အထင်ကြီးပြီး သူပြောသမျှကိုပဲ တစ်ယူသန် ယုံကြည်နေရအောင် သူက ဘယ်လောက်ရင့်ကျက်တဲ့ အတွေ့အကြုံတွေ ရှိလို့လဲ၊ ဘယ်အရွယ်ကော ရှိသေးလို့လဲ"

"မမက နှစ်ဆယ့်ရှစ်နှစ်"

"ကျွတ် ... မင်းထက် သုံးနှစ်ပဲကြီးတဲ့ မိန်းမချင်းတစ်ယောက်ကို မင်းက ဘာဖြစ်လို့ ကိုယ့်ထက်အများကြီးတော်သလို လက်ခံယုံကြည်နေတာလဲ၊ ကိုယ့်ထက်ဆိုရင် တစ်နှစ် ငယ်သေးတယ်"

"ဒါပေမဲ့ မမ ဖြေပေးလို့ အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေသွားရတဲ့သူတွေ အများကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဖြေပေးလို့ အချစ်ရေး ကွဲပြိုပြီး အိမ်ထောင်ရေးပြတ်စဲသွားတာတွေကော ဘယ်နှယောက်လောက် ရှိနေပြီလို့ မင်းထင်လဲ၊ အခုကိုပဲ မင်းကို သူက ယူမနေတော့နဲ့တဲ့ ဟုတ်လား၊ လာသေးတယ်၊ ဒီမိန်းမတော့ လက်လွှတ်စပယ်နဲ့ကွာ၊ တောက်၊ ဘာတွေ လျှောက်ပြောမှန်း မသိဘူး၊ သူက ဘာသိလို့လဲ"

"သိတာပေါ့၊ သိရိုပြောပြတာပဲဟာ"

"ဟာ ... မင်းက တစ်ဖက်စောင်းနင်းတွေပြော၊ သူက အဟုတ်ထင်ပြီး ဒီအပေါ်မှာဆုံးဖြတ် ညွှန်ကြားချက်တွေထုတ်၊ တလွဲတွေ ဟုတ်နေတာပဲ၊ ဘာပဲဖြစ်ဖြစ်ပါ သူများကို ကောင်းမယ်ထင်တာကို အကြံပေးတာလောက်ပဲ လုပ်သင့်တယ်။ ယူမနေတော့နဲ့ဆိုတဲ့ စကားမျိုးအထိ ဒီစာရေးဆရာမ ဘာမှဝင်ပြောစရာ အကြောင်းမရှိဘူး"

"အိုး ... ကိုကိုက မိုင်းနပ်စ်တွေ များလာပြီကိုး"

"ဘာတွေ ! "

"မိုင်းနပ်စ်တွေ"

"ဘာမိုင်းနပ်စ်တွေလဲ"

"လူတစ်ယောက်ကို မိတ်ဆွေသူငယ်ချင်း အဖို့ရာပဲဖြစ်ဖြစ်၊ စီးပွားဖက်အဖို့ရာပဲဖြစ်ဖြစ်၊ အိမ်ထောင်ဖက် ချစ်သူအဖို့ရာပဲဖြစ်ဖြစ် ရွေးချယ်ဖို့ ဆုံးဖြတ်ချက် ချတော့မယ်ဆိုရင်





ဒီလူနဲ့ပတ်သက်တဲ့ ကောင်းကွက်(+)ပလပ်စ်တွေနဲ့ ဆိုးကျိုး(–)မိုင်းနပ်စ်တွေကို စာရွက်တစ်ရွက်မှာ ချရေးလိုက်ပါတဲ့၊ မမက"

"ဟွန်း"

လင်းရွှေရက သရော်သံတစ်ချက် ယုတ်လိုက်မိပါသည်။

"ဥပမာဆိုရင် ကိုကိုဆိုရင် ပလပ်စ်ဖက်မှာ သဘောကောင်းတယ်၊ အနွံတာခံတတ်တယ်၊ သစ္စာရှိတယ်၊ စသဖြင့်တွေကို ချရေးပေါ့၊ မိုင်းနပ်စ်ဘက်မှာဆိုရင် ရုပ်ဆိုးတယ်၊ အပေါင်းအသင်း ခုံမင်တယ်၊ သီရိလက်ခံနိုင်တဲ့ အသက်မွေးဝမ်းကြောင်း မရှိဘူး၊ နေတာထိုင်တာ ပစ်စလက်ခတ်နိုင်တယ်၊ ကိုကိုရမယ့်အမွေက သီရိရမယ့်အမွေထက် ဆယ်ပုံတစ်ပုံလောက်ပဲရှိတယ်"

လင်းရွှေရက ခေါင်းကိုမော့လှန်ကာ မျက်ဆန်ထောင့်ကပ်ပြီး "အို ... အသင်လောက" လို့ အော်ဟစ်လိုက်ချင်စိတ်ကိုအောင့်ထားလိုက်ရပါသည်။ အတော်ကို ကလေးကလားဆန်တဲ့ သီရိပဲ။

"အဲလို အဲလို ရေးရင် အချက်တွေက ပလပ်စ်ဘက်မှာများလား၊ မိုင်းနပ်စ်ဘက်မှာ ပိုများလား ကြည့်၊ မိုင်းနပ်စ်မှာ အမှတ်စဉ်အရေအတွက် များနေတဲ့သူဟာ မရွေးချယ်သင့်တဲ့သူ"



www.burmeseclassic.com

www.burmeseclassic.com

"သီရိ ... ဒါတွေက သီအိုရီအနေနဲ့ ဟုတ်ကောင်းဟုတ်မှာပေမယ့် အဲဒီအချက်တွေကို ကိုယ့်အတွက်ပဲ ပတ်သက်ပြီး သီရိကဖြည့်မှာနဲ့ နေမျိုးနိုင်က ဖြည့်မှာနဲ့ ကိုယ့်အမေက ဖြည့်မှာနဲ့ တူနိုင်ပါ့မလား"

"မတူနိုင်ဘူးလေ"

"လူတစ်ယောက်က ဘယ်လောက် အကောင်းမြင်တတ်လဲ အဆိုးမြင်တတ်လဲ၊ မျှမျှတတ မြင်တတ်လဲဆိုတဲ့ အပေါ်လည်း မူတည်တယ်"

"ဟုတ်ပါတယ်၊ အဲဒီတော့ ကိုကိုက ကိုကို့အမေအတွက် သားကောင်း၊ နေမျိုးနိုင်အတွက် ဘော်ဒါကောင်း ဖြစ်နိုင်ပေမယ့် သီရိအတွက်တော့ ချစ်သူကောင်း ဖြစ်ချင်မှဖြစ်မှာပေါ့၊ မဟုတ်ဘူးလား"

"ကျွတ်"

"အမြင်ဆိုတာ ကွဲလွဲနိုင်တာပဲ၊ တစ်ထပ်တည်းကျအောင် မြင်ဖို့ မလိုပါဘူး"

"ကဲ ... ကဲ ... ဒီတော့ အဲဒီစာရေးဆရာမ တင့်ရှင်းသွင်က မင်းနဲ့ကိုယ့်ကို ဖြတ်ကြလို့ ပြောတယ်ပေါ့"

"အင်း"

"ဒီမှာ သီရိ၊ ဒီမိန်းမက အသက်အရွယ်အရလည်း နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိငေ ဘဲ့အပြင် ဝါ,သမ္မာ၊ အတွေ့အကြုံ





အရ ဆိုရင်လည်း သူလည်း အပျိုကြီးပဲ ရှိသေးတာ မဟုတ်လား၊ အိမ်ထောင်ရေးအကြောင်း သူ ဘာသိလို့လဲ"

"သူလည်း မကြာခင် အိမ်ထောင်ပြုတော့မှာ"

"သူကျတော့ ပြုမယ်၊ သူများကျ ခွဲတယ်ပေါ့"

"သူ့လူက စိတ်တိုင်းကျစရာ ရှိမှာပေါ့"

"ကဲ ... ထားပါတော့၊ မကြာခင်ကျမှ အိမ်ထောင်ပြုမယ့် သူက သူများအိမ်ထောင်ရေးကို အကြံပေးဖို့ အသိပညာ အလုံအလောက် ရှိရဲ့လား"

"သူက စာရေးဆရာမပဲ ကိုကိုရဲ့၊ စာတွေဖတ်၊ ပတ်ဝန်းကျင်ကို လေ့လာပြီး သူ့ရဲ့အတွေးခေါ်တွေကို ရင့်ကျက်အောင် လေ့ကျင့်ပျိုးထောင်ထားတဲ့သူပဲဟာ"

"ဟာ ... လုံးဝကို ဘလိုင်းကြီး အကောင်းမြင်နေတာပေါ့ ဟုတ်လား"

"ဟုတ်တယ် ... သီရိ ကိစ္စမှ မဟုတ်ဘူး၊ တခြားကိစ္စတွေ လည်း မမ ဖြေရှင်းပေးလိုက်ပုံတွေ သီရိ စောင့်ကြည့်တာ ကြာပြီ၊ မမ... တစ်ဖက်စွန်းသမား မဟုတ်ပါဘူး ကို...."

"ဒါပေမဲ့ မင်း ပြောသမျှအပေါ် သူက ကောက်ချ... ... တာလေ"

"ဘာလဲ ... သီရိက ကိုယ့်ဘ...က်အကောင်း ကိုကို့ဘက် မကောင်း ပြောလိမ့်မယ်လို့ စွပ်စွဲတာလား"


www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမစွပ်စွဲပါဘူး၊ တစ်ဆင့်စကားနဲ့ ဒီလောက် လေး နက်သိမ်မွေ့တဲ့ ကိစ္စရပ်တွေကို အမှန်အတိုင်းဖြစ်အောင် မဆုံးဖြတ်နိုင်ပါဘူး သီရိ"

"အမှန်တရားနဲ့ အနီးစပ်ဆုံးတော့ဖြစ်အောင် ဆုံးဖြတ်နိုင် မှာပါ"

"ကျွတ် ... သေစမ်းပါကွာ"

လင်းရွှေရက စိတ်ပျက်လက်ပျက် ညည်းညူမိပါ သည်။

"ဘာပဲဖြစ်ဖြစ် သီရိတို့ ရှေ့ဆက်လက်မတွဲတာပဲ ကောင်း လိမ့်မယ်"

"... ... ..."

"ကိုကိုက သီရိကို ဘာမှလဲ လိုက်လျောနိုင်တာလည်း မဟုတ်ဘူးလေ၊ ဥပမာ ကိုကိုက ဘယ်တော့မှ သီရိနဲ့အတူ နိုင်ငံခြားကို လိုက်မှာမဟုတ်ဘူး"

"မင်းရူးနေလား သီရိရဲ့၊ နိုင်ငံခြားက ဘာသွားလုပ်ရမှာ လဲ၊ မင်းမိဘလည်း ဒီမှာ၊ ကိုယ့်အစ်မလည်း ဒီမှာ၊ ကိုယ့် အလုပ်လည်း ဒီမှာ၊ ဥပမာ မင်းအမေ နိုင်ငံခြားမှာ သွား အခြေချတယ် ဆိုတာက သူ့ယောက်ျားက ဟိုမှာအလုပ် ကောင်းကောင်းရလို့ သျှောင်နောက် ဆံထုံးပါ လိုက်အခြေ ချရတာ အဓိပ္ပာယ်ရှိသေးတယ်လေ၊ မင်းက ဘာမှအဓိပ္ပာယ် မရှိဘဲ နိုင်ငံခြား သွားနေမယ် ဆိုတာကို ကိုယ်က ဘာ





ကြောင့် ခေါင်းညိတ်သဘောတူရမှာလဲ၊ ဟိုကျ မင်း ဘာ လုပ်မလဲ၊ ကိုယ် ဘာလုပ်မလဲ"

"ကြီးစားရင်း ဖြစ်သွားမှာပါ၊ သီရိ ဆန္ဒပြင်းပြနေတာကို ကိုကိုက သီရိအပေါ် တကယ်ချစ်ရင် လိုက်လျောရမှာပေါ့၊ လောလောဆယ် မမနိုင်တို့ဆီ ကပ်နေရင် ရတာပဲဟာ"

"ကပ်နေရမယ် ! ကျွတ်၊ ဒီမှာ ကိုယ်က ကိုယ့်လုပ်ငန်း ကိုယ် ဦးစီးလုပ်နေတာ သီရိ၊ ဟိုကျ ဟိုနဲ့လိုက်ဖက်တဲ့ ပညာလည်း ကိုယ့်မှာမရှိ၊ ကေအက်ဖ်စီမှာ စားပွဲထိုးရတာ မျိုး၊ ရုံးခန်းတွေမှာ သန့်ရှင်းရေး လိုက်လုပ်ရတာမျိုးလုပ် ဖို့ ကိုယ် ဘာကြောင့် သွားရမှာလဲ သီရိရယ်"

သီရိက လင်းရွှေရကို မာန်စောင်သော မျက်လုံးကြီး နှင့် စိုက်ကြည့်နေရာက ...

"အဲဒါကြောင့် ကိုယ့်အတွက် မကောင်းဘူးလို့ သေချာနေ ရင် အချစ်တစ်ခုတည်းနဲ့ ရှေ့မတိုးပါနဲ့လို့ မမကပြောတာ၊ ကိုကို သီရိကို မေ့လိုက်တော့"

"ဟာ"

သီရိက သူ့ရဲ့ကားပေါ် အပြေးတက်ကာ လှစ်ခနဲ မောင်းထွက်သွားလျှင် လင်းရွှေရသည် သူ့ကားနံဘေး သူ ခပ် တောင့်တောင့်ရပ်ကာ ဒေါ်တွေမှုပြီး ကျန်ရစ်ခဲ့ပါတော့သည်။

* ❦ *



www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဟော့ကောင် ... ပေါင်တောင်တောင်နဲ့၊ လာ ... ငါ ဒီ ကားစက်စမ်းမလို့ လိုက်ခဲ့စမ်းပါ၊ စိတ်ပြေလက်ပျောက်"

"ငါ့ဘာမှ မဖြစ်ပါဘူးကွ"

လင်းရွှေရက ပါးစပ်က ငြင်းလိုက်သော်လည်း ဖော်လတ် ခေါ်တဲ့ ကားပေါ်ကိုတော့ တက်ထိုင်လိုက်ပါသည်။

"ဒီကားက အီးအက်ဖ်အိုင် ဆိုတော့ ရေလည်ရှာလည် တယ်ကွာ၊ အဘနဲ့ နှစ်ယောက်လုပ်ရတယ်၊ အဘက အတွေ့အကြုံများလို့ တော်သေးတယ်"

"အေးပေါ့၊ အတွေ့အကြုံက စကားပြောတာပေါ့ကွ"

ပြောလိုက်ရင်းက လင်းရွှေရသည် မဆီမဆိုင် စာရေးဆရာမ တင့်ရှင်းသွင် ဆိုတဲ့ အမျိုးသမီးကို သတိရလိုက်မိပါသည်။ သီရိတစ်ယောက် ပါးစပ်ဖျားက မချစတမ်း အထင်ကြီး လေးစားလွန်းလို့လေ။





ခုကိစ္စမှာလည်း မီးလောင်ရာလေပင့်။ သီရိခက် ဆိုတာ အရွှးစိတ် ကလေးစိတ်မှာ သူ့စိတ်ကို လေပင့်ပြီး မီးမွှေးပေးလိုက်တဲ့ အဲဒီစာရေးဆရာမရဲ့ ဩဝါဒကို အတော်နားဝင်နေတာ။ အလကားနေ သူများသမီးရည်းစားကြား အားပေး အားမြှောက် သပ်လျှိုနေတာပဲ။

"ဟော့ကောင်"

"အင်း"

"ထားလိုက်စမ်းပါကွာ"

"... ... ..."

"ပြီးသွားပြီမို့လား၊ မေ့လိုက်တော့"

"ဟာ ... မင်းတို့ကတော့ ပြောရတာ လွယ်တာပေါ့ကွ"

"ဟော့ကောင် ရွှေရ၊ ငါမြင်သလောက် ယောကျ်ားတွေ မိန်းမရွေးတဲ့အခါမှာ နှစ်မျိုးနှစ်စားရှိတယ်"

"အင်း ... ဘယ်လိုလဲ"

လင်းရွှေရက ပြုံးတုံ့တုံ့ မေးလိုက်ပါသည်။

"တချို့က ကိုယ့်အကြိုက်ကို စစ်စစ်ပေါက်ပေါက် နိုက်နိုက်ချွတ်ချွတ်ရှာပြီး ကိုယ်ချစ်တဲ့သူကို ကိုယ်ကရွေးပြီး ချဉ်းကပ်တယ်"

"နောက်တစ်မျိုးကကော"

"နေဦးလေ၊ ရှေ့တစ်မျိုးတောင် မပြီးသေးတဲ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြော"

"ကိုယ့်အကြိုက် ကိုယ်ချစ်တဲ့သူကိုရှာပြီး လိုက်တဲ့ ချဉ်းကပ်တဲ့ ကောင်တွေက ကိုယ်ချစ်ရင် လိုက်တာပဲ၊ အငြင်းခံရလို့ အသည်းကွဲကာမှကွဲ၊ နောက်ဆုတ်ကာမှ ဆုတ်ရရော၊ ကိုယ်က လိုက်ရှာချစ်တာကွ"

"အင်း"

"နောက်တစ်မျိုးကကျတော့ သူက တကူးတက ရွေးချစ်တာ မဟုတ်ဘူး၊ ကိုယ့်အနီးအနားမှာပဲ ရှိနေတဲ့ မိန်းကလေးတွေထဲက ကိုယ့်ကို ရေလာမြောင်းပေး လုပ်နေတဲ့ဟာတွေထဲက အဆင်သင့် ထိုင်ရွေးတာ"

"ဟား ဟား ဟား"

"ကိုယ့်ကို ရေလာမြောင်းပေး လမ်းခင်းနေပါပြီ ဆိုကတည်းက ကိုယ်က ဖွင့်ပြောလိုက်ရင် အငြင်းခံရစရာ အကြောင်းကို မရှိဘူးလေ၊ ဟိုက Yes ဆိုပြီး ခေါင်းလေးညိတ်ဖို့ပဲ လိုတော့တဲ့ဟာမျိုးကိုမှ ရွေးပြောတာကိုး"

"အဟင်း ... အဲဒီတော့"

"ဒါကြောင့် ရေ၊ မြိတ်၊ ထားဝယ်က ယောက်ျားနဲ့ မြစ်ကြီးနားကမိန်းမ ဖူးစာဆုံတာလည်း ရှိတတ်သလို တချို့ကျတော့ အိမ်နီးနားချင်းထဲက သူငယ်ချင်းထဲက ဟိုဘက်ခြံက စသဖြင့်တွေနဲ့ ဖူးစာဆုံကြတာကွ"





"အဲဒါ ဘာဖြစ်လဲ"

"ဒုတိယအမျိုးကကွာ သိပ်ပြီး ကိုယ့်ဘက်က ကြိုးစားအားထုတ်ရတာ မရှိတော့ ပေါ့ပျက်ပျက် နိုင်သလို ငါထင်တယ်၊ ပထမအမျိုးအစားကကျတော့ တစ်ဖက်မိန်းကလေးဟာ ကိုယ့်ကို လက်ခံချင်လည်းခံမယ်၊ ငြင်းချင်လည်း ငြင်းမယ်၊ ဘာမှန်းမသိတဲ့ အဖြေကို စွန့်စားပြီး မျှော်လင့်ရတာ၊ Thrill (သဲထိတ်ရင်ဖို)ဖြစ်ရတဲ့ ခံစားချက်ပါတယ်၊ ပိုပြီး အသက်ဝင်တယ်၊ ပိုအားထုတ်ရတယ်၊ ပိုလေးနက်တယ်လို့ ငါထင်တယ်ကွ"

လင်းရွှေရက ပြုံးရင်း ...

"ထင်ပေါ့ကွ၊ မင်း ထင်ချင်တာ ထင်လို့ရတာပဲ"

"အေး ... အခုမှ အဓိကအချက် လာပြီ"

လင်းရွှေရက ရယ်မိသည်။

"မင်းက သီရိခက်ကို တစ်နေရာမှာ သတ်သတ်မှတ်မှတ်တွေ့ပြီး စိတ်ဝင်စားပြီးတော့ ခွဲရှိရှိနဲ့ လှျောက်ပြန်သံပေးတွေလုပ်ပြီး တကူးတက သွားကြိုပြီး မရမက လိုက်ယူခဲ့ရတာ မဟုတ်ဘူး ...

သူ့အစ်ကိုဝမ်းကွဲကားက ငါတို့ဆီ ပြင်နေကျ၊ သူ့ညီမကားပျက်တော့ ငါတို့ဆီ ခေါ်လာအပ်ပေးတယ်။ အဲဒီမှာ မင်းကိုတွေ့ပြီး သူ စိတ်ဝင်စားတယ်။ ကားပြီ



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားလည်း ဆက်ခင်မင်နေအောင် အမျှင်တန်းပြီး ကပ်လျက်ခြင်က မင်းအမေဆီ သူကပဲ ဝင်ဟယ် ထွက်ဟယ် လုပ်တယ်၊ အဘွားကြီးစားချင်တာမျိုး ဝယ်လာပြီး အတင်း ဝင်ပေါင်းတယ်"

လင်းရွှေရက ခေါင်းတညိတ်ညိတ် ပြုံးပြီးနားထောင် နေပါသည်။

"သူလည်း တကယ်တော့ စိတ်ကူးယဉ်တာပါကွ၊ အရင်ကတည်းက သူ့စိတ်ကူးထဲမှာ မင်းလောက်လူကို သူ လက်ထပ်ဖို့ မရည်ရွယ်ထားပါဘူး၊ သူလိုအလှပဂေးက စိတ်ကူးယဉ်တဲ့စိတ် ထွင်ချင်တဲ့ စိတ်မျိုးနဲ့သာ မင်းလို လူကြမ်းရုပ်ကို ရေလာမြောင်းပေး လုပ်ခဲ့တာပါကွ"

"ထားပါတော့ကွာ"

"မင်းကော သူ့ကို သည်းလိုက်အူလိုက် မရမနေနိုင် ချစ်ရဲ့လား၊ သူ့ကား ငါတို့ဝပ်ရှော့ပ်က ထွက်သွားတော့ မင်း သူ့လိပ်စာဆီ လိုက်တွေ့ဖို့ စိတ်ကူးရှိခဲ့လို့လား"

လင်းရွှေရ ဝန်ခံပါသည်။

"အေးပါ၊ အဲလို စိတ်ကူးမရှိခဲ့ဘူးကွ"

"သူကချည်း ဝင်လိုက် ထွက်လိုက် မုန့်လာကျွေးလိုက် ဟိုဖိတ် ဒီဖိတ် လုပ်လိုက်၊ ခြေလှမ်းတွေ စိပ်လာတော့မှ မင်း တအံ့တသြတွေ ဖြစ်လာပြီး ငါ့ကို ဒီအလှပဂေးလေး





က စိတ်ဝင်စားနေပါလားဆိုတဲ့ စိတ်လှုပ်ရှားမှုမျိုး စ,ခဲ့ တာပါ"

"အေး ... ဟုတ်ပါတယ်"

"မင်းက လှအေး လှကောင်းမို့ စ,မိတဲ့ အချစ်တစ်ခုကို သစ္စာရှိရှိ ဆက်ဆုပ်ကိုင်ထားတာပါ၊ နောက်ထပ်လည်း မရှာဖွေတဲ့အတွက် မင်းမှာ နောက်တစ်ယောက်ဆိုတာ ထပ်မတွေ့တာပါ၊ တကယ်တမ်း သိရိခက်ကို သိပ်ချစ်လို့ ထက် မင်းဆိုတဲ့ကောင်က ဖင်ငြိမ်ငြိမ်နဲ့ နိုင်မြဲချင်တဲ့သူ မို့ပါ"

ဖြစ်နိုင်ပါတယ်လေ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်တော့ မခံချင်စိတ်ပဲဖြစ်စေ ဒေါသပဲဖြစ်စေ နာကျင်မှုပဲဖြစ်စေ ခံစားချက် တော့ ဖြစ်ရသေးတာပေါ့။

"ဒီတော့ မေ့လိုက်ကွာ၊ မခံစားနဲ့၊ သိရိခက်က မမိုက်ပါ ဘူး"

"... ... ..."

"ဒီတစ်ခါတော့ သူ့ဘက်က ဘယ်လိုနေမှန်း မသိရသေး ခင်ကတည်းက ကိုယ့်အသည်းနှလုံးက အပြင်းအထန် တောင်းဆိုတဲ့ မိန်းမတစ်ယောက်ယောက်ကို မင်း ချစ်ကြည့် စမ်းပါ"

"မင်းဘိုးအေ၊ တွေ့ဦးမှကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့မှာပေါ့ကွာ၊ အဲဒါကမှ ကိုယ်က သိပ်ချစ်ရတာဆိုတော့ အရသာရှိမှာ"

"သူ့ဘက်က လာစ,တာတောင် သူကပဲ ထားခဲ့တာကွာ၊ ငါကများ သွားကြိုက်ရင် နင့်ရုပ် နင့်ရည်မှ အားမနာဆိုပြီး ပါးရိုက်ခံနေရပါဦးမယ် ဇော်လတ်ရာ"

"ကျွတ် ... မင်းကလည်း တချို့မိန်းခလေးတွေက ရုပ်ဆိုးဆိုးခပ်ကြမ်းကြမ်းကို စွဲလမ်းတတ်တဲ့စိတ်မျိုး ရှိတယ်ကွ၊ ခုကတည်းက ဘာမှတောင် မတွေ့သေးဘူး၊ စိတ်လျှော့မနေနဲ့"

"ငါ စိတ်မလျှော့ပေမယ့် မင်း လေတော့လျှော့ဦး၊ ဟိုမှာကြည့်ဦးဟောကောင်၊ Heat တွေ တက်နေတယ်"

ဇော်လတ်က ဒက်ရှ်ဘုတ်က ဒိုင်ခွက်ကိုကြည့်ကာ...

"အေးကွ၊ အဲကွန်းဖွင့်လို့ပဲလား၊ လာကွာ၊ ရေကြည့်ရအောင်"

ဇော်လတ်က ကားစမ်းမောင်းနေတဲ့ ပါရမီလမ်းမကြီးပေါ်က ကားရပ်လို့ရတဲ့ လမ်းဘေးတစ်နေရာဆီ ကားကိုချုပ်လိုက်ပါသည်။ နှစ်ယောက်သား ကားပေါ်ကဆင်းကာ ဘောနက်ဖွင့်ကြသည်။ မက္ကဲင်းနှစ်ဝတ်စုံကြီးတွေနှင့် ကားဘောနက်ဖွင့်ကာ ရေတိုင်ကီ စစ်နေတဲ့ သူတို့နှစ်ယောက်ကို ဝပ်ရှော့ပ်လုပ်သားတွေမှန်း မြင်တာနှင့် သိသာနေတာပင်။





"တွေ့လား ... ရေတအားဆူနေ ယ်"

"ဟောကောင် ... တအား အရမ်းမဖွင့်နဲ့ဦးလေ၊ ရေပူတွေမှန်းထွက်လာပြီး မျက်နှာတစ်ခုလုံး နူကုန်ဦးမယ် ဟောကောင်၊ ရေနည်းနည်း ရာရအောင်၊ အေးအောင် ရေနည်းနည်းလောင်းပြီးမှ ဖွင့်မယ်"

ဟိုဟိုဒီဒီ လှည့်ကြည့်လိုက်တဲ့ လင်းရွှေရသည် ရေဘယ်ကယူမလဲ မတွေ့ခင် အဲဒီနားကဆိုင်ခန်းတစ်ခုထဲက ထွက်လာတဲ့ သီရိခက်ကို တွေ့လိုက်ပါသည်။

"ဟောကောင် ဇော်လတ်၊ ဟိုမှာ သီရိ"

"ဘာဖြစ်ဖြစ် ထားလိုက် ဟောကောင်"

"ခဏလေးကွာ၊ ငါ နှုတ်ဆက်ရုံပဲ"

"ဟောကောင်"

လင်းရွှေရက မက္ကဲင်းနှစ်ဝတ်စုံရဲ့ ဘောင်းဘီအိတ်ပွကြီး နှစ်ဖက်ထဲ လက်ထိုးနှိုက်ကာ သီရိခက်ရှေ့ကို လျှောက်သွားလိုက်ပါသည်။

"အမေ့"

သူ့အာရုံနှင့်သူ လင်းရွှေရကို မတွေ့တဲ့ သီရိခက်က ရှေ့က လူတစ်ယောက် ပိတ်ရပ်လိုက်မှပင် အလန့်တကြားဖြစ်သွားကာ မက္ကဲင်းနှစ်ဝတ်စုံနှင့် မဲမဲသဲသဲ ဖြစ်နေတဲ့ လင်းရွှေရကိုမြင်လျှင် ရှုံ့မဲ့သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဖယ်ပေးပါ"

"သီရိ ဘယ်လာတာလဲ"

"ဘယ်လာလာပေါ့၊ ဘာမှမဆိုင်တော့ဘဲ ဘာဖြစ်လို့ လိုက်မေးနေတာလဲ"

"ဟာ ... ကိုယ် မင်းကို ယဉ်ယဉ်ကျေးကျေး စကားလာပြောတာလေ သီရိ"

"လာပြောစရာကို မလိုတာ"

"သီရိ ... မင်း အပြောင်းအလဲ မြန်လှချည်လား၊ ကိုယ်တို့ချင်း ကြီးမားတဲ့ ပြဿနာလည်း မဖြစ်လိုက်ကြဘဲနဲ့ ဒီလောက် ခါးသီးဖို့ လိုလားကွာ၊ အရာရာတိုင်း မင်းသဘောနဲ့မင်း လုပ်တာချည်းပဲ မဟုတ်လား၊ မင်းပြတ်တယ်ဆိုလည်း ကိုယ် မင်းကို နှောင့်ယှက်ခဲ့လို့လား၊ ဒီတိုင်း နေခဲ့တာပဲ၊ အခုဟာက မမျှော်လင့်ပဲ ..."

"အင်းလေ ... အဲဒါကိုပဲ ပြောတာပဲ"

"ဘာလဲ"

"ဘာပဲဖြစ်ဖြစ် ရှင့်ကို ပြတ်ခဲ့တယ် ဆိုပေမယ့် ခံတော့ ခံစားရသေးတာပဲ၊ အဲဒီနေ့ကတောင် မမတင့်ရှင်းဆီ ဖုန်းဆက်မိသေးတယ်"

"ဘာ ... ပြတ်ပြီးတာတောင် သူ့နာမည်က ပါနေရတုန်းလား"





"ဟုတ်တယ်လေ၊ ပါတာပေါ့၊ မမကို သီရိက အားကိုးတာပဲဟာ၊ မမကတောင် ပြောတယ်၊ ပြတ်လိုက်တယ်ဆိုပေမယ့်လည်း စောင့်ကြည့်ဦးပေါ့တဲ့၊ အမျိုးသားဘက်ကများ အရှမ်းမနေနိုင်အောင် ခံစားရပြီး ဘွားခနဲ ရောက်လာတာလာတောင်းပန်တာမျိုး ရှိခဲ့ရင်တော့ သူ့အချစ်ကို ထည့်တွက်ပြီး တစ်ခေါက်လောက် ပြန်စဉ်းစားလိုက်ပါဦးတဲ့၊ မမ အဲလိုပြောတော့ သီရိတောင် ကိုကို ပေါ်လာမလားလို့ မျှော်မိပါသေးတယ် ...

ဒါပေမဲ့ ပူပူနွေးနွေး ခံစားရတဲ့ ရက်တွေအတွင်း လုံးဝပေါ်မလာဘူး ဆိုရင်တော့ သူဟာ ပြတ်လည်း ဘာမှ မဖြစ်ဘူး၊ မမှုဘူး၊ နေနိုင်တယ်ဆိုတဲ့သူမျိုး ဖြစ်ရင်ဖြစ်၊ မဟုတ်ရင်လည်း ကိုယ့်အပေါ် မာနထားတဲ့ ယောကျ်ားမျိုး ဖြစ်လို့သာ ပြန်မတောင်းပန်တာ မချော့တာ ဖြစ်မှာမို့ စိတ်ပြတ်လိုက်တော့ပေါ့တဲ့"

လင်းရွှေရသည် ဘာပြောရမှန်းမသိအောင် ဘယ်သူ့ကို ဒေါပွရမှန်း မသိအောင် အတော်အခံရခက်ကာ မျက်နှာကြီးသာ နီမြန်းလာပါသည်။

"သီရိ အခုစိတ်ပြတ်သွားပြီ၊ နောက်လဆန်းကိုပဲ ဒီက ထွက်ဖို့လုပ်တော့မှာ၊ သီရိဆီကို မလာနဲ့တော့၊ ဘာမှထူးလာမှာ မဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း ပြီးတာပဲကွာ"

လင်းရွှေရသည် ဒေါသမထွက်စဖူးထွက်ကာ ကားဆီ ချာခနဲ လှည့်ပြန်လာပါသည်။ ကားပေါ်တက်ထိုင်ပြီး ဒုံးခနဲ တံခါးပိတ်ပစ်လိုက်၍ ဇော်လတ်ကလည်း ကားပေါ်ပြန်တက်လာကာ ...

"ခဏတော့ ရေအေးအောင် ကားရပ်စောင့်ဦးမယ်၊ မင်းကို မသွားနဲ့လို့ ငါ ပြောသားပဲ၊ ဘာဖြစ်လာတာလဲ"

"တောက်"

"ဘာဖြစ်လို့လဲ၊ ဒီ သီရိခက်တော့ ငါ သွားနှာမိတော့မှာကွာ"

"သူချည်းပဲ မကာဘူး၊ ဟိုမိန်းမကိုလည်း ငါအတော်ဒေါကန်လာပြီကွာ"

"ဘယ်မိန်းမလဲ"

"ဟိုစာရေးဆရာမပေါ့၊ တင့်ရှင်းသွင် ဆိုတာ"

"နုထိ ဝင်ရှုပ်နေတုန်းလား"

"အေးကွာ ... ကျွတ်"

"မိန်းမတွေများ သူတို့ကိုယ်သူတို့ ဆရာမကြီးတွေ ထင်နေတဲ့ဟာတွေက ပိုဆိုးတာ၊ ပရိသတ်လေး ရှိတာနဲ့ ဟိုနားဆရာဝင်လုပ် ဒီနားဆရာဝင်လုပ်၊ ဒါပေမဲ့ မင်းသီရိက လက်မခံရင် ဘာမှမဖြစ်ဘူး"



"သူကလည်း သူ၊ ဒီအမျိုးသမီးကလည်း မီးထိုးသလားမမေးနဲ့၊ ချွန်တွန်းသလား မမေးနဲ့"

"နည်းနည်းပညာပေးပေးရမှာကွ၊ နေရာတကာ ပါတဲ့ဟာတွေ ... တောက်"

လင်းရွှေရက သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်ကာ စိတ်ပြေလက်ပျောက် စိတ်ပြောင်းတဲ့အနေနှင့် လက်က ကားရဲ့ ရေဒီယိုခလုတ်ကို လှမ်းနှိပ်လိုက်ပါသည်။

"အခု ဆက်လက်ပြီး သောတရှင်များ နားဆင်ရမယ့် အစီအစဉ်ကတော့ 'လေလှိုင်းမှာ ဖြေခိုင်းပါ' ဆိုတဲ့ အစီအစဉ်လေးပဲ ဖြစ်ပါတယ်၊ ဒီအစီအစဉ်လေးကို '.....' မဂ္ဂဇင်းမှာ လစဉ် အိမ်ထောင်ရေး အချစ်ရေး လူမှုရေး မေးခွန်းလေးတွေ ဖြေကြားပေးနေကျဖြစ်တဲ့ စာရေးဆရာမ တင့်ရှင်းသွင်က တာဝန်ယူ ဖြေကြားတင်ဆက်သွားမှာ ဖြစ်ပါတယ် ...

ဒီ 'လေလှိုင်းမှာ ဖြေခိုင်းပါ' ဆိုတဲ့ အစီအစဉ်လေးကို ကျွန်မတို့(...)FM ရေဒီယိုလှိုင်းမှ အပတ်စဉ် တနင်္လာနေ့ သောကြာနေ့များမှာ နေ့လယ် ဆယ့်နှစ်နာရီတိတိအချိန်မှာ ထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်ရှင်။

အစီအစဉ်လေးကို နားဝသောတ ဆင်ကြပါဦးရှင်"

"ဒါ ... ဒါ ... ဟို ..."

www.burmeseclassic.com

www.burmeseclassic.com

လင်းရွှေရ လက်ညှိုးကြီးက ရေဒီယိုခလုတ်ကို ညွှန်ကာ တအံ့တသြ ထစ်ငေါ့နေပါသည်။ သူ့ရုပ်ကြီးက ဒီကားထဲက ရေဒီယိုဘောက်စ်လေးထဲမှာ စာရေးဆရာမ တင့်ရှင်းသွင်လူအကောင်လိုက်ဝင်ပြီး ရှိနေတော့မယ့်အတိုင်း မျက်လုံးကြီးပြူးကာ ရေဒီယိုဘောက်စ်လေးကို စိုက်ကြည့်နေတာဖြစ်သည်။

"ရေရေလည်လည် နယ်ကျော်တယ်ကွာ"

"အေးကွာ၊ ရေဒီယိုထဲကနေတောင် ဖြေနေပြန်ပြီ၊ ဟား … ယုံတောင် မယုံနိုင်အောင်ပဲ၊ ဘာဖြစ်လို့ သူ့ကို ဒီလောက်တောင် ဆရာတင်နေကြတာလဲ၊ သူ ဖြေတာတွေကို ဘာဖြစ်လို့ ယုံစားပြီး မေးနေကြတာလဲ၊ ဘာ … လဲ … ကွာ"

လင်းရွှေရ ဆံပင်တွေကို ကုတ်ဖွရှုပ်ထွေးပစ်ပြီး စိတ်ပျက်လက်ပျက်ကြီး ညည်းညူစဉ် ဇော်လတ်က လက်ညှိုးကို နှုတ်ခမ်းဝမှာတေ့ကာ …

"ရှူး … လာပြီ၊ နားထောင်ပါဦး"

နောက်က ဖုန်းမြည်သံနှစ်ချက်မြည်ပြီးနောက် ဖုန်းကိုင်လိုက်သံနှင့်အတူ …

"ဟယ်လို"

"ဟယ်လို … မမ၊ မမတင့်ရှင်းသွင်လားဟင်"

"ဟုတ်ပါတယ် ညီမလေး"





"ဟယ် … ဝမ်းသာလိုက်တာ၊ ညီမတို့က မမကို အမြဲအားပေးနေတာပါ မမ၊ အခု စာအုပ်ထဲမှာ မဟုတ်ဘဲ အပြင်မှာ တိုက်ရိုက်ဖုန်းပြောရတာ အရမ်းဝမ်းသာတာပဲ"

"ဟုတ်ကဲ့ပါ၊ အားပေးနေတာ ကျေးဇူးတင်ပါတယ် ညီမလေးရေ၊ အချိန်က သုံးမိနစ်ပဲရမှာမို့ မေးချင်တဲ့မေးခွန်းလေးကို မေးပါနော်"

"မမအသံလေးက အရမ်းနားထောင်ကောင်းတာပဲ … အဟီးဟီး"

ဖုန်းဆက်သူကလည်း အရမ်းကို အားရဝမ်းသာဖြစ်နေသလို အသံတွေပင် တုန်ချင်နေပါသည်။ ဖြေနေတဲ့ စာရေးဆရာမ တင့်ရှင်းသွင်ရဲ့ အသံဟာလည်း ဟိုမိန်းကလေးပြောရလောက်အောင်ပင် တကယ့်ကို နူးညံ့ချိုသာတဲ့အသံလေး။ အိုက်တင်ထုတ်၊ ပဲလုပ်နေတာ မဟုတ်ဘဲ နဂိုသံကိုက ချိုသာသိမ်မွေ့တာ။

ဇော်လတ်ရော လင်းရွှေရပါ ခေါင်းကြီးတွေ ရှေ့ထိုးကာ တုတ်တုတ်မလှုပ်ဘဲ နားစွင့်ထောင်နေမိကြပါသည်။

"မမရယ် … ပထမဆုံးနေ့မို့ ညီမ တစ်ခုပဲ မေးချင်တယ်၊ ခုခေတ်မှာ အရင်တုန်းက ခေတ်ကထက် အိမ်ထောင်ရေးတွေ ပြိုကွဲကြသလားလို့ ထင်မိတယ်နော် မမ၊ အဲဒါနဲ့ပတ်သက်ပြီး မမ သိသလောက် ဖြေပေးပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ညီမရယ်၊ ခုနောက်ပိုင်းခေတ်မှာ အရင်တုန်းကထက် အိမ်ထောင်ရေး ပြဿနာတွေ ကွာရှင်းပြတ်စဲမှုတွေ များလာပါတယ်၊ နောက်ဆုံး ဆယ်စုနှစ်ဖြစ်တဲ့ သက္ကရာဇ်နှစ်ထောင်ခုနှစ်ကနေ နှစ်ထောင့်ကိုးခုနှစ်အတွင်း စစ်တမ်းကောက်ယူချက်များအရ ဆိုရင်တော့ ကမ္ဘာမှာ အိမ်ထောင်တစ်ရာ ရှိရင် လေးဆယ့်ခြောက်အိမ်ထောင်ဟာ ကွာရှင်းပြတ်စဲမှုနဲ့ အဆုံးသတ်ကြတယ်လို့ သိရပါတယ်"

"သုံ ... သူက ဘယ်လိုလုပ် သိလဲ"

"ရှာဖတ်ထားမှာပေါ့ ဇော်လတ်ရာ၊ နားထောင်ဦး"

"ပိုပြီးလွတ်လပ်တဲ့ လူမှုအဖွဲ့အစည်းလို့ သူတို့ကိုယ်သူတို့ သတ်မှတ်ထားကြတဲ့ အနောက်နိုင်ငံများမှာတော့ အိမ်ထောင်ကွဲနှုန်းက ပိုမြင့်မားပြီး မမတို့ အာရှတိုက်နိုင်ငံများမှာတော့ ရာခိုင်နှုန်းပိုပြီး နည်းပါတယ်၊ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ အိမ်ထောင်တစ်ရာမှာ လေးဆယ့်ခြောက်ခုဟာ ကွဲကွာမှုနဲ့ အဆုံးသတ်တယ်လို့ ဆိုတဲ့အတွက် အိမ်ထောင်တစ်ခုပြုတော့မယ်လို့ စိတ်ကူးရင် ကိုယ့်အိမ်ထောင်သာယာနိုင်မြဲဖို့ ပျော်ရွှင်စိတ်ချမ်းသာဖို့ဟာ ရာခိုင်နှုန်း တစ်ဝက်ကျော်လောက်ပဲ မျှော်လင့်စရာရှိတဲ့ အနေအထားပါ"



"ဟာ ... ဒါ သက်သက်မယ့် လူငယ်တွေကို ထင်ယောင်ထင်မှားဖြစ်အောင် စိတ်ဓာတ်တွေကျအောင် ခြောက်လှန့်တဲ့သဘောပေါ့ကွ"

ဇော်လတ်က သူ့လက်ဝါးကြီး ဖြန့်ကာ ဖြန့်ကာ မကျေမချမ်း ပြောနေပါသည်။

"အေးကွ ... ဒါပေမဲ့ သူကျတော့ မကြာခင် အိမ်ထောင်ပြုမှာတဲ့"

"ဟင် ... ဟုတ်လား၊ သူတော့ ယူမယ်၊ သူများတွေကိုတော့ လှန့်သလား မမေးနဲ့၊ ဒီစာရေးဆရာမ လုံးဝမမိုက်ဘူး၊ ဘာလဲကွ"

လင်းရွှေရက မျက်မှောင်ကုတ်ပြီး မကြည်မသာနှင့် ငေးငိုင်နေပါသည်။

"ဟော့ကောင် ... နည်းနည်းပါးပါး ပညာပေးလိုက်မှထင်တယ်"

ဇော်လတ်ကတော့ သူ့ထုံးစံအတိုင်း ညစ်ကျယ်ကျယ်နိုင်လာပါသည်။

* ❦ *

www.burmeseclassic.com

www.burmeseclassic.com



## ၅

တင့်ရှင်းသွင်သည် ကားကို ပေါ်တီကိုအောက် ထိုးရပ်လိုက်သည်နှင့် တံခါးဝမှာ ရပ်လာတဲ့ မြတ်သစ်လွင်ရဲ့ အဒေါ် အန်တီသက်ကို ပြုံး၍နှုတ်ဆက်လိုက်ပါသည်။ ကားပေါ်မှ ဆင်းရင်း ခေါင်းလေးကိုညွှတ်ကာ ညွှတ်ကာ ...

"အန်တီသက်လည်း ရောက်နေတယ်လား၊ အန်တီသက် နေကောင်းတယ်နော်"

"ကောင်းပါတယ် တင့်ရှင်း၊ လာ ... ဝင်"

"မီးမီးတို့ ညီအစ်မ ခြစတြေးလျ ထွက်သွားပြီနော်"

"ဟုတ်တယ်၊ နှစ်ပတ်ရှိပြီလေ"

"ဖုန်းလာပြီးပြီလား အန်တီ"

"တစ်ပတ်နေမှ ဖုန်းလာတယ်၊ အန်တီတောင် စိတ်တွေပူနေတာပေါ့၊ သူတို့ တက္ကသိုလ် ကမ်းပတ်စ်ထဲက အဆောင်ပဲ ရကြတယ်"



"ကျောင်းတက်နေပြီပေါ့ အန်တီ"

"အင်း ... တက်နေရပြီ၊ အငယ်မ မီးမီးက သိတဲ့အတိုင်းပဲ၊ သတ္တိရှိတယ်လေ၊ စိတ်မာတယ်၊ အေးဆေးပဲ၊ အကြီးမကြီး ဝူးဂူးက စိတ်ပျော့တယ် မဟုတ်လား၊ ငိုငိုနေလို့တဲ့"

"ခြော် ... တစ်လလောက်နေရင်တော့ နေသားကျပြီးနေတတ်သွားမှာပါ အန်တီ"

"အေးပေါ့၊ ကဲ ... ထိုင် ... တင့်ရှင်း"

တင့်ရှင်းက ဧည့်ခန်းဆက်တီတစ်ခုမှာ ထိုင်မယ်ပြင်စဉ် ထမင်းစားခန်းဘက်မှ အမျိုးသမီးကြီးတစ်ယောက် ထပ်ထွက်လာပြန်ရာ ...

"ဟင် ... အန်တီယုရော ရောက်နေတာလား"

"အေး"

"လူအစုံပေါ့ ... ဘွားဘွားရော"

"ဘွားဘွားလည်းပါတယ်"

ဒီနေ့ညနေစာကို မြတ်သစ်လွင်ရဲ့အမေ ဒေါ်ခင်လေးဝင်းက တင့်ရှင်းကို ဖိတ်တယ်ဆို၍ တင့်ရှင်း လာခဲ့ရတာပင်။ ကြုံလို့ ထမင်းဝင်စားလိုက်တာမျိုး ရှိတတ်ပေမယ့် တကူးတကကြီး ညနေစာဖိတ်တာက ထူးခြားနေ၍ မင်္ဂလာကိစ္စ တစ်ခုခုပြောစရာရှိလို့ဖြစ်မှာပဲဟုပင် တင့်ရှင်း တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာကိစ္စကလည်း နီးနေပြီဖြစ်တာမို့ ဒီသတင်းကျွတ်လို့ အကြမ်းဖျဉ်းသာ သတ်မှတ်ရာကနေ ရက်အတိအကျရွေးဖို့ ဆောင်ရွက်စရာကိစ္စ ရှိတာတွေ ဆောင်ရွက်ဖို့ တိုင်ပင်ရတော့မှာပါ။ ဆိုဒိုးနားပိုတယ် ဒီတ်ကိုတော့ မနှစ်က နှစ်မကုန်ခင်ကပင် ကြိုပြီး အကြမ်းချိတ်ထားခဲ့တာပါ။

ဒီနှစ်ပြက္ခဒိန်ထဲ ကြိုကြည့်ကာ ရက်ကောင်း ရက်ရာဇာလေးတွေ သုံးခုလောက်ရွေး၍ အကြမ်းချိတ်ထားတာ။ ရက်ကပ်မှ အတိအကျ ထပ်ရွေးပြီး တစ်ခုကို Fixed လုပ်ပြီး ကျန်နှစ်ခုကို ဖြုတ်ဖို့လိုသည်။

တင့်ရှင်းသွင်ကို မြတ်သစ်လွင်ဘက်မှ လူကြီးမိဘများက နှစ်သက်လက်ခံပါသည်။ လက်ခံဆို တကယ်တမ်းတော့ "ကို"နှင့် တင့်ရှင်း ဆုံစည်းခဲ့ကြတာကိုက Match Maker လို့ခေါ်တဲ့ အိမ်ထောင်ဖက်ပွဲစားမှတစ်ဆင့် သိကျွမ်းဆုံတွေ့ခဲ့ကြရတာပါ။

အဲဒီကြားလူ မစပယ်ဖြူနှင့် တင့်ရှင်းက ခင်မင်ပါသည်။ "ကို့"ရဲ့မိဘဆွေမျိုးတို့ကလည်း မစပယ်ဖြူထံ သင့်တင့်လျောက်ပတ်တဲ့ သတို့သမီး ရှာဖွေပြီး သူတို့ကို ပြပေးဖို့ ကမ်းလှမ်းထားရာကတစ်ဆင့် အချင်းချင်း သိကျွမ်းဆုံတွေ့ကြတဲ့နောက် ကိုကလည်း တင့်ရှင်းကို သဘောကျ၊ တင့်ရှင်းကလည်း ကို့ကို သဘောကျဆိုတဲ့ အနေအထားနှင့် တစ်စစ ရင်းနှီးမှု တိုးပွားခိုင်မြဲကာ စေ့စပ်ဖြစ်တဲ့အထိ ရောက်ကြတာပါ။





မြတ်သစ်လွင်မှာ ဒေါ်ခင်လေးသက်၊ ဒေါ်ခင်လေးယုဆိုတဲ့ အဒေါ်တွေ ရှိသည်။ ဒေါ်ခင်လေးသက်ကတော့ အိမ်ထောင်သည် သမီးနှစ်ယောက်ရှိကာ ဒေါ်ခင်လေးယုကတော့ အပျိုကြီးပါ။ ဤအဒေါ်တွေကလည်း ဒီတစ်ဦးတည်းသော တူလေးရဲ့အရေးကိစ္စတို့တွင် အမြဲတက်တက်ကြွကြွ ပါဝင်တတ်သည်။

အခု အန်တီသက်၊ အန်တီယုပါ မက ဘွားဘွားပါ ပါတယ်ဆိုတော့ တကယ့်ဟဲဗီးပွဲလို့ တင့်ရှင်း နားလည်ရသည်။ ဘွားဘွားက တော်ရုံနှင့် အိမ်ကမခွာ။ သမီးငယ်အပျိုကြီးနှင့် ပညာဝတီကွန်ဒိုမှာ နေတာဖြစ်သည်။

"ဘွားဘွား နေကောင်းရဲ့လား အန်တီယု"

မြတ်သစ်လွင် အလေးထားရသော အဒေါ် အဘွားများမို့ တင့်ရှင်းလည်း ရိုသေလေးစား အရေးတယူ လုပ်ရပါသည်။

"မေမေက ဒီရက်ပိုင်း နှလုံးတောင် နည်းနည်းပြန်ထ,ချင်တယ် တင့်ရှင်းရေ"

"ဒါဖြင့် ဒီနေ့ လိုက်လာရတာလည်း ပင်ပန်းနေမှာပဲ၊ ပညာဝတီအိမ်မှာ လုပ်လိုက်လည်း ရတာပဲနော်၊ တင့်ရှင်းဟိုကိုလာလိုက်မှာပေါ့"

"ကိစ္စမရှိပါဘူး၊ မေမေက လိုက်ချင်လို့ကို လိုက်လာတာ၊ ဟော ... ထွက်တောင်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



တိုက်အိမ်ကျယ်ကြီးရဲ့အောက်ထပ် အိပ်ခန်းတစ်ခန်းထဲက ထွက်လာသော အဘွားအိုကို တင့်ရှင်းက မတ်တတ်ရပ်ရင်း ...

"နေကောင်းရဲ့လား ဘွားဘွား"

"အင်း"

"ဘွားဘွား ဒီဘက်ထိပ်မှာ ထိုင်မလား"

တင့်ရှင်းက အပြေးရှေ့တိုးကာ လက်မောင်းမှတွဲမည်ပြုစဉ် တင့်ရှင်း လက်ကို ဖယ်ရှားလျက် ...

"နေ ... နေ ... ရတယ်"

ခါတိုင်း အပြုံစု အယုယနှင့် အချော့ကြိုက်လှတဲ့ ဟာ ခုတော့ မျက်နှာခပ်တည်တည်နှင့် တင့်ရှင်း တွဲတာကိုပင် ရှန်းဖယ်ပစ်သည်ဆိုတော့ ဘာများဖြစ်နေပါလိမ့်ရယ်လို့ တင့်ရှင်းက အံ့အားသင့်မိသည်။

တင့်ရှင်းကိုတော့ ဘာမှစိတ်ကွက်နေလောက်စရာ အကြောင်းကိစ္စ မရှိတာမို့ ဒီမတိုင်ခင်ကတည်းက တစ်ယောက်ယောက်နဲ့ စိတ်အခန့်မသင့်ထားလို့ပဲ ဖြစ်ပါလိမ့်မယ်လို့ တင့်ရှင်းက တွေးလိုက်ပါသည်။

"အန်တီဝင်းရောဟင်"

"ရှိတယ်၊ အပေါ်မှာ"





ယောက္ခမလောင်းတွေ၊ အဒေါ် အဘွားလောင်းတွေဟာ တင့်ရှင်းကို သူတို့လောက် ချမ်းသာပြည့်စုံမှု မရှိပေမယ့် ကိုယ့်ဒူးကိုယ်ချွန် မိန်းကလေး၊ နာမည်ကျော်ကြားမှုရှိထားတဲ့ Celebrity တစ်ယောက်ဆိုတဲ့ နှစ်သက်လိုလားသော အမြင်ကောင်း ရှိကြပါသည်။ အတူနေအမေက ဆုံးသွားပြီး ရွယ်တူလောက်ရှိတဲ့ အိမ်အကူတစ်ယောက်နှင့်ပဲနေကာ အဖေဖြစ်သူဟာ ပင်စင်စား အရာရှိကြီးဟောင်းဖြစ်၍ လောလောဆယ်တွင် နောက်အိမ်ထောင်နှင့် သီးသန့်ရှိတာကိုလည်း သူတို့ သဘောကျကြသည်။

တင့်ရှင်းရဲ့ ကျောထောက်နောက်ခံမှာ တင့်ရှင်း အိမ်ထောင်ရေးဘဝထဲ ဝင်စွက်ဖက်မယ့်သူ မရှိတာ၊ အဖေဟာ သူ့အထုပ်အထည်နှင့်သူ ခပ်ရိုးရိုးနေသူဖြစ်ကာ တင့်ရှင်း လက်ထပ်လျှင်တော့ ကားတစ်စီး လက်ဖွဲ့မှာ ဆိုတာတွေကိုလည်း ပိုသဘောကျကြပါသည်။

ရှင်းရှင်းပြောရရင်တော့ ဤမင်္ဂလာပွဲတွင် ဝင်ပြီး စီစဉ်ညွှန်ကြား စွက်ဖက်ပါဝင်မည့်သူရယ်လို့ ယောက္ခမအပါအဝင် သူတို့ညီအစ်မသုံးယောက်နှင့် ခုထိ အာဏာစက်ကြီးလှတဲ့ ဘွားဘွားပဲ ရှိမှာလေ။ တင့်ရှင်းဘက်က ဘယ်သူမှ ဝင်ပါ ဝင်စီစဉ်မှာ မဟုတ်တဲ့အပြင် တင့်ရှင်း ကိုယ်တိုင်က လူတစ်ဖက်သားကို ဦးစားပေးတတ်တဲ့ စရိုက်နှင့် ခပ်အေးအေးသမားမို့ သူတို့လက် သူတို့ခြေ သူတို့စိတ် သူတို့သဘောသာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆိုရင် ယောက္ခမလောင်းကြီး အန်တီဝင်းသည် အိဖိုင့်ဖိုင့်ခန္ဓာကိုယ်နှင့်ပင် အလွန်ပေါ့ပါး ပြုံးချိုကာ ခပ်သွက်သွက် တောက်တက်တက်နှင့် တစ်အိမ်လုံးအနှံ့ နေရာတကာ ရောက်နေတတ်ပြီး ခုလို စားစရာပွဲရှိရင်လည်း သူကိုယ်တိုင်ဝင်ပါ စီစဉ်နေတတ်တာ။

သူပြောသမျှ ခေါင်းချည်းညိတ်မြဲဖြစ်တဲ့ ချွေးမလောင်း တင့်ရှင်းကိုလည်း ကြည်ဖြူဖော်ရွေလှသူပင်။

"အန်တီဝင်း နေကောင်းရဲ့လားဟင် အန်တီသက်"

"နေတော့ ကောင်းတယ်"

"ဘာဖြစ်လို့လဲဟင်"

"ဒီလိုကွယ့် တင့်ရှင်းရဲ့"

"ဟုတ်ကဲ့"

တင့်ရှင်းက ရင်တောင်ခုန်ချင်လာသည်။ ချစ်သူ"ကို"ကလည်း အစောကြီးကတည်းက ဖုန်းဆက်ထားသည်မှာ ထုံးစံအတိုင်း သူ နောက်ကျမှာမို့ သူ့အမေ သူ့အဒေါ်တို့နှင့်သာ ကြိုစားနှင့်လိုက်တဲ့။ ဘေးမှာ သူကလည်းမရှိ။ အဒေါ်နှင့် အဘွားပုံစံတွေကလည်း တစ်မျိုးတွေများ ဖြစ်နေသလားလို့။

"မေမေ ... သမီးတို့ပဲ ကြိုပြောရမလား"

"အင်း ... မထူးပါဘူး၊ ပြောပေါ့"

"ဘာ ... ဘာဖြစ်လို့လဲဟင် အန်တီယု"





"မမကြီးက သွေးတိုးနေလေရဲ့ တင့်ရှင်းရေ"

"ဪ ... နေမကောင်းဘူးပေါ့၊ နေမကောင်းလည်း ညစာစားဖို့ ဖျာလိုက်လည်း ရပါတယ် အန်တီယုရယ်၊ ဖုန်းပဲဆက်လိုက်ရောပေါ့"

"အဓိက,က တင့်ရှင်းနဲ့ စကားကို ပြောဖို့ရှိနေတာ"

"ဘာများလဲဟင်"

"အဲဒီကိစ္စကပဲ မမကြီးကို သွေးတိုးတဲ့ထိ ဖြစ်စေတာပဲ"

"ဘာကိစ္စများလဲ အန်တီယုရယ်"

အန်တီယုနှင့် အန်တီသက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပါသည်။ သူတို့ကိုလည်းကြည့်၊ စူပုပ်ပုပ် ခပ်တည်တည် ထိုင်နေတဲ့ ဘွားဘွားကိုလည်းကြည့်နှင့် တင့်ရှင်းရင်ထဲ ထိတ်လာပါသည်။ တစ်မျိုးတွေ ဖြစ်နေတာ အမှန်ပါပင်။

"တင့်ရှင်း"

"ရှင်"

"ပြောရမှာတောင် အားငယ်နာ သိလည်းသိချင် ပြောရတောင် ခက်ပါတယ် တင့်ရှင်းရယ်"

"ပြောပါ အန်တီသက်၊ တင့်ရှင်းကို အားမနာပါနဲ့"

"တင့်ရှင်း ... အန်တီတို့ဆီ သတင်းတစ်ခု ပေါက်လာတယ်၊ တစ်ဆင့်စကား ကြားရတာပါပဲ၊ သတင်းက တင့်ရှင်းမှာ အရင်က အိမ်ထောင်ရှိခဲ့တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

တင့်ရှင်းက အလန့်တကြား အော်ဟစ်မိကာ ကိုယ့်နားတောင် ကိုယ်မယုံအောင် ဖြစ်သွားရပါသည်။ အမျိုးသမီးသုံးယောက်ကတော့ တင့်ရှင်း မျက်နှာကို မျက်တောင်တစ်ခတ်တောင် အလွတ်မပေးဘဲ စူးစိုက်ပြုံးပြုံး အကဲခတ်နေကြပါသည်။

"အန်တီသက်"

"တင့်ရှင်း ... ကြားတယ်နော်"

"ဟုတ်ကဲ့ ... ပြန်ပြောပါဦး အန်တီသက်၊ တင့်ရှင်း နားမရှင်းတာလားလို့"

"တင့်ရှင်းမှာ အိမ်ထောင်ရှိခဲ့တယ်၊ အိမ်ထောင်ပြုဖူးတယ်တဲ့"

"... ... ..."

တင့်ရှင်းက ပါးစပ်အဟောင်းသားလေးနှင့် အန်တီသက်ကို စူးစိုက်ကြည့်ကာ ရယ်လည်း ရယ်ချင်ပြီး ငိုလည်းငိုချင်လာပါသည်။ တင့်ရှင်း အကြာကြီး တိတ်နေ၍ ...

"အဲဒါကို တင့်ရှင်း ... ..."

"လုံးဝမဟုတ်ပါဘူး အန်တီသက်"

"လုံးဝမဟုတ်ဘူးပေါ့"

"လုံးဝမဟုတ်ပါဘူး အန်တီသက်၊ ဘယ်လိုလုပ် ဟုတ်ရမှာလဲ၊ တင့်ရှင်း ဘယ်တုန်းကမှ အိမ်ထောင်မပြုဖူးပါဘူး"





သူတို့က တင့်ရှင်းကိုသာ စိုက်ကြည့်နေကြပါသည်။

"အိမ်ထောင်မပြောနဲ့ တင့်ရှင်း ရည်းစားတောင် တစ်ခါမှ မထားဖူးခဲ့ပါဘူး အန်တီသက်ရယ်၊ ဒီသတင်းက ဘယ်လို ထွက်လာလဲ စဉ်းစားလို့တောင် မရပါဘူး"

တင့်ရှင်းက စိတ်ရှုပ်ထွေးစွာ ပျာပျာသလဲ ပြောမိသည်။ သူတို့တွေ တင့်ရှင်းကို စိုက်ကြည့်နေကြပုံကို ကျောတောင် စိမ့်လာပါသည်။ ဘွားဘွားက အဆိုးဆုံးပင်။ ရုပ်ကြီးက ခပ်တည်တည်နှင့် ဒီသတင်းကြားရတာကိုပင်လျှင် အလွန်တရာ စိတ်အနှောင့်အယှက် ဖြစ်ရပုံက မျက်နှာမှာ ပေါ်လွင်နေပါသည်။

"အိမ်ထောင်ရှိရင် တင့်ရှင်းက အဲဒီအိမ်ထောင်နဲ့ပဲ ရှိနေမှာပေါ့"

"အိုအေ ... ဒါကတော့ ဟိုတုန်းကရှိခဲ့ပြီး အခုကွဲပဲကွဲသွားလားဆိုတဲ့ သဘောပေါ့၊ အခု ရှိမနေတာကတော့ အရင်ကတည်းက မရှိခဲ့လို့ ဆိုတာကို မခိုင်လုံစေပါဘူး"

တင့်ရှင်းက အောင့်လည်းအောင့်သက် ဝမ်းလည်းနည်းသွားကာ ...

"ဘွားဘွားရယ်၊ အိမ်ထောင်ရှိခဲ့ဖူးဖို့ကော တင့်ရှင်း အသက်က ဘယ်လောက်ရှိသေးတာမို့လဲ"

ပြောပြီးမှ ကိုယ့်အသက်ဟာ နှစ်ဆယ့်ရှစ်ဆိုတာ အတိအကျ ပြန်တွေးမိပါသည်။ ငယ်လွန်းအားကြီးကြီးမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲနဲ့၊ ကိုယ့်ကသာ အပျိုကလေးဘဝနှင့် သန့်သန့်စင်စင် နေထိုင်ခဲ့သူမို့ ဘယ်အချိန်ကများ ယောကျ်ားရခဲ့ ကွဲခဲ့ရမှာလဲလို့ မခံချင်စွာ တွေးပေမယ့် တကယ် ယူခဲ့တဲ့သူတွေကျတော့လည်း ဆယ့်ရှစ် နှစ်ဆယ်နဲ့လည်း ယောကျ်ားရနေကြတာပဲလေ။

သုံးလေးငါးနှစ်ပေါင်းပြီး ကွဲကြကွာကြတာလည်း ရှိကိုရှိနေကြတာပဲလေ။

"အဲဒါကတော့ စကားလုပ်ပြောလို့ ဘယ်ရမလဲအေ"

တင့်ရှင်းက ရင်ထဲနင့်ပြီး ခုခံသွားကာ အဘွားကြီးကို ဝမ်းနည်းနာကျင်စွာ ကြည့်လိုက်ပါသည်။ သူတို့က သံသယဝင်ကြတာလား။ ကိုယ့်ကိုများ သံသယဝင်ကောင်းလားလို့ စိတ်ဆိုးချင်ပေမယ့် တင့်ရှင်းသည် နဂိုကတည်းက အခြားတစ်ဖက်ကို အမြဲထည့်တွက်တတ်တဲ့သူ ဖြစ်လေရာ၊ သူတို့နေရာမှာ ကိုယ်ဆိုလည်း ဒီသတင်းကြားရင် ယုံတာ မယုံတာ အပထား၊ စိတ်ထဲအဖုအထစ် အခုအခံတော့ ဖြစ်မိမှာပဲလို့ တွေးမိပါသည်။

"မင်းသမီးမို့ ကောလာဟလ ထွက်ရင် ထားပါတော့၊ ဘယ်လိုလုပ်ပြီး တင့်ရှင်း နာမည်နဲ့ ခုလို သတင်းဖြစ်ရတာလဲ"

"သမီးလည်း Celebrity ပဲလေ"

"ဒါပေမဲ့ စာရေးဆရာမတစ်ယောက် ဒီလိုသတင်းထွက်တယ်ရယ်လို့ ကြားလည်းမကြားဖူးဘူး ယုံလည်းမယုံနိုင်





ဘူး၊ မင်းသမီး မင်းသားဆိုတာက လုပ်ငန်းသဘောသဘာဝကိုက လူအများနဲ့ အလုပ်လုပ်ရတာ၊ သဏ္ဌာန်လုပ် သရုပ်ဆောင် ဆန့်ကျင်ဖက်လိင်နဲ့ ထိကိုင်ဆက်ဆံရတာရှိတယ်လေ ...

စာရေးဆရာ ဆိုတာက အိမ်ထဲမှာ တစ်ယောက်တည်း စာရေးပြီး ပြီးသွားတာပါ၊ နည်းနည်းပါးပါး ပွဲလမ်းလေးတက်တာအပြင် အလုပ်သဘောကလည်း အမျိုးသားတွေနဲ့ အမျိုးသမီးတွေ တွဲတွဲဖက်ဖက် အလုပ်လုပ်ရတယ်လို့မှ မရှိတာ၊ တမင်တကာ တကူးတက သတင်းလွှင့်တာမျိုးကလွဲရင် မဖြစ်နိုင်ဘူးလို့ သမီး ထင်တယ်"

ပြောရင်းက တင့်ရှင်း၏ စိတ်က ပိုလှုပ်ရှားလာကာ အသက်ရှူသံ မြန်ဆန်ပြီး ရင်ကလေး နိမ့်ချည်မြင့်ချည်နေအောင် ဖေါ်ပွလာပါသည်။

"တင့်ရှင်း ... သမီး"

အန်တီသက်က စိတ်မကောင်းနိုင်ပုံနှင့် ...

"အန်တီတို့က တင့်ရှင်းကို မယုံသင်္ကာ စစ်မေးနေတာမဟုတ်ပါဘူး"

"ဟုတ်တယ်၊ ဒီစကားကို ယုံနေတာတော့ မဟုတ်ဘူး တင့်ရှင်း၊ ဒါပေမဲ့ ဒိန်းခနဲတော စိတ်ထဲတစ်မျိုးဖြစ်လို့ စိတ်မကောင်းကြတာတော့ အမှန်ပဲ၊ ဘာပဲဖြစ်ဖြစ် စိတ်



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်တော့ ဖြစ်ရတာပေါ့ သမီးရယ်၊ သမီးကိုလည်း ပြန်မပြောပြလို့ မဖြစ်ဘူးမို့လား”

မှန်ပါသည်။ သူတို့ကြားတာကို ပြန်ပြောကြတာကတော့ ပြောကိုပြောရမှာပါ။ သူတို့ ဘာမှမပြောဘဲ စိတ်ထဲကျိတ်မြိုပြီး သို့လော သို့လော တွေးနေကြရင် ပိုပြီးတောင် တင့်ရှင်းအတွက် မကောင်းတာပါ၊ ဖွင့်ပြောပြကြတာကမှ တင့်ရှင်း ငြင်းစကားကို သူတို့ ကြားခွင့်ရပါသေးသည်။

“အန်တီယုတို့ ကြားတာကို နလိုပြောတာ တင့်ရှင်း နားလည်ပါတယ်၊ စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ စိတ်ထဲမှာ ဘယ်လိုဖြစ်မှန်းမသိဘူး၊ အရမ်း ကသိကအောက် ဖြစ်မိတယ်”

“မနာလိုတဲ့သူ မတည့်တဲ့သူ မုန်းတဲ့သူတွေများ ရှိသားတင့်ရှင်းရယ်”

“တင့်ရှင်းကတော့ ဘယ်သူ့ကိုမှ အမုန်းအငြိုးထားမိတာ မရှိတော့ ကိုယ့်အပေါ်လည်း ဒီလိုရှိကြမယ်တော့ မထင်ဘူးပေါ့ အန်တီသက်ရယ်၊ ဒါပေမဲ့ သူများစိတ်ထဲတွေတော့ ကိုယ် မမြင်နိုင်ဘူးလေ၊ ဘယ်သူက မုန်းနေ မနာလိုနေမလဲတော့ မတွေးတတ်ပါဘူး၊ တင့်ရှင်းကတော့ ဘယ်သူ့ကိုမှ မုန်းစရာ အပြုအမူ မလုပ်ခဲ့ဖူးပါဘူး”

လှေကားမှ ဆင်းလာသံကြောင့် အားလုံးမော့ကြည့်ကြလျှင် မြတ်သစ်လွင်ရဲ့မိခင် အန်တီဝင်း ဆင်းလာတာ တွေ့ရ





ပါသည်။ တင့်ရှင်းက ယောကျ္ာမလောင်းကို အကဲခတ်နေတုန်းပင် အန်တီဝင်းက ဆံပင်ကိုသပ်ကာ အသစ်ပြန်ညှပ်တင်ရင်းက ...

“စိတ်မကောင်း မဖြစ်နေပါနဲ့တော့ တင့်ရှင်းရယ်”

ကြားရတဲ့စကားသံကြောင့် တင့်ရှင်း နည်းနည်းလေး စိတ်အေးရကာ ...

“အန်တီဝင်း သွေးတောင်တိုးသွားရတာလည်း စိတ်မကောင်းဘူး၊ လုံးဝ မထင်မှတ်တဲ့စကား ကြားရတော့ ဘာမှမဖြစ်ဘဲတော့ မနေနိုင်ဘူး အန်တီဝင်းရယ်”

“လူဆိုတာ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုထားနိုင်မှ စိတ်ချမ်းသာမှုရမှာ၊ အရှည်ဆက်ဆံလို့ရမှာ၊ အန်တီခေါင်းအေးအေး စဉ်းစားပြီးပြီ၊ ရင်ထဲ မရှင်းမရှင်းဖြစ်နေရင် ရေ့ဆက်ဖို့ မဖြစ်နိုင်ဘူး သမီး၊ ဒါကြောင့် အန်တီ ဒီသတင်းစကားကို မေ့လိုက်တော့မယ်၊ တင့်ရှင်းကို စတွေ့ကတည်းက မြင်တွေ့နေရတဲ့ နေပုံထိုင်ပုံ အပြုအမူနဲ့ပဲ အကဲခတ်ပြီး တင့်ရှင်းကို အန်တီ ယုံပါတယ်”

“ကျေးဇူးတင်ပါတယ် အန်တီရယ်”

“ဘာပဲဖြစ်ဖြစ် ကြားတဲ့သတင်းရှိလို့သာ ဖွင့်မေးရတာ၊ တင့်ရှင်းက ဟုတ်ပါတယ် ဆိုရင်တော့ ပြန်စဉ်းစား ဆုံးဖြတ်ကြရမှာပေါ့၊ တင့်ရှင်းက မဟုတ်ပါဘူးဆိုရင် ပြီးပြီလေ၊ အန်တီ ယုံပါတယ် သမီး”



www.burmeseclassic.com

www.burmeseclassic.com



ငှုငှုကြီးထိုင်နေတဲ့ ဘွားဘွားကတော့ မျက်နှာကို မပြင်နိုင်သေးဘဲ ...

"ဘယ်လိုပဲဖြစ်ဖြစ် တင့်ရှင်းကို ဘွားဘွားတို့ စသိကြရတာ တစ်နှစ်ပဲ ရှိသေးတယ်၊ ဒီတော့လည်း စိတ်ထင့်မိပေသပေါ့"

"မေမေရယ် ... တွေးနေရင် ဆုံးမှာမဟုတ်ဘူး၊ တင့်ရှင်းရဲ့ဂုဏ်သိက္ခာကို ယုံစားတဲ့အနေနဲ့ လုံးဝမေ့ပစ်လိုက်ကြရအောင်ပါ"

"မေ့ပစ်ဖို့က ထားပါတော့၊ ဒီသတင်းက ဆက်ထွက်နေရင်ကော၊ ရပ်တမ်းက ရပ်ပါ့မလား"

ဘွားဘွား စကားကြောင့် တင့်ရှင်းပါ ငိုင်သွားရပါသည်။

"ဒီသတင်းကို ဘယ်သူကြားခဲ့တာလဲ အန်တီသက်"

"မီးမီးတို့အဖေ အန်ကယ်လ် ကြားခဲ့တာ"

"ရှင် ... အန်ကယ်က ဘယ်က"

အန်တီသက်ရဲ့ခင်ပွန်းဟာ စာအုပ်တိုက်ထူထောင်ပြီး စာအုပ်ထုတ်ဝေသူဖြစ်တဲ့အပြင် စာအုပ်ဆိုင်ကြီးများ ဆိုင်ခွဲသုံးဆိုင်ဖွင့်လှစ်ထားတဲ့သူ ဖြစ်ပါသည်။ အန်ကယ့်ရဲ့ စာသမုဒ္ဒရာ စာအုပ်တိုက်နှင့် စာအုပ်ဆိုင်များဟာ အောင်မြင်လှသီများပြီး စာအုပ်ပေါင်းများစွာ ထုတ်ဝေနေတဲ့တိုက်။





"အန်ကယ်က သိတဲ့အတိုင်း စာအုပ်စာပေ စာရေးဆရာတွေကိုပါ ချစ်တတ်တဲ့သူဆိုတော့ မြတ်သစ်လွင့် စာရေးဆရာမ တင့်ရှင်းသွင်နဲ့ ယှူမယ်ဆိုတာကို သိပ်ဂုဏ်ယူတာလေ သမီးရဲ့၊ အပေါင်းအသင်းတိုင်းကို ထုတ်ပြောနေတော့ သူ့အသိုင်းအဝိုင်းက သူ့တူနဲ့ တင့်ရှင်းသွင်နဲ့ဆိုတဲ့သတင်း သိနေကြတာပေါ့၊ သူ့ကို သူ့ဆိုင်က ဝန်ထမ်းအမျိုးသမီးတစ်ယောက်က ပြောတာ၊ ဝန်ထမ်းတွေကလည်း သူတို့ဆရာရဲ့တူနဲ့ တင့်ရှင်းသွင် ယူကြမယ်လို့ သိထားတာလေ ..."

တင့်ရှင်းသွင်မှာ အရင်က အိမ်ထောင်ရှိတယ်လို့ သတင်းကြားလာတော့ တအံ့တဩနဲ့ စကားလုပ်ပြောကြတာပေါ့၊ သူတို့အချင်းချင်း အရင်ပြောနေကြတာ၊ ပွစိပွစိ ဖြစ်နေကြပြီးမှ နောက်မှ အန်ကယ်သိရတာ"

"အဲဒီအမျိုးသမီးကို ဘယ်ကကြားလဲ မေးကြည့်သေးလား ဟင် အန်တီသက်"

"မေးတယ်၊ သူတို့ရပ်ကွက်က စာအုပ်အငှားဆိုင်မှာ လူတစ်ယောက်က စာအုပ်လာငှားရင်း သမီးဝတ္ထုစာအုပ်ကို ကိုင်ရင်း ဒီဟာကိုပြောပြနေတာတဲ့"

တင့်ရှင်းသည် မျက်နှာငယ်လေးနှင့် ငိုချင်သလို ကတုန်ကယင် ဖြစ်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com

"ဒီအတိုင်းဆိုရင် ဒီသတင်း စာပေလောကမှာတောင် အတော်ပျံ့နှံ့ကုန်မလား မသိဘူး၊ သမီး အဲဒီရပ်ကွက်က စာအုပ်ဆိုင်မှာ သွားစုံစမ်းရင်များ ..."

"အို ... ဘယ်ဖြစ်မလဲ၊ သမီးကိုယ်တိုင် လာမေးမှ စကား လုပ်ပြောစရာ ဝိုဖြစ်တော့မှာပေါ့၊ သမီးတော့ လိုက်စုံစမ်း လို့ လုံးဝမဖြစ်ဘူး၊ ထားလိုက်ပါတော့၊ ဒီထက်ဆိုးဝါးလာ ရင်တော့ အခြေအနေကြည့်ပြီး ဘာလုပ်သင့်လဲ ဆက်စဉ်း စားကြတာပေါ့"

အန်တီဝင်းက ခါးခါးသီးသီး တားလိုက်၍ တင့်ရှင်း နှုတ်ဆိတ်လိုက်ရပေမယ့် မိန်းမတစ်ယောက်ဘဝမှာ ဆိုးဆိုးဝါးဝါး မမှန်သတင်း ပျံ့လွင့်ရတာဖြစ်၍ ထိခိုက်နစ်နာလှသည်ဖြစ်ရာ ဘာလုပ်ရမလဲ မစဉ်းစားနိုင်အောင် ထူပူသောကတောက်လောင် နေမိပါသည်။





# ၆

ယောကျ်ားမလောင်းက ဘယ်လိုပြောပြော တင့်ရှင်း သွင်သည် ဒီကိစ္စအတွက် ဒီအတိုင်း ငြိမ်ငြိမ်ကလေး နေလိုက်ဖို့ ခက်လှသည်။ အဲဒီညနေ သူ့အိမ်က ထမင်းစားပွဲကို အချိန်မီ ပြန်ရောက်မလာသော မြတ်သစ်လွင်ကို ညတွင်းချင်းပဲ ဖုန်းလှမ်း ဆက်ပြီး တင့်ရှင်းက မေးမိပါသည်။

"ကို ဘာဖြစ်လို့ ပြန်မလာတာလဲ"

"ဒီမှာ ကိုကျော်ဦးတို့နဲ့ အလုပ်ကိစ္စ စကားပြောရင်း တစ် နေရာရာရောက်နေလို့ တင့်ရှင်းရဲ့၊ အရမ်းနောက်ကျမှာ ဖြစ်နေတယ်"

"အဲဒါကို ဘာဖြစ်လို့ ဖုန်းလှမ်းမဆက်တာလဲ"

"ခုပဲဆက်တော့မလို့၊ ခဏနဲ့ ပြီးသွားပြီး အိမ်ပြန်မီဦးမလား လို့လည်း စိတ်က တွေးနေတာနဲ့ မဆက်ဖြစ်တော့တာ"


www.burmeseclassic.com

www.burmeseclassic.com



"ကို ပြန်မရောက်နိုင်တော့ဘူး ဆိုတာတော့ တင့်ရှင်းကို ဖုန်းဆက်သင့်တာပေါ့"

"ကိုယ် ဆက်ခါနီး တင့်ရှင်း ဆက်လိုက်တော့လည်း ပြီး သွားတာပဲ မဟုတ်လား တင့်ရှင်းရဲ့ မမျှော်လင့်ဘဲ နောက် ကျသွားတာကို:"

မြတ်သစ်လွင်ဟာ အမြဲလိုပင် လူကိုယ်တိုင် ပျက် ကွက်မည့်ကိစ္စတို့အတွက် ဖုန်းဆက်ဖို့ပါ ပျက်ကွက်တတ်တဲ့သူ ဖြစ်သည်။ ပြောနေစရာ မလိုပါဘူးဆိုတဲ့ အတွေးမျိုးပင်။ စောင့် နိုင်ရင်စောင့် မစောင့်နိုင်လို့ ပြန်သွားလည်း ကိစ္စမရှိဘူးလို့ သဘောထားရင်လည်း မစောင့်နိုင်ရင် ပြန်လိုက်ပါ ဆိုတာလောက် ကိုတော့ ဖုန်းဆက်သင့်တာပဲ မဟုတ်လား။

တခြားစီးပွားဖက်တွေကိုတော့ မသိပေမယ့် တင့်ရှင်း ကိုတော့ အရေးတယူ လုပ်ပြောနေဖို့ မလိုပါဘူးဆိုတဲ့ သဘော လား။ သူ မဆက်ရင်လည်းပဲ မနေနိုင်တဲ့အဆုံးမှာ တင့်ရှင်း ဆက်လာလိမ့်မယ်လို့ ပြီးစလွယ်သဘောထားလို့သာပေါ့။ ဒါကို နားလည်လိုက်ရတာတွေအတွက် စိတ်ထဲ နိုးလိုးခုလု ဖြစ်ရမြဲ။

"အန်တီသက်တို့ ပြောတဲ့ကိစ္စကို ကို ဘာဖြစ်လို့ တင့်ရှင်း ကို မပြောတာလဲ"

"ဘယ်ကိစ္စလဲ တင့်ရှင်း"



"ကို ဘာလို့ ဒီလိုမေးတာလဲ၊ ဘယ်ကိစ္စလဲ ကိုအသိဆုံး ပေါ့၊ ဒီကိစ္စ ခေါ်ပြောဖို့ပဲ ဒီနေ့ တင့်ရှင်းကို ထမင်းစား ခေါ်တာပဲဟာ"

"ခုဘာဖြစ်လို့လဲ"

"ဒီသတင်း သိသိချင်း ကြားကြားချင်း ကိုကအရင် တင့်ရှင်းကို ပြောရမှာ မဟုတ်ဘူးလား၊ ကိုသိတာ ကြာပြီ မဟုတ်လား"

"အင်း ... သုံးလေးရက်တော့ ရှိပြီပေါ့"

"တင့်ရှင်းကို ဘာဖြစ်လို့ ချက်ချင်းမပြောတာလဲဟင်"

"အမှန်အတိုင်း ပြောရရင် စကားလုပ်ပြီး စကားစပ်ပြီးတော့ တောင် မပြောချင်တာ အမှန်ပဲ၊ အဲဒါကြီး ကြားရတော့ စိတ်ညစ်စရာကြီး၊ ကိုယ် မပြောချင်တာနဲ့ မပြောတာ"

"ဘာပဲဖြစ်ဖြစ် တင့်ရှင်းရဲ့မကောင်းသတင်းတစ်ခုခု ကြား တဲ့အခါ ဟုတ်ဟုတ် မဟုတ်ဟုတ် မှန်မှန် မမှန်မှန်ကို ဖွင့် ပြောသင့် ဖွင့်မေးသင့်တယ် မဟုတ်လား၊ ကို့ဘက်က မပွင့်လင်းပဲ တစ်ယောက်တည်းကျိတ် စိတ်ညစ်ခံစားနေတာ မျိုးက ချစ်သူတွေကြားမှာ မရှိသင့်ဘူး မဟုတ်လား ကို၊ ပြီးတော့ မဟုတ်တာကို မဟုတ်ကြောင်း တင့်ရှင်းကို ငြင်းခွင့်ပေးသင့်သေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... တင့်ရှင်းရာ၊ ကိုယ်တစ်ခွန်းပဲပြောမယ်၊ ဒီစကားကြားတော့ ... ဟာ ဘာကြီးလဲဆိုပြီး စိတ်ပျက်သွားပေမယ့် ဒီသတင်းစကား လုံးဝမဟုတ်မမှန်နိုင်ဘူးဆိုတာ ကိုယ်သိတယ်၊ မဖြစ်နိုင်ဘူးလို့ အတိအကျ တွက်ပြီးသား၊ ယုံပြီးသား၊ တင့်ရှင်းနဲ့ကိုယ် တွဲနေတာပဲ၊ တင့်ရှင်း အကြောင်း ကိုယ်မသိဘဲ နေပါ့မလား ...

တင့်ရှင်းက ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးတစ်ယောက်၊ ရိုးဖြောင့်တဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ကိုယ် သိသားပဲ၊ တကယ်ပဲ ငယ်ငယ်က ဒီလိုကိစ္စရှိခဲ့ရင် တစ်ခုလပ်အဖြစ် ပွင့်ပွင့်လင်းလင်း လူသိခံ ရပ်တည်မယ့် မိန်းကလေးမျိုးဆိုတာ ကိုယ် သိတယ်လေ၊ ဒီတော့ ဟုတ်တယ် မဟုတ်ဘူး ဆိုတာကို ဖွင့်မေးနေစရာကို မလိုဘူး၊ မဟုတ်ဘူးလို့ ကိုယ်သိနေတယ်"

တင့်ရှင်းက ဝမ်းနည်းဝမ်းသာနှင့်ပင် ...

"အဲဒီအတွက် ကျေးဇူးတင်ပါတယ် ကို"

"တင့်ရှင်းမှာ ဘယ်တုန်းကမှ ယောကျ်ားမရှိခဲ့ဘူးလို့ ယုံတယ်၊ ဒါပေမဲ့ ဒီသတင်းစကား ဘယ်လိုဖြစ်ပေါ်လာလဲ၊ ဥပမာ ... ငယ်ငယ်က ရည်းစားထားခဲ့ဖူးတာလောက်ကို ဒီရည်းစားက မဟုတ်တမ်းတရား ကြွားပြောလို့ ..."





"တင့်ရှင်း ဘယ်တုန်းကမှ ရည်းစားတစ်ယောက်မှ မထားခဲ့ဖူးဘူး ကို၊ ဒီကိစ္စက အခြေခံနည်းနည်းလေးရှိတဲ့အပေါ် ချဲ့ကားပြီး ဖြစ်လာတာ မဟုတ်ဘူး၊ လုံးဝမရှိတဲ့ မဟုတ်တဲ့ ကိစ္စတစ်ခု၊ တစ်ရာ ရာခိုင်နှုန်း အမှားကြီးပါ ကို"

"ဒါဖြင့် ဘယ်သူက ဒီတစ်ရာ ရာခိုင်နှုန်း အမှားကြီးကို စကားလုပ် သတင်းလွှင့်နေလဲ၊ အကြောင်းတစ်ခုတော့ ရှိမယ်လေ၊ ရန်ငြိုးရန်စလား၊ ဘာကိုမကျေနပ်လို့ ပြောတဲ့ သပုတ်လေလွင့်လဲ၊ ဘယ်သူက ဒီသတင်းလွှင့်တယ်ဆိုတာ အခိုင်အလုံ သိရရင်တော့ ဒီကောင်ကို ကိုယ် တရားစွဲရင် သော်လည်းကောင်း စွဲမယ်၊ တစ်နည်းနည်း ပညာပေးရင် သော်လည်းကောင်း ပေးမယ်၊ ဒါပေမဲ့ ဒါကို လိုက်စုံစမ်းမေးမြန်းဖို့တော့ ကိုယ့်မှာ ဆန္ဒမရှိဘူး တင့်ရှင်း၊ တင့်ရှင်းကို ယုံကြည်တာကသတ်သတ်၊ ကြားရတာကြီးကို စိတ်ပျက်ပြီး ကိုယ်နဲ့မဆိုင်သလို မပတ်သက်ချင်စိတ်ကသတ်သတ်၊ အောင့်သက်သက် ခံစားနေရတာ၊ ဘာမှမပြောချင်ဘူး"

မြတ်သစ်လွင်ရဲ့ သဘောထားကို ရှင်းရှင်းသိရတဲ့အခါ တင့်ရှင်း ဒီအတိုင်း မနေနိုင်ပါ။ တင့်ရှင်းကို ယုံကြည်ပါတယ် ဆိုပေမယ့် သူ အောက်သလို ခံစားနေရတာကို သိပါသည်။ ဒါကြောင့်လည်း ဒီသတင်းစကားထွက်တဲ့ ဇာစ်မြစ်ကို သိလိုက်တာဆီးမရပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က အန်တီသက်ကို လှည့်ပတ်မေးမြန်းရင်း အန်ကယ့်စာအုပ်ဆိုင် အမှတ်တစ်က မစန်းစန်းမြင့် ဆိုတဲ့ ဝန်ထမ်းအစ်မကြီးဆီက သိရတယ်ဆိုတာရယ်၊ အဲဒီအစ်မကြီး နေရပ်က ရန်ကင်း ဘောက်ထော်ဘက် ဆိုတာရယ် သိခွင့်ရလိုက်ပါသည်။

အဲဒီနောက်တော့ တင့်ရှင်းဟာ သူတို့ဘက်က တားဆီးတဲ့ကြားကပင် မစန်းစန်းမြင့်ရဲ့ဆိုင်ကို သွားဖြစ်အောင်သွားခဲ့၊ မစန်းစန်းမြင့်နှင့် စကားပြောဆိုခဲ့၊ မေးမြန်းခဲ့ စသဖြင့် ကိုယ်တိုင်ကိုက သိချင်စိတ် ပါပါနှင့် ဆက်တိုက်လှုပ်ရှားသည်။ တင့်ရှင်းသွင်ရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပဲဖြစ်ကာ တင့်ရှင်းဘက်ကလည်း မခံချင်စိတ်ဖြစ်တဲ့ ထိုအစ်မကြီးဆီက ကူညီပါ့မယ်ဆိုတဲ့စကား ရရှိပြီးတဲ့ နောက်တစ်နေ့ညနေ အစ်မကြီးလည်း အလုပ်ဆင်းအပြန် တင့်ရှင်းက သူတို့ရပ်ကွက်ကို လိုက်ပါသွားခဲ့ပါသည်။

မစန်းစန်းမြင့် စာအုပ်ငှားတဲ့ဆိုင်ကို ကိုယ်တိုင်လိုက်ပါသွားခဲ့ပါသည်။ မစန်းစန်းမြင့်က ဆိုင်ရှင်နှင့် ရင်းနှီးတာမို့ ...

"ကိုသန့် ... ကျွန်မ စုံစမ်းချင်တာ တစ်ခုရှိလို့"

"ဘာလဲဗျ၊ ပြော"

"လွန်ခဲ့တဲ့ တစ်ပတ်လောက်ကလေ ဒီဆိုင်မှာ ကျွန်မ စာအုပ်လာငှားတုန်း လူတစ်ယောက် ရောက်လာတယ်"





"အင်း ... ဘယ်သူလဲ"

"ဩော် ... ဘယ်သူလဲဆိုတာ ကျွန်မက မေးမလို့ဟာကို"

"ဟာ ... ဘယ်သူ ဘယ်အချိန်က ရောက်လာလဲ ကျုပ်က ဘယ်မှတ်မိမှာတုန်း"

"အဲဒီလူက ထူးထူးခြားခြား စကားတစ်ခု ပြောသွားတယ်လေ"

"ဘာတဲ့လဲ"

"စာရေးဆရာမ တင့်ရှင်းသွင်မှာ ယောကျ်ားရှိတယ်တဲ့"

"ဟုတ်လား၊ ဘယ်သူလဲ"

"အို ... ကိုသန့်ကလည်း၊ ကိုသန့်လည်း အဲဒီတုန်းက ကြားသားနဲ့၊ ဟကောင်ရ၊ ဟုတ်ရဲ့လားတောင် ပြန်မေးလိုက်သေးတယ်လေ"

"အေး ... ဟုတ်တယ်၊ ဟုတ်တယ်၊ မေးမိတယ် ထင်တယ်၊ ဟုတ်တယ်လေ၊ မဂ္ဂဇင်းတွေမှာ သူ့အင်တာဗျူးတွေ ပါဖူးနေတာပဲဟာ၊ အပျိုလို့ပဲ သိထားတာလေ၊ အိမ်ထောင်သည်လို့မှ ငါ မကြားဖူးတာ၊ ငယ်လည်း ငယ်သေးတာ မဟုတ်လား"

"အင်း ... အင်း ...၊ အဲဒီတုန်းက အဲလိုပြောတဲ့သူက ဘယ်သူလဲ"

"ဟာ ... မမှတ်မိတော့ဘူးဟ၊ ဘယ်သူပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ကိုသန့်ကလည်း သေချာစဉ်းစားပေးစမ်းပါ၊ အရေးကြီးလို့ပါ"

"ခင်ဗျား ဘာလုပ်မလို့လဲ"

"သူ ဒီသတင်း ဘယ်ကကြားလို့ ပြောတာလဲ မေးမလို့ပါ"

"မေးပြီး ဘာလုပ်မှာလဲ"

"ဩော် ... ကိုသန့်ကလည်း၊ မဟုတ်တဲ့သတင်း ပျံ့နှံ့မနေအောင် တားရ ပိတ်ရမှာပေါ့၊ စာရေးဆရာမ အမျိုးကို အိမ်ထောင်ရှိပါတယ်လို့ ပြောနေကြတော့ စာရေးဆရာမ ခမျာ နစ်နာတာပေါ့"

"ဟ ... ခင်ဗျားဟာက ရှော့တွေလား၊ ပြဿနာတက်မယ့် ကိစ္စတွေလား"

"ဘာမှမဟုတ်ဘူး၊ ဒီသတင်း မမှန်ဘူး၊ ရှေ့လျှောက်ဆက် မပြောပါနဲ့ ဆိုတာလေး မေတ္တာရပ်ခံဖို့ရယ်၊ နောက်ပြီး သူ့ကို ဘယ်သူပြောတာလဲ၊ ဘယ်ကကြားတာလဲ သိလို့ရသလောက် မေးကြည့်မလို့ရယ်"

"ဟောဗျာ"

"ဘာလဲ"

ဆိုင်ရှင်က နံဘေးမှာ မျက်နှာခပ်လွှဲလွှဲနှင့်ရှိနေတဲ့ တင့်ရှင်းကိုမြင်ကာ အလန့်တကြားနှင့် ...

"ဒါ ... ဒါက စာရေးဆရာမ မဟုတ်လား"

တင့်ရှင်းက ဆိုင်ရှင်ဘက် လှည့်ကြည့်လိုက်ပါသည်။





"ဆရာမ တင့်ရှင်းသွင် မဟုတ်လားဗျ"

"ဟုတ်ပါတယ်၊ ကျေးဇူးပြုပြီး အဲဒီသတင်းက ဘယ်သူပြောသွားတာလဲ ပြန်စဉ်းစားပြီး ပြောပြပေးပါရှင်၊ ကျွန်မ အသိုင်းအဝိုင်းမှာ ဒီမဟုတ်က ဟုတ်က သတင်း နယ်ကျော်လာလို့ပါ"

"ဟာ ... ဘယ်လိုလုပ်ပြီးတော့များ"

"ဒီလို ကိုသန့်၊ ကျွန်မက လျှာရှည်ပြီး ကျွန်မအလုပ်ထဲမှာ ပြောလိုက်မိတာပါ၊ ပြောမိတာကလည်း မကောင်းတဲ့စိတ်နဲ့ မဟုတ်ပါဘူး၊ ကျွန်မတို့ ဘောစိရဲ့တူနဲ့ ဆရာမကဟို ... လက်ထပ်ကြမယ့်သူတွေပါ"

"ဟာ"

"ဒီတော့ ဒီစကားကြားတော့ အံ့သြတုန်လှုပ်ပြီး အချင်းချင်း တီးတိုးပြောမိရာက ဘောစိက ကြားသွား၊ တစ်ဆင့်တစ်ဆင့် သူတို့အမျိုးတွေ ကြားသိကုန်ကြတော့ ကျွန်မလည်း တာဝန်မကင်း အပြစ်မကင်းဘူးပေါ့၊ အခု ကျွန်မလည်း စိတ်မကောင်းဖြစ်နေတာ၊ ပြီးတော့ ဒီသတင်းက ကျွန်မ စ,လိုက်တာ မဟုတ်တာလည်း ဆရာမ သိစေချင်တယ်၊ ကျွန်မက တခြားက ကြားခဲ့တာပါဆိုတာလည်း ဆရာမ ယုံကြည်စေချင်တယ်၊ ပြောတဲ့သူကိုလည်း ဘယ်က ကြားတာလဲ၊ ဘယ်သူက ပြောတာလဲ မေးကြည့်ချင်တယ်၊ လုံးဝမှားတဲ့ သတင်းဆိုတာလည်း ပြောပြချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ... ဒါပေါ့၊ နားလည်ပါပြီ"

ဆိုင်ရှင်က တင့်ရှင်းသွယ်ကို ခုတွေ့ ဘာတွေ သယ်ပေးကာ ထိုင်စေရင်း ...

"မစန်းစန်းမြင့် လုပ်ကြဲပြောတဲ့ စကားတော့ လုံးဝမဟုတ်တာ သေချာတယ် ဆရာမ၊ ဟုတ်တယ်၊ အဲဒီနေ့ကတစ်ယောက်၊ ဒီစကား ပြောခဲ့တာ ကျွန်တော်တောင် ကြားတာပဲ၊ နေဦး ... သူက ဆရာမရဲ့ဝတ္ထုစာအုပ်ကိုလည်း ငှားရင်းပြောတာ၊ ကျွန်တော် စာအုပ်အငှားစာရင်းမှာ ပြန်လှန်ရှာကြည့်လိုက်ဦးမယ်ဗျ"

ဆိုင်ရှင် ကိုသန့်က သူ့ရဲ့စာအုပ်ငှားစာရင်းစာအုပ်ကို လှန်ခဲ့တဲ့အပတ် ရက်စွဲများဆီ ပြန်လှန်ရင်း ရှာဖွေကြည့်နေရာမှ သူ့ဟာသူလည်း သတိရလာသလို ...

"သြော် ... ဟိုလူ ထင်တယ်"

"ဘယ်သူလဲ ကိုသန့်"

"ဒီလမ်းက မဟုတ်ပါဘူး၊ ဟိုးဘက်ဝပ်ရှော့ပ်ခြံကြီးက ထင်တယ်"

"ဒီလမ်းကတော့ မဟုတ်တာ သိတယ်၊ အဲဒီစကားကြားတော့ ကျွန်မ သေချာလှည့်ကြည့်လိုက်မိပါသေးတယ်၊ အဲဒီလူကို တစ်ခါမှ မမြင်ဖူးဘူး"



"ဟော ... တွေ့ပြီ ... ဒီမှာ၊ ဆရာမစာအုပ် ငှားသွားတာ၊ ကိုဇော်လတ်တဲ့၊ ရွှေဝပ်ရှော့ပ်တဲ့၊ ဟုတ်ပြီ ကျွန်တော်မှတ်မိပြီ"

တင့်ရှင်းကဆိုင်ရှင် ကိုသန့် မျက်နှာကို စိတ်စောစောနှင့် ဖူးစိုက်ကြည့်နေမိသည်။

"စာအုပ်ငှားတာ ကိုဇော်လတ်၊ အင်ဂျင်နီယာဗျ၊ သူတို့ အင်ဂျင်နီယာ သူငယ်ချင်းတစ်စု ဝပ်ရှော့ပ်စုပြီး ဖွင့်ထားကြတာလေ၊ အဓိက အဲဒီခြံကွက်ရဲ့အုံနာက 'လင်းရွှေရ' ဆိုတဲ့သူ၊ သူလည်းအင်ဂျင်နီယာတစ်ယောက်ပဲဗျ၊ ကပ်လျက်ခြံနဲ့အိမ်ကလေးမှာ သူတို့သားအမိ နေကြတာ၊ သူပဲပိုင်တဲ့ ဒီဘက်မြေကွက်လွတ်မှာ သူငယ်ချင်းတွေ အများကြီးစုပြီး ဝပ်ရှော့ပ် လုပ်ကြတာ"

"သြော် ... ဟိုဘက်နားက ရွှေဝပ်ရှော့ပ်ပေါ့၊ အကြီးကြီးပဲ၊ ကျွန်မ သိတယ်"

"နေဦးဗျ၊ အဲဒီနေ့က ကိုဇော်လတ် ဆိုတဲ့သူ ပြောတာက ဒါတင်မကသေးဘူး၊ စာရေးဆရာမ တင့်ရှင်းသွင်ရဲ့ ယောကျ်ားက သူ့သူငယ်ချင်း လင်းရွှေရ ဆိုလား၊ အဲသလို ပြောတာဗျ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com

တင့်ရှင်းမှာ ပို၍ပင် ခေါင်းနားပန်းကြီးသွားရပါသည်။ ကိုယ့်ယောက်ျားဆိုတဲ့သူက အမည်တောင် အတိအကျ ထွက်လာပါပေါ့လား။

"နောက် ဘာဆိုလဲဗျာ၊ အဲဒီနေ့က ဆိုင်မှာ လူတွေလည်း ရှိတော့ ကျွန်တော်လည်း ကြားတော့ ကြားတယ်၊ သိပ်တော့ အာရုံမစိုက်လိုက်မိဘူး၊ ဟုတ်ရဲ့လားလို့တော့ ပြန်မေးလိုက်မိသလိုပဲ၊ သူက သူ့သူငယ်ချင်းရဲ့မိန်းမဆိုတဲ့ သဘောပြောတော့ ဟုတ်လို့ပဲ နေမှာပေါ့လေလို့တောင် တွေးလိုက်မိသေးတာ"

"ကျွန်မတော့ အဲလောက်ထိ မကြားလိုက်ဘူး ဆရာ၊ မသဲမကွဲနဲ့ပဲ ယောက်ျားရှိတယ်လို့ပြောတဲ့ သဘောလောက်ပဲ အကြမ်းဖျဉ်း ကြားလိုက်တာ"

တင့်ရှင်းသည် မျက်နှာလေးအိုအိုနှင့် ...

"ဒါဆို အဲဒီနေ့က ဆိုင်ထဲရှိသမျှလူတွေ အားလုံးလည်း ကြားကြမှာပဲနော်"

"ကြားတဲ့လူလည်း ကြားမှာပေါ့လေ ဆရာမရယ်၊ ဒါပေမဲ့ စိတ်ထဲမထားပါနဲ့၊ ဘယ်သူကမှလဲ စိတ်ဝင်တစား ထပ်မမေးပါဘူး"

"ထပ်မမေးတာက ဒီစကားကိုကြားပြီး သြော် ... ဒီလိုကိုးလို့ လက်ခံထားလိုက်ကြတဲ့ သဘောလည်း ဖြစ်မှာပေါ့"





"ဒါပေမဲ့ ဆရာမရယ်၊ ကျွန်တော်လည်း ကြုံရင် ကြုံသလို ပြန်ရှင်းပြပေးပါ့မယ်၊ အဲဒီ ကိုဖော်လတ်လာရင်လည်း သေချာပြောပြလိုက်ပါ့မယ်၊ မှားနေတယ် ဆိုတာကို"

"ဟင့်အင်း ... မပြောပါနဲ့ ကိုသန့်၊ ဘာမှမပြောပါနဲ့ ထားလိုက်ပါ"

"မဟုတ်ဘူး ဆိုတာကိုတော့ ..."

"ကျွန်မဘာသာပဲ ဒီကိစ္စကို ကိုယ်တိုင်ကိုယ်ကျ လိုက်မေးပါဦးမယ်၊ ဒီကိစ္စမှာ အထင်အမြင် လွဲမှားတာသက်သက်ပဲလား၊ တစ်ယောက်ယောက်က ဘယ်လိုစိတ်ကူး အကြံအစည်နဲ့များ သတင်းလွှင့်နေတာလဲ၊ ရိုးရိုးပဲ မှားယွင်းထွက်လာတဲ့ သတင်းလား၊ နောက်ကွယ်မှာ တစ်ခုခုရှိလို့ ထွက်လာတဲ့ သတင်းလား ကျွန်မ သေချာသိခွင့်ရမှဖြစ်မှာပါ"

"ဆရာမကိုယ်တိုင် စုံစမ်းတော့ ပြဿနာတွေ ဘာတွေများ"

"ဘာပြဿနာမှ မဖြစ်စေရပါဘူး၊ ပြဿနာဖြစ်လို့ ဘာယ်ဖြစ်ပါ့မလဲရှင်၊ ကျွန်မပဲ သတင်းဆိုး ပိုထွက်လာမှာပေါ့၊ မိန်းကလေးတစ်ယောက်အတွက် ဒီသတင်းဟာ နစ်နာစေတဲ့အတွက် ရှုတ်ကိုစောင့်ထိန်းပေးဖို့ ကျွန်မက တောင်းပန်မှာပါ၊ ခုလောက် သိရတာကို ကိုသန့်ကို ကျေးဇူးတင်ပါတယ်၊ မစန်းစန်းမြင့်ကိုလည်း ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် ဆရာမ၊ ကျွန်မက ဒီသတင်းမဟုတ်ကြောင်းကို ကျွန်မ ပြောထားမိတဲ့သူတွေကို ထပ်ပြောဦးမှာပါ၊ ဆရာမတို့ မဂ်လာကိစ္စမှာ ဒီသတင်းကြောင့် အနှောင့်အယှက်ဖြစ်ရတာကိုပဲ စိတ်မကောင်းပါဘူး ဆရာမရယ်"

"အဲဒီဆွေမျိုးတွေဘက်က သဘောထားလည်း ပြည့်ဝကြပြီး ကျွန်မကိုလည်း အားလုံးက ယုံကြည်မှုရှိကြပါတယ်၊ အဲဒါပဲ တော်ပါသေးတယ် ဆိုရမယ်၊ ကျွန်မက နောက်တစ်ကြိမ် ဒီလိုစကားသံမျိုး ထပ်ထွက်မလာစေချင်တော့တာပါ"

* * *



## ၇

တင့်ရှင်းသည် ကျယ်ဝန်းတဲ့ ဝပ်ရှော့ပ်ခြံဝင်းကြီးထဲကားကို ချိုးကွေ့ဝင်လိုက်ပြီးလျှင် အနည်းငယ်တော့ တုန်လှုပ်ထိတ်စိတ် ဖြစ်မိပါသည်။ တစ်ဝင်းလုံး ယောကျ်ားတွေချည်းသာ နေရာအနှံ့တွေ့နေရသော်လည်း ကိုယ်တိုင် ကားမောင်းနေရတဲ့ တင့်ရှင်းအဖို့ ကားပျက်ရင်လည်း ကိုယ်တိုင်ပဲ ဝပ်ရှော့ပ်သွားရမြဲဖြစ်လေရာ ဝပ်ရှော့ပ်တစ်ခုထဲဝင်လာရတာ အတွက်တော့ ရှိုးတိုးရှန့်တန့် မရှိပါ။

လာမိတဲ့အချိန်က နည်းနည်းနောက်ကျသွားတာကိုသာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိပါသည်။ ညနေပိုင်း ဖြစ်သွားတဲ့အပြင် မိုးပါအုံ့နေတာကြောင့် လင်းလင်းချင်းချင်း မရှိလှတော့ပါ။

ကားကိုရပ်လိုက်သည်နှင့် ကားအနားသို့ ကောင်လေးနှစ်ယောက် အပြေးချဉ်းကပ်လာကာ ...

www.burmeseclassic.com

www.burmeseclassic.com

"ကားဘာဖြစ်လဲ အစ်မ"

တင့်ရှင်းက ကားပေါ်က ဆင်းရင်း ...

"ကား ဘာမှမဖြစ်ဘူး"

"ခင်ဗျာ"

"ကားပြင်ဖို့လာတာ မဟုတ်ဘူး"

"ဟုတ်ကဲ့၊ ဘာကိစ္စရှိလို့လဲအစ်မ"

"ဒါ ရွှေဝပ်ရှော့ပါနော်"

"ဟုတ်ကဲ့"

"ဦးဓော်လတ် ရှိလား"

"ဪ ... ရှိပါတယ် အစ်မ၊ ဆရာလတ် ရှိပါတယ်၊ ဘာကိစ္စရှိလို့လဲ အစ်မ"

"နောက်ပြီး နောက်တစ်ယောက်က ဟို ... ဦးရွှေ ... ဦးရွှေလင်းလား ဘာလား ဟိုဘက်ခြမ်မှာ နေတာ ဆိုတာလေ"

"ဪ ... ဆရာရွှေရ၊ ဦးရွှေလင်း မဟုတ်ပါဘူး အစ်မ၊ ဦးလင်းရွှေရပါ"

"ဦး ... ဘယ်သူ ... လင်းရွှေ"

"ဦးလင်းရွှေရ"

အမယ်လေး ...။ နာမည်နယ် အဲ့ညွှန့်တင်လိုက်တာ။ ဒီလို ခေါ်ရခက်တဲ့ နာမည်မျိုးနှင့်များ ကောလာဟလ သတင်းများ ထွက်ရသေးတယ်လို့။





"သူတို့ရှိလား"

"ဟုတ်ကဲ့ ... ရှိပါတယ် အစ်မ၊ ဟိုမှာပါ"

ကောင်လေး လက်ညှိုးညွှန်ပြရာဆီ တင့်ရှင်းက မျှော်ကြည့်လိုက်ပါသည်။ ဝင်းကျယ်ကြီးထဲမှာ အမိုးအကာသာပါတဲ့ အဆောက်အအုံ တန်းလျားရှည်ရော၊ ရုံးခန်းသဏ္ဍာန် မှန်နှင့်ဖွဲ့ထားသော အဆောက်အအုံလေးတွေရော၊ ဆေးမှုတ် ဆေးပေါင်းခန်းလို အလုံပိတ်ရုံတွေရော ရှိနေတဲ့ထဲမှာ ခပ်လှမ်းလှမ်းက အမိုးနှင့် ဘေးအကာနောက် အကာသာရှိပြီး ရှေ့မျက်နှာစာအပွင့် အဆောင်တစ်ခုဆီ ကောင်လေးက ညွှန်ပြနေတာပင်။

ဘီလိယက်စားပွဲတစ်ခုအနားမှာ အမျိုးသားအချို့ရှိနေတဲ့ဆီ ကောင်လေးက ညွှန်ပြရင်း ...

"ဟိုမှာလေ အစ်မ၊ ဘီလိယက်ထိုးနေကြတာ၊ အဲဒါ ဆရာရွှေရရယ်၊ ဆရာလတ်ရယ်၊ ဆရာနိုင်ရယ်၊ လာလေ အစ်မ"

အင်း ... အဲဒီကိုပဲ သွားရမှာပင်။

ဒီအမိုးအကာမပါ ကွင်းကျယ်ထဲမှာတော့ ကြာရှည်မိုးတိုးမတ်တတ် ပြောဆိုဖို့ မကောင်းပါဘူး။ မိုးတောင် ရွာချင်ရွာလာမည်။ အဲဒီတန်းလျားထဲတော့ အမိုးပါတဲ့ ပလတ်စတစ်ခုံတွေ ဘာတွေလဲ မြင်နေရတာ။ အင်း ... တစ်ယောက်တည်းဖြစ်နေပါပေါ့လား။ အနည်းဆုံး အစောကိုပဲဖြစ်ဖြစ် အဖော်ခေါ်ခဲ့ရကောင်းသား မဟုတ်လား။ တင့်ရှင်းမှာ ရင်းနှီးခင်မင်သော အဖော်အပေါင်း မိတ်ဆွေသူငယ်ချင်းလည်း အရှားသား။


www.burmeseclassic.com

www.burmeseclassic.com

တင့်ရှင်းက ကားထဲက သူ့ရဲ့လက်ရေးစာမူညှပ်ထားတဲ့ ဖိုင်လ်အပါးလေးကို ဆွဲယူပိုက်လိုက်ပြီး ကောင်လေး ဦးဆောင်ရာနောက် ခြေလှမ်းစလိုက်သည်။ ကားမှန်လည်း ပိတ်မနေချင်တော့၍ စာမူကိုသာ ကိုယ်နှင့်မကွာ ယူလာလိုက်တော့တာ။ ပျောက်လို့မဖြစ်။ မကြာခင်ကမှ ပြီးစီးတဲ့ စာမူသစ်။ ဒီကအပြန် ကွန်ပျူတာသမားထံ ဝင်ပေးဖို့ တစ်ပါတည်း ယူဆောင်လာခဲ့တာပါ။

တစ်ယောက်တည်း လျှောက်လာရင်း အနည်းငယ်တော့ စိတ်ကတုန်ကယင် လှုပ်ရှားချင်သလိုပင်။ သို့ပေမယ့် ဟန်ကိုယ့်ဖို့ဖြစ်အောင်တော့ တည်ငြိမ်ပုံဖမ်းထားပါသည်။

သူငယ်ချင်းနှစ်ယောက် ရှိသော်လည်း နှစ်ယောက်လုံးက အိမ်ထောင်ကျကုန်ပြီဖြစ်ကာ တစ်ယောက်ကတော့ ကလေးနှစ်နှစ်ရွယ် ပေါက်စနှင့် အိမ်မှုလည်းလုပ်ရ ကလေးလည်းထိန်းရ၊ တတောက်တောက် ပြေးလွှားတဲ့ အရွယ်ကလေးနောက် လိုက်ရဆွဲရ ပင်ပန်းလှ၍ လူတောင်ပိန်ချုံးနေသည်။

နောက်တစ်ယောက်က အခု ကိုယ်လေးလက်ဝန် ခုနစ်လနှင့်။ အားလပ်ပေမယ့်လည်း အဲဒီ ကိုယ်ဝန်ကြီး တပြုပြုနှင့် နေရာတကာ အဖော်လိုက်ပေးဖို့ မခေါ်ချင်ပါ။ ဒီတော့ စိတ်မြန်မြန်နှင့် တစ်ယောက်တည်း ထွက်လာလိုက်တာ။ ခုမှ အဖော်ခေါ်ခဲ့ရတောင် မဆိုးဘူးလို့ တွေးမိပါသည်။





"ဟော့ကောင် ... ရွှေရ"

"အင်း"

ရွှေရက ကျူတ်ကို ခုပေါ်ချိန်ရွယ်ထောက်၊ ကိုယ်ကိုကိုင်းကာ ဘောလုံးကို သေချာတိုင်းထွာကြည့်နေဆဲ ဇော်လတ်ခေါ်သံကြောင့် မမော့ဘဲ ထူးလိုက်ပါသည်။

"ပွဲတော့ စ,ပြီကွ"

"ဘာကြောင်တာလဲ ဟော့ကောင်၊ ပွဲကစ,နေတာ ဘယ်လောက် ကြာနေပြီလဲ၊ ကယောင်ကတမ်းတွေ ဖြစ်မနေနဲ့၊ ဒီမှာကြည့်ထား၊ ဒါကို ခုန်ကျော်ပြီး ဟိုအဝါလုံးကို သွင်းမယ်"

ညဘက်အလုပ်သိမ်းချိန်မှာတော့ ကစားလို့ရအောင် ရွှေရက ဘိလိယက်ခုံတစ်ခု ဆင်ထားလိုက်တာပါ။ သူတို့သူငယ်ချင်းတစ်စု တစ်ခါတစ်ရံ ညဥ့်နက်သန်းခေါင်ပင် ဘီယာကြေးဆော့ကစားလေ့ရှိကြသည်။

"ဒါကို ပြောနေတာ မဟုတ်ဘူး"

"ဘာလဲ"

"မင်းရဲ့ကမ္ဘာမြေကြီး ခုချိန်ကစပြီး ဖြည်းဖြည်းချင်း တိမ်းစောင်းပြီ တစ်ချိန်ချိန် တစ်နေရာရာရောက်ရင် စပြီးချာလပတ်လည်တော့မယ်"

"ဘာတွေ ပြောနေတာလဲ ဇော်လတ်"

"မင်းဆီ စာရေးဆရာမ လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အေး … ဒီကို လျှောက်လာနေပြီ"

နေမျိုးနိုင်က ရပ်နေတာကိုက မျက်နှာချင်းဆိုင်မို့ ဣန္ဒြေမပျက် လှမ်းကြည့်ရင်း …

"ဩော် … အဲဒါ တင့်ရှင်းသွင်လား"

"အေး … ငါ စာအုပ်ထဲမှာ တွေ့ဖူးပြီးသား"

"ငါတို့မြားချက်က ပစ်မှတ်ဆီ အရောက်မြန်လှချည်လား၊ သူ့ဘက်က တုံ့ပြန်လာတာလည်း ချက်ချင်းပါလား"

"အေးကွ … ပြီးတော့ တစ်ယောက်တည်း လာတာကွ"

"ဆရာမကြီးပဲဆို"

လင်းရွှေရသည် စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ နည်းနည်းတော့ လှုပ်ရှားမိရင်း ကိုယ်ကိုင်းမပျက် မသိမသာ နေရာရွှေ့၍ နေရာပြောင်းယူလိုက်ပါသည်။ ကျူတာနဲ့တော့ ဘောလုံးကို ချိန်ရွယ်နေကာ မျက်လုံးများကတော့ လှမ်းမြင်နိုင်ပြီဖြစ်တဲ့ ကွက်လပ်ကျယ်ထဲမှာ လျှောက်လှမ်းလာသူကို လှမ်းကြည့်လိုက်ပါသည်။

တင့်ရှင်းသွင် …။

သူ့နာမည်ရဲ့အဓိပ္ပာယ်ကို "တင့်တယ်ကြော့ရှင်းတဲ့ သွင်ပြင်မူရာ"ရယ်လို့များ အဓိပ္ပာယ်ကောက်လို့ ရနိုင် လား၊ မလင်းမမှောင် ညနေခင်းတွင် သွယ်နှောင်းသိမ်မွေ့စွာ လမ်းလျှောက်





လာနေပုံကို မျက်တောင်မခတ် ကြည့်နေမိတာက မျက်လုံးမဖယ်မိခဲ့။ လူကတော့ ခါးကိုင်းလျက်သား။ ကျူတာ်ကို ချိန်လျက်သား။

ထိုပုံစံနှင့် မျက်ဝန်းများကတော့ စေးကပ်ငြိတွယ်နိုင်စွမ်းအား ကြီးမားသော တစ်စုံတစ်ရာတွင် ပြန်ခွာလို့မရအောင် သွားကပ်နေတဲ့ပုံမျိုးနှင့် အသေငြိမ်ပြီး စိုက်နေမိသည်။ တစ်ခါမှ ဒီလောက် တင့်တယ်ဣန္ဒြေရပြီး ကြော့မော့နှန်းဆန်တဲ့ လမ်းလျှောက်ပုံမျိုး မမြင်ဘူးပါ။ မိန်းကလေးအများစုဟာ ကြည့်ကောင်းကြပေမယ့် လမ်းလျှောက်ပုံ လှပကျနတဲ့ မိန်းကလေးမျိုးကတော့ ရှားပါသည်။

သူ့ခများ တစ်ယောက်တည်း ယောက်ျားတစ်ပြုံကြီးရှိတဲ့ နေရာကို အရဲစွန့် မာန်တင်းပြီး ဝင်လာတာပင်။ အဲဒီဟန်ပန်ကလေးကိုပင် လင်းရွှေရသည် မြင်မြင်ချင်း အသနားကြီးသနားသွားရတော့သည်တည်း။ ငါ ဘဲ မှားပြီထင်တယ် သူငယ်ချင်းတို့ရေ။ မင်းတို့မြှောက်ပေးတိုင်း စိတ်လိုက်မာန်ပါနဲ့ မတားမဆီး မကန့်မကွက် 'လုပ်ချင်လုပ်ကြပစေလို့ သဘော တူခဲ့တာ မှားပြီ။

လင်းရွှေရသည် ချက်ချင်းပဲ ရင်ထဲလေးပင်တက်လာပြီး ရုတ်တရက်ကြီး ဝမ်းပန်းတနည်း နောင်တရသွားကာ ခါးကို မတ်ဆန့်၍ သက်ပြင်းကြီးတစ်ချက် ရင်နင့်နင့်နှင့် မှုတ်ထု လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှားသွားပြီ ဆရာမရေ။

သူလေးဟာ သူထင်သလို နေရာတကာပါ လူတတ်ကြီး လူစွာကြီး လူတွင်ကျယ်ကြီး ဝင်လုပ်နေတတ်မယ့် ဆတ်တွန့်လတ်တွန့် နှုတ်သီးကောင်းလျှာပါး မိန်းမတစ်ယောက်ပုံလည်း မဟုတ်ပါလား။ သနားစရာ၊ ကရုဏာသက်စရာ ချောမောလှပကျက်သရေရှိတဲ့ မျက်နှာကလေးနှင့် အဆင့်အတန်းမြင့်မြင့် ကြွရွရရ မိန်းမပျိုလေးပါလား။

စာရေးဆရာရယ်လို့တောင် ဆရာကိုဏ်းဝင်တဲ့ပုံမပေါ်ဘဲ အရိုးခံမျက်နှာလေးနှင့်ပါလား။ ခုလိုရောက်လာခဲ့ပြီဆိုကတည်းက သူလေးခမျာ ဇော်လတ်နှင့် နေမျိုးနိုင် ပုစ်လွှတ်လိုက်တဲ့ စကားမြားချက် အဆိပ်သင့်ကာ အိမ်ထောင်ပြုကာနီးဆဲဆဲဆိုတဲ့ သူမရဲ့အသိုင်းအဝိုင်းထဲ ဘယ်လောက်များ ပြဿနာအကြီးအကျယ် တက်သွားရှာလေခဲ့မလဲ။

သွားပြီ ...။ မှားပြီ ...။

အဲဒီအပြင် အဲသလိုမှားပြီလို့ ခံစားနေရတဲ့ လင်းရွှေရဲ့ရင်ထဲမှာ ကြီးမားသော ပြိုပျက်ဆုံးရှုံးမှုကြီးတစ်ခု ဘုန်းဘုန်းလဲလိုက်သလို နင့်နင့်နဲနဲ ခံစားလိုက်ရပါသည်။

"ဘာကိစ္စများ ရှိလို့ပါလဲ ခင်ဗျာ၊ ကားဘာဖြစ်လို့လဲ"

နေမျိုးနိုင်က နှုတ်သွက်သွက်နှင့် ဆီးကြိုနှုတ်ဆက်လိုက်သည်။





"မဟုတ်ပါဘူးရှင်၊ ကျွန်မ ကိစ္စလေးတစ်ခု ..."

"ပြောပါ ခင်ဗျာ၊ ဘာကိစ္စများလဲ"

"ဦးဇော်လတ် ဆိုတာ"

"ဩော် ... ကျွန်တော်ပါ ခင်ဗျ၊ ကျွန်တော် ဇော်လတ်ပါ"

"ဦး ... ရွှေ ... လင်း ... ဦးလင်းရွှေ"

သူ့နာမည်ကို ကပေါက်တိ ကပေါက်ချာ ခေါ်နေတဲ့ တင့်ရှင်းသွင့်ကို လင်းရွှေရက ပြုံးပြရင်း ...

"လင်းရွှေရပါခင်ဗျ၊ ကျွန်တော်ပါ"

တင့်ရှင်းသွင်သည် ဇော်လတ်ဆိုတဲ့ ခပ်ချောချောလူကိုလည်းကောင်း၊ လင်းရွှေရဆိုတဲ့ ခပ်ဆိုးဆိုးကြမ်းကြမ်းရုပ်နှင့် အပြုံးက မလိုက်မဖက် နှစ်လိုဖွယ် ချိုလှသူကိုလည်းကောင်း တစ်လှည့်စီကြည့်ကာ သက်ပြင်းလေးတစ်ချက်နှင့်အတူ ...

"နှစ်ယောက်လုံး တစ်ပြိုင်နက် တစ်ခါတည်း တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ဟုတ်ကဲ့ ဆရာမ၊ ပြောစရာရှိတာ ပြောပါ"

တင့်ရှင်းသွင်က သူ့ကို ဆရာမလို့ ခေါ်လိုက်တဲ့ လင်းရွှေရကို ဖျတ်ခနဲ ကြည့်လိုက်ပါသည်။ လင်းရွှေရက ချက်ချင်းပင် သူ့အမှား သူသိကာ ပလတ်စတစ်ကုလားထိုင်တစ်ခု ဆွဲယူနေရာချပေးလိုက်ရင်း ....

"ထိုင်ပါ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်တို့ ကျွန်မကို သိလား”

“မသိဘူး ခင်ဗျ၊ ခင်ဗျားက ဘယ်သူလဲ”

ဇော်လတ်က ခပ်သွက်သွက် ဝင်ဖြေလိုက်၍ တင့်ရှင်းက လင်းရွှေရကိုပဲ စိုက်ကြည့်ကာ ...

“ရှင်ရော ! ကျွန်မကို သိလား ! ”

“ဟင့်အင်း ... မသိဘူးဗျ”

“ဒါဖြင့် ဘာဖြစ်လို့ ဆရာမလို့ ခေါ်တာလဲ”

လင်းရွှေရက အားရပါးရ ပြုံးရင်း ...

“သြော် ... ဒီလိုခင်ဗျ၊ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ ကပ်စိတာမ်မာတွေ၊ ကလိုင်းယဲ့င့်တွေကို ယောကျ်ားဆို ဆရာ၊ အမျိုးသမီးကိုဆိုရင် ဆရာမလို့ ခေါ်နေကျ ဖြစ်နေလို့ပါ၊ သြော် ... ဆရာမက ကျောင်းဆရာမထင်တယ် ဟဲဟဲ ...၊ ငါကြောင့် ကျွန်တော်တို့က ဆရာမခေါ်တော့ သိလို့ပဲ ခေါ်သလိုလို ဖြစ်သွားတာ နေမယ် ဟဲ ဟဲ ဟဲ”

တင့်ရှင်းက အရုပ်အရည်ကြီးနှင့် လိုက်ဖက်ကြွနိုင်သော ထွားကျိုင်းမှုနှင့် ရုပ်ကခပ်ကြမ်းကြမ်းကြားကပင် သွားတက်တစ်ဖက်တစ်ချက်နှင့် အပြုံးအရယ်က ချိုသာပွင့်လင်းလှတဲ့ လင်းရွှေရကို ဦးတည်ရင်း ...

“ကျွန်မ ကျောင်းဆရာမ မဟုတ်ပါဘူး”

“... ... ...”





“ကျွန်မ စာရေးဆရာမပါ၊ စာရေးဆရာမ တင့်ရှင်းသွင်ပါ”

“ဗျာ”

“ခင်ဗျာ”

“ဟောဗျာ”

သူတို့သုံးယောက်ဟာ တင့်ရှင်းသွင်ကိုများ ဆုံခဲ့လျှင် မမြင်ဖူးယောင် မသိချင်ယောင်ဆောင်ပြီး အံ့သြပြကြရမည်လို့ ကြိုတင်ညှိနှိုင်းထားပြီး ဖြစ်တဲ့အတိုင်း ကိုယ်စီ ကိုယ်စီ အမူအရာပိုပိုနှင့် အလန့်တကြား အံ့အားသင့်ပြလိုက်ကြရာ တင့်ရှင်းသွင်မှာ သုံးဦးပေါင်း အသံကျယ်ကြီးကို လန့်၍ပင် သွားရပါသည်။

“ဟာ ... ဆရာမလား၊ ဆရာမကိုး၊ ဟာ ... ထိုင်ပါ ဆရာမ”

“သြော် ... စာရေးဆရာမကိုး၊ ဒါကြောင့် လှပါတယ်လို့ ကြည့်နေတာ ... သြော်”

“ဆရာမ ထိုင်ပါ၊ ပေးပါ ဒီအထုပ်ကြီး၊ ဒီစားပွဲပေါ် တင်ထားမယ်”

“အို ... နေပါစေရှင့်၊ ကိုင်ထားလိုက်ပါ့မယ်”

“မဟုတ်တာ၊ သန့်ဇင် ... ဟေး ... သန့်ဇင်၊ မိုးကျော်... အထုပ်တို့ အိတ်တို့ ဒီစားပွဲပေါ်တင်ပါ ဆရာမရဲ့၊ စကားအေးအေးဆေးဆေး ပြောရတာပေါ့၊ သန့်ဇင် ခေါ်နေတာ မကြားဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ...ဆရာလတ်"

"ကော်ဖီ ... ကော်ဖီ ယူခဲ့၊ ဆရာမဖို့"

"အို ... နေပါစေ"

"ဘယ်က နေပါစေလဲ၊ ဘယ်ဖြစ်မလဲ"

"ဆရာမ ဘာကိစ္စနဲ့ ရောက်လာတယ်ဆိုတာ ရိပ်မိပါတယ်ဗျာ၊ ဘာတွေမှန်းကို မသိပါဘူး ဆရာမရာ၊ သတင်းတွေ အကောင်းတွေ အဖျင်းတွေကတော့"

"ဟုတ်ပါရဲ့ဗျာ၊ ဆရာမလည်း ဒီထိတောင် တကူးတက လိုက်လာရတော့တာပဲနော်"

သေားကနေ ပျာပျာသလဲ တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြသမျှကို တင့်ရှင်းက ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်၊ မျက်လုံးဝိုင်းဝိုင်းကလေးနှင့် ဖြစ်နေပါသည်။ သူ့လက်ထဲက စာမူဖိုင်လ်လည်း နောက်နားက စားပွဲပေါ် ရောက်ကာ သူ့ရှေ့တည့်တည့်ကိုတော့ စားပွဲငယ်တစ်လုံး ရောက်လာခဲ့ပြီး မကြာခင်မှာပင် လင်ပန်းတစ်ချပ်နှင့် ကော်ဖီတစ်ခွက်ကလည်း မဆိုင်းမတွ ရောက်လာပြန်ပါသည်။

"အို ... နေပါစေ၊ ကျွန်မ စကားပြောဖို့သက်သက် လာခဲ့တာပါ"

"ပြောပါဦး ဆရာမရဲ့၊ အဲဒီသတင်းက ဘယ်လိုဖြစ်သွားရတာလဲ"





"ရှင်"

လင်းရွှေရသည် ဘီလီယက်စားပွဲကို တင်ပါးနှင့်မှီကာ လက်ပိုက်ရပ်ရင်း တင့်ရှင်းသွင်ကို ပြုံးမြမြ ငုံ့စိုက်စိုက်ကြည့်နေမိပါသည်။ ဪ ... သူလေး သနားပါတယ်။ ကိုယ်ကလည်း ဒါကန်ကန်အချိန်မှာ ဇော်လတ်နှင့် နေမျိုးနိုင် ဆိုတာက နဂိုကပင် မိန်းမတို့ကို သိပ်ကြည့်မရ ရှုမရ အထင်မကြီး မလေးစားလှတဲ့အထဲ ညစ်ကျယ်ကျယ် နိုင်ချင်တဲ့ကောင်တွေ ဖြစ်ပြန်တဲ့အခါ ဖျတ်ခနဲ ခေါင်းထဲပေါ်တဲ့ ပြဿနာတက်စေလိုသော အကြံဉာဏ် ရည်ရွယ်ချက်နှင့် လက်မြန် ခြေမြန် နှုတ်မြန် ဇာတ်လမ်းထွင် ပြောချလိုက်ကြတဲ့နောက် ...။

အတော်စိတ်မကောင်းဘဲ နောင်တတွေ တသိမ့်သိမ့် တလိပ်လိပ် ရနေမိတဲ့ လင်းရွှေရဟာ ပုံမှန်ထက်ကို တင့်ရှင်းသွင်အပေါ် အကောင်းတွေမြင်နေမိတာလား မပြောတတ်။ သူ့တစ်သက်တွင် ဤမျှသိမ်မွေ့ ကျက်သရေရှိလှတဲ့ လှတစ်မျက်နှာလေးမျိုး တစ်ကြိမ်မှ မမြင်ဖူးသေးဘူးလို့ ထင်ယောင်မိပါသည်။

တစိမ့်စိမ့်ကြည့်လေ ရင်ထဲတသိမ့်သိမ့်ဖြစ်လေ။

"အဲဒီသတင်းက ဘယ်က ဘယ်လို ဖြစ်ရတာလဲလို့ မေးတာဗျ"

"ရှင် ... ဒီသတင်းက ကိုဇော်လတ် ပြောခဲ့တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ ...၊ ထပ်တရိ ... ပေါက်ကရဗျာ၊ ကျွန်တော်က ဘာကြောင့် ပြောရမှာလဲ"

"ဟိုဘက်နှစ်လမ်းကျော်က စာသမုဒ္ဒရာမှာ အလုပ်လုပ်တဲ့ မစန်းစန်းမြင့်ကတစ်ဆင့် လဝန်းပြာပြာစာအုပ်ဆိုင်က ကိုသန့်ဆီမှာလည်း မေးကြည့်လိုက်ပါသေးတယ်၊ အဲဒီကိစ္စကို ပြောတဲ့သူက ကိုဇော်လတ်လို့ ကိုသန့်က ပြောပါတယ်"

"ဩော် ... အဲဒီမှာတော့ ကျွန်တော် ပြောတာ ဟုတ်တယ်လေ"

"အဲဒီတော့ ရှင် ပြောတာပေါ့"

"အာ ... ဘယ်ဟုတ်ပါ့မလဲ ဆရာမရဲ့၊ ကျွန်တော်ကလည်း မတော်တလျော်ကြားတဲ့ သတင်းတစ်ခုကို စိတ်တိုတိုနဲ့ ပြောတဲ့သဘောပဲ"

"ရှင်က ဘာကို စိတ်တိုတာလဲ"

"သတင်းကို ခင်ဗျား သေချာမကြားဘူးလား"

"ဟင့်အင်း၊ ကျွန်မက ဒီစာရေးဆရာမမှာ အိမ်ထောင်ရှိတယ်ဆိုပြီး သတင်းထွက်လာတယ် ဆိုတာပဲ သိတာ"

"မဟုတ်ဘူးဗျ၊ သတင်းအတိအကျက စာရေးဆရာမ တင့်ရှင်းသွင်ရဲ့ယောက်ျားက လင်းရွှေရ ဆိုပြီး ထွက်လာတာ"



ဖျတ်ခနဲ လင်းရွှေရထံ လှမ်းကြည့်လိုက်တဲ့ တင့်ရှင်းသွင် မျက်နှာလေးက ရဲရဲနီနေပါသည်။

"ဟော့ကောင် ဇော်လတ်၊ တော်ပါတော့ကွာ၊ ထပ်ခါ ထပ်ခါ ပြောမနေပါနဲ့တော့"

"ဟာ ... ငါ ဒီတစ်ခါပဲ ပြောမိသေးတာပါ ရွှေရရဲ့"

"တော်ပါပြီကွာ၊ ဆရာမ စိတ်ညစ်နေပြီ"

တင့်ရှင်းသွင်သည် ဒီလူတွေကို မျက်လုံးချင်းဆိုင်ကြည့်ရမှာ မျက်နှာပူပူနှင့် သူ့မျက်ဝန်းကို စားပွဲပေါ် စိုက်ထားမိရင်း ရည်ရည်မွန်မွန် ပုံစံနှင့် သူ့အပေါ်လည်း အထူးအားနာနေသော လင်းရွှေရပုံစံကို သတိပြုမိပါသည်။ ဇော်လတ်ရဲ့စကားကိုလည်း ခွဲခြမ်းစိတ်ဖြာနေမိပါသည်။

စာရေးဆရာမ တင့်ရှင်းသွင် ဆိုတာကတော့ (ကိုယ့်ကိုယ်ကိုယ်မို့ ပြောတာမဟုတ်)နာမည်ကြားရုံနှင့် မဖတ်ဖူးတဲ့သူပင်လျှင် ကြားတော့ ကြားဖူးနေမည့် အောင်မြင်ထင်ပေါ်မှုရှိနေတဲ့ Celebrity လေ။ လင်းရွှေရ ဆိုတာက ဘယ်သူက သူ့ကို သိတာမို့လဲ။ အနုပညာသည် မဟုတ် ဘာမဟုတ်။

ပေါက်ပေါက်ရှာရှာ ချောင်ကြိုချောင်ကြားနှိုက်ပြီး သူ့အမျိုး သူ့မိတ်ဆွေကလွဲရင် ဘယ်သူကမှ တကူးတက သိစရာအကြောင်းမရှိတဲ့ မထင်မရှား လူတစ်ယောက်နဲ့ သူမ လင်မယားတော်စပ်ပါတယ်ဆိုတဲ့ သတင်းမျိုး ထွက်တယ်ဆိုတာ ထူးဆန်းလွန်းမနေပေဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



အနုပညာသည်ချင်းမို့ဆိုလည်း ထားတော့။ လောကကြီးထဲ ရှိနေခဲ့မှန်းတောင် ကိုယ်မှသိတဲ့ လူတစ်ယောက်က ကိုယ့်ယောက်ျားရယ်လို့ သတင်းပျံ့လွှင့်တယ် ဆိုတာကတော့ ဒီလူကမှ ကြွားဝါလိုဆယ် သတင်းလွှင့်မနေရင် တခြားဘယ်သူကမှ လွှင့်စရာ အကြောင်းမှ မရှိတာ။

တင့်ရှင်းက လင်းရွှေရထံ မျက်မှောင်တွန့်လေးနှင့် ကြည့်ရင်း ...

"အဲဒီသတင်းက ဘယ်လိုကဘယ်လို ဖြစ်ရတာလဲ ကိုရွှေ..."

"ကိုရွှေရပဲ ခေါ်ပါဗျာ"

"ဒီသတင်းက ဒီလိုနာမည် အတိအကျတပ် ထွက်တယ် ဆိုတာက ဘယ်လိုဖြစ်တာလဲ ကိုရွှေရ"

"ဗျာ ... အဲဒါတော့ ကျွန်တော်လည်း မသိဘူးလေဗျာ"

"ဥပမာပေါ့၊ မင်းသားဘယ်သူနဲ့ မင်းသမီးဘယ်သူ ဆိုတာမျိုး သတင်းထွက်တယ်ဆိုရင် ဟုတ်သော်ရှိ မဟုတ်သော်ရှိ မထူးဆန်းဘူး၊ ဒီလို အိမ်ထောင်ရေး အချစ်ရေး အတင်းအဖျင်းတွေက ကျွန်မတို့ စာရေးဆရာတွေထဲမှာတောင် ထွက်လေ့ ထွက်ထ မရှိလှပါဘူး၊ ရှင်လို သာမန်လူထဲက လူတစ်ယောက် အနေနဲ့တော့ ဘယ်သူက မဟုတ်တဲ့ သတင်းလွှင့်မှာလဲ ..."





ဒီရပ်ကွက်ထဲက ဘယ်ကောင်လေးနဲ့ ဘယ်ကောင်မလေးနဲ့တဲ့ဟေ့လို့ သတင်းထွက်ရင်လည်း သူတို့နှစ်ယောက်လုံးကိုသိတဲ့ ရပ်ကွက်အသိုင်းအဝိုင်းထဲပဲ တွင်ကျယ်မှာပေါ့၊ ရန်ကင်းကသတင်း ဟိုးကြည့်မြင်တိုင်မှာ သွားဖြစ်နေရင် ဘယ်သူမှ မသိနိုင်ဘူးလေ၊ ဆိုလိုတာက ဒီလူ ဒီလူတွေရဲ့ အသိုင်းအဝိုင်းကပဲ ဒီသတင်း ထွက်လာနိုင်တာ"

"ဒါဖြင့် ဆရာမရဲ့အသိုင်းအဝိုင်းကရော ဒီကောင် ရွှေရရဲ့ အသိုင်းအဝိုင်းကကော ဒီသတင်း စ,ပျံ့နိုင်တာချည်းပဲပေါ့"

"ဟော့ကောင် ... ဇော်လတ်"

"ငါက ဖြစ်နိုင်ချေကို ပြောပြတာလေ၊ ဒီသတင်းကို ဆရာမ တင့်ရှင်းသွင်က လွှင့်တယ်လို့ လုံးဝမဆိုလိုပါဘူး"

"ကျွန်မက ဘာကိစ္စ လွှင့်ရမှာလဲရှင့်"

"ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း မဆိုလိုဘူးလို့ ပြောတာပဲလေဗျာ"

"ပြီးတော့ ... ဒီကိုရွှေရ ဆိုတာလည်း ကြားတောင်မကြားဖူးဘူး"

"ဆရာမကတော့ နာမည်ကြီးမို့ ကျွန်တော်တို့က ကြားဖူးကြပြီးတော့ တမင်တကာ တွဲပြီးကြွားပြောတယ်ထင်လို့လား"

"ကျွန်မ ဘာထင်ရမှန်းကို မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဇော်လတ် ,တော်ပါပြီကွာ"

"ပြီးတော့ ကျွန်မက အခု ဒီသတင်း ဘယ်ကဘယ်လို ထွက်လာလဲ လိုက်စုံစမ်းနေတာလေ၊ ကျွန်မဘာက်ကထွက်ရင် ကျွန်မက ဒီအထိ လာစုံစမ်းနေမလား"

"ဆရာမက ကျွန်တော်တို့ကိုပဲ စွပ်စွဲချင်နေတဲ့ သဘောပဲ"

"ဒါပေမဲ့ ဒီစကား စထွက်လာတာတော့ ရှင့်ဆီကပဲ မဟုတ်လား"

"ဟာ ...၊ ဒါ ကျွန်တော့်ကို ဆရာမ သက်သက်ပြဿနာရှာတာပဲဗျာ"

"ရှင် စာအုပ်ဆိုင်ထဲမှာ ပြောခဲ့တယ်လေ"

"ကျွန်တော် ပြောခဲ့တဲ့အတိုင်း အတိအကျ ဆရာမ သိလို့လား"

"ကျွန်မ ကြားရတာမှ မဟုတ်တာ"

"ဒါဖြင့် တစ်ဆင့်ကြားနဲ့ မစွပ်စွဲပါနဲ့ဗျ"

"ဒါဖြင့် ရှင် ဘာပြောခဲ့တာလဲ သိချင်တယ်"

"ဒီစာရေးဆရာမ တင့်ရှင်းသွင်နဲ့ ကျွန်တော့်သူငယ်ချင်း လင်းရွှေရတို့ဟာ လင်မယားတွေဆိုပြီး သတင်းဖြစ်နေတယ်လို့၊ ကျွန်တော့်သူငယ်ချင်းလည်း ဘုမသိ ဘမသိနဲ့ ဒီစာရေးဆရာမယောကျ်ား ဖြစ်နေရတယ်၊ ဘယ်လိုများဖြစ်တာလဲ မသိဘူးဗျာလို့၊ ကျွန်တော် အဲသလိုပြောတာ"



တင့်ရှင်းက ဇော်လတ်ကို စူးစူးရဲရဲ ကြည့်ရင်း ...

"ဒါဖြင့် ဒီစကားကို ရှင်ကိုယ်တိုင်က တခြားက ကြားခဲ့တာလို့ ဆိုလိုတာလား"

"ဒါပေါ့ဗျ"

"ဒါဖြင့် အဲဒီလူကို ပြောပါ၊ ကျွန်မအဖို့က တစ်ဆုံးထိ လိုက်မှဖြစ်တော့မှာ၊ ဒီလိုသာ တစ်ဆင့်ပြီးတစ်ဆင့် ပျံ့နှံ့နေခဲ့တာဆိုရင် ဒီသတင်းက အရမ်းကိုပျံ့နေလောက်ပြီ၊ ကျွန်မမှာလည်း နစ်နာလှပြီရှင့်၊ မဟုတ်ဘူးဆိုတာ ရှင်းနိုင်မှပဲ ဖြစ်မယ်၊ ဒီတော့ ရှင့်ကို ဒီသတင်းပြောသွားတာ ဘယ်သူလဲ ပြောပါ ကိုဇော်လတ်"

"အား ... အဲဒါတော့ ခက်သွားပြီ၊ အတိအကျ မညွှန်နိုင်ဘူးဗျာ"

"ဘာဖြစ်လို့လဲရှင့်"

"အမျိုးသမီးနှစ်ယောက်ပဲဗျ၊ ကားလာပြင်ရင်း ပြောသွားတာ၊ ဒီဝပ်ရှော့ပ်ပိုင်ရှင် လင်းရွှေရ ဆိုတာ စာရေးဆရာမ တင့်ရှင်းသွင်ရဲ့ယောကျ်ားဟဲ့ ဆိုပြီး တစ်ယောက်က နောက်တစ်ယောက်ကို ပြောတာ၊ နောက်တစ်ယောက်ကလည်း သူ သိပါတယ်တဲ့"

"ဟင် ... ရှင့်ရှေ့မှာ ပြောနေတာတောင် ရှင်က မဟုတ်ဘူးလို့ ဝင်မရှင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း အူကြောင်ကြောင် ဖြစ်နေတာ၊ ဘာတွေ ပြောနေပါလိမ့်လို့၊ သူတို့သာ ပြန်သွားတယ် ဘာမှမပြော မိလိုက်ဘူး"

"ဒါဖြင့်ရင်လည်း ရှင်ကိုယ်တိုင်တောင် မဟုတ်မှန်းသိနေ တဲ့ ဒီကိစ္စကို သူများနားထွေးပြီး မရှင်းမလင်းဖြစ်အောင် စာအုပ်ဆိုင်လို လူပုံအလယ်မှာ ပြောမချသင့်ဘူးပေါ့ရှင့်"

ဒေါပွလာတဲ့ တင့်ရှင်းသွင်ကို ကြည့်ရင်း လင်းရွှေရ ကာ စိတ်မကောင်းနိုင်တော့ပါ။ ဇော်လတ်ကို အထူးသတိပေး တောင်းပန်တဲ့ မျက်ဝန်းနှင့်ကြည့်ရင်း ရပ်တန်းကရပ်ဖို့ ခေါင်းယမ်း ပြကာ ...

"တော်ပါတော့ကွာ ဇော်လတ်၊ ဒီစကားတွေ ဒီမှာရပ်ကြ ရအောင်၊ မတင့်ရှင်းသွင် ဘယ်လိုအခံရခက်မယ်ဆိုတာ နားလည်ပါတယ်၊ ဒီသတင်းစကား ဖြစ်ပွားလာရတဲ့အတွက် လည်း ကျွန်တော်တို့ အပြစ်ရှိရှိ မရှိရှိ ကျွန်တော် တောင်း ပန်ပါတယ်၊ ကျွန်တော် စိတ်မကောင်းပါဘူး မတင့်ရှင်း သွင်"

တင့်ရှင်းက စိတ်ပျက်လက်ပျက် ထ,ရပ်ကာ နှုတ် ပင်မဆက်ဘဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။

* ❦ *





## ၈

မနေ့က ဒေါပွပြန်လာတဲ့ တင့်ရှင်းသည် တစ်ညလုံး အိပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရပါသည်။ အိပ်ရာထဲမှာ ဟိုလှိမ့်လိုက်၊ ဒီလှိမ့်လိုက်၊ သက်ပြင်းတွေချလိုက်၊ တောက်တွေခေါက်လိုက်၊ ငိုချင်သလိုလို ဖြစ်လိုက်နှင့် ဖြောင်းဆန်နေသည်။ အိပ်မပျော်တဲ့ အတွက် အိပ်ရာဘေးက Bedside t... လေးပေါ်က မီးအိမ်ကို ဖွင့်ပြီး စာတစ်အုပ် ကောက်ဖတ်မိပြန်လည်း မျက်လုံးသာ ပိကျယ် လာကာ အိပ်ချင်စိတ်က မပေါက်။

အဲလို အိပ်မရနိုင်တာကို တစ်ခါ ဒေါပြန်ကန်။ ရေ ထသောက်လိုက်၊ ရေချိုးခန်းဝင်လိုက်၊ ယောက်ယက်ခတ်ပြီး ဖြစ်ချင်တိုင်း ဖြစ်နေရာ သုံးနာရီခွဲလောက်မှာတော့ မျက်လုံးတွေက ကျိန်းစပ်ပြီး လူက နွမ်းနယ်ပင်ပန်းလာပါသည်။ အဲဒီတော့မှ မှေး... းတေးဖြစ်လိုက်၊ ငိုက်မြည်းသွားလိုက် ပြန်နိုးလာလိုက်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ငါးနာရီထိုးခါနီး အစော အိပ်ရာထတာ မီး ဖွင့်လိုက်တာ၊ ရေသံတွေ ထွက်လာတာတွေကို လှမ်းကြားနေပြီးမှ ပဲ ပြန်မနိုးတော့ဘဲ အိပ်မောကျခဲ့ရပါသည်။

"မမ ... မမ"

"... ... ..."

"မမ ... မမ"

"ဒေါက်ဒေါက် ... ဒေါက်ဒေါက်"

အိပ်ခန်းတံခါးကို ဖွဖွခေါက်ပြီး ခေါ်နိုးနေသံကြောင့် တင့်ရှင်း နိုးလာသည်။

"မမ ... မမရေ"

"အေး ... အစော"

"မမ အိပ်ရာထရတော့မယ်"

"ဟုတ်လား ... အေး"

"မမ ... ဒီနေ့ '... ...FM'မှာ ဖုန်းဖြေဖို့ရှိတယ်"

"ဟင်"

တင့်ရှင်း လန့်ဖျပ်ကာ ဝုန်းခနဲ ရုတ်တရက်ထ,ထိုင် လိုက်ပါသည်။ "......FM"။ ဟုတ်သား။ ဒီနေ့ သောကြာနေ့။ တင့်ရှင်းက ခုတင်ခြေရင်းတည့်တည့် နံရံပေါ်က နံရံကပ်နာရီကို လှမ်းကြည့်လိုက်ပါသည်။ ဆယ့်တစ်နာရီ။

ဘုရား ... ဗုဒ္ဓေါရေ။





တင့်ရှင်းက စောင့်ကို ဝုန်းခနဲ ကန်ခွာလိုက်ပြီး ...

"အစော"

"ဟုတ်ကဲ့"

အစောက တံခါးဖွင့်ပြီး ဝင်လာသည်။

"ငါ့ဖို့ အင်္ကျီနဲ့ လုံချည်နဲ့ ထုတ်ပါဦးဟဲ့၊ ဘုရားရေ ... ဆယ့်တစ်နာရီတဲ့၊ ဆယ့်တစ်ခွဲ ဟိုကိုရောက်ရမှာ၊ ဒီထက် စောပြီး နိုးတာမဟုတ်ဘူး အစောရယ်"

"ဆယ်နာရီခွဲမှာ တစ်ခါလာနိုးသေးတယ် မမရဲ့"

"ရအောင်နိုးပေါ့ဟယ် ... တကတဲ"

"မမဟာ အထဲကနေ အင်း ... အင်း ... နဲ့ လုပ်နေတာနဲ့ အစောက ထပြီထင်ပြီး ပြန်ထွက်သွားလိုက်တာ မမရဲ့"

တင့်ရှင်းသည် ပြေးကာ လွှားကာ ညဝတ်အင်္ကျီ ချွတ်၊ ရင်လျား၊ မျက်နှာသုတ်ပဝါယ္ ဂ် ဂျင်ချေလည်နေရင်းက ပင် ...

"ငါက ... အင်း ... အင်းတဲ့ ... ဟုတ်လား

"ဟုတ်တယ် မမရဲ့"

"ငါ ကြားတောင် မကြားပါဘူး"

"ကျွန်မက မမ ထရတော့မယ်ဆိုရင် မမက အင်းတဲ့"

တင့်ရှင်းက အစောကို မယုံသလို မျက်စောင်းရွယ် နှတ်း :တွန့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဟုတ်ရဲ့လား၊ နှင် ဘုရားစူး"

"ဩော် ... ဘုရားစူးပါ မမရယ်"

"ဒါဖြင့် ပြီးရော၊ ခရမ်းရောင်ဖျော့ဖျော့လေး ထုတ်ထား ပေး"

"ဟုတ်ကဲ့"

သွားတိုက် ရေချိုး အိမ်သာတက်တာတွေကို တစ်ပြိုင်တည်း တစ်ပြိုင်တည်း ဖြေရှင်းရကာ ရေကို ကြေးမွသလိုချိုးပြီး ပြန်ထွက်လာတာတောင် ဆယ်မိနစ်နီးပါး ကြာသည်။

"မမ ... ကော်ဖီ"

အစောက ကော်ဖီပြင်းပြင်းကို အခန်းထဲထိ ယူလာပေးပါသည်။

"ထမင်းကြော် စားဦးမလား. မမ"

"ထမင်းကြော်ဘိုးအတောင် ရှုချိန်မရဘူး၊ ကိစ္စမရှိဘူး အစော၊ ငါ ဟိုးအရင်အပတ်က ကိုမြတ်သစ်လွင် မအားလို့ Cake testing ကို ဒီနေ့ ရွှေ့ထားတာ၊ ဆယ့်နှစ်နာရီခွဲ စတူဒီယိုကပြီးရင် အဲဒီကိုတန်းသွားပြီး စားရုံပဲ၊ ဒီတစ်ခါတော့ ကော်ဖီလောက်ပဲ ရတယ်"

"ဖိနပ်က အဖြူအမြင့်လေး ထုတ်ထားမယ်နော် မမ"

"အစော ... နှင် တော်လာပြီ သိလား၊ ဘာလေးနဲ့ ဘာလေး တွဲရမလဲတောင် ကျွမ်းနေပါပေါ့လား၊ ဒီနှစ်ကုန်





လောက်ဆိုရင်တော့ စင်ကာပူမှာ နှင် ဖက်ရှင်ဒီဇိုင်နာသင်တန်း တက်သင့် တက်ရမယ်"

"အဟီးဟီး"

မျက်နှာကို လိမ်းစရာရှိတာလေး မြန်မြန်ဆွဲပွတ်လူးရင်း တင့်ရှင်းက ပါးစပ်မှ ဗလွတ်ရွတ်တောက်တွေ ပြောနေမိပါသည်။ နည်းနည်းအိပ်ပျော်လိုက်ရတော့ စိတ်ကလည်း ကြည်လင်သွားပြီ။ ခုနကလည်း အိပ်မက် မက်တာ အိပ်မက်က အကောင်းသား။ ဘယ်တုန်းကမှ ဝတ်ဖို့အစီအစဉ်မရှိတဲ့ အနောက်တိုင်းမင်္ဂလာဝတ်စုံဂါဝန်ဖြူနှင့် အိပ်မက်ထဲမှာ တင့်ရှင်းက ကိတ်မုန့်တွေ စားနေတာ။

စားချင်သလိုလို မစားချင်သလိုလို အိုက်တင်များကြေးထူနေတဲ့ မြတ်သစ်လွင်တစ်ယောက် ပါးစပ်နား ဇွန်းရောက်ကာမှ ဇွန်းပေါ်က ကိတ်မုန့်တစ်တုံးက ပြုတ်ကျပေပွလို့။ ကောင်းတယ်။ ဒီနေ့လည်း ခဏနေရင် သူ့ဆီဖုန်းဆက်ပြီး သတိပေးရလောဆော်ရဦးမည်။ ခု ဘယ်နှနာရီရှိပြီလဲ။ ဟိုက် ...။

တင့်ရှင်းက အကျိုကမန်းကတန်း လဲရပါသည်။ ပြဿနာပဲ ချွေးတွေထွက်လာပြန်ပြီ။ မီးက ခုနပဲ ပျက်သွားပြီ။ ကားပေါ်ကျမှပဲ ကားအဲကွန်းလေးနှင့် ချွေးကို နှပ်ရပါတော့မည်။

"မမ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းပေါ်က ပလတ်စတစ်ဦးထုပ်ကြီး"

"ဪ ... အေး"

ဆံပင်ရေမစိုအောင် ပင့်တင်ဖုံးအုပ်ထားတဲ့ ပလတ်စတစ် Cap ကို ဆွဲချွတ်ကာ ခေါင်းကို ဘီးနှင့်သွက်သွက်ခုတ်ချပြီး။ ဆံပင်က ကျောလယ်လောက်နှင့် အဖျားတွေကို ဒစ်ဂျစ်တယ်ကောက် လိမ်ကောက်ထား၍ ဘာမှ သိပ်သ,ဖို့မလို။ ကော်ဖီကိုကောက်မော့ချရင်း ...

"ကဲ ... ငါ ဘာလိုလဲ အစောရေ"

"ပိုက်ဆံအိတ်၊ ဖုန်း၊ ကားသော့၊ ကွန်ပျူတာအပ်မယ့်စာမူ အပ်ပြီးပြီလား မမ"

"ဘာ"

"ဟို ... ကွန်ပျူ ..."

"သေ ... သေ၊ ငါပဲ သေလိုက်တော့၊ မနေ့က ဟိုဝပ်ရှော့ပ်မှာ ကျန်ခဲ့ပြီပေါ့ ... ကျွတ်"

"ဘယ်ဝပ်ရှော့ပ်လဲ မမ"

"ဟိုဟာ ... ဟိုဟာ ... နင့်ကို ငါ မပြောနိုင်တော့ဘူး၊ သွားပြီ အစောရေ"

"တီတီတီ ... တီတီ"

"ဖုန်လာတယ် မမ"

ဖိနပ်စွပ်ရင်း ဟဲန်းဒ်ဖုန်းဖွင့် နားထောင်လိုက်လျှင် ...





"ဆရာမရေ၊ စတူဒီယိုကပါ၊ ဆရာမ လာနေပြီထင်တယ်နော်၊ ဆယ့်တစ်ခွဲရောက်ဖို့ Remind လုပ်တာပါ၊ လမ်းမှာထင်တယ် ဆရာမ"

"ဟုတ်ကဲ့ရှင့်"

လက်ပတ်နာရီကြည့်လိုက်တော့ ဆယ့်တစ်ကခွဲပဲခွဲနေပြီ၊ နှစ်မိနစ်လောက် လိုတာ၊ ဘယ်လိုလုပ် ရောက်နိုင်ပါ့မလဲ။

"ကျွန်မလည်း လမ်းမှာ ထရက်ဖစ်တွေ ပိတ်နေလို့ရှင်၊ နည်းနည်းလေးတော့ နောက်ကျမယ်ထင်တယ်၊ ဒါပေမဲ့ စိတ်မပူပါနဲ့၊ အချိန်မီ ရောက်မှာပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဆရာမ၊ ကျွန်တော်တို့ ..."

ဖုန်းကိုပိတ်ပြီး အခန်းကထွက်။ ဓာတ်လှေကားဆီပြေးရတော့သည်။ သူ့ဖုန်း ရပ်ပြောနေရတာက တစ်မိနစ်ထပ်ကြာနေမှာ။ ဓာတ်လှေကားထဲရောက်ရင် ဖုန်းလိုင်းက မမိတော့ဘူးဆိုတော့ ဒီမှာပဲ ရပ်ပြောနေရင်းကကို အထွက်နောက်ကျနေမှာ။ အိမ်နဲ့ဆို သိပ်ကြီးတော့ မဝေးလှတဲ့ စတူဒီယိုဆီ ကားမောင်းလာရင်း လမ်းမှာ ဖုန်းဝင်လာပြန်သည်။

"ဟယ်လို"

"သမီးလား ဖေဖေပါ"

"ဖေဖေ"

"သမီး အိမ်မှာပဲ မဟုတ်လား၊ ဖေဖေ အဲဒီကိုလာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ... သမီး အိမ်မှာမဟုတ်ဘူး၊ လမ်းမှာ၊ ကားပေါ်မှာ၊ ဖေဖေ ဘာကိစ္စများရှိလို့လဲ၊ သမီး ဒီနေ့ '......FM'က ဖုန်းဖြေတဲ့အစီအစဉ်အတွက် သွားရတာ ဖေဖေ"

"ဪ ... ဒါဖြင့် '...... စတူဒီယို'ကို သွားမှာပေါ့"

"ဟုတ်ကဲ့"

"ဖေဖေ အဲဒီကိုပဲ ဝင်လာလိုက်မယ်၊ အဲဒီနားတောင် ပိုနီးနေတာ၊ အတော်ပဲ၊ အဲဒီမှာ မောင်ကျော်စွာတို့လည်း ဝင်နှုတ်ဆက်လိုက်ဦးမယ်လေ၊ ဖေဖေက ဖိုးပြည့်တို့ အကြမ်းပြပေးတဲ့ Card လေးတွေ သမီးဆီ လာပို့တာ၊ ကြည့်လို့ရအောင်"

ဖိုးပြည့် ဆိုတာ အန်တီ့တူလေး။ သူတို့သူငယ်ချင်းတွေစုကာ Cneative Invitation Card လေးတွေ တီထွင်ဖန်တီးတဲ့ လုပ်ငန်းလေးတစ်ခု ထူထောင်ထားသည်။ သူတို့တီထွင်ထားတဲ့ ဖိတ်စာကတ်လေးတွေဟာ ပန်းခြောက်လေးတွေ ဖဲကြိုးလေးတွေ၊ သစ်ခေါက်၊ ကြယ်သီးစေ့လေးတွေ၊ ကောက်ရိုးလေးတွေနှင့် အင်မတန်ချစ်စဖွယ် လက်ရာမြောက်လှတဲ့ Hand made လေးတွေ။

မင်္ဂလာပွဲကျရင် အဲဒီက ဖိတ်စာအပ်မလားလို့ စိတ်ကူးမိတာမို့ ကိုကိုပြဖို့ နမူနာလေးတွေ သွားယူဖို့ပင်။ ထုံးစံအတိုင်း မြတ်သစ်လွင်က ကြဲတော့ကြည့်တာပေါ့နှင့် မလှုပ်မယှက်။ မအားဘူးချည်း ချနေသည်။ တင့်ရှင်းမှာ လာကြည့်မယ်၊ ဝင်ယူမယ်ပြောပြီး မရောက်ဖြစ်။





ခုတော့ အန်တီသွားယူလာပေးလား၊ ဖိုးပြည့်တို့ပဲ ပေးသလား မသိပါ။ ဖေဖေက တင့်ရှင်းထံ အိမ်တိုင်ရာရောက်လာပေးရတယ်ရယ်လို့။

"ဖေဖေရယ် ... တကူးတက အားနာလိုက်တာ၊ သမီးလာယူမယ့်ဟာ"

"သားအဖကို အားနာစရာလား သမီးရဲ့၊ ကဲ ... အခု ... စတီဒီယိုရောက်ပြီ သမီးရေ"

"ဟင် ... ဖေဖေကတောင် အရင်ရောက်တယ် !၊ ဒါပဲ ဖေဖေ"

တင့်ရှင်း ဖုန်းပိတ်ပိတ်ချင်း ဘယ်လောက်ကြာအောင် စောင့်ခေါ်နေတယ် မသိတဲ့ ဖုန်းတစ်ခုက မြည်သံပေါ်လာပြန်ကာ ...

"ဟယ်လို ... ဆရာမ ... ဆရာမ"

"လာပြီရှင့်၊ ကျွန်မ ရောက်ပါပြီ၊ စတူဒီယိုလမ်းထိပ်ရောက်နေပြီနော်၊ ကျွန်မအဖေလည်း အခုရောက်လာပြီမဟုတ်လား၊ ဒါပဲနော်"

ကိုယ်မရောက်သေးတာနှင့် ရောက်နှင့်တဲ့ ဖေဖေ့ကို မဆီမဆိုင် ဆွဲထည့်ပြောကာ ခဏအကြာမှာတော့ တင့်ရှင်းသွင်က စတူဒီယိုဝင်းထဲ ကားကိုကွေ့ဝင်လိုက်နိုင်ပါပြီ။ သတ်မှတ်ချိန်ထက် နည်းနည်းနောက်ကျပေမယ့် ၁၂:၀၀ နာရီတိတိမှာ Live ဖုန်း ပြောဖို့အတွက်ကတော့ ကောင်းကောင်းမီပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကား ရပ်ထားတာ တွေ့ရသည်။ ဖေဖေက ဒီအက်ဖ်အမ်ကို လုပ်နေကြတဲ့ အုပ်စုထဲက ကိုကျော်စွာရဲ့အဖေနှင့် ရင်းနှီးခင်မင်သည်ဖြစ်ရာ အထဲဝင်တိုင် စကားစမြည်ပြောနေပေလိမ့်မည်။

တင့်ရှင်း စတူဒီယိုထဲ ဝင်လာတော့ ဖေဖေက အသံသွင်းခန်းနား ကပ်လျက်က အတွင်းဧည့်ခန်းဆီမှာ ထိုင်နေပါသည်။ ဖေဖေ့ကို သိကြတာမို့ အထဲခေါ်ပြီး ဧည့်ခံထားတာဖြစ်မည်ပင်။

"ဖေဖေ"

ဧည့်ခန်းမှန်တံခါး တွန်းဝင်ကာ ဖေဖေ့ဘေးဝင်ထိုင် အိတ်ကိုချ မောနေသမျှ သက်ပြင်းကြီး မှုတ်ထုတ်လိုက်ပါသည်။

"မောင်ကျော်စွာ မရှိဘူး သမီးရဲ့၊ ဒါနဲ့ သမီးကိုထိုင်စောင့်နေတာ၊ ဒီမှာလေ Sample လေးတွေ သမီးကြည့်ရအောင်"

ဖေဖေက သူ့ဂျာကင်အင်္ကျီ အတွင်းအိတ်ကို နှိုက်ယူနေဆဲ ...

"ဆရာမ ဖုန်းလာပါတယ်"

"ဖုန်း ! ဟုတ်လား"

ဝန်ထမ်းကောင်မလေးတစ်ယောက်က လာပြောတာမို့ တင့်ရှင်းက အံ့သြရသည်။

"ဆရာမဖုန်း ခေါ်မရလို့ဆိုပြီး ဒီကို ခုနလည်းတစ်ခါဆက်လို့ပါ၊ ကိုမြတ်သစ်လွင်လို့ ပြောပါတယ်"





"ဩော်"

တင့်ရှင်းက ဧည့်ခန်းပြင် ပြန်ထွက်ကာ သူတို့စတူဒီယိုက လိုင်းဖုန်းကို ကိုင်လိုက်ပါသည်။

"ဟယ်လို"

"ဟာ ... တင့်ရှင်းဖုန်းက လုံးဝကို မအားတာကွာ၊ ဘယ်လိုမှ ခေါ်မရတာ"

"ဟုတ်တယ် ကို၊ တစ်မနက်ခင်းလုံး ဖုန်းလာနေတာ"

"မနက် ကိုးနာရီကတည်းက ဟဲန်းဒ်ဖုန်းက မကိုင်ဘူး"

"တင့်ရှင်း ဆိုင်းလဲန့်ထ် လုပ်ထားတာ"

"အိမ်ဖုန်းဆက်တော့ အစောက ခေါ်မပေးဘူးဗျာ၊ သူ့မမ အိပ်နေတာ မနိုးသေးဘူးတဲ့"

"တင့်ရှင်း ညက အိပ်ရေးပျက်လို့ပါ၊ ကို ဘာပြောမလို့လဲ အတော်ပဲ၊ ဒီနေ့ Cake testing နော်၊ မေ့နေဦးမယ်နော်"

"အဲဒါ ပြောမလို့ပေါ့"

"မြန်မြန်ပြော၊ တင့်ရှင်း အသံသွင်းရတော့မယ်"

"ကိုယ် မလိုက်ဖြစ်တော့ဘူး တင့်ရှင်း၊ လုံးဝမအားဘူး၊ တင့်ရှင်းဘာသာ သွားလိုက်တော့"

"ဟာ ... ကို မကောင်းဘူးကွာ၊ ကိုမအားလို့ ဖျက်ရ ရွှေ့ရတာ ဘယ်နကြိမ်ရှိသွားပြီလဲ၊ ဒီတစ်ကြိမ်တော့ မဖျက်နဲ့တော့လို့ တောင်းပန်ထားရက်သားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး တင့်ရှင်းရာ၊ ပြီးတော့ကွာ ကိတ်မုန့်သွားမြည်းတာ ဘယ်လောက်များ အရေးကြီးလို့လဲ တင့်ရှင်းရယ်၊ ကိုယ်လည်း ကိတ်မုန့် လုံးဝမှ မကြိုက်တာ၊ မြည်းမနေဘဲ မှာလိုက်တော့ကော ဘာဖြစ်သွားမှာမို့လဲ"

"ဝယ်ဒင်ကိတ်ကော၊ လက်မှတ်ထိုးတဲ့နေ့ အိမ်မှာပဲ ဧည့်သည်တွေကို ကျွေးဖို့ကိတ်ကော လူသုံးဆယ်စာလောက် မှာမှာလေ၊ အဲဒီ အန်တီပဲင်စီ့ကိတ်က အရမ်းနာမည်ကြီးတာ၊ ဘယ်ကိတ်တွေမှာမယ်ဆိုတာ ဒီနေ့ မြည်းပြီးတော့ ရွေးရမှာလေ"

"မြည်းပြီးမှ ရွေးရမှ ဆိုရင်လည်း တင့်ရှင်းပဲ ရွေးလိုက်တော့ကွာ ... နော်"

တင့်ရှင်းသည် အတော်ဒေါပွ သွေးဆူလာကာ ရုတ်တရက် ဘာပြန်ပြောရမလဲ မသိအောင် ဆွံ့အနေပါသည်။ သူမို့ စိတ်မပါရင် ဘာကိုမှ အတူမမျှဝေလိုတဲ့ ကရိကထ မခံလိုတဲ့ ယောက်ျား။ ခုနေများ Weeding Cake မဟုတ်ဘဲ Wedding Liquor သာဆိုရင်။ လက်မှတ်ထိုးတဲ့နေ့ အရက်တိုက်မှာမို့ အရက်အမျိုးအစား ရွေးရမှာသာဆိုရင် အမြုပ်တစီစီ ထွက်တဲ့အထိ သူ လိုက်မြည်းစမ်းမှာပါ။

Cake ဆိုတော့ မမြည်းချင်၊ သူ မကြိုက်တာမို့ မအားဘူး ဘာဘူး ကြေးထူနေတာလေ။ လုံးဝမလိုက်ဘူးလို့





တစ်ခွန်းတည်း ယတိပြတ် ငြင်းခဲ့ရင်လည်း ခုချိန်ထိ ရက်ချိန်းတွေ ရွှေ့ချင်မှ ရွှေ့မိမည်။ အန်တီပဲင်စီ့ကို အမျိုးသားက အလုပ်များလို့ မအားလို့ပါ အန်တီရယ်ဆိုပြီး ရွှေ့ရွှေ့လာတာ။ တကယ်တမ်းလည်းလာရော ပါလည်းမလာပါဘဲနဲ့ ဆိုပြီး တွေးစရာဖြစ်တော့မှာပေါ့။

ဒီလိုဆိုလည်း စောစောစီးစီးကတည်းက ဒီလိုကို မစီစဉ်တော့ပါဘူး။ Wedding Cake ဆိုတာ Dinner ကျွေးမယ့် ဟိုတယ်မှာ မှာလည်းရတာပဲလေ။ လက်မှတ်ထိုးမယ့်နေ့မှာလည်း ဘယ်နေရာက ဘယ်စားသောက်စရာကိုမဆို လူသုံးဆယ်စာအော်ဒါ လုပ်လိုက်ရုံပေါ့။

အန်တီပဲင်စီကတော့ သူ့ကိုက စိတ်ကူးယဉ်ဆန်ဆန် Romantic ဖြစ်ဖြစ် အန်တီကြီးမို့ တကူ တက ကိတ်မုန့်မြည်းရတဲ့ အစီအစဉ်လေးကို ချစ်စဖွယ် စီစဉ်ထားတာ။ Sweet friday လို့ သူ ခေါ်တဲ့ ချစ်စရာ သောကြာနေ့လေးတွေမှာ သူ့ထံက Wedding Cake, Birthday Cake, New home party Cake, Anniversiary Cake အစရှိတဲ့ Wishing Cake မျိုးစုံကို မှာကြားသူတို့ လာပြီးမြည်းစမ်းနိုင်သည်။

အမှာတစ်ခုအတွက် လူနှစ်ဦး လာမြည်းနိုင်တဲ့အတွက် ဒီနေ့မျိုးမှာ သူ့ရဲ့သီးသန့်မုန့်မြည်းခန်းထဲ ပရိသတ်ပြည့်နေတတ်တာ။ သူ့ရဲ့မုန့်တို့ဟာ ဘယ်ဟိုတယ်ကမုန့်နဲ့မှမတူ၊



www.burmeseclassic.com

www.burmeseclassic.com



ဈေးနှုန်းလည်း မြင့်မားလှတာနဲ့ တန်အောင် အရသာလည်းရှိလွန်းတာမို့ ကိတ်မုန့်ချစ်သူတို့ဟာ အန်တီပဲင်စီနှင့် မကင်းနိုင်ကြပါ။

ကြိုတင်စီစဉ်ပြီးသားကို သူမို့ အကြိမ်ကြိမ် ရှေ့ရက်ဖျက်ရက်တာကို နာကျင်ပြီး ဒေါသစကားတောင် မထွက်နိုင်အောင် ဆွံ့အတိတ်ဆိတ်နေရတော့တာ။

"တီတီတီ ... တီတီ"

ဖုန်းမြည်သံနှင့်အတူ ဧည့်ခန်းတံခါးကိုဖွင့်ကာ ဖေဖေက တင့်ရှင်းရဲ့ဟဲန်းဒ်ဖုန်းကိုင်ပြီး ထွက်လာသည်။ တင့်ရှင်းက စိတ်ပျက်လက်ပျက်နှင့် လှမ်းကြည့်ရင်း ...

"ဖေဖေ ကိုင်ပေးပါနော်၊ မေးထားပေးပါ ဖေဖေ၊ Please"

"အေး ... အေး"

ဖေဖေက ဖုန်းကိုဖွင့်ရင်း ...

"ဟယ်လို"

"ဟယ်လို ... ဟုတ်ကဲ့ ... ဆရာမ တင့်ရှင်းသွင် ဖုန်းများလား ခင်ဗျာ"

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

"သူနဲ့ပြောလို့ ရမလားခင်ဗျာ"

"ရပါတယ်၊ သူ ဟိုဘက်မှာ ဖုန်းတစ်ခု ပြောနေလို့ပါ၊ ဘယ်သူဆက်တာလို့ ပြောရမလဲ"





"ကျွန်တော် ... လင်း ..."

"ဟယ်လို ... ဘယ်သူ ... လင်းဘယ်သူ"

"လင်းရွှေရ ခင်ဗျ"

"လင်း !! လင်း ... ဘယ်သူ"

"ဟိုလေ ... နာမည်ပြောရခက်ရင် ကောလာဟလသတင်းထွက်နေတဲ့သူလို့သာ ပြောလိုက်ပါ ခင်ဗျာ၊ ပြီးမှပြန်ဆက်ပါတော့မယ်"

ဖုန်းချသွား၍ တင့်ရှင်းရဲ့ဖေဖေက ဖုန်းကို ဇဝေဇဝါကြည့်ရင်း ဦးနှောက်ခြောက်သွားပုံ ရပါသည်။

တင့်ရှင်းက ခပ်ကြာကြာ ဆက်ကိုင်ထားမိသေးတဲ့ မြတ်သစ်လွင်ထံကဖုန်းကို နောက်ဆုံးတော့ ဘာမှဆက်မပြောချင်တော့ဘဲ နှုတ်ဆိတ်စွာပဲ ချပစ်လိုက်ပါသည်။

"ဆရာမ Recording ဝင်ရပါတော့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဖေဖေ သမီးဝင်ရတော့မယ်၊ ခုန ဘယ်သူတဲ့လဲဟင်"

ဖေဖေက တင့်ရှင်းလက်ထဲ ဖုန်းလှမ်းပေးရင်း ...

"ကောလာဟလ သတင်းထွက်နေတဲ့သူလို့ ပြောတာပဲ သမီးရဲ့၊ အဲဒါ ဘာတုန်း"

"ဟင် ... သူက အဲဒီအတိုင်း ပြောတာလား ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သူကတော့ နာမည်ပြောတာပဲ၊ လိုင်းကာသိပ်မကြည်တော့ ဖေဖေက ထပ်ခါ ထပ်ခါ မသဲမကွဲ ဖြစ်နေလို့ သူက ဒီလို ပြောသွားတာပါ၊ ဘာကောလာဟလလဲ သမီး၊ ယောကျ်ား တစ်ယောက်ပဲ၊ သမီးနဲ့ပတ်သက်ပြီး ဘာကောလာဟလ များ ရှိနေလို့လဲ"

"ဘာမှမဟုတ်ပါဘူး ဖေဖေ၊ နောက်မှပဲ ဖေဖေ့ကိုပြောပြ တော့မယ်"

"ကောင်းပြီ ... ကောင်းပြီ၊ သမီးလည်း ဝင်ရတော့မယ်၊ ဝင်လိုက်တော့၊ စိတ်ပူစရာ စိတ်ညစ်စရာ တစ်ခုခုရှိလား"

"မရှိပါဘူး ဖေဖေ"

"ဒါဆိုရင် ပြီးတာပဲ၊ ဖေဖေ နမူနာကတ်တွေ သမီးပိုက်ဆံ အိတ်ထဲ ထည့်ထားခဲ့တယ်၊ ဒါဆိုရင် ဖေဖေ ပြန်တော့မယ် လေ"

"ဟုတ်ကဲ့ ဖေဖေ"

"Good Luck ! "

ဖေဖေ လှည့်ထွက်သွားတာကို ခဏရပ်ကြည့်ရင်း တင့်ရှင်း သက်ပြင်းချမိသည်။ သမီးလည်းပဲ Good Luck ပဲ ဖြစ် ချင်တယ် ဖေဖေ။

* * *





## ၉

လက်ပတ်နာရီလေးကို တစ်ချက်ငုံ့ကြည့်ကာ ကား ဆီသို့ မှန်အစ်အစ်လေး လျှောက်လာခဲ့သော တင့်ရှင်းသည် ...

"ဆရာမ"

"အမေ့"

ကယောင်ကတမ်း ရေရွတ် နှုတ်ဖျပ်၍ ရင်ကလေးဖိ ကာ မော်ကြည့်မိသည်တွင် ...

"ဟင် ... ရှင်"

အတော်ကြီး ခပ်မော့မော့ ကြည့်လိုက်ရတဲ့ အရပ် ကြီးက သူ့ကို မိုးငုံ့ကြည့်နေတာ။ တင့်ရှင်းက မျက်နှာလေး တင်းလိုက်ရင်း ...

"ရှင် ဖေဖေ့ကို ဘာတွေ လျှောက်ပြောတာလဲ"

" ဗျာ ! ... ဖေဖေ ! "



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မဟုတ်လား၊ ကောလာဟလ ထွက်နေတဲ့သူလို့ ဖေဖေ့ကို ပြောတာ"

"ဩော် ... အဲဒါ ဆရာမ ဖေဖေလား"

သူ့အထွာအကျိုးင်းကြီးနှင့် တင့်ရှင်းကို ဆရာမ... ဆရာမ လုပ်နေတာဟာ မလိုက်ဖက်သလိုပင်။ တင့်ရှင်းက စိတ်ရှုပ်ရှုပ်နှင့် ...

"ရှင် ကျွန်မကို ဆရာမလို့ မခေါ်နဲ့၊ ခေါ်စရာမလိုပါဘူး၊ နာမည်ပဲ ခေါ်ပါ"

"မတင့်ရှင်းသွင်ပေါ့"

" 'မ' မထည့်လည်း ရတယ်၊ တော်တော်များများက တင့်ရှင်းပဲ ခေါ်ကြတယ်၊ ရှင်လည်း ခေါ်နိုင်တယ်၊ ကဲ ... ရှင့်လာရင်းကိစ္စက ဘာလဲ"

လင်းရွှေရက တင့်ရှင်းရဲ့ ချစ်ရာမျက်နှာလှလှလေးကိုကြည့်ရင်း၊ ရင်က တဒိတ်ဒိတ် စ,ခုန်လာသည်။ လာပြီ ဒီရင်က။ ခုမှပဲ အခုန်မြန်တတ်နေလိုက်တာ။ ညကလည်း တစ်ညလုံး။ အံ့သြဆန်းကျယ်စရာ အကြောင်းအကျယ်ကို နွေးသိမ့်လှိုက်ဖို ခုန်လှုပ်နေတော့တာ။

သူဟာ ရည်းစားတောင် ထားဖူးပြီး ရက်ပိုင်းကမှ တောင် ပြတ်ဖူးပြီးခဲ့တာပဲ။ အဲဒီတုန်းကလည်း ဒီလောက်ကြီး တလှိုက်တလှဲ ရင်မခုန်ဖူးခဲ့ပါလား။ ဒါကို သူပြောတော့ ဇော်လတ်၊





နေမျိုးနိုင်၊ ဝင်းမော်၊ သက်ထူးအောင် ရှိရှိသမျှ သူငယ်ချင်းအားလုံးက အားပေး အားမြှောက်။

"ဟော့ကောင် ... မင်း ခုပဲဘကမှ တကယ်ချစ်တာကွ၊ သိရိုနဲ့က ငါပြောသလို မင်းက အနားရောက်လာပြီး မင်းကို ကြင်နာတွယ်တာပြတဲ့သူကို အားနာပါးနာ လက်သင့်ခံရွေးချယ်လိုက်တာ၊ ခုဟာက တကယ့်အစစ်အမှန်။ စာရေးဆရာမ တင့်ရှင်းသွင်ဟာ လက်ထပ်တော့မှာလို့ သိသိနဲ့ကို မင်း ခံစားရတာ ရင်ခုန်ရတာဟာ အမှန်အကန်ကွ"

"ငါတို့လုပ်လိုက်တာ မိန်းကလေးတစ်ယောက်အပေါ် လွန်များသွားသလားလို့ ငါ အရမ်းလည်း စိတ်မကောင်းဘူးကွာ၊ သူ့ကို သနားလည်းသနား အားလည်းနာ"

"မင်းကြောင့် နစ်နာသွားတယ် ဂင်ရင် မင်း စောင့်ရှောက်လိုက်တော့ ဟော့ကောင်"

"ဟာကွာ။ သူလို နာမည်ကြီး အောင်မြင်နေတဲ့ သူတစ်ယောက်က ငါနဲ့တန်ပါ့မလားကွာ၊ သူမှန်းမယ့် အဆင့်လောက်က ငါလောက်တော့ မဖြစ်နိုင်ဘူး၊ ငါတို့ သတင်းဖြန့်ဖို့ဆိုပြီး သူ့အကြောင်းတွေ လိုက်စုံစမ်းတော့ သူနဲ့လက်ထပ်မယ့်သူက ကုမ္ပဏီလုပ်ငန်း လုပ်နေတာ သိခဲ့တာလေ၊ အရမ်းချမ်းသာတဲ့သူလေ"

www.burmeseclassic.com

"ဟောကောင် … မင်း ကြောက်ဆုတ်ဆုတ် လုပ်နေရင် ဒီသတင်းကို ဖြန့်တာ မင်းကိုယ်တိုင်ပါလို့ သူ့ကို ငါသွားတိုင်ပြောလိုက်မယ်"

"ဟောကောင် … ငါမှမဟုတ်တာ၊ မင်းတို့ပဲဟာ"

"မင်းလည်း ငြိမ်နေတာပဲ။ သဘောတူတာပဲလေ၊ အစကတော့ မင်းကိစ္စလေ"

"ဟောကောင် … မင်း အကျင့်ယုတ်ပြီနော်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ငါက တကယ်လုပ်မှာ၊ သူ့ကို မကျေမနပ်နဲ့ ခုလိုလုပ်ခဲ့မိပေမယ့်၊ ခုလို အပြင်မှာတွေ့ဆုံစကားပြောလိုက်ရတော့ သူက သဘောကျစရာကောင်းတယ်ကွ၊ ဣန္ဒြေလည်းရတယ်၊ ရိုးရိုးအေးအေးလေး၊ သိရှိန့်ဘာမှမဆိုင်ဘူး၊ ချစ်ဖို့ကောင်းတယ်"

"ငါလည်း သူ့ကို မြင်မြင်ချင်း စိတ်တအားလှုပ်ရှားပါတယ်၊ ဒါပေမဲ့ …"

"ဘာမှဒါပေမဲ့မနေနဲ့၊ မင်း လှုပ်ရှားမလား မလှုပ်ရှားဘူးလား"

"သူ့မှာ လက်ထပ်မယ့် ချစ်သူကြီးနဲ့"

"အဲဒါ ဘာဖြစ်လဲ၊ လက်မှမထပ်ရသေးတာ၊ ဒီအနေအထားလောက်က အချိန်မရွေး ပွဲပျက်နိုင်တာပဲကွ၊ မင်း… ကို ကြည့်ပါလား"





လင်းရွှေရ တစ်ညလုံး စဉ်းစားကြည့်ခဲ့ပါသည်။ အံ့သြစရာကောင်းအောင်ပင် သူ တင့်ရှင်းသွင်ကို မြင်မြင်ချင်း စွဲလမ်းမက်မောမိပြီကို ကိုယ့်ကိုယ်ကိုယ် တုန်လှုပ်အံ့အားသင့်စွာ သိရပါသည်။ ကဲ … အဲဒီတော့ …။

"ကျွန်တော် တစ်ခါဆက်သေးတယ်"

"ဘယ်တုန်းကလဲ"

"တင့်ရှင်းအဖေနဲ့ မပြောခင် တစ်ခေါက်ဆက်သေးတယ်၊ တင့်ရှင်းက ဖုန်းကိုဖွင့်ပြီး ကျွန်မ စတူဒီယိုလမ်းထိပ်ရောက်ပြီဆိုပြီး ဖုန်းချသွားတာ"

"ဟင် … အဲဒါ ရှင်လား"

"ဟုတ်ကဲ့"

"ကျွန်မက စတူဒီယိုက ထင်နေတာ"

"အဲဒါနဲ့ ကျွန်တော် ဒီကိုလိုက်လာနိုင်တာလေ၊ ချက်ချင်းပဲ ဒီနေ့ တင့်ရှင်းရဲ့ လေလှိုင်းမှာ ဖြေခိုင်းပါ အစီအစဉ်ရှိတာ သတိရပြီး ဒီမှာပဲ ဖြစ်မယ်ဆိုပြီး လိုက်လာလိုက်တာ"

"ဟင် … ဒီအစီအစဉ်ကို ရှင် သိတယ် !"

တင့်ရှင်းက နည်းနည်းလေး ရှက်သွားပါသည်။

"ဟုတ်ကဲ့ … သိတယ်"

"ဒါက စ,လွှင့်တာ ဘာမှတောင် မရှိသေးဘူး"

"စ,လွှင့်လွှင့်ချင်းပဲ ထင်တယ်၊ ကားထဲမှာ ရေဒီယိုဖွင့်လိုက်ရင်း မမျှော်လင့်ဘဲ ကြားလိုက်ရတာဗျ"


www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ဟိုလေ ... ဒီက အကူအညီတောင်းလို့ပါ၊ ကျွန်မလည်း ဆရာမကြီးတော့ မဟုတ်ပေမယ့် မဂ္ဂဇင်းမှာ ဒီလိုအမေးအဖြေကဏ္ဍလေး လုပ်မိလက်စရှိတာနဲ့"

တင့်ရှင်းက သူ့ရဲ့အက်ဖ်အမ်မ်အမေးအဖြေ အစီအစဉ်ကို နားထောင်လိုက်ရတယ်ဆိုတဲ့ သူတစ်ဦးနှင့် ပထမဆုံးအကြိမ် ကြုံတာမို့ ရှက်ပြုံးလေးနှင့် ရှုံ့မဲ့မဲ့လေး ဖြစ်နေရပါသည်။

"ကောင်းပါတယ်၊ ဆန်းသစ်ပါတယ်"

"အဟင်း ... မချီးကျူးပါနဲ့ရှင်၊ မျက်နှာပူလို့ပါ၊ ဒါနဲ့ ရှင် ဘာကိစ္စ ရှိတာလဲ"

လင်းရွှေရကမလှမ်းမကမ်းမှာ ရပ်ထားတဲ့ သူ့ကားထဲက ဖိုင်လ်ကို ညွှန်ပြရင်း ...

"မနေ့က တင့်ရှင်း မေ့ကျန်ခဲ့တဲ့ စာမူပါ"

"ဟယ် ... ဟုတ်သားပဲ၊ ကျွန်မ မနက်က တစ်ချက်သတိရပြီး မအားသေးတာနဲ့ ပြန်မေ့သွားတာရှင့်"

"သိန်းတွေချီနေမယ့် အဖိုးတန်ပစ္စည်းပေါ့"

"ကျေးဇူးတင်ပါတယ် ကို ... ဟို ..."

"အဟင်း ဟင်း ... ကျွန်တော့်နာမည် ဒီလောက်ခေါ်ရခက်မှန်း ခုမှပဲ သိတယ်ဗျာ၊ ရွှေရလို့ပဲ မှတ်ထားပေးပါ"

"ဟုတ်ကဲ့ ကိုရွှေရ၊ ကျေးဇူးအရမ်းတင်တယ်၊ မတော်တဆ ပျောက်သွားရင် စာမူရဲ့ငွေကြေးတန်ဖိုးထက် ကျွန်မပေး





ထားရတဲ့အချိန်၊ ကျွန်မ စိုက်ခဲ့ရတဲ့ ခွန်အား၊ ကျွန်မတွေးခဲ့ရတဲ့ စိတ်ကူးတွေ နှမြောစရာကောင်းတာပါ"

"ဒါဖြင့် ကျွန်တော့်ကို မုန့်ကျွေးသင့်တယ်လို့ မထင်ဘူးလား"

တင့်ရှင်းက လင်းရွှေရကို မျက်လွှာလေးပင့်ကပ်၍ တစ်ချက်ကြည့်လိုက်ရင်း ဦးနှောက်ထဲတော့ တဂျိန်းဂျိန်း စက်လည်သံတွေ မြည်မတတ် စဉ်းစားလိုက်ရလေသည်။ ကောင်းလား၊ မကောင်းဘူးလား။

"ဟို ... ဟိုလေ ကျွန်မက အခုသွားစရာလေး ရှိနေတာနဲ့၊ ဟိုလေ အန်တီပဲင်စီ ကိတ်ဆိုင် ..."

"ဟာ ... အန်တီပဲင်စီကိတ်ဆိုင်လား ! "

"ရှင်"

"ဟာ ... ကျွန်တော့် အရမ်းကြိုက်တာပေါ့၊ ဘာပွဲမှမရှိဘဲနဲ့ကို ခဏ ခဏ အော်ဒါသွားမှာစားနေကျ၊ ကျွန်တော်က ကိတ် ကြိုက်တယ်ဗျ၊ ငွေနှင်းမိုးတိမ်ဆိုရင် ဘယ်လောက်ကောင်းလဲဗျာနော်၊ သူ့ခရင်မ်အဖြူတွေက အိနှစ်ပြီး အရသာရှိတာ၊ ဟို ရေခဲတောင်ရော ! ခရင်မ်ထဲမှာ မဲင်ဿော်လ်အရသာပါတော့ လျှာပေါ်မှာ အေးသွားတာလေဗျာ၊ အမြဲစိမ်းကတော့ ကရင်ဆော်ဒါအရသာနဲ့ လုပ်တဲ့ဟာ၊ ပတ္တမြားပလ္လင်ဆိုတဲ့ ကိတ်ကော၊ စားဖူးလား၊ စထရော်ဘယ်ရီသီး



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတွေ မြှုပ်ပြီး ဂျမ်အပြည့်နဲ့ လုပ်ထားတာ၊ ဘလက်ခ်ဖောရက်စ် ရောပဲလေ၊ အဲဒါက ချောကလက်"

တင့်ရှင်းက ပါးစပ်လေး အဟသားနှင့် လင်းရွှေရကို ငေးမော အံ့သြနေပါသည်။ ဒါတွေဟာ တင့်ရှင်းအရမ်းကြိုက်တဲ့ ကိတ်တွေပဲလေ။ နာမည်တွေ ရေရွတ်ပြနေတဲ့သူဟာ အမျိုးစုံစားဖူးနေပုံထောက်တော့ တင့်ရှင်းလိုပင် အမြဲတမ်းဖောက်သည်ပဲပေါ့။ ဘာကြောင့် ခုလိုအကြိုက်ချင်း လာတူနေရပါသနည်း။

"ဆောရီးဗျာ တင့်ရှင်း၊ ကျွန်တော်က ကိုယ်ပြောချင်တာတွေ လျှောက်ပြောနေမိပြီ၊ ဟဲ ဟဲ"

"ဟိုလေ ... အမှန်က ကျွန်မက ဟို ... ကျွန်မရဲ့ဝယ်ဒင်ကိတ်မှာဖို့ရယ်၊ လက်မှတ်ထိုးတဲ့နေ့ လူသုံးဆယ်လောက်ကို မှာကျွေးဖို့ နမူနာရယ်၊ အဲဒါကို သွားမြည်းဖို့ အန်တီပဲင်စီက ဒီနေ့ ဖိတ်ထားတာပါ"

လင်းရွှေရ မျက်နှာက တစ်မျိုးလေး ပျက်သွားရကာ ...

"ဪ ... ဆောရီးပါဗျာ၊ ကျွန်တော်က တင့်ရှင်း မုန့်သွားစားမယ်မှတ်ပြီး ..."

"ဒီမှာ ကိုရွှေရ၊ အန်တီပဲင်စီက မုန့်မြည်းဖို့ နှစ်ယောက်ဖိတ်တာပါ၊ ရှင် လိုက်ခဲ့မယ်ဆိုရင် ဖြစ်ပါတယ်"

လင်းရွှေရ မျက်နှာက လင်းလက်လာပြီး ...





"ဟို ... တင့်ရှင်းရဲ့ ..."

"ကျွန်မ တစ်ယောက်တည်းပါ၊ အဖော်မပါဘူးရှင့်"

"ဒါဖြင့် ..."

"ကျွန်မလည်း ရှင်နဲ့ စကားပြောစရာလေးတွေ ရှိလိမ့်မယ်ထင်တယ်၊ ရှင် လိုက်ခဲ့လိုက်လေ၊ ဒီနေ့က အန်တီပဲင်စီရဲ့ Sweet friday လေ၊ သိတယ် မဟုတ်လား"

"စပါယ်ရှယ်နေ့ပေါ့ဗျာ"

"ရှင့်ကားနဲ့ နောက်က လိုက်ခဲ့ပေါ့"

"ကျွန်တော် တင့်ရှင်းကားနဲ့ လိုက်လို့ရမလား"

တင့်ရှင်းက နှစ်စက္ကန့်မျှသာ စဉ်းစားလိုက်ရင်း ...

"လိုက်ခဲ့လေ၊ စကားပြောရတာပေါ့"

ထို့နောက် တင့်ရှင်းသည် ကိုယ့်ရဲ့နံဘေးခုံမှာ လင်းရွှေရကိုတင်၍ အန်တီပဲင်စီ့ ကိတ်ဂါးဒင်းဆီ ကားမောင်းလာနေရင်း ကိုယ့်ကိုယ်ကိုယ် ထူးဆန်းအံ့သြနေပါသည်။ ဘယ်လိုစိတ်ကူးနဲ့များ ယောကျာ်းသူစိမ်းတစ်ယောက်နှင့် ကိုယ့်ဝယ်ဒင်ကိတ်ကိုမြည်းဖို့ အတူသွားနေမိပါလိမ့်။

ကားမောင်းရင်း ကိုယ့်နဖူးလေးကိုယ် ပွတ်သပ်တွေးတော အံ့သြနေမိကာ တစ်ချက် တစ်ချက်တွင် နံဘေးကလူကို မသိမသာ ခိုးကြည့်မိသည်။ ခေါင်းငုံ့ကာ ဘာတွေသဘောကျမှန်းမသိ တစိမ့်စိမ့်ပြုံးပြီး ပါလာသော သူ့ကြောင့် ကိုယ်ပါပြုံးမိမလို ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာရှင့်"

"ဗျာ"

လင်းရွှေရက ကိုယ့်အဖြစ်ကိုယ် မယုံနိုင်အောင် ထူးဆန်းအံ့သြနေတာပါ။ အလာတုန်းက ကိုယ့်ကားနဲ့ကိုယ်လေ။ ခုတော့ ကိုယ့်ကားက (...... စတူဒီယို)ခြံထဲ ရပ်လျက်သားကျန်ခဲ့ပြီး ကိုယ်ကတော့ တင့်ရှင်းသွင် ကားပေါ်မှာ အေးချင်းယှဉ်ထိုင်လျက်သား ပါလာနေတာ။ ဟား ဟား။ ကျေးဇူးပဲ ကံကြမ္မာရဲ့။

"ရှင်က ကျွန်မဖုန်းနံပါတ် ဘယ်ကရတာလဲ"

"ဒါလား ... ဟဲ ဟဲ"

လင်းရွှေရက မေးစေ့လေးကုတ်ရင်း ...

"ကျွန်တော်က ခင်ဗျားစာအုပ်ထုတ်ဝေတဲ့တိုက်ကို ဖုန်းလှမ်းဆက်မေးလိုက်တာ၊ စာအုပ်တိုက်ဖုန်းကတော့ ခင်ဗျားဝတ္ထုစာအုပ်မှာ ပါတယ်လေ။ ညက ကျွန်တော် တင့်ရှင်းရဲ့ ဝတ္ထုတစ်အုပ် သွားငှားဖတ်တာနဲ့ စာအုပ်တိုက်ဖုန်း သိလိုက်တာ"

"ကျွန်မပတ်ဘလစ်ရှာက ကျွန်မ ဖုန်းနံပါတ် လှမ်းမေးတဲ့သူတိုင်းကို ပြောပြလေ့မရှိပါဘူး"

"မေးနည်းလေးတော့ ရှိတာပေါ့"

"ဘယ်လိုများလဲရှင်"





"ကျွန်တော်က ရွှေရဗီဒီယိုထုတ်လုပ်ရေးကပါလို့ ဆရာမရဲ့ ဝတ္ထုတစ်အုပ် ဗီဒီယိုရိုက်ဖို့ ဆက်သွယ်ချင်လို့ပါဆိုတော့ ဖုန်းနံပါတ်ပေးတာပေါ့ဗျ"

တင့်ရှင်းက ပြုံးမဲ့မဲ့လေး ရယ်မောမိပါသည်။

"ရှင်က တော်တော်လည်တာပဲ"

"တင့်ရှင်း"

"ရှင်"

"တင့်ရှင်းအတွက် ကျွန်တော် စိတ်မကောင်းပါဘူးဗျာ"

"ဘာကိုလဲရှင့်"

"လက်ထပ်ခါနီးမှာ ခုလို မဟုတ်မဟတ် ကောလာဟလကြီး ထွက်လာတာကိုပါ"

"ဟုတ်ပါရဲ့ရှင်၊ တစ်ခါမှတောင် တွေးမကြည့်မိဖူးဘူး၊ တစ်ဦးဦးကပဲ ရည်ရွယ်ချက်နဲ့ လုပ်သလား၊ ဒါမှမဟုတ် ဘယ်သူကများ ဘယ်လို !၊ ကျွန်မအံ့သြတာက ရိုးရိုးသာမန် လူသိမများတဲ့ လူတစ်ယောက်ပေါ့နော်၊ အဲသလို လူတစ်ယောက်နဲ့ ကောလာဟလထွက်တယ်ဆိုတာ စဉ်းစားမရအောင် ထူးဆန်းတဲ့ကိစ္စရှင့်၊ ရှင့်နာမည်ကို ဘယ်သူက ဘယ်ကစဉ်းစားမိတာလဲ"

လင်းရွှေရက တင့်ရှင်းရဲ့ ချောမွေ့တဲ့ ပါးပြင်ကလေးရယ်၊ စကားပြောတိုင်း ဖွင့်ပိတ်လှုပ်ရှားနေတဲ့ နှုတ်ခမ်းဖူးဖူး



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ပြည့်ကလေးရယ်ကို ဘေးတိုက် ငဲ့ကြည့်နေမိရင်း ရင်တွေကတိုးကာ ပိုကာ ခုန်ပေါက်လာသည်။

"တင့်ရှင်းရဲ့ အမျိုးသားလည်း ဒီသတင်းကို သိပြီးပြီပေါ့"

"ဟုတ်ကဲ့"

"သူက ဘယ်လိုများ"

"သူက ကျွန်မကို ယုံကြည်ပါတယ်၊ သူတို့ဘက် ဆွေမျိုးအသိုင်းအဝိုင်းကို ကံကောင်းထောက်မစွာ ကျွန်မ လုံးဝဖြေရှင်းပြမနေရဘူး၊ စိတ်သဘောပြည့်ဝကြပါတယ်၊ တကယ်ကတော့ ကျွန်မ အမျိုးသား တစ်မျိုးထင်မှာတွေ ဘာတွေကြောင့် လုံးဝမဟုတ်ဘဲ ကျွန်မရဲ့တစ်ကိုယ်ရည်ဂုဏ်သိက္ခာပဲ ထိခိုက်ပွန်းပဲ့ရတာကို စိတ်မကောင်းတာပါ"

"ကျွန်တော် တင့်ရှင်းကို တောင်းပန်ပါတယ်"

"ရှင်က ဘာကြောင့် တောင်းပန်ရတာလဲ"

"ကျွန်တော်လို ဘာမဟုတ်တဲ့ အညတြလူတစ်ယောက်နဲ့ ခုလို သတင်း ..."

"ဘာမဟုတ်တဲ့လူတော့ မဟုတ်ပါဘူးရှင်၊ လူတိုင်းဟာ သူ့ဟာနဲ့သူတော့ တစ်စုံတစ်ယောက်ချည်းပါပဲ၊ ကျွန်မက မိန်းကလေးမို့ ပိုထိခိုက်တယ် နစ်နာတယ်ဆိုနိုင်ပေမယ့် ရှင်လည်း ဘာပဲဖြစ်ဖြစ် အလိုက်အလျောက်ထိခိုက်ရတာပါပဲလေ"





လင်းရွှေရက စိတ်မကောင်းစွာ နှုတ်ဆိတ်နေမိပါသည်။ ဒီကိစ္စကို လုံးဝမလုပ်ခဲ့မိရင် ဘယ်လောက်ကောင်းမလဲ။ ခုတော့ နောက်ကျသွားပြီ၊ လေထဲထွက်ကျ ပြန့်နှံ့သွားပြီးသော ကားလုံးတို့ကို တစ်လုံးချင်း ပြန်ကောက်သိမ်းဖို့ဆိုတာ မဖြစ်နိုင်။ ဒါပေမဲ့လည်း ခုလိုကိစ္စပေါ်ပေါက်ခဲ့ရတာမို့သာ သူနှင့်ဟာဒီ တင့်ရှင်းသွင်ဆိုတဲ့ မိန်းကလေး သိကျွမ်းပတ်သက်ရဖို့ဖြစ်လာတာ။

"တစ်ခုလောက် မေးလို့ရမလားဗျာ"

"ရပါတယ်ရှင့် မေးလေ"

"ပထမဆုံး တင့်ရှင်း အသံလွှင့်တဲ့နေ့ထင်တယ်၊ အဲဒီနေ့က အမျိုးသမီးတစ်ယောက်ကမေးတာ၊ ခုခေတ်မှာ အိမ်ထောင်ရေးတွေဟာ အဆင်မပြေမှု ကွာရှင်းပြတ်စဲမှုတွေ များလာတယ်ဆိုတာ"

"ဟုတ်ကဲ့ မှတ်မိတယ်"

"တင့်ရှင်းက ကမ္ဘာနဲ့ရာခိုင်နှုန်းနဲ့ချိပြီး ဖြေတဲ့အခါမှာ နောက်ဆုံးဆယ်စုနှစ်မှာ အိမ်ထောင်ရေး တစ်ရာမှာ လေးဆယ့်ခြောက်ကွဲကြတယ်လို့ ဖြေခဲ့တယ်"

"ဟုတ်ကဲ့၊ ကျွန်မ ရီးဒါးဒိုင်ဂျက်စ်မှာ ဖတ်ဖူးတာရှင့်"

"ဒါကို ဖတ်ထားသိထားတဲ့ တင့်ရှင်းက မကြာခင် အိမ်ထောင်ပြုတော့မယ်ဆိုတာ မျက်စိမှိတ်မိုက်မဲတာလား၊ သတ္တိကောင်းတာလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တင့်ရှင်းက လင်းရွှေရကို ပြုံး၍လှည့်ကြည့်ရင်း ...

"တစ်နေ့ သေကြမှာချည်းပဲဆိုပြီး ထမင်းမစားတဲ့သူရှိလို့လားရှင်"

"တင့်ရှင်းက စကားပြော သိပ်ကောင်းတာပဲ"

"မမြှောက်ပါနဲ့ရှင်၊ ကျွန်မက စာရေးသာကျွမ်းတာလို့ ကိုယ့်ကိုယ်ကိုယ်ထင်တယ်၊ စကားပြောရင် တစ်ခါတစ်ခါ လိုရင်းမရောက်ဘူး"

သူတို့ကား အန်တီပဲင်စီ့ ကိတ်ဂါးဒဲင်းထဲ ဝင်လာပါသည်။ ကားရပ်ကာ ကိတ်ဆိုင်ဘက်က မှန့်မြည်းတဲ့ခန်းမဆီ ဝင်လာခဲ့ကြပါသည်။ မှန့်တော့ဝယ်နေကျဖောက်သည်ဖြစ်ပေမယ့် အန်တီပဲင်စီနှင့် အရမ်းကြီးတော့ မရင်းနှီးလေရာ တင့်ရှင်းက ခန်းမထဲ ဟိုစားပွဲ ဒီစားပွဲကူးနေသော အန်တီပဲင်စီကို ...

"အန်တီ ... ဖုန်းဆက်ထားပါတယ်၊ ကျွန်မ တင့်ရှင်းသွင်ပါရှင်"

"သြော် ... လာ ... လာ သမီး၊ အမျိုးသားပါလာပြီကိုး၊ အလုပ်များတယ်ထင်တယ်နော်၊ ဒီနေ့တော့ အားလပ်ချိန်ရတယ်ထင်တယ်၊ လာပါ ... လာပါ"

"ဟာ ... ဒီ ... ဒီလိုမဟုတ်ပါဘူး အန်တီ"

တင့်ရှင်းက မျက်နှာလေး နီမြန်းသွားကာ ကမန်းကတန်းလေး ပြောလျှင် ...





"ကိစ္စမရှိဘူး သမီး၊ ကိစ္စမရှိဘူး၊ ဒီလိုပဲပေါ့၊ ထိုင် သားထိုင်"

"ဟိုလေ ..."

"ဘာမှ အားနာမနေနဲ့ သမီးရဲ့၊ အန်တီ့ကို ပြောပါဦး၊ ကိတ်က ဝယ်ဒင်ဒင်နာ့နေ့အတွက်က ဆိုက်ကြီးကြီးတစ်လုံးနော်၊ နောက် လက်မှတ်ထိုးမယ်ဆိုတဲ့နေ့က ..."

အန်တီပဲင်စီက သူ့ရဲ့မှတ်တမ်းစာအုပ်လေးကိုဖွင့်ကာ တင့်ရှင်းသွင် နာမည်ကို ရှာဖွေရင်း ...

"လှူသုံးဆယ်စာ မှာဦးမှာလည်းပါတယ်နော်"

"ဟုတ်ကဲ့"

"ထိုင်ပါသမီးရဲ့၊ Relax ပေါ့၊ ဒါမှ ကိတ်ကို အရသာခံနိုင်မှာ၊ ကဲ ... ဝယ်ဒင်ကိတ်အတွက်က ဘယ်လိုဖလေဗာမျိုး ကြိုက်လဲ၊ ဘယ်ဆိုက်ဇ်လောက်ခန့်မှန်းလဲ၊ အန်တီကတော့ အခု အရသာတွေပဲ အရင် Taste လုပ်ခိုင်းမယ်၊ ပုံစံကိုတော့ ဓာတ်ပုံမှာပြမယ်၊ ကဲ ... သတို့သားကလည်း အကြံပြုပါဦး"

လင်းရွှေရက တင့်ရှင်းကို အပြုံးနှင့်တစ်ချက်ကြည့်ကာ ...

"အန်တီ အခုတလော အန်တီ မြောက်ဥနဲ့လုပ်တာဆိုလား၊ ခရမ်းချောင်ကာလာနဲ့ အရသာတစ်မျိုး အသစ်ထွက်တယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အန်တီက ဒါကို ခရမ်းပြာကတ္တီပါလို့ နာမည်ပေးထားတယ်၊ ဟုတ်တယ် သား မြောက်ဥနဲ့လုပ်တာ၊ ရေခဲမုန့်လည်းထွက်တယ်၊ အဲဒါလေး အရင်မြည်းကြည့်မလား"

"ဟုတ်ကဲ့"

အန်တီပင်စီ လှည့်ထွက်သွားလျှင် တင့်ရှင်းက လင်းရွှေရကို မျက်ခုံးပင့်ကာ မျက်လုံးလေးပြူးပြီးကြည့်လိုက်ရင်း...

"ရှင် ဘာဖြစ်လို့ ချော်လဲရောထိုင် လုပ်နေတာလဲ"

"ကျွန်တော်တို့ ဒီက ပြန်သွားရင်ပြီးသွားပြီပဲ တင့်ရှင်းရယ်၊ တစ်ခါတလေတော့ ရှင်းပြနေရတာက ပိုရှုပ်တယ်၊ ဒါက ကျွန်မရဲ့သတိုးသားမဟုတ်ပါဘူး သတို့သားက ဘာကြောင့်ပါမလာဘဲ သူက ဘာကြောင့်ပါလာတယ်ဆိုတာမျိုး မလိုလားအပ်ဘဲ တအားရှင်းပြနေရင် ကိုယ်ကပဲ မရိုးသားသလိုလိုတောင် တစ်ခါတစ်ရံ ထင်ခံရတတ်သေးတာ တင့်ရှင်းရဲ့၊ ခေါင်းထဲက ထုတ်လိုက်ပါ"

သူပြောတာလည်း ဟုတ်တုတ်တုတ်ပင်။ သို့ပေမဲ့ တင့်ရှင်းစိတ်ထဲ ခိုးလိုးခုလုတော့ ဖြစ်ရပါသည်။ ဟိုဘက်စားပွဲ ဒီဘက်စားပွဲတွေမှာလည်း စုံတွဲတွေက များကာ စုံတွဲမဟုတ်သူဦးရေကနည်းသည်။ သံစားပွဲ သံကုလားထိုင် ဖြူဖြူလေးတွေဟာ ကနုတ်လေးတွေနှင့် ကျဉ်းကျဉ်းသေးသေးကလေးတွေ။ စားပွဲဖြူ





လေးပေါ်မှာ ကိတ်ပန်းကန်သေးသေးလေးနှစ်ခု ချနိုင်ရုံသာသာမျှသာ။ လက်တွေတောင် တင်ထားလို့မရပါ။

ဒီတော့ လူချင်းက အလွန်နီးကပ်နေသည်။ သူ့မျက်နှာကို ကြည့်၍ သူ့စကားကို နားထောင်နေရင်း သူ့ရဲ့အသားအရေ ကြည်လင်ချောမွတ်တာကို တင့်ရှင်း သတိပြုလိုက်မိပါသည်။ ရုပ်က ခပ်ဆိုးဆိုးဘက်ရောက်ရောက် မလှပေမယ့် အရေပြားကတော့ ကျန်းမာ လင်းလက်တောက်ပြောင်နေတာကြောင့် သူဟာထင်သလောက် အကြည့်ရမဆိုးပါ။

ဒါ့အပြင် သူ့မျက်နှာပေါ်တွင် နှစ်လိုဖွယ်ရာ တစ်စုံတစ်ရာရှိနေတာ သေချာသည်။ သူ့မျက်နှာဟာ အေးမြနေပါသည်။ အို ... ငါ ဘာတွေများ လျှောက်တွေးနေမိပါသလဲ။

"ဟိတ်"

အနားကစားပွဲတစ် ထွက်လာသောအသံကြောင့် တင့်ရှင်းရော လင်းရွှေရပါ လှည့်ကြည့်လိုက်မိပါသည်။ သားအမိပုံစံ မိန်းကလေးတစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ယောက်။

"ရွှေရမဟုတ်လား"

"အာ ... ဟုတ်ကဲ့"

"တစ်တန်းတည်းတက်ခဲ့တာ မှတ်မိလား"

လင်းရွှေရက မျက်ခုံးကြီးပင့်ကာ ...

"မိုးမိုးတို့အုပ်စုထဲက မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟိုးတစ်နေ့ကပဲ သက်ထူးအောင်နဲ့ မီးပွိုင့်မှာ တွေ့လိုက်တယ်၊ ဝပ်ရှော့စပ်ဖွင့်ထားကြတာဆို"

"ဟုတ်ကဲ့၊ ကျွန်တော် Card ပေးထားမယ်နော်၊ ကား ပျက်ရင် တစ်ခုခုလိုရင် သတိရပေါ့ ... အဟင်းဟင်း"

လင်းရွှေရက ဂျင်းဘောင်းဘီအိတ်ထဲက ဝေါလက် အပြားလေးထုတ်ယူကာ ကဒ်လေးတစ်ခု ထုတ်ယူပြီး ကျောင်းတုန်းက တစ်တန်းတည်းတက်ဖူးတဲ့ ရုပ်သာသိပြီး အမည်မသိ မိန်းကလေးကို ကမ်းပေးလိုက်ပါသည်။ မိန်းကလေးက လှမ်းယူရင်း ...

"ဝယ်ဒင်ကျ ဖိတ်ဦးလေ"

"အဟားဟား ..."

လင်းရွှေရက ခေါင်းမော့ရယ်လိုက်ရင်း ...

"ဖိတ်ရမှာပေါ့ဗျာ"

"တကယ်လာမှာ"

တင့်ရှင်းသည် လင်းရွှေရကို သက်ပြင်းနိုးရှိုက်ရင်း မျက်စောင်းကြီးရွယ်ထားမိပါသည်။ လင်းရွှေရက လေသံတိုးတိုးနှင့် ရယ်ဟဟလုပ်ကာ ...

"ဘာလဲဗျ"

"ရှင့်ကြောင့်တော့ ဒီအခန်းထဲကလူတွေ အထင်မှား အမြင်မှားဖြစ်ကုန်တော့မှာ"

"ဆောရီးဗျာ"

"ဘာဆောရီးလဲ ... ဟွန်း"





"ကျွန်တော် အလိုက်သင့်ပြောလိုက်တာတွေထဲမှာ တင့်ရှင်းက ကျွန်တော့်သတို့သမီးလို့ တစ်ခွန်းမှ မပြောမိပါဘူးဗျာ"

"ဒါပေမဲ့ ဒီအဓိပ္ပာယ်ပဲသက်ရောက်နေမှာရှင့်"

"ဒါဖြင့် ကျွန်တော် လှည့်ရှင်းပြလိုက်ရမလား"

"လုပ်မနေပါနဲ့တော့ရှင်"

လင်းရွှေရက ဟိုဟိုဒီဒီ ကြည့်လိုက်ရင်း ...

"တင့်ရှင်း ကော်ဖီယူမလား"

"ယူသောက်လို့ရတာလား"

"ရတာပေါ့၊ Cake တွေချည်း စားနေရင် အာခြောက်ပြီး နင်လာမှာပေါ့၊ ကော်ဖီ ဒါမှမဟုတ် လက်ဖက်ရည် ဒါမှ မဟုတ် ဂျူ့စ်တစ်ခုခုနဲ့သောက်ပါ၊ ဟိုစားပွဲမှာ ပြင်ထား တယ်လေ၊ အလကားသော ရတာဗျ၊ ကျွန်တော်က မကြာ ခဏလာမြည်းဖူးနေတာဆိုတော့ သိတယ်"

"ရှင်က ဒီမှာ အလကားနေရင်း လာလာမြည်းနေ ယ်ပေါ့ လေ"

"မြည်းပြီးတိုင်း Cake တစ်ခုခုတော့ မှာရတာပဲဟာ၊ ဒီတိုင်း ဆိုင်ကဝယ်မသွားဘဲ လာမြည်းပြီးမှ အော်ဒါလုပ်ခဲ့တာများ တယ်၊ အော်ဒါကိတ်ကလည်း စျေးပိုတယ်လေ၊ ရောင်းတန်း မဟုတ်တာအပြင် အမြည်းစားဖို့ပါ ,ပါတာနေမှာပေါ့၊ ကိတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့စားရင် နို့ပါတဲ့ကော်ဖီ လက်ဖက်ရည်က မလိုက်ဘူးဗျ၊ ကော်ဖီဆိုလည်း Black Coffee၊ တီးဆိုလည်း Pure Tea ပေါ့၊ အဲဒါနဲ့သောက်မှ ကိတ်ရဲ့အရသာမှန် ပေါ်လွင်တယ် ... တင့်ရှင်း ဘာသောက်မလဲ ကော်ဖီလား တီးလား"

သူပြောချင်တာတွေပြောပြီး သွားယူဖို့ထ,ရင်း မေးတာမို့ ...

"ကော်ဖီ"

တင့်ရှင်းက မှာလိုက်ရပါသည်။

လင်းရွှေရက ကော်ဖီကရား၊ ပန်းကန်၊ ဇန်းများထားတဲ့စားပွဲကို လျှောက်သွားရင်းက သူ့ကျောင်းနေဖက်မိန်းကလေးသားအမိထိုင်နေတဲ့ စားပွဲကိုလှည့်ကာ ...

"ကော်ဖီ ဝ၊ တီး ဘာယူခဲ့ပေးရမလဲ"

"ကျေးဇူးပဲ တီးနှစ်ခွက်ယူခဲ့ပေးနော်"

လင်းရွှေရသည် လင်ဗန်းနှစ်ချပ် ပန်းကန်နှစ်ခုစီနှင့် ပြင်ဆင်ထည့်ပြီး သယ်ယူလာကာ ဟိုစားပွဲမှာ ဇန်းတစ်ဇန်း အရင်ချလိုက်ရင်း ...

"အန်တီ သုံးဆောင်ပါခင်ဗျာ"

"အေး ... အေး ... ကျေးဇူးပဲ သား၊ သားကို လက်ထပ်ရမယ့် မိန်းကလေးတော့ ကံကောင်းတာပဲလို့ ခုပဲပြောနေတာ ... အဟင်းဟင်း"





"ဟား ဟား ... ဒီလိုပဲ ညာထားရတာပေါ့ အန်တီ"

တင့်ရှင်းသည် သူ့ကို မျက်စောင်းလှမ်းထိုးမိပါသည်။ ဘယ်လိုလူစားပါလိမ့်။ သူ့ကြည့်ရတာ ပေါ့ပါးရွှင်ပျပြီး လောကကြီးမှာ လူဖြစ်ရကျိုးကိုနပ်နေသည်။ စားပွဲကို ပြန်လျှောက်လာတဲ့ရုပ်ကြီးကလည်း 'ဒီကမ္ဘာမှာ ကျွန်တော် အပျော်ဆုံး' ဆိုတဲ့ ရုပ်ကြီးနှင့်။

"ဒီမှာ ရှင် လုပ်တာ ရှုပ်ကုန်တော့မယ်နော် ကိုရွှေရ"

"ဘာတွေလဲဗျ"

"သူများကမေးသမျှ ရှင် ရောချဖြေနေသမျှတွေက အဓိပ္ပာယ်တစ်ခုကို သက်ရောက်နေတယ်၊ ကျွန်မ စိတ်တောင်ရှုပ်လာပြီ၊ မြန်မြန်ပြန်ကြရရင်ကောင်းမယ်ထင်တယ်"

"ရောက်တုန်းမှာ ကောင်းကောင်းအရသာခံပြီး မြည်းပါ တင့်ရှင်းရဲ့၊ လောလောလောလော မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်လည်း ဘာမှ မပြောတော့ပါဘူး"

လင်းရွှေရက သူ့ရဲ့နဂိုဉာဉ်ဖြစ်သော ဗလွတ်ရွတ်တောက်ပြောတတ်တဲ့အကျင့်အတိုင်း တစ်ဖက်က တစ်ခုခုပြောလိုက်ရင် ဟာသဉာဏ်ရွှင်သောစကားတစ်ခွန်းက ပါးစပ်မှအလိုအလျောက် ပြန်ထွက်နေကျမို့ ခုလည်း အလိုက်သင့် ပြောဖြစ်နေတာပါ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပြီးတစ်ခု လာချလိုက်၊ ပြန်သိမ်းလိုက်နှင့် အမြည်းပေးနေတဲ့ တစ်လက်မခွဲပတ်လည် ကုဗတုံးအရွယ် ကိတ်မုန့်လေးတွေကို မြည်းနေရင်း ...

"ကျွန်တော်ကတော့ အရသာအသစ်ဖြစ်နေလို့လားမသိဘူး၊ မြောက်ဥနဲ့လုပ်ထားတဲ့ကိတ်ကို အကြိုက်ဆုံးပဲ၊ တကယ်လို့များ အဲဒီကိတ်ကိုမှာမယ်ဆိုရင် တင့်ရှင်းရဲ့ ဒင်နာမှာ ဝတ်စုံကိုလည်း ခရမ်းရောင်လေးရွေးလိုက်ပေါ့"

တင့်ရှင်းက လင်းရွှေရကို ဖျတ်ခနဲ တစ်ချက်ကြည့်မိသည်။ အင်း ... သူကမှ ကိတ်သာမက ဝတ်စုံအရောင်ကိုပါ စိတ်ဝင်တစားရှိနေသေး။ ကိုကတော့ အေးတိအေးစက်နိုင်တဲ့ဘဝမှာ တင့်ရှင်းကို လက်ထပ်ဝတ်စုံအရောင်နှင့်ပတ်သက်ပြီး ဘာတစ်ခွန်းမှ စကားမစပ်ဖူးပါ။ တကယ်တမ်းတွင် ဒီမင်္ဂလာပွဲကို ကိုအမေနှင့် အန်တီတွေကသာ ပိုပြီးစိတ်ဝင်တစားရှိကြတာပါ။

"ရွှေရရေ ပြန်ပြီနော်၊ ဖိတ်စာ ဘာကယ်ပို့လိုက်"

"ဖိတ်စာရိုက်ဖြစ်ရင်ပေါ့"

လွှတ်ခနဲ ပြန်နောက်လိုက်မိပြန်ပြီးမှ လင်းရွှေရက ပခုံးတစ်ချက်တွန့်ပြီး တင့်ရှင်းကို ကြည့်လိုက်ပါသည်။ တင့်ရှင်းကလည်း ဘာမှ ပြောမနေတော့ပါ။ မျက်စောင်းတစ်ချက်ထိုးပြီး မုန့်သာ ဆက်စားနေလိုက်ပါသည်။



BURMESE CLASSIC .com



"သူ့ကို ရုပ်တော့မှတ်မိတယ်၊ နာမည်မမှတ်မိဘူး၊ သူ့အဖေကလည်း လူသိများတဲ့လူတစ်ယောက်ယောက်ပဲဗျ၊ မေ့နေတယ်"

စကားရောဖွဲ့ရောလုပ်နေတဲ့ လင်းရွှေရစကားကို တင့်ရှင်းက နားထောင်ရုံထောင်နေခဲ့သည်။

* ❦ *



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

"သားက အပြင်သွားတယ် သမီးရဲ့၊ ထိုင်ပါဦးကွယ်"

တင့်ရှင်းသည် သူ့ရှေ့က ရည်မွန်ဖော်ရွေလှတဲ့ မိန်းမချောကြီးကိုကြည့်ရင်း ဒီအမေရဲ့ ဒီရုပ်ဒီရည်ကနေ ဟိုလို သားကြီးမျိုး မွေးထွက်ထားတာ အံ့များသြမိပေသည်။ သူ့အမေ လေးက ချောနေတဲ့ ငါးပေတစ်လက်မနှစ်လက်မ အရုပ်ပျပ်ပျပ် လေးနဲ့ အမျိုးသမီးကြီး။ သူက ဘီလူးကိုးစီး ကျားကိုးစီး ရုပ် ကြမ်းကြီးလေ။

"အန်တီ သမီး မထိုင်တော့ပါဘူး၊ သူက ဘယ်ကိုသွားတာလဲ ဟင်၊ သမီးလာမယ်ဆိုတာ မှန်းကြိုဆက်ထားပါတယ်"

"ဟုတ်လား၊ သမီး လာမယ်တော့ပြောသား၊ ဘယ်အချိန် တော့ သူ မပြောဘူး၊ ဒီအချိန်မှန်းမသိလို့များလား၊ လာ ပါကွယ် ထိုင်ပါဦး သမီးရယ်"





လင်းရွှေရဲ့အမေ ဒေါ်အေးမြသာသည် ကျက်သရေ တစ်မျိုးလေးနှင့် ချစ်စဖွယ်ကောင်းတဲ့ တင်းရှင်းသွင်ရဲ့ လက်ဖျား လေးကို ဖွတ်ဆွဲ၍ ဆက်တီတွေဆီ ထိုင်စေလေရာ တင့်ရှင်းသွင် မှာ ငြင်းချင်ရက်နှင့် လူကြီးအားနာ၍ တောင့်တောင့်လေးပါလာရ သည်။

"အန်တီ သူက သမီးလာရင် ဘာပေးလိုက်ပါလို့ မှာသွား လားဟင်"

"ဒီလိုတော့ မှာမသွားဘူး သမီးရဲ့"

ဒေါ်အေးမြသာက တင့်ရှင်းကို မျက်တောင်မခတ် တမ်း အကဲခတ်ကြည့်မဝရှိနေပါသည်။ ဟို သိရှိဆိုတဲ့ကောင်မ လေးတုန်းကတော့ စိတ်တွေရှုပ် နားတွေရှုပ် မျက်စိတွေရှုပ်လိုက် ရတာလေ။ သားဖြစ်သူက ဒီတုန်းက အတော်စိတ်ကျဉ်းကျပ်တာ သူလည်း အသိသား။ ဒီကနေ့ လင်းရွှေက ...

"မေမေ ဒီနေ့ အိမ်ကို သားအရမ်းချစ်တဲ့ကောင်မလေး လာလိမ့်မယ်"

ပြုံးပြုံးကြီးပြောတော့ ဒေါ်အေးမြသာက တအံ့တသြ နှင့် ...

"ဘယ်သူလဲ သားရဲ့"

"တင့်ရှင်းသွင်ဆိုတဲ့ စာရေးဆရာမလေး မေမေ"

"သိရှိ မဟုတ်တော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား … ဖော်လတ်စကားနဲ့ ပြောရရင် မမေရယ် သိရိက အလိုအလျောက်ရောက်လာလို့ သားက လက်ခံလိုက်မိတဲ့မိန်းကလေး၊ တင့်ရှင်းသွင်ဆိုတာက မရနိုင်မှန်းသိသိနဲ့တောင် ကိုယ့်စိတ်ကိုယ် မဆုံးမနိုင်ဘဲ ချစ်လိုက်မိတဲ့ မိန်းကလေးပေါ့ မမေ"

"ဘာဖြစ်လို့ မရနိုင်ရတာလဲ သားရယ်၊ နာမည်ကြီးမို့ပေါ့ဟုတ်လား၊ ငါ့သားကဖြင့် ပတ်သက်လိုက်ရင် ဟိုးကောင်းကင်ပေါ်ကဟာတွေချည်းပဲလားကွယ်"

"သူ့အဆင့်အတန်းတွေ ဘာတွေထက် သူ့မှာ သူ့ဟာနဲ့သူ ရှိပြီးနေလို့ပါ"

သူ့သားကြီးရဲ့ စိတ်မကောင်းတဲ့ရုပ်ကိုမြင်လျှင် မိခင်ဆိုတော့လည်း ငါ့သားခမျာ အချစ်ရေးကံမကောင်းပါလားရယ်လို့ ရင်ထုမနာဖြစ်ရပါသည်။

"သူက ဘာလာလုပ်မှာလဲ သား"

"သားဆီမှာ သူ့ပစ္စည်းတစ်ခုရောက်နေလို့ လာပြန်ယူမှာ၊ လာရင် မမေ ကောင်းကောင်းလေးဧည့်ခံပေးနော်၊ မမေကလည်း သူ့ကိုတွေ့ရင် သဘောကျလိမ့်မယ်၊ မမေ သဘောကျမယ့်ပုံစံလေး"

သားပြောတာ ဟုတ်သားပင်။ ဒေါ်အေးမြသာသည် တင့်ရှင်းရဲ့ ရှက်စနိုးလိုလို စနိုးစနောင့်ရုပ်ကလေးကို ချစ်ခင်သဘောကျမိကာ …





"သမီး ခဏပဲထိုင်၊ အန်တီ ကော်ဖီလေး မှန့်လေး"

"အို … အန်တီ နေပါစေ … နေပါစေ၊ သမီး ဘာမှမသောက်တော့ပါဘူး၊ သမီးက ဟိုဘက်ဝပ်ရှော့ပ်ကို ဝင်မေးတာ၊ အိမ်မှာဆိုလို့ ဒီဘက်ကူးလာတာပါ"

တင့်ရှင်းသည် ကျွန်းများများနှင့် ဖွဲ့စည်းထားကဲ့အေးမြပြောင်လက်နေတဲ့အိမ်တွင်းပိုင်းကို ငေးကြည့်ရင်းပြောရသည်။ သားအမိနှစ်ဦးတည်းနေတဲ့အိမ်ပီပီ အိမ်က ရှင်းလင်းနေသည်။

"သူ ပြန်လာဖို့ လိုသေးလားမသိဘူးနော် အန်တီ၊ ဒီနားပဲလား"

"ဘယ်လဲတောင်မသိဘူး၊ သမီးလာမှာတော့ သူ သိပါတယ်၊ အန်တီ့ကို ပြောထားတာပဲ၊ ဖုန်းဆက်ပေးရမလား သမီး"

"သမီးဘာသာ ဆက်ကြည့်ပါမယ် အန်တီ"

တင့်ရှင်းက ဖုန်းထုတ်ကာ ဆက်နေတုန်း ဒေါ်အေးမြသာက အိမ်ထဲ မြန်မြန်ပြေးဝင်၍ ကော်ဖီမုန့်တို့ပြင်လေသည်။

"ဟယ်လို … တင့်ရှင်းလား"

တင့်ရှင်းက ချက်ချင်းလိုထူးလိုက်တဲ့ ရယ်မြူးရွှင်ပျနေတဲ့ လင်းရွှေရအသံကိုကြားလျှင် …

"ရှင် ဘယ်ရောက်နေတာလဲ ကိုရွှေရ၊ ကျွန်မ ရှင့်အိမ်ရောက်နေပြီ"

"ဆောရီး … ဆောရီး တင့်ရှင်းရာ၊ ကျွန်တော် ဘောလုံးကွင်းရောက်နေလို့ပါ"


www.burmeseclassic.com

www.burmeseclassic.com

"ဘာရယ်ရှင့်"

ဒီတော့မှပဲ နောက်က အော်ဟစ်ဆူညံအားပေးသံတွေကိုပါ တင့်ရှင်း ကြားလိုက်ရပါတော့သည်။

"ကျွန်မ လာမယ်လို့ ပြောထားသားနဲ့"

"ဆောရီးပါ တင့်ရှင်းရာ၊ ကျွန်တော်လည်း ဒီနေ့ ကိုယ့်အာပေးတဲ့အသင်း ကန်တဲ့ပွဲမို့ပါ"

"အို ... ရှင် ဒီလိုပြောလို့ဘယ်ရမလဲ၊ တကယ်လို့ သွားစရာရှိရင်လည်း အိမ်မှာ မှာစရာရှိတာမှာ ပေးစရာရှိတာပေးသွားမှပေါ့ရှင့်"

"ဘာကိုပြောတာလဲ တင့်ရှင်း"

"ဟာ ... ကျွန်မ စာမူလေ စာမူ၊ ရှင့်အိမ်လာတာကိုက ဒီစာမူ ပြန်ယူဖို့လာတာပဲဟာ"

ဟိုတစ်နေ့ကလည်း ကိတ်မုန့်မြည်းပြီးအပြန် သူ့ကို စတူဒီယိုထိအောင်မဟုတ်ဘဲ စတူဒီယိုရှိရာလမ်းထိပ်ပဲ ချပေးခဲ့မိသည်။ သူကလည်း စကားတွေ တရစပ်ပြောလွန်း၍ မေ့သွားရတာပင်။ သူ့ကားကို စတူဒီယိုမှာ သူ ပြန်ယူရမှာဖြစ်ပေမယ့် ဒီမှာပဲ ချခဲ့တော့ တင့်ရှင်း ရပြီ ... ရပြီဆိုပြီး သူ ဆင်းသွားခဲ့တော့ တင့်ရှင်းကလည်း စာမူကြီး ပြန်ယူဖို့ကို ရုတ်တရက်မေ့သွားခဲ့ပါသည်။





မနေ့ကတစ်ရက် တင့်ရှင်း မအားသေး၍ ဒီနေ့ သူ့ကို ဖုန်းဆက်ချိန်းဆိုပြီးမှ 'အိမ်ကိုလာပို့ပေးမယ်'ဆိုတာကိုပါ ငြင်းလိုက်ပြီးမှ ကိုယ့်ဟာကိုယ်လာပြန်ယူတာ။ သူ့ အိမ်ကို ဝင်ဖူးထွက်ဖူးလာလည်ဖူးပြီး ရင်းနှီးမှုတွေ တိုးတက်ရင့်သန်ကုန်မှာစိုးလို့ပင်။

"ဟာ ... ဟုတ်သားပဲ၊ တင့်ရှင်း စာမူ"

"ရှင် မေ့စရာမဟုတ်တာကိုမေ့တာပဲ၊ တင့်ရှင်းက ဒီကိစ္စနဲ့ ပဲ ရှင့်ဆီလာစရာရှိတဲ့ဟာ၊ ရှင့်အမေဆီ ပေးခဲ့တာမဟုတ်ဘူး၊ ဒါဖြင့် အခု ဘယ်မှာထားခဲ့လဲပြောလေ၊ ရှင့်အမေ ရှာပေးမှာပေါ့"

တစ်ဖက်မှာ လင်းရွှေရက ပခုံးကို ကျုံ့ပြီး ပြုံးတုံ့တုံ့ လုပ်နေမိပါသည်။ ဒီလောက်အလွယ်တကူ ပြန်ပေးလိုက်ရင် သူနဲ့တင့်ရှင်း ကြားမှာ ထပ်မံတွေ့ဆုံစရာ ဘာကိစ္စများရှိဦးတော့မှာလဲ။

"အိမ်မှာမဟုတ်ဘူးဗျ"

"ဟင် ... ဘယ်မှာလဲ ရှင့်"

"ကျွန်တော့်ကားထဲမှာဗျ"

"ဟာ ... ရှင် ကျွန်မစာမူကြီးကို ကားပေါ်တင်ပြီး ရောက်လေရာအရပ် သယ်နေတာပေါ့လေ"

"ကားက ကိုယ်နဲ့မကွာပါနေတာဆိုပြီး အသင့်ထည့်ထားမိတာပါ တင့်ရှင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုရွှေရရဲ့ ဒီစာမူက ဒီရက်ပိုင်းတင်မှ ရေးလို့ပြီးသွားတာ၊ ကွန်ပျူတာတောင် စာမစီရသေးတဲ့ အသစ်ကြပ်ချွတ်၊ ဒီဟာပျောက်သွားရင် ကော်ပီပွားထားတာ လုံးဝရှိသေးတာမဟုတ်ဘူး၊ လုံးဝဆုံးရှုံးမှာ၊ ပျောက်လို့မဖြစ်ဘူးရှင့်"

"မပျောက်စေရပါဘူးဗျာ၊ စာမူတစ်ခုတန်ဖိုးကို ကျွန်တော်နားလည်ပါတယ် တင့်ရှင်းရဲ့"

"ကျွတ် ... သိပ်ခက်တာပဲရှင်၊ ရှင့်ဘော်လုံးပွဲက ဘယ်တော့ပြီးမလဲ"

"ခုမှ လေးနာရီနှစ်ဆယ်၊ ခုမှစ,တာလေ၊ မိနစ်နှစ်ဆယ်ပဲရှိသေးတယ်၊ ငါးနာရီလေးဆယ့်ငါးမှပြီးမယ်၊ လူပိတ်တာနဲ့ ကားပိတ်တာနဲ့ ခြောက်နာရီခွဲလောက်မှ အိမ်ပြန်ရောက်မယ်ဗျ"

စိတ်ရှုပ်တယ်။

တင့်ရှင်း မျက်နှာလေးက မှုန်နေရပါသည်။ ဘာလုပ်ရမှန်းကိုမသိတော့ပါ။ သို့ပေမဲ့ လက်လျှော့ပြီးလည်း ပြန်မသွားချင်။ ဒီစာမူတစ်ခု ပြန်ယူရမယ့်ကိစ္စနှင့်ပဲ လင်းရွှေရနှင့် တင့်ရှင်း အခေါက်ခေါက် ထပ်ဆုံစည်းမနေချင်တော့ပါ။

"ရှင်က အခု ဘယ်မှာလဲ"

"သုဝဏ္ဏကွင်းမှာ"



"ကျွန်မ အဲဒီကို အခုလာခဲ့မယ်"

"ဗျာ"

"ကျွန်မ သုဝဏ္ဏကွင်းကို လိုက်လာခဲ့မယ်"

"ဟိုလေ ... ကားက ဝင်းထဲမှာရပ်ထားတာဗျ၊ ပြီးတော့ ကားပါကင်နေရာကတစ်ဆင့် လက်မှတ်ဝယ်မှ အားကစားကွင်းဆီဝင်လို့ရမှာ"

"ရတယ်၊ ကျွန်မ လက်မှတ်ဝယ်ပြီး ဝင်လာမယ်၊ ရှင်သာ ကျွန်မတွေ့နိုင်မယ့်နေရာက စောင့်နေပါ"

တင့်ရှင်းက ဖုန်းပိတ်လိုက်ပါသည်။ ဒီဘက်လည်းလိုက်လျှင် လင်ဗန်းကြီးထဲမှာ ကော်ဖီပန်းကန်၊ ကိတ်ပန်းကန်၊ သစ်သီးပန်းကန် စုံလင်စွာနှင့် အသင့်ချရင်းစောင့်နေသော လင်းရွှေရအမေကို မြင်လိုက်ရပါသည်။

"သမီး စားသွားဦး၊ သမီး လာမယ်ဆိုလို့ ပန်းသစ်တော်သီးလေးလည်း အန်တီ အဆင်သင့်ခွဲထားတာ၊ ချိုချိုအေးအေးလေး စားဦး သမီး"

တင့်ရှင်းသည် ထိုအန်တီကို အားတွေနာကာ ထူးထူးထွေထွေ ပြောမနေတော့ဘဲ မုန့်စားကော်ဖီသောက်ရပါသည်။ ရိုသဘောကောင်းပုံရသော်လည်း ဟိုလူက ဘာတွေများ ပြောထားလို့ ဒီလောက်တောင်မှ အရိပ်တကြည့်ကြည့် ဖော်ရွေရတာလဲလို့လဲ စိတ်စနောင့်စနင်းဖြစ်နေရပါသည်။ ဘယ်လိုပင်ဖြစ်စေ လူကြီး

www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ယောက် စိတ်ကျေနပ်လောက်အောင်တော့ ပြုမူရကာ စကားစမြည် သုံးလေးငါးခွန်းလည်း ပြောပြီးမှပင် ...

"အန်တီ သမီး ကိုရွှေရဲဆီ လိုက်သွားလိုက်ပါဦးမယ်၊ သူက ဘောလုံးပွဲမှာလို့ပြောတယ်"

"သားဆီလိုက်သွားမလား၊ အေး ... သမီး လိုက်သွား ... လိုက်သွား"

အင်း ... သူ့သားဆီ လိုက်သွားမည်ဆိုတာကို အန်တီကြီးခမျာ ဘယ်လိုယူဆတယ်မသိဘဲ ဝမ်းသာအားရပျော်နေပြန်သည်။ တင့်ရှင်း နှုတ်ဆက်ထွက်လာတာကို လက်တပြပြနှင့် ကျန်ရစ်ရှာလေသည်။ စိတ်လိုက်မာန်ပါနှင့် သုဝဏ္ဏဘောလုံးကွင်းဆီ လိုက်လာတဲ့ တင့်ရှင်းသည် ဟိုကျတော့ ကားကို ဝင်းကြီးထဲဝင်ပါကင်ထိုး။ အားကစားကွင်းဂိတ်မှာ ရိုးရိုးတန်းလက်မှတ်တစ်စောင် ဝယ်လိုက်ပြီးအထဲကိုဝင်လာပြီးတဲ့အခါ ပွဲကြည့်စင်ပေါ်ထိ တက်သင့် မတက်သင့် အောက်က တမော့မော့ကြည့်ရင်း စဉ်းစားနေမိပါသည်။

အနီးအနားလှည့်ပတ်ရှာပေမယ့်လည်း လင်းရွှေရကို မတွေ့ဘူးလေ။ မြင်သာတဲ့နေရာ လာစောင့်နေပါဆိုတာ ထွက်စောင့်မနေဘူး။ တင့်ရှင်းက ပိုစိတ်တိုလာသည်။ ပွဲကြည့်စင်ပေါ် တက်တဲ့လှေကားထစ်ကြီးမှ တဖောင့်ဖောင့်နှင့် တက်လာပါသည်။ မြင်မြင်ကရာမှာ ယောကျ်ားတွေချည်းဖြစ်ကာ အော်သံဟစ်သံ ဆိုင်းသံဗုံသံတွေက ဆူညံနေသည်။





ကော်ရစ်ဒါကိုပတ်ကာ အပေါက်တစ်ခုမှဝင်လိုက်ပြီး ယောင်တိယောင်ချာ ဟိုကြည့်ဒီကြည့်နှင့် အုန်းအုန်းထ,နေတဲ့ လူအုပ်ထဲ ရှာဖွေနေတဲ့ တင့်ရှင်းကို လူတွေက ကွက်ကြည့် ကွက်ကြည့်။ ကစားနေတုန်း ပွဲအလယ်ကြီးကျမှ ဝင်လာတဲ့ တင့်ရှင်းကို ယောကျ်ားအထောင်အသောင်းတို့က အော်ရင်းဟစ်ရင်း အားပေးရင်းကပင် မျက်လုံးကျွတ်ကျမတတ် ကြည့်ကြလျက်။

အမျိုးသမီးတွေလည်းရှိပေမယ့် အတော်နည်းကာ ယောကျ်ားတွေသာ ကြီးကြီးရွယ်ရွယ် ငယ်ငယ်လတ်လတ် အရွယ်စုံဆိုက်စုံ ပုံစံစုံအဆင့်စုံ။ ကိုယ်မြင်နိုင်သလောက်နေရာထဲ လင်းရွှေရကို ရှာမတွေ့၍ ကော်ရစ်ဒါကိုပြန်ထွက်ကာ နောက်တစ်ပေါက်ဆီ ထပ်လျှောက်လာခဲ့ပြန်သည်။

အားပေးအော်ဟစ်သံတွေ ဝေဖန်ဆဲဆိုသံတွေ သိမ်းကျုံးဆူညံကာ ဘောလုံးပွဲမြင်ကွင်းကြီး ... စိတ်ဝင်စားဖို့ကောင်းသား။ သို့ပေမယ့် မိန်းကလေးတစ်ယောက်ထဲ ဝင်လာရတာမို့ ရှိုးတိုးရှန့်တန့်နိုင်စရာတော့ အကောင်းသားပင်။

"တင့်ရှင်း"

ဟော ...။

တင့်ရှင်းက ခေါင်းလေး ဟိုဟိုဒီဒီ လှည့်၍ရှာသည်။ သူ့ရဲ့အသံအောင်အောင်ကြီးပဲလေ။ ဒီအသံကို မှတ်ကိုမှတ်မိနေသည်



www.burmeseclassic.com

www.burmeseclassic.com

"တင့်ရှင်း ကျွန်တော် ဒီမှာ"

တင့်ရှင်းသည် မိုးတိုးမတ်တတ်ထကာ လက်ပြနေသည့် လင်းရွှေရကိုမြင်လေပြီ။ အောင်မယ် ... သူက လက်ယပ်ခေါ်နေချေသေး။ သူထိုင်နေတဲ့အဆင့်ထိ ကိုယ်က တက်သွားစရာလား။

"ရှင် ဆင်းလာခဲ့"

တင့်ရှင်းက လက်ညှိုးကလေးကိုပါ ကိုယ့်ဘက်ကို ကွေးကာကွေးကာ ခေါ်လိုက်ပါသည်။ ကြည့်စမ်း။ သူ့ဘေးက သူ့ဘော်ဒါတွေက သူ့ကို ဝိုင်းဆွဲထားကြတာကိုး။ သူက ဆင်းလာဖို့ပြင်လျှင် ဘေးက အတင်းဆွဲထားတာ ပိုသိသာလာသည်။ လင်းရွှေရက လက်နှစ်ဖက်ဆုပ်ကာ ဟိုဘက်လှည့်တောင်းပန် ဒီဘက်လှည့်တောင်းပန်လုပ်ပြီး သူ့အင်္ကျီဘောင်းဘီစတွေကို ဆွဲထားတဲ့လက်တွေကို ပုတ်ထုတ် ဖြုတ်ထုတ်ရင်း အပြေးဆင်းလာပါသည်။

"ဟော့ကောင် ရွှေရ ... ဟင်းနော်"

"ဟေ့... ဘာလုပ်တာလဲကွ၊ ဘာလုပ်တာလဲကွ"

"ဟေ့ ... ဟေ့ ... ဟေ့ ... ဟေ့"

သူ့သူငယ်ချင်းတို့က တစ်ယောက်တစ်သံ လောင်ကြပါသည်။

"တင့်ရှင်း"





"ရှင် ဘယ်လိုလုပ်တာလဲ၊ ထွက်စောင့်နေပါလို့ပြောထားတာကို"

တင့်ရှင်းက ခေါ်ပွပွနှင့် ရှေ့ကလှည့်ထွက်သွားနှင့်သည်။ လင်းရွှေရက နောက်ကပြေးလိုက်လာရင်း ...

"တင့်ရှင်း စိတ်မဆိုးပါနဲ့ဗျာ၊ သူတို့ဆွဲထားကြတာ တင့်ရှင်းလည်း အတွေ့ပဲလေဗျာ၊ ကျွန်တော် ထွက်စောင့်မလို့ပါပဲ"

"ရှင့်သူငယ်ချင်းတွေက ဘာဖြစ်နေတာလဲ၊ နောက်စရာဘာအကြောင်းရှိလဲ"

"သူတို့က ပျော်တတ်လို့ပါဗျာ၊ ပြီးတော့ သူတို့ တင့်ရှင်းကို ခင်ကြလို့ပါ"

"ဘာဖြစ်လို့ခင်ရမှာလဲ၊ သူတို့နဲ့ ဘယ်တုန်းက ရင်းနှီးလို့လဲ"

"တင့်ရှင်းက မခင်ပေမယ့်ဂ သိ့ သူတို့ကတော့ တင့်ရှင်း စာဖတ်ပရိသတ်တွေကိုး ဗျ၊ ကိုယ်နှစ်သက်တဲ့ စာရေးဆရာမကို တစ်ဖက်သတ် ခင်ကြတာပေါ့"

တင့်ရှင်း ဘာပြန်ပြောရမယ်မသိဖြစ်ရသည်။

"အခု ကျန်ခဲ့တဲ့စာမူကိုတောင် သူတို့က ဖတ်ချင်လှပြီ၊ ကျွန်တော်က ကြေမွကုန်မှာ ပျောက်ကုန်မှာစိုးလို့ ပေးမဖတ်လို့သာ"

"တော်သေးတာပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ကျွန်တော်တော့ ဖတ်ပြီးပြီ"

"ဟာ ... ရှင်က ဘာဖြစ်လို့ ဖတ်ရတာလဲ"

"ဒေါ် တစ်နေ့တော့ ပရိသတ်ဖတ်ဖို့ပဲ ထုတ်ဝေမှာပဲလေ၊ ဟုတ်ဘူးလား တင့်ရှင်းရဲ့"

"ဒါပေမဲ့ စာအုပ်မဖြစ်သေးဘူး စာမူပဲရှိသေးတာ၊ ကျွန်မ ဖတ်ခွင့်မပြုဘဲ ဘယ်ဖတ်သင့်မလဲ၊ ကျွန်မအတွက် နစ်နာနိုင်တာပေါ့"

"ဗျာ ... ဘယ်လိုနစ်နာနိုင်လို့လဲ"

"ခုနေ ရှင်က ဒီဇာတ်လမ်းကို ခိုးရေးပြီးထုတ်လိုက်ရင် သွားပြီပေါ့"

"ခင်ဗျာ !... ကျွန်တော်က !... ဟား ဟား ဟား"

တင့်ရှင်းက တမင်တကာပင် ကလေးလို လက်လွှတ်စပယ်ပြောချပစ်လိုက်ပြီး မျက်စောင်းတစ်ချက်ပါ ပိတ်ထိုးကာ ကျွေနပ်သွားပါသည်။

နှစ်ယောက်သား ဂိတ်မှာ လက်မှတ်ပြကာ ခဏထွက်ဖို့ပြောထွက်လာခဲ့ပြီး ကားရပ်နားရာနေရာမှ လင်းရွှေရရဲ့ကားဆီ ရောက်လာပါသည်။ လင်းရွှေရက အစကတည်းက ဒီကိုပါမလာခဲ့ဘဲ ပါခဲ့တယ်လို့ ညာပြောထားတဲ့ စာမူကို ကားထဲမှာ ချွေးပျံအောင်သဏ္ဌာန်လုပ် သရုပ်တူ ရှာလိုက်ပါသေးသည်။





တင့်ရှင်းက မျက်လုံးလေးဝိုင်းကာ ...

"ဟင် ... မတွေ့တော့ဘူးလား"

"မတွေ့ဘူးဗျ"

"ဟာ ... လူများခိုးသွားပြီလားရှင်"

"ကားက သော့လည်းဖွင့်မနေပါဘူးဗျာ၊ တံခါးဖွင့်ပြီးရင်လည်း ဟောဒီက ထီးတို့ ဒက်ရှ် ဘုတ်အံဆွဲထဲက ဒီပိုက်ဆံငါးသောင်းအုပ်တို့ကို ယူမှာပေါ့၊ စာရွက်ထပ်ကြီးပဲပါတဲ့ ဖိုင်လ်ကို ဘယ်သူက ဘာတန်ဖိုးသိပြီး ယူသွားပါ့မလဲ၊ ကျွန်တော် အိမ်မှာပဲ ကျန်ခဲ့တာပါ"

"ရှင် ခုနပြောတော့ ကားပေါ်ပါတယ်ဆို အိမ်မှာမဟုတ်ဘူးဆို"

"ကျွန်တော် ကားပေါ်ယူခဲ့ပြီးမှ ဘောလုံးကွင်းမှာ အပြင်ဘက်ကားရပ်ရမှာ သတိရလို့ ဗီရိုထဲပြန်သိမ်းခဲ့တာဗျ"

တင့်ရှင်းက လင်းရွှေရကို စိတ်မရှည်နိုင်သလိုကြည့်ကာ ...

"ရှင်ပဲ အမျိုးမျိုးပြောနေတာပဲ၊ ဒီမှာ ကျွန်မစာမူ ရှိရောရှိသေးရဲ့လား"

"မရှိဘဲ ကျွန်တော်က ဘာလုပ်ပစ်ရမှာမို့လဲ"

"ဘယ်သိမလဲရှင့်၊ ရှင့်ဆီမတော်တဆ ကျန်ရစ်ခဲ့တဲ့စာမူက ရက်ပေါင်းအတော်ကြာတဲ့အထိ ပြန်ကိုမရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အမိပွာယ်မရှိတာ၊ ရှင် ဘာအကြံနဲ့ ခုလိုလုပ်နေတာလဲဟင် ကိုရွှေရ၊ မရိုးသားဘူးထင်တယ်နော်၊ ရှင် တစ်ခုခုကြောင့် ယူထားတာလား"

လင်းရွှေရက ခေါင်းငုံ့ချလိုက်ပါသည်။ ထိုအမူအရာကို တင့်ရှင်းက အံ့အားတသင့်ဖြစ်ရကာ ...

"ဟင် !... ဟုတ်တယ်မှလား၊ ရှင် တစ်ခုခုကြောင့် တမင်ပြန်မပေးတာလား"

လင်းရွှေရ ခေါင်းပြန်အမော့ တင့်ရှင်းနှင့် မျက်ဝန်းချင်း စိုက်စိုက်ကြီးဆုံတွေ့သွားရပါသည်။ ဘုရားရေ ...။ သူ့မျက်ဝန်းများ။ ဘယ်လိုမျှော်လင့်မှုတ်သိပ်မှုမျိုးတွေနဲ့များ ကြည့်လိုက်တာလဲ။ တင့်ရှင်း ရင်ထဲ သူ့အကြည့်ကြောင့် တလှပ်လှပ် ရှိန်းဖြာသွားရပါသည်။

"တင့်ရှင်း"

"......"

"တင့်ရှင်း ... ကျွန်တော်လေ ..."

"......"

"ကျွန်တော် ဒီစာမူကို ပြန်ပေးလိုက်ပြီးရင် တင့်ရှင်းနဲ့ နောက်ထပ် ထပ်တွေ့စရာအကြောင်းမရှိတော့မှာ စိုးရိမ်နေတာပါ"

"ရှင် ..."





တင့်ရှင်းရင်ထဲတွင် ဝုန်းခနဲ တစ်စုံတစ်ရာ ပြိုဆင်းသွားသလို ဖရိုဖရဲ ယောက်ယက်ခတ်ရှုပ်ထွေးသွားရပြီး မျက်နှာကလေးပါ နီမြန်းသွေးရောင်လျှမ်းလာရပါသည်။ ကိုယ့်ခံစားချက်ကြောင့် ကိုယ့်ဘာသာပင် ရှက်စနိုး ကယောင်ကတန်းဖြစ်ကာ ...

"ရှင် ... ရှင်နော်၊ မသိဘူး ... မသိဘူး၊ ကျွန်မစာမူကို သုံးရက်အတွင်း ရှင် ပြန်ပေးရင်ပေး၊ မပေးရင် ..."

"မပေးရင် !..."

"ဟွန်း ... ရှင်တော့လား၊ တောက်"

ဘာပြောရမှန်းမသိ လျှောချကာ တင့်ရှင်းက သူ့နားမှ ချာခနဲ အပြေးတစ်ပိုင်း လှည့်ထွက်လာခဲ့ပါသည်။

* ❦ *



www.burmeseclassic.com

www.burmeseclassic.com

## ၁၁

တစ်ခါတစ်ရံတော့လည်း တင့်ရှင်းသည် မြတ်သစ်လွင်ကို ...

"ကို ခုလို ဒီအိမ်ခန်းကို အသေးစိတ်ဂရုစိုက်ပြင်နေတာ တင့်ရှင်းတို့ အိမ်ထောင်ဦးနေကြမယ့် အိမ်မို့လို့လား၊ ကို ကိုယ်တိုင်က အင်တီးရီးယားဒက်ကရေးရှင်းကို ဝါသနာပါလို့လား"

အဲသလို ပွင့်ပွင့်လင်းလင်း ဖွင့်မေးချလိုက်ချင်သားပင်။ မင်္ဂလာပွဲကိစ္စကို သူ့အဒေါ်တွေနှင့် အမေကိုသာ လွှဲထားနေတဲ့ မြတ်သစ်လွင်ဟာ ဒီအိမ်ခန်းကို ပြင်ဆင်ဖို့တော့ အသည်းအသန် စိတ်ဝင်စားနေတာကြောင့် ဖြစ်ပါသည်။

ဒီနေ့မှာလည်းပဲ အဲဒီကွန်ဒိုတိုက်ခန်းရှိရာသို့ မြတ်သစ်လွင်ကခေါ်တာမို့ တင့်ရှင်း ရောက်ခဲ့ရပါသည်။ တကယ်တော့





ကိုယ်ကခေါ်တဲ့ အချို့သောကိစ္စတွေကို ပျက်ကွက်တဲ့ မြတ်သစ်လွင်ကြောင့် ကိုယ်ကလည်းပဲ သူခေါ်တဲ့အချို့ကိစ္စတွေကို ငြင်းချင်သားပင်။ ဒါပေမဲ့လည်း ကိုယ်နဲ့ပတ်သက်တဲ့ ကောလဟာလတစ်ခု ထွက်ပေါ်လာတာကို ကိုယ့်အပေါ် မယုံသင်္ကာနည်းနည်းမှမရှိဘဲ ယုံကြည်ရပ်တည်ပေးခဲ့တဲ့ ကို့အပေါ် ပြေလည်သမှုရှေ့ရှု၍ တင့်ရှင်းက အရောက်လာဖြစ်ခဲ့တာပါ။

တင့်ရှင်း ရောက်သွားတော့ မီးဖိုထဲက နံရံကပ်ဗီရိုတချို့အတွက် လက်သမားအဖွဲ့နှင့် ဆေးအဖွဲ့က လူတချို့ ရှိနေကြပါသည်။

"မဟုတ်ဘူး ကျွန်တော်ပြောတာ ဒီအရောင်ကိုမဟုတ်ဘူး"

အခန်းထဲဝင်ဝင်ချင်း မြတ်သစ်လွင်ရဲ့ မကျေမနပ်အသံကို စကြားရတာပင်။ တင့်ရှင်းက မြတ်သစ်လွင်နှင့် ဆေးအဖွဲ့ကလူကို အနားထိမသွားဘဲ ခပ်လှမ်းလှမ်းကသာ ရပ်ကြည့်နေလိုက်သည်။

"ဆရာ ... ဆရာပြောတာ အဖြူပဲလေ"

"အဖြူမှန်တယ်၊ ဒါပေမဲ့ ကျွန်တော်ပြောတာ နွားနို့ဖြူ၊ ကျွန်တော်လိုချင်တဲ့အရောင်က နွားနို့ဖြူဗျ"

တင့်ရှင်းက ကို့ကို လှမ်းကြည့်နေပါသည်။ တစ်ခါတစ်ရံတွင်တော့ ကိုဟာ ဘာမဟုတ်တာကို ဇီဇာကြောင်တတ်သားပင်။ ကြုံတွေ့ခဲ့ဖူးသမျှ အဖြစ်အပျက်တချို့ကြောင့် ကိုဟာ



www.burmeseclassic.com

www.burmeseclassic.com



တချို့သောကိစ္စတွေမှာ မလိုလားအပ်ဘဲ မိမိစိတ်ကိုမိမိ ပင်ပန်းဖိစီးအောင် ညှဉ်းပန်းတတ်တဲ့သူလို့ သတ်မှတ်ထားတာကြာပါပြီ။

“ဆေးထဲမှာတော့ နွားနို့ဖြူလို့ပြောလို့မရဘူး ဆရာ၊ နံပါတ်နဲ့လာတာတွေမို့လို့ ဆရာ့ကို ကျွန်တော် အဖြူကာလာတွေ လေးငါးခြောက်မျိုးပြခဲ့ပါတယ်၊ ဆရာပြောတဲ့ နံပါတ်ကိုပဲ ကျွန်တော် ...”

“ကျွန်တော် ခင်ဗျားကို ဘယ်တုန်းကမှ ဘာနံပါတ်မှ မပြောဘူး၊ ဒီအရောင်တွေရဲ့နံပါတ်တွေလည်း ကျွန်တော် လုံးဝမသိဘူး၊ ကျွန်တော့်ကို ခင်ဗျားပြတဲ့အရောင်တွေထဲက နွားနို့လိုအဖြူမျိုးကိုပဲ ကျွန်တော် ရွေးပေးလိုက်တာ”

“ဟုတ်ပါတယ်၊ ဆရာ ရွေးပေးလိုက်တဲ့ အဖြူရဲ့နံပါတ်ကိုပဲ ကျွန်တော် ...”

“ခင်ဗျား ဘာဖြစ်လို့နံပါတ် ... နံပါတ်ဆိုတာကို စကားထဲထည့်ပြောနေတာလဲ၊ ကျွန်တော့်အိမ်နံရံကို ကျွန်တော် နံပါတ်တွေသုတ်ထားတာ မဟုတ်ဘူး၊ အရောင်သုတ်တာ၊ အရောင်ကိုပဲ ရွေးချယ်တာ၊ သူ့ဟာသူ ဘာနံပါတ်မကလို့ ဘာကြီးဖြစ်နေနေ ကျွန်တော့်လိုချင်တဲ့ အရောင်ကိုပဲ ကျွန်တော် သုံးမယ်”

ဆေးသမားက သက်ပြင်းတစ်ချက်ချလိုက်ပါသည်။ တင့်ရှင်းက အနီးဆုံးက နံရံနှစ်ဖက်ကို မျက်လုံးလေးရွှေ့ရှုံ့ပြီး





ကြည့်လိုက်သည်။ အင်း ... အဖြူပေါ့။ ကိုပြောတဲ့ နွားနို့ဖြူဆိုတာ ဟုတ်သလားမဟုတ်သလားဆိုတာတော့ ပြောရခက်သည်။ နွားနို့ဆိုတာက အရည်အသွင်ဖြင့်နေပြီး ဒီနံရံဆေးကတော့ နံရံအမာပေါ်ကပ်နေတဲ့အတွက် အစိုင်အခဲပုံသဏ္ဍာန်ဖြစ်နေ၍ တင့်ရှင်း မဝေခွဲတတ် မနှိုင်းယှဉ်တတ်။

“ဒါ ဆရာပြောတဲ့ အရောင်ပါပဲ”

“ကျွန်တော် ပြောတာ နွားနို့ဖြူ ကျွန်တော် ပြောပြီးပြီလေ”

“ဒါ နွားနို့ဖြူပါပဲ ဆရာ”

တင့်ရှင်းသည် ဆေးသမားကိုလည်းအားနာ ကိုကိုလည်း သနားကာ ဘယ်သူ့မျက်နှာမှ သိပ်စေ့စေ့မကြည့်ရဲဘဲ မျက်နှာခပ်လွှဲလွှဲနေမိသည်။

“ဒါ နွားနို့ဖြူမဟုတ်ဘူး၊ ဒါ အဖြူပျက်”

“......”

“ခင်ဗျား ဆေးသမားလုပ်နေပြီး အဖြူရောင်ကို ကောင်းကောင်းမခွဲခြားတတ်ဘူးလား၊ အဖြူမှာ အဖြူလင်း၊ အဖြူမှိန်၊ အဖြူနု၊ အဖြူရင့်၊ အဖြူနောက်၊ အဖြူပျက် အများကြီးရှိတယ်”

တင့်ရှင်းက မျက်နှာကို ကြမ်းပြင်ဆီသို့ စိုက်ချထားမိသည်။ ဆေးသမားများ စိတ်ထဲက ရယ်ချင်နေသလားလို့လည်း



www.burmeseclassic.com

www.burmeseclassic.com



သံသယဝင်နေမိသည်။ ကို့ရဲ့ တိကျလွန်းပုံကိုလည်း ရှက်ယောင်ယောင်ဖြစ်မိပါသည်။

"ဒါ အဖြူပျက်၊ အဖြူပျက်က ကျွန်တော်ပြောတဲ့ နွားနို့ဖြူထက်ပိုပြီး ဖွယ်တယ်"

တင့်ရှင်းက ကို ခွဲခြမ်းစိတ်ဖြာသွားသည့် အဖြူတွေကို ပြန်ရွတ်ကြည့်နေမိသည်။ အဖြူလင်း၊ အဖြူမှိန်။ ဟုတ်သလိုပင်။ တချို့အဖြူတွေက လင်းနေပြီး တချို့အဖြူတွေက မလင်းဘဲ မှိန်နေတတ်တာတွေ့ဖူးသည်။ အဖြူနု အဖြူရင့်။ အဲဒါကျတော့ ဘာပါလိမ့်။ အဖြူနောက်ကရော။ အဖြူပျက်ကတော့ အဖြူသိပ်မပီသဘူးလို့ဆိုလိုတာ ဖြစ်နိုင်သည်။

"အဖြူပျက်က အဖြူထဲမှာ အဖြူလို့ထင်ရပြီး အဖြူမဟုတ်တဲ့အရောင်ပါတယ်"

ဆေးသမားက သူ့ကက်ပ်ဦးထုပ်ကိုချွတ်ပြီး နဖူးကချွေးတွေကို ဆံပင်ဘက် ပင့်တင်သပ်ကာသုတ်ပစ်လိုက်ပြီးမှ ကက်ပ်ဦးထုပ်ကို ပြန်ဆောင်းလိုက်ပါသည်။ ဘာပဲဖြစ်ဖြစ်တော့ သူဟာ ကို ငှားထားတဲ့ အလုပ်သမားဖြစ်၍ ကို့ကို ပြန်၍ စောဒကတက်ချင်ရင်တောင်မှ မတက်သာပါ။

တင့်ရှင်းက လူမရှိတဲ့ ဝရန်ဘက်ဆီထွက်လာခဲ့ပါသည်။ တင့်ရှင်းရပ်လိုက်တဲ့အထပ်မြင့် ဝရန်တာဆီမှ ခပ်လှမ်းလှမ်း မျှော်ကြည့်လိုက်ရာ မမျှော်လင့်ဘဲ အားကစားကွင်းတစ်ခု





ကို တွေ့နေရပါသည်။ ဒါ သုဝဏ္ဏအားကစားကွင်းကြီးပဲ။ တင့်ရှင်းသည် ဘောလုံးပွဲရှိရာ လိုက်ချသွားခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်ရော ပွဲကြည့်စင်ပေါ်ကဆင်းလာတဲ့ လင်းရွှေရကိုရော ပြန်တွေးကြည့်မိကာ မသိမသာလေး ပြုံးမိသွားသည်။

လူရုပ်ပဲ။ သူကများ လူကို ရိသဲ့သဲ့လိုလိုနဲ့။ နောက်ထပ်ပတ်သက်စရာမရှိတော့မှာ စိုးရိမ်လို့ဆိုပဲ။ မှန်းစရာကြီး။ ဒါပေမဲ့ ဒါဟာ သူ တမင်တကာ အသားယူ အခွင့်အရေးယူပြီး ရိသဲ့သဲ့လုပ်တာတော့ ဟုတ်ပုံမရဘူးလို့ တင့်ရှင်း ယုံကြည်နေပါသည်။ သူ့မျက်လုံးများက တရိုက်မက်မက် တောင့်တင့်လင့်နေတဲ့ ခံစားချက်နဲ့။

မျက်လုံးတွေဆိုတာ ညာလို့မရဘူး မဟုတ်လား။ တကယ်တော့ ဒီလောက်ခံစားချက်တွေ ပျော်ဝင်ရီလဲ့နေတဲ့ မျက်လုံးအကြည့်မျိုး ကို့ထံမှာပင် တစ်ကြိမ်မှ မမြင်ဖူးခဲ့ရသေးတာပါလား။ တစ်နှစ်ကျော် ရင်းနှီးပြီးသော ကို့ထံမှာ မမြင်ဖူးတဲ့ မျက်ဝန်းမျိုးကို ရက်ပိုင်းမျှသာပတ်သက်ဖူးတဲ့ လင်းရွှေရထံမှာ ဘာလို့တွေ့မြင်ရတာပါလိမ့်။

ကိုယ် လက်ထပ်ပြီးရင် နေမယ့်အိမ်ခန်းဆီရောက်နေခိုက်မှာ ဘာကြောင့် လင်းရွှေရအကြောင်း သွားတွေးမိနေပါလိမ့်။ ဘာကြောင့်လဲဆိုတော့ သူ တင့်ရှင်းကို ခုချိန်ထိ စာမပြန်မပေးသေးလို့ပဲပေါ့။ ဒါပဲရှိတာပဲဟာ။



www.burmeseclassic.com

www.burmeseclassic.com

တင့်ရှင်းက သိသိနှင့် ရည်ရွယ်တာ မဟုတ်ဘဲ မမျှော်လင့်ဘဲ ဖုန်းကိုထုတ်ကာ လင်းရွှေရရဲ့နံပါတ်ကို နှိပ်မိသွားပါသည်။

"တင့်ရှင်း"

သူက ဟယ်လိုတောင် ထူးမနေတော့ဘဲ 'တင့်ရှင်း'လို့ တန်းခေါ်ထူးလိုက်တာပင်။

"ကိုရွှေရလား"

"ဟုတ်ပခင်ဗျ၊ အဲဒီကိုရွှေရဆီကိုပဲ ဆက်တာမဟုတ်လား တင့်ရှင်းရဲ့၊ ကိုရွှေရရဲ့ဖုန်းနံပါတ်ကိုနှိပ်မှတော့ ကိုရွှေရပဲပေါ့"

"ရှင် ခုထိ ဘာဖြစ်လို့ ကျွန်မစာမူကို လာမပေးသေးတာလဲ"

"ကျွန်တော် ဟို ... အလုပ်တွေတအားကျနေလို့ တင့်ရှင်းရာ၊ မြန်မြန်လုပ်ပေးရမယ့်ကားတွေ အများကြီးပြုံကျနေလို့ ဘယ်လိုမှ မအားလို့ပါ"

"ဒါဖြင့် နက်ဖြန်ကျရင် ကျွန်မ ရှင့်ဆီ လူတစ်ယောက် လွှတ်လိုက်မယ်၊ စာမူ သူ့နဲ့ ထည့်ပေးလိုက်ပါ"

"ဟာ ... ဒီလို လက်လွှတ်စပယ်ကြီးတော့ မပေးချင်ပါဘူး တင့်ရှင်းရဲ့"

"ဒီမှာ ကိုရွှေရ"





"ဟုတ်ကဲ့"

"ရှင် ဘာအချိုးချိုးနေတယ်ဆိုတာ ကျွန်မ မသိလို့လား၊ ရှင် လာပေးမှာလား ကျွန်မ လွှတ်ယူရမှာလား၊ ဒါမှမဟုတ် ကျွန်မ တရားစွဲပြီး စာမူပြန်တောင်းရတော့မှာလား"

"အဟင်းဟင်း ... တရားတော့မစွဲပါနဲ့၊ ကျွန်တော် လာပေးပါမယ် တင့်ရှင်းရဲ့၊ နက်ဖြန် အင်း ... သန်ဘက်ခါ ကျွန်တော် လာပေးမယ်လေ"

"သန်ဘက်ခါ ကျွန်မ မအားဘူး၊ ကျွန်မဝတ္ထုတိုပေါင်းချုပ် စာအုပ်အမှတ်တရထွက်ဖို့ရှိတာ စာနယ်ဇင်းပါဖိတ်ပြီး ပွဲလေးလုပ်ဖို့ရှိတယ်"

"ဟုတ်လား ဘယ်မှာလဲ တင့်ရှင်း"

"စိမ်းထရယ်လ်ဟိုတယ်မှာ"

"ဘယ်အချိန်လဲ တင့်ရှင်း"

"အချိန်ကတော့ နေ့လယ် လက်ဖက်ရည်ချိန်ပဲ၊ ဒါပေမဲ့ အဲဒီပွဲအတွက် ကိစ္စဝိစ္စလေးတွေ ပြင်ရဆင်ရမှာလေးတွေနဲ့ မနက်ကစပြီး ကျွန်မ မအားဘူး"

"ဒါဖြင့်လည်း တစ်ရက်ရက်ပေါ့ တင့်ရှင်းရယ်"

"ဘယ်တစ်ရက်ရက်လဲ ရှင် အတိအကျပြော့လေ"

"နောက်တစ်ရက်ပေါ့"


www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ခုနေများ သူ့အိမ်ဆီကို ပြေးယူလိုက်ရင်ပြီးတာပဲမို့လား။ သို့သော် သူက ဘာလိုလိုစကားမျိုးပြောထားတဲ့ဟာကို တင့်ရှင်းက သူရှိရာအရပ်ဆီ ထပ်မသွားချင်ပါဘူး။ သူက ရောက်လာတာကတော့ တစ်မျိုးပေါ့။

"တင့်ရှင်း"

"ဘာလဲရှင့်"

"တစ်ခုပြောမလို့ပါ၊ တင့်ရှင်းက လက်ခံမယ်တော့မထင်ပါဘူး"

"မထင်လည်းမပြောနဲ့ပေါ့ရှင်"

"ဒါပေမဲ့ မေမေက ပြောခိုင်းတာမို့ပါ"

"ရှင့်အမေက !! ဘာတဲ့လဲ !"

"မေမေက တင့်ရှင်းကို တစ်ရက်လောက် ထမင်းစားဖိတ်ဖို့ ခိုင်းလို့ပါ"

"အန်တီ့ကိုခင်ပေမယ့် ရှင့်လို ကတ်သီးကတ်သတ်လူနဲ့တော့ မခင်တာအကောင်းဆုံးပဲဆိုတော့ ရှင့်အမေကို ကြည့်သာပြောလိုက်ပါ"

"ကြည့်ပြီး ဘာပြောရမှာလဲ"

"ကျွန်မ လာမှာမဟုတ်ဘူးလို့ပေါ့"

"မကြည့်ဘဲပြောလို့ကော မရဘူးလား"

"ရှင် ဘာလို့ ဗလွတ်ရွတ်တောက် လုပ်နေတာလဲ"





"တကယ်ပြောတာလေဗျာ၊ မေမေ စိတ်မကောင်းဖြစ်သွားမှာကို ကျွန်တော် မကြည့်ရက်လို့ မေမေ့ကို မကြည့်ဘဲ ပြောမလားလို့ပါ"

သူ့အသံက ရယ်ဟာဟာနှင့် ရယ်ချင်စိတ်ကို အောင့်ပြီးပြောနေပုံမျိုးပင်။ တင့်ရှင်းသည် ပြုံးချင်သွားတာကို သူက မမြင်မှန်းသိရက်နှင့် ကမန်းကတန်း ထိန်းချုပ်ထားလိုက်ရင်း ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ဒီဘက်ကနေ မျက်စောင်းထိုးနေမိပါသည်။

"တင့်ရှင်း"

တင့်ရှင်းက လှမ်းခေါ်ရင်း ဒီဘက်လျှောက်လာသော မြတ်သစ်လွင်ကို လှမ်းကြည့်ရင်း ဖုန်းကို လက်ဝါးနှင့် အနည်းငယ် အုပ်ကာ ...

"ခဏ ကို"

"ပြီးရင် တစ်အိမ်လုံး ပတ်စစ်ကြည့်လိုက်ဦး၊ တင့်ရှင်း မကြိုက်တာဘာရှိလဲပြောဦး၊ တစ်ခါတည်းပြော၊ ပြောရက်သားနဲ့တောင် လုပ်တာတွေက တလွဲတွေချည်းပဲ"

တကယ်တော့ တင့်ရှင်းထံတွင် ကြေးများစရာမရှိပါ။ ဘာကြောင့်လဲဆိုတော့ ဤအိမ်ခန်းလေးဟာ တင့်ရှင်းအဖို့တော့ ခုကိုပဲ အတော် Perfectဖြစ်နေပါပြီ။ တကယ်တော့ ဒီအခန်းဟာ ၈ ာ်း အိမ်ထောင်ဦးမှာ စစချင်းနေဖို့ရယ်လို့ သတ်မှတ်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်ပြီး ဒီမှာ အလွန်ဆုံး ခြောက်လလောက်ပဲနေဖြစ်မှာဖြစ်ကာ ကိုမိဘတွေအိမ်ကိုပဲ ပြောင်းကြရမှာဖြစ်ပါသည်။

ဒီအခန်းရောတင့်ရှင်း လောလောဆယ်နေသည့်အခန်းရောဟာ မကြာခင် အပိုဖြစ်သွားမယ့်အခန်းတွေပါ။ ခဏတစ်ဖြုတ်နေရမှာကို စိတ်တိုင်းမကျ ပြင်ဆင်နေတာက နေရမည့်အချိန်လောက်ကို တန်းတူဖြစ်နေပြီ။

"တင့်ရှင်း ဘယ်ရောက်နေတာလဲ"

ခဏနေမှ တိတ်နေတဲ့ လင်းရွှေရဘက်က အသံထွက်လာသည်။

"ဟိုဟာပါ၊ အခန်းပြင်နေတာ၊ အဲဒီမှာ"

တင့်ရှင်းစကားက မပြည့်မစုံဖြစ်ပေမယ့် လင်းရွှေရကသဘောပေါက်ဟန်ရှိပါသည်။ အသံက ရွှင်ပျနေရာက ချက်ချင်းပဲ ဖျော့တော့အားလျော့သွားကာ ...

"တင့်ရှင်း အလုပ်ရှိနေတာပဲ၊ ကျွန်တော် စကားကြောရှည်နေမိတာ ဆောရီးဗျာ"

"ရပါတယ်"

"ဒါပဲလေ တင့်ရှင်း၊ ဖုန်းချလိုက်မယ်"

"ဟုတ်ကဲ့"

တင့်ရှင်းကလည်း ဖုန်းကို ပိတ်လိုက်ပြီးလျှင် တစ်ခဏလေးမျှ တစ်မျိုးလေးဖြစ်နေမိပါသည်။ လှုပ်ရှားတက်ကြွ





နေတဲ့ အခြေအနေတစ်ခုက ချက်ချင်းလေးထိုင်းသွားပုံမျိုးဖြစ်သည်။ အိမ်ကို ဝတ္ထုရားကျေ တစ်ပတ်ပတ်ကာ ဟိုကြည့်ဒီကြည့်ကြည့်ရင်း သူ့စိတ်တွေ တစ်မျိုးကြီး ထိုင်းမှိုင်းသွားတာကို တင့်ရှင်းသတိပြုမိနေပါသည်။

"ထမင်းစားခန်းက နံရံကပ်ဗီရို ကြိုက်ရဲ့လား"

တင့်ရှင်းက သက်ပြင်းရှိုက်ရင်း ...

"ကို ကြိုက်တယ်မဟုတ်လား၊ ကိုကြိုက်ရင်ပြီးတာပဲ၊ တင့်ရှင်းက အစောကြီးကတည်းက အဲဒါကြီးမှုပ်တယ်၊ အခန်းကျပ်တယ်လို့ ပြောခဲ့တာပဲဟာ"

"ဒါရှိမှ ထည့်စရာရှိတာတွေ ထည့်လို့ရမယ်လေ"

"အင်းပေါ့ ပြီးတာပဲပေါ့"

"တင့်ရှင်းက ပြောရသိပ်ကျပ်တာပဲ"

"ဘယ်မှာကျပ်လို့လဲ၊ အင်း၊ ါ ပြီးတာပဲပေါ့လို့ပြောနေတယ်လေ"

"မဟုတ်တဲ့ ကိတ်မုန့်မြည်းဖို့တို့ ဘာတို့ကျတော့ ရေးကြီးခွင်ကျယ်လုပ်နေတယ်၊ အိမ်ပြင်တဲ့ကိစ္စကျတော့ စိတ်မဝင်စားဘူး"

"ကို စိတ်ဝင်စားနေတာပဲဟာ၊ ပြီးတာပဲပေါ့၊ စိတ်တစ်စိတ်တည်းနဲ့ ပြင်တာကောင်းပါတယ်၊ စိတ်နှစ်စိတ်နဲ့ပြင်ရင် ငြင်းရခုန်ရ ဖြစ်နေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တင့်ရှင်း ဘာဖြစ်နေလဲ"

"ဘာမှမဖြစ်ပါဘူး"

"အပြင်က လာကတည်းက ဘာဖြစ်လာလဲ"

"တင့်ရှင်း ဘာမှ မဖြစ်လာဘူး၊ ကိုပဲ တင့်ရှင်းရောက်ကတည်းက စိတ်တိုနေတာကို မြင်တာပဲလေ"

"ဒီမှာ လုပ်ထားတာတွေ ဟုတ်မှမဟုတ်တာ၊ မင်း နံရံက ဆေးရောင်ကိုမြင်သလား၊ ဒါ ဘာရောင်ဖြစ်နေတာလဲရော သိလား၊ ကိုယ်လိုချင်တဲ့အရောင်ကဘာ ဖြစ်နေတဲ့အရောင်ကဘာ မင်း တစ်ခုမှမသိဘူး စိတ်မဝင်စားဘူးမဟုတ်လား၊ မင်းလည်း အရောင်တွေကို အတူတူတွေ ထင်နေတာပဲ မဟုတ်လား"

နေရင်းထိုင်ရင်း သူ့စိတ်အတိုကို တင့်ရှင်းထံလာပုံကျနေသော မြတ်သစ်လွင်ကို တင့်ရှင်းက စိုက်ကြည့်နေမိသည်။

"ဟင့်အင်း ... အရောင်တွေကို အတူတူတွေလို့ မထင်ပါဘူး၊ အဖြူနဲ့အပြာ၊ ခရမ်းရောင်နဲ့အစိမ်း၊ အဝါနဲ့အနီ တခြားစီတွေပဲ၊ တူတယ်မထင်ပါဘူး၊ ဒါပေမဲ့ တင့်ရှင်းအတွက် အဖြူရောင်ကတော့ အမျိုးမျိုးမရှိဘူး၊ အဖြူဟာ အဖြူပဲလို့ပဲ တင့်ရှင်း သိထားတယ်၊ တင့်ရှင်းအတွက် အဖြူပုပ်၊ အဖြူနောက်ဆိုတာတွေ မရှိဘူး ကို၊ တင့်ရှင်းမှာ အဖြူပဲရှိတယ်၊ အဖြူပဲသိတယ်"





"အဲဒါ တုံးတဲ့လူတွေရဲ့စကားပဲ"

တင့်ရှင်းသည် ကိုယ့်စိတ်ထဲ မပေါ့ပါးတော့သော်လည်း သူပေါ့ပါးအောင်ဖြင့် ပြုံးပြလိုက်ရင်း ...

"ဟုတ်တယ်၊ တင့်ရှင်း ကောင်းကောင်းမခွဲခြားတတ်ဘူး၊ တင့်ရှင်းအတွက် ဖြူနေရင်ပြီးတာပဲ၊ ကို့အတွက်တော့ နံရံအရောင်က ကိုပြောတဲ့အရောင်မဟုတ်ဘဲ မှားနေတယ်ဆိုပေမဲ့ ခုလည်းကြည့်ရတာ မဆိုးဝါးပါဘူး ကိုရယ်၊ ကိုပြောတဲ့နွားနို့ဖြူမဟုတ်ဘူးဆိုရင်တောင် ဒါလည်း ဖြူနုစ်နုစ်လေးပဲ မဟုတ်လား ..."

ပြန်ပြင်သုတ်ရင်လည်း ဘာမှ ပြောင်းလဲထူးခြားမယ် မထင်ဘူး၊ ပိုက်ဆံကုန် လူပင်ပန်း အချိန်ပုပ်ပြီး အခုထွက်နေတဲ့ Resultလောက်တောင် မသပ်ရပ်တော့ရင် ဘယ်လိုလုပ်မလဲ၊ စိတ်လျှော့လိုက်ပါ ကိုရယ်"

"ပိုက်ဆံကုန်တာ ဘာမှမဖြစ်ဘူး၊ လူပင်ပန်းတာက စိတ်ပင်ပန်းတာထက် ပိုပြီးမဆိုးဘူး၊ အချိန်ပုပ်ရင်လည်း နောက်ဆုံး ဒီအိမ်မှာနေမယ့်ရက် မင်္ဂလာရက်ကို နည်းနည်းဆုတ်ရုံပဲ၊ ဖိတ်စာမှ မရိုက်ရသေးတာ၊ ကိုယ်နေမယ့်အိမ်ဟာ ကိုယ့်ရာနှုန်းပြည့်စိတ်ကျေနပ်မှု ရှိဖို့လိုတယ်"

လူတိုင်းဟာ ရာနှုန်းပြည့် စိတ်ကျေနပ်မှုရတဲ့အိမ်မှာ နေနိုင်တာမို့လို့လား။ အခု သူနေတဲ့ သူ့မိဘအိမ်ကိုရော ရာနှုန်း



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စိတ်ကျေနပ်လား။ ရှိနေတဲ့အဖြူကို ဖျက်ပြီး ပြောင်းသုတ်ထားမှန်း ဘယ်သူမှ မသိလိုက်နိုင်တဲ့ နောက်အဖြူတစ်မျိုးကို ပြန်သုတ်မယ်ဆိုတဲ့လူရဲ့ 'အတ္တမာန်မာန'ကို နားလည်ပေးတတ်ဖို့ တင့်ရှင်းက အတော် Adjust လုပ် ညှိယူရလိမ့်မည်ထင်သည်။

ဤလူကို ပိုသိလာ ပိုအံ့ဩလာတဲ့အချက်တွေထဲမှာ နောင်တစ်သက်လုံးတွင် တင့်ရှင်းသည် အဖြူရောင်ကို အဖြူရောင်နှင့် ပြောင်းလဲအစားထိုးပြင်ဆင်သုတ်ပေးရတော့မည်ဆိုတာကို သိလိုက်ရတဲ့ အချက်ကတော့ တုန်လှုပ်ဖို့ အကောင်းဆုံးပင်ဖြစ်သည်။

"တီတီတီ ... တီတီ"

တင့်ရှင်းက မြည်လာတဲ့ဖုန်းကို အဖွင့်တွင် မြတ်သစ်လွင်က ဖုန်းတွေကလည်း နောက်ယှက်နိုင်ရန်ကောဆိုတဲ့ အမူအရာ သို့နှမှုးသူ တစ်ချက်ရိုက်ရင်း လှည့်ထွက်သွားပါသည်။

"ဟယ်လို ဖေဖေ"

"အေး ... သမီး အိမ်မှာ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ ' ...ကွန်ဒို'ရောက်နေတာ ဖေဖေ၊ ဒီမှာ အိမ်လာကြည့်နေတာပါ"

"နေကောင်းရဲ့လား၊ သမီးအသံ တစ်မျိုးဖြစ်နေပါလား"

"နေကောင်းပါတယ် ဖေဖေ"

"စိတ်အနှောင့်အယှက်တစ်ခုခုဖြစ်နေလား"



တင့်ရှင်းက တစ်ခဏ တိတ်ဆိတ်နေမိသည်။ ဒီလူအကြောင်းကို ဖေဖေ့ကိုမှ တိုင်မပြောလိုက်ရလျှင် တခြားဘယ်သူ့ကိုပြောပြလို့ရမှာမို့လဲ။ ဝရန်တာဘက်ဆီ ပြန်ထွက်လာခဲ့ရင်း ...

"နံရံကိုသုတ်ထားပြီးနေတဲ့ အဖြူဟာ သူပြောတဲ့အဖြူ မဟုတ်ဘူးဆိုပြီး ဆေးသမားကို ကိုမြတ်သစ်လွင်က ပြဿနာလုပ်နေလို့ တင့်ရှင်းလည်း စိတ်ရှုပ်နေတာပါ ဖေဖေ၊ အဖြူရောင်တစ်ခုကို ပြန်ဖျက်ပြီး နောက်ထပ် သူပြောတဲ့ အတိအကျအဖြူရောင်တစ်မျိုးကို ထူးမခြားနား ထပ်သုတ်မယ်လို့ ဆုံးဖြတ်ဟဲ့သူတစ်ယောက်ကို တင့်ရှင်း တစ်သက်လုံး နားလည်နိုင်ပါ့မလားလို့ မေးသွားတာပါ"

ဖေဖေထံမှ တဟက်ဟက်ရယ်သံ ထွက်ပေါ်လာပါသည်။ ဘာမှမပြောဘဲ အကြာကြီးသာ တဟက်ဟက်ရယ်နေတာဟာ သူ့သမီးကို ဘယ်လိုစကားနဲ့မျှား နှစ်သိမ့်မှုပေးရင်ကောင်းမလဲကို ဖေဖေ အချိန်ယူပြီး တွေးနေတာမှန်း တင့်ရှင်းက သိနေသည်။

"တိတိကျကျသမားလို့ သမီးနားလည်ထားရမှာပေါ့ သမီး"

"ဖေဖေလည်း တိကျသေချာတဲ့သူတစ်ယောက်ပဲလေ ဖေဖေ၊ ဒါပေမဲ့ ဒီလောက်ကြီးအထိတော့ အရမ်းဆီးရီးယပ်စ်ဖြစ်လား"

"ဒါတော့ လူတစ်ယောက်နဲ့တစ်ယောက် မတူဘူးပေါ့ သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ကိုမြတ်သစ်လွင်ကို ဘယ်လိုမြင်လဲဟင်"

"မြတ်သစ်လွင်က လူကောင်းတစ်ယောက်ပါ သမီးရဲ့"

"သမီး ပျော်ပါ့မလား ဖေဖေ"

ဖေဖေက တဟက်ဟက်ရယ်နေပြန်ရင်း ...

"အဲဒါက သမီးအပေါ်လည်း မူတည်တယ်၊ သမီးမှာရှိတဲ့ ဦးနှောက်နဲ့ ဆုံးဖြတ်ထားတာကို ဖေဖေ ယုံကြည်တယ်၊ ကိုယ်တစ်သက်လုံး စိတ်ချမ်းသာမယ့် ဆုံးဖြတ်ချက်ကို သမီး သေသေချာချာစဉ်းစားပြီးချပါ၊ ဒီလိုအချိန်အခါမျိုးမှာတော့ လူဟာ တစ်ချက်တလေ ဖောက်ပြီး ဇဝေဇဝါ မတင်မကျဖြစ်တတ်တယ်၊ သတ္တိနည်းပြီး တွေဝေတာမျိုး ဖြစ်လာတတ်တယ် ...

အဲဒီလိုဖြစ်ရင် သမီး စဉ်းစားရမှာက သူ့ဘက်မှာ ဘာမှားနေပြီလဲ၊ ကိုယ့်ဘက်ကကော ဘာမှားနေပြီလဲဆိုတာ၊ တစ်ခါတလေကျတော့လည်း တခြားတစ်ဖက်ကို ကိုယ်က အပြစ်မြင်မိတာတွေဟာ သူက အရင်ကနဲ့ ခြားနားပြောင်းလဲသွားလို့မဟုတ်ဘဲ ကိုယ့် Sideက ကိုယ့်အမြင်ကိုယ့်ခံစားချက်ကိုက ပြောင်းလဲလာလို့လည်းဖြစ်တတ်တယ်"

တင့်ရှင်းက ရင်ထဲ ထိတ်ခနဲဖြစ်သွားပါသည်။

ဖေဖေ ပြောတဲ့စကားရဲ့အဓိပ္ပာယ်ကို စဉ်းစားကြည့်လိုက်တဲ့အခါ တင့်ရှင်းကိုယ်တိုင်ဟာ အဲဒီထဲမှာ အငြိအစွန်း





မလွတ်မကင်းဖြစ်နေသလားရယ်လို့ အလန့်တကြား စိုးရိမ်မကင်းဖြစ်သွားရတာပင်။

"သမီး"

"ရှင် ဖေဖေ"

"အခု သမီးဆီ ဖုန်းဆက်လိုက်တာလည်း မေးစရာတစ်ခုရှိလို့ သမီးရဲ့၊ လွန်ခဲ့တဲ့သုံးရက်က သုဝဏ္ဏကွင်းမှာ သမီးကို ဖေဖေ တွေ့လိုက်တယ်"

"ရှင်"

"ဖေဖေက အဲဒီနေ့က ဟိုဘက်ခြံက ဦးမောင်မောင်ခင်နဲ့ ဘောလုံးပွဲလာကြည့်ကြတာ သမီးရဲ့၊ ပွဲကြည့်စင်မှာ ဖေဖေရှိနေတယ်၊ သမီး ဝင်လာတယ်၊ လူလိုက်ရှာတယ်၊ မကြာခင် လူရွယ်တစ်ယောက်ဆင်းလာပြီး သမီးနောက်ကို လိုက်သွားတယ်၊ အဲဒါတွေ ဖေဖေ တွေ့လိုက်ပြီး သမီးဘာကိစ္စနဲ့များ လူတစ်ယောက်ကို ဘောလုံးကွင်းထဲအထိ လာရှာခေါ်ထုတ်သွားတာပါလိမ့်ဆိုတာ ကိုယ့်ဘာသာ စဉ်းစားကြည့်နေတာ ...

ဘယ်လိုမှ အဖြေမရတာနဲ့ ငါ့သမီးပဲ ငါလှမ်းမေးကြည့်လိုက်ပါ့မယ်လေဆိုပြီး အခု ဖုန်းဆက်လိုက်တာပဲ"

"ဖေဖေ သမီး ... သမီး အဲဒါ ရိုးရိုးသားသားကိစ္စပါ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး၊ သမီးကို ဖေဖေက အပြစ်တင်နေတာမဟုတ်ပါဘူး သမီးရဲ့၊ ပဟေဠိတစ်ခုကိုသာ မေးကြည့်လိုက်တာပါ၊ သမီးအသက် နှစ်ဆယ့်ရှစ်နှစ်ရှိပြီပဲ၊ လူကြီးတစ်ယောက် ဖြစ်နေပါပြီ၊ မေမေမရှိကတည်းက ကိုယ့်ကိုယ်ကိုယ် စီမံခန့်ခွဲအုပ်ချုပ်နေထိုင်လာတာပဲ၊ သမီးမှာ အသိဉာဏ်ရှိတယ်ဆိုတာ ဖေဖေ သိတယ်၊ သမီးရဲ့ဆုံးဖြတ်ချက်တွေအတွက် ဖေဖေ မပူပါဘူး၊ ဆုံးဖြတ်တဲ့အခါမှာသာ ထောင့်စေ့အောင် ထည့်စဉ်းစားဖို့ သတိပေးစရာရှိတာ၊ သမီးသေချာစဉ်းစားပြီး ဆုံးဖြတ်ပြီဆိုရင် ဖေဖေက အများမရှိနိုင်ဘူးလို့ ယုံကြည်ပြီးသားပါ ...

သမီးဘဝ ပျော်ရွှင်မှုရှိဖို့က သမီးပဲ ဆုံးဖြတ်ရမှာ၊ သမီးပဲ တတ်နိုင်တာမို့လို့ သမီးဘာသာသမီး သေချာဆုံးဖြတ်ပါ၊ တစ်သက်လုံး စိတ်ချမ်းသာရမယ့် ရွေးချယ်မှုကို အဘက်ဘက် မှျမှျတတစဉ်းစားပြီးရွေးပါ သမီး".

❋ ❦ ❋





## ၁၂

တင့်ရှင်းရဲ့ဝတ္ထုတိုပေါင်းချုပ် မိတ်ဆက်ပွဲလေးကို တင့်ရှင်းရဲ့ထုတ်ဝေသူ ပတ်ဘလစ်ရှာက စီစဉ်ပေးထားတာဖြစ်ပါသည်။ လုံးချင်းဝတ္ထုများသာ လစဉ်ထုတ်ဝေဖြစ်တဲ့ တင့်ရှင်းရဲ့ မဂ္ဂဇင်းဝတ္ထုတိုလေးများကို စုစည်းပြီး အမှတ်တရထုတ်ဝေတဲ့ စာအုပ်ဖြစ်၍ အမှတ်တရပွဲကလေး ကျင်းပဖြစ်တာပင်။

ဂျာနယ် မဂ္ဂဇင်းများမှ ဖိတ်ကြားထားသူများ၊ စာပေလောကမှ ထင်ရှားတဲ့ စာပေပညာရှင် စာရေးဆရာတချို့၊ စာအုပ်တိုက်တချို့တို့ကို ဖိတ်ကြားထားပါသည်။ စာရေးဆရာကြီးတချို့က ဩဝါဒစကားပြောကြားပေးမည်ဖြစ်ကာ တင့်ရှင်းက ကြွရောက်လာတဲ့ ဧည့်သည်များကို တင့်ရှင်းရဲ့ ဝတ္ထုတိုပေါင်းချုပ် စာအုပ်လေးတွေ လက်မှတ်ရေးထိုးပြီး အမှတ်တရလက်ဆောင် ပေးမည်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက် ညှော်ခံတဲ့ လက်ဖက်ရည် မုန့်တို့ စားသောက်ပြီး ပွဲလေးက ခဏနှင့် ပြီးဆုံးပါမည်။ စုစုပေါင်းမှ တစ်နာရီလောက်သာ ကြာမည့်ပွဲလေးပါ။

"ကို လာခဲ့နော်၊ နေ့လယ်ဘက် ထမင်းစားချိန် ခဏပဲထွက်လာရင်ရတာပဲ"

"မျှော်တော့ မမျှော်နဲ့ တင့်ရှင်း အခြေအနေ အရပဲ၊ ကိုယ် လာရင်လည်း လာမယ်၊ လာဖြစ်ချင်မှလည်း လာဖြစ်မယ်"

"ခဏလေးပဲဟာ ကိုရယ်၊ ပွဲအစအဆုံးတောင် နေစရာမလိုပါဘူး"

"ဒီပွဲက ကိုယ်နဲ့မှ ဘာမှသိပ်မပတ်သက်ပဲ၊ တင့်ရှင်းရဲ့ပွဲသက်သက်ပဲဟာ၊ ကိုယ်မလာလည်း ဘာမှ မဖြစ်ပါဘူး၊ ကိုယ့်နယ်ပယ်လည်းမဟုတ်ဘူး၊ ဆိုင်မှမဆိုင်ဘဲ"

တင့်ရှင်းသည် ရင်ထဲ နည်းနည်းနာသွားပါသည်။

ဘယ်သောအခါမှ ဘယ်တော့မှ ကိုဟာ တင့်ရှင်းနှင့် တတွဲတွဲ တကပ်ကပ် ဘေးက မားမားရပ်နေလိုသူမဟုတ်။ ကိုနေပုံထိုင်ပုံက တသီးတခြားဆန်သည်။ စိမ်းသက်သည်။ ကိုယ့်ကိစ္စကိုယ်လုပ်၊ သူ့ကိစ္စသူလုပ်ဆိုတဲ့ သဘောမျိုးဆန်သည်။

ပြန်စဉ်းစားလိုက်တဲ့အခါ သူ့ကုမ္ပဏီကသွင်းတဲ့ ကုန်ပစ္စည်းတစ်မျိုးအတွက် ရှိုးရွမ်းမ် အသစ်ဖွင့်ပွဲမျိုးဆိုလည်း တင့်ရှင်းကို မဖိတ်ပါ။ မခေါ်ပါ။ တင့်ရှင်းနဲ့ ဆိုင်တယ်တော့လည်း





မဟုတ်ပေမယ့် ဘာပဲဖြစ်ဖြစ် လက်ထပ်ဖို့ရည်ရွယ်ထားတဲ့ ချစ်သူတွေချင်း ပတ်သက်ရာ ပတ်သက်ကြောင်းဆိုတဲ့ အခြေအနေနှင့်ဖိတ်လို့တော့ရပါသည်။

သူ့ကိစ္စထဲလည်းဝင်မပါနဲ့။ တင့်ရှင်းကိစ္စထဲလည်း (တင့်ရှင်းကခေါ်တာတောင်)ဝင်မပါချင်ဘူးဆိုတဲ့သဘောပင်။ အတိအကျကတော့ မြပါသစ်လွင်ဟာ သူစိတ်ပါတဲ့ သူလုပ်ချင်တဲ့ အလုပ်ကိုကလွဲရင် တခြားဘာကိုမှ မလုပ်လိုတာပါ။ ချစ်သူကိုအလိုလိုက်တယ်၊ လိုက်လျောတယ်၊ ချစ်သူဆန္ဒကို ဆောင်ရွက်ပေးတယ်ဆိုတာမျိုးလည်း သူ့မှာမရှိ။

ဘကယ်တော့ ချစ်သူမဟုတ်ဘူးလို့ ငြင်းရင်တောင်ရတော့ ရတာပဲမဟုတ်လား။ ကြားက တွေ့ပေးတဲ့အောင်သွယ်တော်နှင့် တစ်ဆင့်ရင်းနှီးခဲ့ကြကာ သူလည်း ကိုယ့်ကိုသဘောကျကိုယ်လည်း သူ့ကို သဘောကျမို့လို့သာ လက်ထပ်ဖို့ရည်ရွယ်တဲ့စုံတွဲဘဝရောက်ရတာပဲ။

သဘောကျတယ်ဆိုရာမှာလည်း 'အချစ်'ဆိုတာထက် ဒီလူအပေါ်၌ နှစ်သက်လက်ခံနိုင်မှုဆိုတာကသာ ရာနှုန်းပြည့်လွှမ်းခြုံထားတဲ့ အခြေအနေ။ မိန်းကလေးဖြစ်တဲ့ တင့်ရှင်းက လက်ထပ်ဖို့ရည်ရွယ်ထားတဲ့ မြတ်သစ်လွင်အပေါ် တစ်ခါတစ်ရံ ချစ်သူချင်းလို ကနွဲ့ကလျ အားကိုးအားထားခံစားချက်မျိုး သက်ရောက်သွားတတ်ပေမယ့် သူကတော့ အလုပ်သဘောဆန်လှတယ်ရယ်လို့ ကြာတော့ ရင်နာလာရပြီ။

www.burmeseclassic.com

ဒီသတင်းကျွတ် လက်ထပ်မယ်လို့ လူကြီးတွေနှင့် တိုင်ပင်ဆုံးဖြတ်လိုက်ကြတော့ တင့်ရှင်းက အင်တာဗျူးတစ်ခုမှာ ထည့်ဖြေလိုက်မိခဲ့ပါသည်။ မေးသူက အချစ်ဝတ္ထုတွေရေးသားနေပြီး မေတ္တာရေး အိမ်ထောင်ရေးဆိုင်ရာတွေ အမေးအဖြေလုပ်နေတဲ့ တင့်ရှင်းသွင် အိမ်ထောင်ဖက်တွေ့ထားပြီးပါပြီလားလို့ မေးတာကို တင့်ရှင်းက ...

“ဟုတ်ကဲ့ပါ တွေ့ထားပြီးပါပြီ၊ မကြာခင် လက်ထပ်ဖို့ စီစဉ်ထားပါတယ်”

အဲသလိုဖြေခဲ့မိသည်။

အဲဒီတုန်းက အဲဒီလိုဖြေလိုက်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ တင့်ရှင်းက ဒါတွေ မစဉ်းစားသေးပါဘူး အစီအစဉ် မရှိပါဘူးလို့ဖြေလိုက်ရင် မြတ်သစ်လွင်နှင့် သူ့မိဘဆွေမျိုးများ မကြိုက်မှာ နားလည်မှုလွဲမှာ စိုးရိမ်လို့ပါ။ တော်ကြာ တင့်ရှင်းက ဘာကြောင့် ဖုံးထားလျှို့ဝှက်ထားချင်ရတာလဲလို့ ဖြစ်မှာစိုးတဲ့အတွက် အမှန်အတိုင်းဖြေလိုက်တာ။

သတို့သားလောင်းက ဘယ်သူပါလဲဆိုတဲ့စကားကိုတော့ ‘နောက်တော့ သိရပါလိမ့်မယ်’လို့သာ ဖြေခဲ့ပါသည်။ မကြာခင် လက်ထပ်မည်ဆိုတဲ့ တင့်ရှင်းရဲ့နံဘေးမှာ ဘယ်တော့မှ ဘယ်သူမှမရှိခဲ့ မပါခဲ့တာကလည်း စာနယ်ဇင်းလောကကို ပဟေဠိဖွက်ထားသလိုဖြစ်ခဲ့တာ။





ကြဲရင်ကြဲသလို ပရိဘောဂတွေ လျှောက်ကြည့်တာ၊ ပိုးထည်ဆိုင်တွေမှာ ချိတ်အရောင်တွေ လိုက်ကြည့်တာမျိုးကို မြတ်သစ်လွင်ရဲ့အမေ အဒေါ်တို့နှင့်သာ နှစ်ကြိမ်သုံးကြိမ် အတူ ထွက်ကြည့်ဖူးတဲ့ တင့်ရှင်းဟာ မြတ်သစ်လွင်နှင့် တွဲသွားရမှဆိုတဲ့စိတ်မျိုးလည်း ကိုယ်တိုင်က အပြင်းအထန်မဖြစ်တာကြောင့် အရေးမကြီးသလိုနေခဲ့တာပါပင်။

သို့ပေမယ့် ဖိတ်စာနမူနာလေးတွေ သွားကြည့်ဖို့ သူက မအားသေးဘူးဆိုပြီး ရက်ရွှေ့နေတာမို့ နောက်ဆုံး အန်တီတူကတစ်ဆင့် ဖေဖေက ယူလာပေးရပြီး တင့်ရှင်းက သူ့ရုံးကို သွားပြရတာတို့၊ ကိတ်မုန့်မြည်းဖို့လိုက်စွကို သူ မလိုက်ချင်ဘူးဆို လုံးဝကို လိုက်မလာတာတို့၊ ရောင်လွှဲတာ အကြိမ်စိပ်လာတဲ့အခါ စိတ်ထဲမှာ နည်းနည်း နာသလိုလိုဖြစ်ဖြစ်လာတာပင်။

“တင့်ရှင်းနဲ့ ကိုနဲ့က မဆိုင်ဘူးဆိုတဲ့သဘောပေါ့နော်”

“မရစ်စမ်းပါနဲ့ တင့်ရှင်းရာ၊ နားလည်မှုရှိမှပေါ့၊ ဒီပွဲကို လိုတ်လာရင် ကိုယ်က လူပိုသက်သက်ကြီးပေါ့၊ ငေါင်ကြောင်ကြောင်ကြီးထိုင်နေရမှာ”

သူဟာ သူကိုယ်တိုင်ကိုယ်ကျ အရေးပါနေရမယ့်ပွဲမျိုးမှာမှ ကျွင့်လည်ချင်တယ်ဆိုတာတော့ တင့်ရှင်းလည်း ရိပ်မိနေခဲ့ဖူးသားပင်။



www.burmeseclassic.com

www.burmeseclassic.com

"တင့်ရှင်း စိတ်မကောင်းတာက ကို ခုတလော တင့်ရှင်း တောင်းဆိုသမျှဘွေကို ငြင်းနေတာတွေချည်းများလာသလား လို့ပါ"

"ကိတ်မုန့်လိုက်မစားတာကိုပဲ ပုံကြီးချဲ့နေပြန်တာလား တင့်ရှင်း၊ တင့်ရှင်းလည်း တင့်ရှင်းဘက်မှာ တစ်ယောက်တည်းလုပ်နိုင်တာလေးတွေလုပ်သလို ကိုယ်လည်း ဒီဘက်မှာ ကိုယ့်ဟာကိုယ် အခန်းပြင်နေတယ်လေ၊ ကိုယ်က မင်္ဂလာကိစ္စမှာ ရေသာခိုနေတယ်လို့ တင့်ရှင်း ထင်နေတာလား ...

အခန်းပြင်နေတာတစ်ခုနဲ့တင် အရမ်းကို ခေါင်းစားနေတာ တင့်ရှင်းမှမသိဘဲ၊ တချို့ကိစ္စတွေကတော့ ကိုယ်မပါလည်းဖြစ်တာပဲ၊ မေမေတို့နဲ့ တိုင်ပင်လုပ်လို့ရနေတာပဲ မဟုတ်လား တင့်ရှင်းရဲ့၊ အခုပွဲကတော့ ကိုယ်ဘာကောင်မှ မဟုတ်ဘဲ အရုကြောင်ကြောင်ဖြစ်နေရမယ့်နေရာမို့ မလာချင်တာ တင့်ရှင်းသဘောပေါက်သင့်တာပေါ့"

"ဒါဆိုရင်လည်း ပြီးတာပါပဲ ကိုရယ်"

တင့်ရှင်းသည် ကိုယ့်ဘာသာ ဝမ်းမနည်းမိအောင် ကြိုးစားရင်း ဖုန်းချခဲ့ရသည်။ ပြီးတာပါပဲပေါ့။ ဝမ်းနည်းရတယ်ဆိုလည်း သူ့ကို ချစ်လွန်းလို့ ဝမ်းနည်းရမှာမျိုးတော့မဟုတ်တာ ကိုယ်သာ အသိဆုံးပဲလေ။ ကိုယ်လက်ထပ်ဖို့ ရွေးချယ်သူဟာ ကိုယ့်အလိုဆန္ဒထက် သူ့အလိုဆန္ဒကိုသာ ဦးစားပေးမယ့်သူလို့





သိရခြင်းအပေါ် ကိုယ့်အခြေအနေကိုယ် အားမလိုအားမရ မကျေမချမ်း ဝမ်းနည်းရတာမျိုးပါ။

ခုတော့လည်း ထိုဝမ်းနည်းမှုမျိုးကိုပင် ပေါ်မလာအောင် ဖျောက်၍ ကိုယ့်စိတ်ကို ကိုယ်ရှင်ပျအောင်ထားပြီး ဟိုတယ်ကို ရောက်ခဲ့ရပါသည်။ အစစအရာရာကို ထုတ်ဝေသူကိုထွန်းနဲ့ မမြကသာစီစဉ်ထားပြီး၍ တင့်ရှင်းက ကြော့ကြော့ကလေး ပွဲလာရုံသာ။

တင့်ရှင်းရဲ့ပွဲလေးကို တက်ရောက်လာတဲ့ ဧည့်သည်တို့ကို တင့်ရှင်းက ဆီးကြိုနှုတ်ဆက်ညှော်ခံရင်း စုံတွဲတစ်တွဲထဲက အမျိုးသမီးကြီးကို မြင်ဖူးသလိုရှိကာ ဆီးကြိုပြုံးပြပါသည်။ ထုတ်ဝေသူဇနီး မမြက ...

"တင့်ရှင်း ... ဒါ စာရေးဆရာကြီး ဦးမင်းဒဂုန် ဆိုတာလေ"

"သြော် ... ဟုတ်ကဲ့ ဆရာကြီး သိရတာဝမ်းသာပါဘယ်ရှင်၊ ခုလို ကြွရောက်ချီးမြှင့်တာလည်း ကျေးဇူးတင်ပါတယ် ဆရာကြီး"

"ရတယ် ... ရတယ်၊ မြမြတို့နဲ့က ဆွေမျိုးတွေလိုဖြစ်နေတာ၊ ညည်းနဲ့လည်း စာရေးဆရာတွေချင်းဆိုတော့ အမျိုးတွေပဲပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့ ဆရာကြီး"


www.burmeseclassic.com

www.burmeseclassic.com



ဟိုးတခေတ်တုန်းကတော့ လုံးချင်းဝတ္ထုတွေရော အတ္ထုပတ္တိစာအုပ်တွေရော ဆောင်းပါးကဗျာတွေရော စာစုံအောင် အများအပြားရေးသားထုတ်ဝေခဲ့တဲ့ နာမည်ကျော်စာရေးဆရာကြီးပင်။ ခုတော့ အသက်အရွယ်လည်းကြီးရင့်ကာ စာလည်း အရေးကျဲခဲ့ပြီဖြစ်ပေမယ့် စာပေလောကမှာတော့ တလေးတစား အမြဲနေရာပေးရတဲ့သူပင်။ မမမြတို့နှင့် ရင်းနှီးတာမို့ မမမြက ဖိတ်ကြားထားပေးတာဖြစ်သည်။

ဆရာကြီးရဲ့နံဘေးက အမျိုးသမီးကြီးက တင့်ရှင်းကို ဆုပ်ကိုင်ပြီး ...

"သမီး မမှတ်မိဘူးထင်တယ်"

"မှတ်တော့မှတ်မိပါတယ် အန်တီ၊ ဆုံဖူးတာ သိနေပြီး ဘယ်မှာဆုံခဲ့တာမှန်း စဉ်းစားလို့မရသေးလို့ပါ၊ ခွင့်လွှတ်ပါ အန်တီ"

"ခဏလေး ဆုံရတာပဲ ဘယ်မှတ်မိမလဲ သမီးရဲ့၊ အန်တီကသာ စာရေးဆရာမ တင့်ရှင်းသွင်မှန်း သိလို့ သေချာကြည့်လို့ မှတ်မိတာ၊ အန်တီပဲင်စီကိတ်မုန့်ဆိုင်မှာလေ"

တင့်ရှင်းက ပါးစပ်လေး ဟ,သွားပြီး ...

"သြော် ... မှတ်မိပါပြီ အန်တီ၊ မှတ်မိပါပြီ"

"အန်တီ့သမီးက ဖွေးဖွေးတဲ့၊ သမီးရဲ့ စာဖတ်ပရိသတ်လေ၊ သမီးကို သူက သိတယ်၊ မဂ္ဂဇင်းတွေထဲ မြင်ဖူးနေလို့တဲ့၊ အဲဒါ တင့်ရှင်းသွင် ဆိုပြီး အန်တီ့ကိုပြတာ"





တင့်ရှင်းသည် ထိုနေ့က မြင်ကွင်းကို ပြန်မြင်ယောင်ကာ ဘာကို ဘယ်သူကနေစပြီး ဘယ်လိုရှင်းပြရပါ့ရယ်လို့ စိတ်ရှုပ်သွားမိပါသည်။

"အခုရော ... မောင်ရွှေရ လာမလား"

"ရှင် ... ဟို"

"လာမှာပေါ့ ဟုတ်တယ်မို့လား၊ အန်တီက အိမ်မှာ ဆရာကြီးကိုတောင် ပြောပြနေတာ၊ ဆရာကြီးက ဒူးနည်းနည်းနာနေလို့ ဒီပွဲကို မလာတော့ဘူးလို့ လုပ်နေတာ၊ အန်တီက ဖိတ်စာတွေ့တော့ တက်ဖြစ်အောင် တက်လိုက်ပါလို့ တိုက်တွန်းတာလေ၊ သမီးနဲ့လည်း ကိတ်ဆိုင်မှာ ဆုံခဲ့တယ်လို့၊ သမီးရဲ့ခင်ပွန်းလောင်းကလည်း ဖွေးဖွေးနဲ့ ကျောင်းနေဖက်သူငယ်ချင်းပဲလို့၊ စုံတွဲလေး လိုက်ကလိုက်နဲ့ ရည်ရည်မွန်မွန်လေးတွေဆိုတာ အိမ်မှာ ပြောပြနေရတာ"

"ဟာ ... အန်တီ ... ဟို ...

"တင့်ရှင်းရေ၊ ဟောဒီမှာ စာရေးဆရာမကြီး ဒေါ်ခင်သစ္စာ"

"လုပ် ... လုပ် သမီး၊ အန်တီတို့ အထဲဝင်ထိုင်နှင့်မယ်"

အမျိုးသမီးကြီးဟာ သူ့ခင်ပွန်း စာရေးဆရာကြီးလက်ကို ချိတ်တွဲ၍ ခန်းမထဲ ဝင်သွားပါပြီ။ တင့်ရှင်းမှာ ဟာ ... ဟို ... နှင့် ဘာမှနှုတ်သွက်သွက် မပြောလိုက်နိုင်ပါ။ ဒီဘက်က ဝင်လာတဲ့ စာရေးဆရာမကြီးကိုသာ လှည့်နှုတ်ဆက်ရင်း ကျန်ခဲ့ရပါ ည်။



www.burmeseclassic.com

www.burmeseclassic.com



လူစုံလောက်တဲ့အခါ ပွဲစပါသည်။ အခမ်းအနားမှူးက အစီအစဉ် ကြေညာပေး။ တင့်ရှင်းရဲ့ထုတ်ဝေသူက စကားနည်းနည်းပြော၊ တင့်ရှင်းကိုလည်း ဖိတ်ခေါ်ကာ စကားနည်းနည်းပြောခိုင်း။ ပြီးတော့ စာရေးဆရာကြီး သုံး,လေးဦးကို ဖိတ်ခေါ်ပြီး ဆုံးမသြဝါဒစကားလေးတွေ သူတို့အတွေ့အကြုံလေးတွေ ပြောခိုင်း။

တင့်ရှင်းက ဟိုးရှေ့ဘက် ထိပ်ဆုံးစားပွဲမှာပင်။ တင့်ရှင်း စကားတက်ပြောပြီး ပြန်ဆင်းကာ ကိုယ့်စားပွဲဆီ ကိုယ်ပြန်ဝင်အထိုင် ...

"ဟင်"

ဟိုးထိပ်ခန်းမဝင်ပေါက်ဝမှာ ပေါ်လာတဲ့သူကြောင့် တုန်ခနဲ ဖြစ်မတတ် လန့်ဖျပ်သွားရပါသည်။ နှုတ်ကပင် လွှတ်ခနဲ တီးတိုးနှင့် ...

"ကိုရွှေရ"

လင်းရွှေရက ခန်းမထဲ ဝေ့ဝဲကြည့်ကာ တင့်ရှင်းကို လှမ်းမြင်လိုက်လျှင် အပြုံးနှင့် လက်လှမ်းထောင်ပြလိုက်ပါသည်။ လင်းရွှေရကိုတစ်လှည့် တင့်ရှင်းထံတစ်လှည့် ပရိသတ်က ကြည့်ရှုအကဲခတ်ကြသည်။ လင်းရွှေရသည် မြင့်မှူး တွေ့မှူးနေကျ ဂျင်းဘောင်းဘီတွေနှင့် မဟုတ်ဘဲ ရှပ်လက်ရှည်အဖြူကြောင်နှင့် အောက်က ယောပုဆိုး ညိုနက်မှောင်ကို ဝတ်ထားပါသည်။





တင့်ရှင်း မျက်နှာမှာ မပြုံးနိုင်လောက်အောင် ခပ်ပျက်ပျက်လေး ဖြစ်နေရစဉ် ခပ်လှမ်းလှမ်းစားပွဲမှ စာရေးဆရာကြီး ဦးမင်းဒဂုန်ရဲ့ဇနီးက လင်းရွှေရထံ လက်လှမ်းထောင်ပြလိုက်ကာ သူ့နံဘေးက လွတ်နေသေးတဲ့ ကုလားထိုင်ဆီ ညွှန်ပြလိုက်ပါသည်။ လင်းရွှေရက ခေါင်းညိတ်ရင်း စားပွဲတွေကြားမှ ခပ်ကိုင်းကိုင်း ခပ်ယို့ယို့ လျှောက်ဝင်လာကာ ထိုစားပွဲ၌ ဝင်ထိုင်လိုက်ပါတော့သည်။

တင့်ရှင်းသည် ဘာလုပ်ရမှန်း မသိအောင် ခေါင်းနပန်း ကြီးသွားရသည်။ ဘာတွေများ ပြောကြ ဆိုကြ နားလည်သဘောပေါက်ကုန်ကြမှာပါလိမ့်။ ဒုက္ခပါပဲ။ အဲဒီစားပွဲကိုလည်း တင့်ရှင်းက ပွဲခုလတ်ကြီးမှာ ထ,ပြီးနေရာပြောင်းဖို့မသင့်။ စိတ်ရှုပ်သည်။

"အန်တီ တင့်ရှင်းသွင်ကို ခုပဲ မေးနေတာ သားရဲ့၊ သားလာမှာလားလို့"

"သြော် ... အန်တီ၊ ဟုတ်ကဲ့ ... အဟင်းဟင်း"

"အန်ကီသမီးက ဖွေးဖွေးလေ၊ ကိတ်ဆိုင်မှာဆုံတာ မှတ်မိတယ်ဘ ... ဘား"

"ဪ ... မှတ်မိပါတယ် အန်တီ၊ ဖွေးဖွေးကိုသာ ကျွန်တော်က အမြဲမေ့နေတာ၊ သူ ကြားရင် စိတ်တိုတော့မှာပဲ"

"ဒါက အန်တီ့ခင်ပွန်း စာရေးဆရာကြီး မင်းဒဂုန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... တွေ့ရတာ ဝမ်းသာလိုက်တာ ဆရာကြီး၊ ဖွေးဖွေးရဲ့အဖေက နာမည်ကျော်ပုဂ္ဂိုလ်တစ်ယောက် ဆိုတာလည်း ကျွန်တော်က မှတ်မိနေတယ်၊ ဘယ်သူလဲ ဆိုတာ ဟိုတစ်နေ့က ခေါင်းထဲမှာမပေါ်ဘူး ခင်ဗျ ...

ဆရာကြီး ... ကျွန်တော်က ဆရာကြီးကို အရမ်းလေးစားတဲ့ စာဖတ်ပရိသတ်ပါ၊ ဆရာကြီးစာအုပ်တွေ ကျွန်တော် အားလုံးဝယ်ပြီး စုဆောင်းသိမ်းဆည်းထားတာ၊ ဆရာကြီးရေးတဲ့ ဆောင်းပါးတို့ ကဗျာတို့ စသည်ဖြင့် မဂ္ဂဇင်းတွေထဲကဟာတွေ မပါ၊ စာအုပ်အဖြစ် ထုတ်ဝေထားတာ စုစုပေါင်း စာအုပ်ရှစ်ဆယ့်နှစ်အုပ် ရှိတယ်နော် ဆရာကြီး"

"အေး ... ဟုတ်တယ်၊ မင်းက အကုန်သိတာပဲ"

"အကုန်သိလည်းသိ၊ ရှိလည်းရှိတာ ဆရာကြီး၊ ဟိုးအရင်က စာအုပ်တွေပါ ပြန်ရှာပြီး အဟောင်းဆိုင်ကနေ ပြန်ဝယ်စုတာ၊ ရှစ်ဆယ့်နှစ်အုပ်စလုံး ကျွန်တော့်မှာ ရှိပါတယ်၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့ ညီသတ်လေးက သူ့ရဲ့ မြန်မာစာ အမ်မ်အေဘွဲ့အတွက် သီးစန်တွေ့ဖူးတော့ ခေါင်းစဉ်က ဆရာကြီးမင်းဒဂုန်၏စာများ မြောင်းခေါင်းစဉ်နဲ့လေ ဆရာကြီး ...





အဲဒါ သူ့ လိုသမျှစာအုပ်အားလုံး ကျွန်တော့်ဆီက သူ ရတာပေါ့၊ သူ ဘာမှတောင် တပင်တပန်း မရှာဖွေလိုက်ရဘူး၊ ကျွန့်တော် သူ့ကို အားလုံးငှားလိုက်သေးတယ်၊ လုံးဝတော့ မစုတ်မပြဲစေနဲ့လို့ မှာရတာပေါ့ ဆရာကြီး ... ဟဲ ဟဲ"

"ဟုတ်လားကွ၊ ငါ့ဆီတောင် အုပ်နှစ်ဆယ်မြောက်ထွက်တဲ့ 'အတွေ့တစ္ဆေမှလွတ်မြောက်ခြင်း'စာအုပ်က ခြနည်းနည်းကိုက်ပြီး စုတ်ကုန်လို့ကွာ၊ ကျွန့်သလောက်လေး ပလတ်စတစ်အိတ်နဲ့ ယဲ့ယဲ့လေး ထည့်ထားရတယ်၊ မင်းဆီမှာရှိလား"

"ဟုတ်ကဲ့ ... ရှိတာပေါ့ ဆရာကြီး"

"ငါ ရှိတဲ့စာအုပ် မယူပါဘူးကွာ၊ မင်းက မြတ်နိုးလို့ရှာဝယ်စုသိမ်းထားရတာပဲဟာ၊ မိတ္တူကော်ပီပဲ ပြန်ကူးယူချင်တယ်၊ ဖြစ်မလားကွ"

"ဖြစ်ပါတယ် ဆရာကြီး၊ ကျွန်တော် ကူးပြီးလာပို့ပေးပါမယ်"

"ခင်ရေ ... လိပ်စာပေးလိုက်ပါဦး"

အမျိုးသမီးကြီးက ပိုက်ဆံအိတ်ထဲမှ လိပ်စာကတ်လေး ထုတ်ပေးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို ဆက်ဆက်လာနော် သား၊ ဆရာကြီးစာအုပ်လည်း ကူးပေးရင်း တစ်ခါတည်း ဖိတ်လိုက်ဦးမယ်၊ တင့်ရှင်းသွင် ပါ ခေါ်ခဲ့၊ လာမယ့်တနင်္ဂနွေနေ့ ဆရာကြီးနဲ့ အန်တီ အနှစ်လေးဆယ်မြောက် ပတ္တမြားရတု နှစ်ပတ်လည်လေ၊ ညဘက် ခြံထဲမှာပဲ အရင်းနှီးဆုံးတွေနဲ့ အမျိုးလောက်ပါ ပဲ၊ ထမင်းဖိတ်ကျွေးမှာ၊ ဟိုတစ်နေ့က ကိတ်မုန့်လာမြည်း တာ အဲဒီနေ့မှာမယ့် ကိတ်အတွက်ပေါ့"

"ဪ ... ဟုတ်ကဲ့အန်တီ"

"သားတို့စုံတွဲ လာဖြစ်အောင် လာခဲ့၊ မင်းတို့စုံတွဲလေးကို မြင်မြင်ချင်း သဘောကိုကျလို့၊ ချစ်ကိုချစ်လို့ ဖိတ်တာ"

လင်းရွှေရကာ သက်ပြင်းတစ်ချက် ချလိုက်ရင်း တင့်ရှင်းရှိရာ စားပွဲဆီ လှည့်ကြည့်လိုက်ပါသည်။ တင့်ရှင်းက စိတ်မဖြောင့်သလို ဒီဘက်ကို လည်ပင်းလေးရှည်ပြီး လှမ်းလှမ်း ကြည့်တတ်သည်။ အဲဒီလိုနှင့် မကြာခင်မှာ ပွဲကပြီးဆုံးသွားကာ လက်ဖက်ရည် မုန့်တို့နှင့် တည်ခင်း ဧည့်ခံပါသည်။

နေရာက ထလို့ရတာနှင့် တင့်ရှင်းက လှစ်ခနဲ ထို စားပွဲဆီ အရင်ဆုံး အပြေးရောက်လာပါသည်။ လင်းရွှေရနှင့် ဆရာကြီးမင်းဒဂုန်က စကားကောင်းနေရာမှ ဆရာကြီးက တင့် ရှင်းကို မော့ကြည့်ကာ ...





"ညည်းမိတ်ဆွေကိုတော့ အန်ကယ်က တအားသဘောကျ သွားပြီ သမီးရဲ့၊ စာတော်တော်ဖတ်တဲ့ ကလေးပဲ၊ စာအုပ် တွေလည်း စုတယ်၊ ဒီဝါသနာက တန်ဖိုးရှိတယ်ကွ"

"ငွေလည်းကုန်တယ် ဆရာကြီး"

"ဟား ဟား ဟား၊ ဒါပေါ့၊ စာအုပ်တွေက ဈေးမှမသေး ဘဲ၊ သူ့မှာ အန်ကယ့်စာအုပ်တွေ ဆိုရင် ဆီးရီးလိုက် အားလုံးရှိတာ၊ အန်ကယ့်မှာ ရှိတာထက်တောင် ပိုစုံသေး၊ ခုလည်း ဆက်မေးကြည့်နေတာ၊ တခြားစာရေးဆရာတွေ ရဲ့ စာအုပ်တွေလည်း အတော်စုံစုံ ရှိတာပဲ၊ ရှားပါးစာအုပ် တွေလည်း ရှိနေတယ်၊ တစ်နေ့လောက် သူ့စာအုပ်စင်ကို ကြည့်ရင်း စာအုပ်ငှားချင်သေးတယ်"

"ဝါသနာတူ အသွင်တူတွေပဲနော်၊ စိတ်ချမ်းသာစရာကြီး"

တင့်ရှင်းက ဆရာကြီးစကားကို ရင်တမမနှင့် နား ထောင်နေရာမှ အန်တီစကားကြောင့် မျက်နှာကွက်ခနဲ ပျက်ရ သည်။ ဘာမှမပြောနိုင်ခင် ...

"သမီး ...၊ ခုပဲ မောင်ရွှေရကိုတော့ ဖိတ်ပြီးပြီ၊ ဒီတနင်္ဂနွေ အန်တီနဲ့ ဆရာကြီးရဲ့ ပတ္တမြားရတုနှစ်ပတ်လည် ညစာ ကျွေးမလို့၊ အရင်းနှီးဆုံး အချစ်ဆုံးတွေ ရွေးဖိတ်တာ၊ သမီးကိုလည်း မျက်နှာလေး မြင်ကတည်းကချစ်လို့၊ လာ ခဲ့ကြနော်၊ ဆက်ဆက်လာခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"အန်တီ ... သမီး အဲဒီနေ့တော့ ..."

"မငြင်းနဲ့ ... မငြင်းနဲ့၊ စာပေဆွေမျိုးတွေလို့ သဘောထား၊ စိတ်ကျဉ်းကျပ်စရာ ဘာမှမပါဘူး၊ ပေါ့ပေါ့ပါးပါးပဲ၊ လူ ရင်းချည်းပဲ၊ နောင်လည်း မိတ်ဆွေဖြစ် ဝင်ထွက်ကြရတာ ပေါ့၊ အသိုင်းအဝန်းဆိုတာ ဒီလိုပဲ ချဲ့ထွင်ရတယ်၊ ကိုယ် ကလည်း နိုင်သလောက်ဖိတ်၊ ကိုယ့်ကိုဖိတ်လည်းသွား၊ စိတ်သဘောတူသူချင်း အသိုင်းအဝန်းလေးတစ်ခုအဖြစ်နဲ့ လူမှုဆက်ဆံရေးကို မြှင့်တင်ရတယ် သမီးရဲ့"

လေးစားအပ်တဲ့စာရေးဆရာကြီးရဲ့စကားကို တင့်ရှင်းမှာ ငြင်းစရာရှာဆောင့်လည်း ရှာမတွေ့။ ရိုင်းရာလည်း မကျချင်။ သူတို့စကားထဲ ကိုယ်တို့နှစ်ယောက်ကို ဘာရယ် ညာရယ်လို့ အတိအလင်း ထည့်မပြောဍ ငြင်းဆိုရှင်းပြဖို့လည်းခက်၊ တစ်မျိုး ထင်နေပြီဆိုတာကိုလည်း နားလည်နေ၍ ဘာလုပ်ရမှန်းကိုမသိ တဲ့ တင့်ရှင်း မျက်နှာလေးက ပျက်နေသည်။

သူတို့ တခြားစကားပြောနေတုန်း အလစ်တွင် လင်းရွှေရ နားနားကပ်၍ တင့်ရှင်းက အံကြိတ်သံနှင့် ...

"ရှင် ဒီကို ဘာလာလုပ်တာလဲ"

"ကျွန်တော် တင့်ရှင်း စာမှု လာပေးတာပါ"

"ရှင်နော် ... အကြောင်းပြချက် တော်တော်ကောင်း၊ ရှင့် ကို ကျွန်မက ဒီပွဲကိုများ ဖိတ်မိလို့လား"



စားသောက်ပြီးကြ၍ ညပရိသတ်က ထ,ရပ်ကာ ဒီလူနှင့် ဟိုလူ နှုတ်ဆက်၊ တခြားစားပွဲတွေဆီ သွားကြ လှမ်း မြင်ကြ နှုတ်ဆက်ကြ မိုးတိုးမတ်တတ် ဖြစ်နေကြတဲ့အထဲ လင်း ရွှေရလည်း ရောရပ်ကာ နှစ်ယောက်သား နီးနီးကပ်ကပ် ကြိတ် ကြိတ်ထိုးစစ် ဖြစ်နေပါသည်။

"စာမှုလာပြန်ပေးတာပါဆို တင့်ရှင်းရယ်"

"ဘယ်မှာလဲ ခုပေး"

"ကားထဲမှာ"

"ရှင် လာပြန်ပြီလား"

"တကယ်ပါ တင့်ရှင်းရဲ့၊ တင့်ရှင်းပွဲကို အချိန်အတိအကျ ကြီးလည်း မသိတော့ ရှိသေးလား၊ ပြီးပြီလား တက်ကြည့် တာ၊ စာမှုကြီး ကားပေါ်ထားခဲ့တာပေါ့၊ တော်ကြာ လူပုံ အလယ် ကျွန်တော်က တင့်ရှင်းကို စာမှုကြီးပေးနေတာ မြင်ကြရင် ကျွန်တော့်ကို တင့်ရှင်းရဲ့ ရှဲဒိုးလို့ ထင်နေကြ ပါဦးမယ် ... အဟင်း ဟင်း"

"အောင်မာ"

"နောက်တာပါ တင့်ရှင်းရာ၊ ဒေါသကြီးလိုက်တာ၊ မျက်နှာ ကြီး ဒီလိုလုပ်ပြရင် ကျွန်တော်များ လန့်မလား စိတ်ပျက် မလား ထင်ပြီး အပင်ပန်းခံ လုပ်မနေနဲ့၊ တင့်ရှင်းက ဘယ်လိုမျက်နှာကြီး လု◌ထားထား လှနေလို့ ရှုံ့တွလည်း အရေးအကြောင်း ထင်ရုံပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ရှင်နော်"

"ဣန္ဒြေမပျက်နေလေ တင့်ရှင်းရဲ့၊ လူကုန်မှ ကားထဲ စာမူ လိုက်ယူ၊ ဟိုမှာ အန်တီ နှုတ်ဆက်နေပြီ"

"သမီး တင့်ရှင်း၊ ဆက်ဆက်လာခဲ့နော်၊ မောင်ရွှေရရော နော်"

ဆရာကြီးကဝင်ကာ ...

"တင့်ရှင်းသွင် မလာဘဲ မနေပါဘူး မိန်းမရယ်၊ ငါတို့က သူ့ပွဲတက်ထားတာပဲ၊ သူလည်းပဲ ငါတို့ပွဲတက်မှာ အသေ အချာပေါ့၊ ကဲ ... သမီး သွားပြီ၊ ဒီထက်ဒီ အောင်မြင်ပါ စေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဆရာကြီး"

စာရေးဆရာကြီးတို့ လင်မယား လှည့်ထွက်သွားကြ လျှင် ...

"ဒီမှာ ကိုရွှေရ၊ ကျွန်မ အဲဒီပွဲကို မသွားလို့ မကောင်းဘူး၊ သွားဖို့သင့်တယ်ရှင့်၊ အဲဒီတော့ ရှင်မလာနဲ့၊ ကျွန်မ တစ်ခုခုကြည့်ပြီး အကြောင်းပြလိုက်မယ်"

တင့်ရှင်း စကားကြောင့် လင်းရွှေရက တင့်ရှင်းကို တိုးလျှိုးတဲ့ မျက်နှာခပ်ညှိုးညှိုးလေးနှင့် ကြည့်သည်။ တင့်ရှင်းက သူ့မျက်နှာပေါ်မှ အကြည့်လွှဲကာ ဘေးဘီတစ်နေရာဆီ အမှတ်တမဲ့ လှမ်းကြည့်လိုက်ပါသည်။



"ဟင် ... ကို"

တင့်ရှင်း မျက်နှာဟာ အလန့်တကြား အကြီး အကျယ် ပျက်သွားရပါသည်။ လွတ်သွားတဲ့ ထောင့်ကျကျ စားပွဲတစ်ခုမှာ အသာဝင်ထိုင်ပြီး တင့်ရှင်းတို့ကို အကဲခတ်နေတဲ့ မြတ်သစ်လွင်။ မလာဘူးဆိုပြီး ရောက်လာပါလား။ တင့်ရှင်းက သူကြည့်ရာဆီ လိုက်ကြည့်လိုက်တဲ့ လင်းရွှေရကို ကမန်းကတန်း ပင် ...

"ဒီ ... ဒီမှာ ကိုရွှေရ၊ ရှင် ... ရှင် ပြန်လိုက်တော့နော်"

တင့်ရှင်းရဲ့ ထစ်ထစ်ငေါ့ငေါ့ စကားကြောင့် လင်း ရွှေရက တင့်ရှင်းကို သနားသွားရကာ ...

"ဟုတ်ကဲ့၊ ကျွန်တော် ပြန်မယ်နော် တင့်ရှင်း"

လင်းရွှေရ လှည့်ထွက်သွားသွားချင်း တင့်ရှင်းက "ကို့"စားပွဲဆီ သွက်သွက် ရောက်လာကာ ...

"ကို ဘယ်တုန်းက ရောက်နေတာလဲဟင်"

"ကြာပြီ၊ ထိုင်ပါဦး တင့်ရှင်း၊ အခုပြန်သွားတဲ့သူနဲ့ တင့်ရှင်းက ဘယ်လိုသိကျွမ်း ပတ်သက်တယ်ဆိုတာ ကိုယ့် ကို အတိအကျ ပြောပြစမ်းပါ"

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၃

"တင့်ရှင်း အဲဒီပွဲကို လုံးဝ မသွားနဲ့"

"မသွားလို့ သိပ်မကောင်းဘူး ကို၊ ကိုပါလိုက်ခဲ့ပါလား"

"မလိုက်ချင်ပါဘူးကွာ၊ တင့်ရှင်းတို့ အခုဖြစ်ပျက်ထားတဲ့ အခြေအနေတွေက ဟိုကောင်နဲ့ တင့်ရှင်းကို အားလုံးက စုံတွဲပဲ ထင်နေတာ၊ ခုမှထပြီး ကိုယ်က ရည်းစားအစစ်က ဟောဒီကောင်ပါလို့ လိုက်ကြေညာရမှာမျိုး မလုပ်ချင်ပါဘူး"

မြတ်သစ်လွင် မျက်နှာက စိတ်တိုသလို မှုန်တေနေပါသည်။

တင့်ရှင်းသည် မဟုတ်က ဟုတ်က ကောလာဟလလည်း ထွက်ထားခဲ့သေးသည်ဖြစ်၍ အခုအဖြစ်အပျက်တွေကို ဖုံးကွယ်လိမ်ညာမနေချင်ဘဲ အဖြစ်မှန်တွေအတိုင်း အားလုံးပြော





ပြလိုက်တာပင်။ နောင်မှ ပြန်သိရတာရှိခဲ့လျှင် တင့်ရှင်းက ဖုံးကွယ်ခဲ့သလိုဖြစ်ကာ တင့်ရှင်း အပေါ် အထင်အမြင်လွဲမှား သေးသိမ်စရာ ဖြစ်မှာကို စိုးရိမ်ပါသည်။

"ဒီလောက်ထိကို ဖြစ်ဖို့မလိုဘူး"

"ဒါ မမျှော်လင့်ဘဲ ဖြစ်သွားတာတွေပါ"

"အားလုံး မှားတယ်၊ ဒီလူဆီ လိုက်သွားတာ၊ စာမူကျန်ခဲ့တာ၊ စာမူလာပေးတဲ့လူကို ကိတ်မုန့်ဆိုင်အထိ ခေါ်သွားတာ၊ တစ်ခါ သူ့အိမ်ကို ဘောလုံးကွင်းကို လိုက်ယူတာ၊ ကိုယ်နဲ့ အသံထွက်ပါတယ်ဆိုတဲ့ လူတစ်ယောက်ကို အရောတဝင်ဖြစ်တဲ့အထိ ဘာမှ ပတ်သက်စရာမလိုဘူး"

"ဒီလောက်ထိ ဖြစ်လာစရာ ရှိမယ်မှ မထင်ဘဲ"

"ဒီနေ့ကစပြီး မင်း အိမ်ထဲမှာပဲ ကိုယ့်ဟာကိုယ် ခပ်အေးအေးနေစမ်းပါ တင့်ရှင်း"

"အိမ်ထဲချည်း နေလို့တော့ မဖြစ်ဘူးလေ ကို၊ ပြီးတော့ တင့်ရှင်းက ခပ်အေးအေးမနေဘဲ ဘာလုပ်နေလို့လဲ"

"မသိဘူးလေ"

"တင့်ရှင်း လုပ်ပုံကိုင်ပုံ မှားကောင်းမှားသွားတာ ရှိနိုင်ပေမယ့် တင့်ရှင်း မဟုတ်တာတော့ မလုပ်ဘူး၊ ဒါပေမဲ့ တစ်ခါတစ်ခါကျရင် ကိုနဲ့ ညှိလို့ ဆွေးနွေးလို့ မရတာတွေကြောင့် တင့်ရှင်း စိတ်ညစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေလဲ"

"ဥပမာ ... အခု ဒီစာရေးဆရာကြီး ဦးမင်းဒဂုန် ဖိတ်တဲ့ ပွဲကို တင့်ရှင်း သွားချင်တယ်၊ သွားမှကောင်းမယ်၊ သူ တောင် တင့်ရှင်းနဲ့ မခင်ဘဲနဲ့ တင့်ရှင်းပတ်ဘလစ်ရှာနဲ့ပဲ ခင်ရုံနဲ့ လာဖြစ်အောင်လာတယ်၊ တင့်ရှင်းလို လူငယ်လည်း လူငယ်၊ သူ့ထက်ဆို အရမ်းဝါနုသေးတဲ့ ငချွတ်က သူ အထပ်ထပ် ဖိတ်တာကို မသွားဘူးဆိုရင် ရိုင်းတယ်၊ စာရေးဆရာချင်း ဖြစ်နေတယ် ကို"

"မသွားလည်း ဘာဖြစ်သွားမှာလဲကွာ"

"တင့်ရှင်းချည်းပဲ မသွားစေချင်ရင် ကို လိုက်ခဲ့ပေးပါလို့ တင့်ရှင်းက ပြောနေတာ"

"ကိုယ်က ဘာကိစ္စ လိုက်ရမှာလဲ၊ ဘာမှမဆိုင်ဘူး"

"အဲဒီ မဆိုင်ဘူးဆိုတဲ့ စကားကို ကို ဘာလို့ပြောပြော နေတာလဲ"

"တခြားဘက်တွေ ဝေ့မနေနဲ့ တင့်ရှင်း၊ ဒီကိစ္စပဲ ဦးတည် ပြော၊ ကိုယ်လည်းမလိုက်ဘူး၊ တင့်ရှင်းလည်း မသွားနဲ့"

"ကို သွားဖို့ စီစဉ်နေတဲ့ လမ်းတစ်ခုကို မသွားနဲ့လို့ တင့်ရှင်း တားဖူးလား"

"ဘာ ... ကိုယ်က ဘယ်မသင့်တော်တဲ့ လမ်းမျိုးတွေသွား နေလို့လဲ၊ မင်း ဘာတားစရာလိုလဲ၊ လာမနိုင်းယှဉ်နဲ့လေ"





"အခု ဒီစာရေးဆရာကြီးအိမ်ကကော မသင့်တော်တဲ့လမ်း မို့လို့လား"

"ကျွတ် ...၊ သူတို့က မင်းကို ဟိုကောင်နဲ့ တွဲသိထားတာ လေ၊ ဒါကြောင့် ပြောနေတာ"

"သူ့ကို မလာဖို့ တင့်ရှင်း ပြောပြီးသား"

"ဩော် ... ဟား ဟား၊ ဒီလောက် မင်းဆီရောက်ရောက် လာတဲ့ကောင်က မင်းက မလာနဲ့ဆိုတာနဲ့ လုံးဝမလာဘဲ နေမှာလို့ တကယ်ယုံလို့လား၊ ကိုယ်လည်း ယောကျ်ားတစ် ယောက်ပဲ တင့်ရှင်း၊ ယောကျ်ားချင်း ပိုသိတယ်၊ ဒီကောင့် မျက်နှာကို ခပ်လှမ်းလှမ်းကနေ ခဏပဲ တွေ့လိုက်ပေမယ့် ငါ သိတယ်ကွာ၊ ဒီကောင် မင်းကို ကြိုက်နေတယ်၊ နား လည်လား၊ မင်းကို မရိုးသားဘူး၊ ရှင်းလား"

ရန်မဖြစ်ရစဖူး ရန်ဖြစ်ကြရလုနီးနီး ဖြစ်လာတဲ့ အတွက် စိတ်ထဲမှာ လုံးဝမကျေနပ်နိုင်တဲ့ တင့်ရှင်း စကားထပ် မဆက်တော့။ သူတစ်ခွန်းအော် ကိုယ်တစ်ခွန်းအော် တဖြည်းဖြည်း အရှိန်မြင့်ကာ ရန်ဖြစ်ရတယ်ဆိုတဲ့ အဖြစ်မျိုးထိ တင့်ရှင်း အရောက် မခံနိုင်။ လက်တောင်မထပ်ရသေးတဲ့ ချစ်သူ ရည်းစားသူဆိုတဲ့ အနေအထားလောက်နှင့်တောင် ရန်ပွဲဘွေ ဖြစ်နေရရင် ယူပြီးရင် ဘယ်လိုရှိမလဲ။

တဖြည်းဖြည်း စိတ်ပျက်စရာ ကောင်းလာတယ်လို့ တ ...င်း မြင်လာရတဲ့ မြတ်သစ်လွင် အတွက် ငြမ်းနည်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တင့်ရှင်း ရွေးချယ်တဲ့သူက ဘယ်လိုဖြစ်သွားတာလဲ။ စကားနည်းရန်စဲနေလိုက်ပေမယ့် ရင်ထဲခုခံဖုထစ်သွားသည်မှာ နေလို့ထိုင်လို့မရတဲ့အထိပင်။ မခံချင်စိတ်ကလည်း ဝမ်းပန်းတနည်းကြားက အတင်းရုန်းကြွထွက်နေသည်။

အဲဒီတနင်္ဂနွေမနက်တွင် တင့်ရှင်းက လင်းရွှေရဲ့ဖုန်းကို ခေါ်လိုက်ပါသည်။ သွားပတ်သက်တယ်လို့ ကိုကစွပ်စွဲလည်း စွပ်စွဲပစေတော့။ ပတ်သက်တော့ရော ဘာဖြစ်လဲ။

"ဟယ်လို ... တင့်ရှင်း"

"ဟုတ်ကဲ့ ကိုရွှေရဲ့၊ ကျွန်မ သတိထပ်ပေးတာပါရှင့်၊ ညကျ ကျွန်မ ဆရာကြီးတို့ပွဲကို သွားမှာမို့လို့ပါ၊ ရှင်လုံးဝ ရောက်မလာပါနဲ့၊ ရှင် နေမကောင်းဘူးလို့ ကျွန်မဘာသာ ကြည့်ပြောလိုက်မယ်၊ ရှင် နားလည်တယ်နော်"

"နားလည်ပါတယ်ဗျာ"

"ကျွန်မစာမူကိုလည်း ရှင့်အိမ်က ဗီရိုထဲ လုံလုံခြုံခြုံသာ သိမ်းထားလိုက်ပါ၊ ပြန်ပေးဖို့ ကြိုးစားတိုင်း တွေ့လွဲလွဲနေလို့ ခဏပစ်ထားလိုက်မှ ဖြစ်တော့မယ်၊ တစ်ရက်မှာ ကျွန်မ တစ်ယောက်ယောက် လွှတ်ယူခိုင်းမယ်"

"သဘောပေါက်ပါပြီဗျာ၊ ဒါနဲ့ တင့်ရှင်း၊ ဟိုတစ်နေ့က ခင်ဗျားနဲ့ ခင်ဗျားရဲ့ ... ခင်ဗျားရဲ့လူနဲ့ ပြဿနာတက်သွားသေးလားဟင်"

"ဘာဖြစ်လို့ တက်ရမှာလဲ"





"သူ ကျွန်တော်တို့ကို တစ်မျိုးထင်သွားပုံပဲဗျ"

"ဟုတ်မှ မဟုတ်တာ၊ အဲဒါ ရှင်စိတ်ပူစရာ မဟုတ်ပါဘူး၊ ဒီနေ့တော့ သူ့ကို ကျွန်မ ရအောင်ခေါ်သွားမှာ၊ ဒါပဲနော်"

ဤသို့ဖြင့် ...။

ညနေစောင်း မမှောင့်တမှောင်တွင် တင့်ရှင်းက အန့်တီပြောခဲ့တဲ့ လိပ်စာဆီ တစ်ဦးတည်း ကားလေးမောင်းကာ ရောက်လာပါသည်။ တင့်ရှင်း ဇွတ်သွားတာကို မြတ်သစ်လွင် သိလို့ ပြဿနာတက်လည်း တက်ရပစေတော့။ သိပ်မမှုချင်တော့။ အမြင်ကတ်တတ်တတ် ဖြစ်နေပြီ။ ကိုယ့်ဟာကိုယ် ရိုးရိုးသားသား သွားချင်လို့ သွားတာ။ ရှုပ်ရှုပ်ယှက်ယှက် လုပ်ချင်လို့ မဟုတ်တဲ့ အတွက် ကိုရွှေရကိုလည်း အတိအလင်း တားမြစ်ခဲ့ပြီပဲလေ။

"ဟယ် ... သမီး ရောက်ပြီ၊ လာ ... လာ သမီး၊ မျှော်နေတာ၊ ဟောဒီမှာ စာရေးဆရာမ တင့်ရှင်းသင် လာမယ် ဆိုလို့ တွေ့ချင်လို့ မျှော်နေတဲ့သူတွေ မနည်းဘူး"

အန့်တီက ဖော်ဖော်ရွေရွေ ကိုယ်တိုင် ထကြိုသည်။ တင့်ရှင်းရဲ့လက်ကို ချိတ်တွဲကာ ခေါ်လာတဲ့ အန့်တီ့ကို အမှတ်တရ လက်ဆောင်ဘူးလေး တင့်ရှင်းကပေးလျှင် ...

"ဒါတွေမလိုပါဘူးကွယ်၊ အလကား ယူလာတယ်၊ ဘယ်မလဲ မောင်ရွှေရက"



www.burmeseclassic.com

www.burmeseclassic.com



ဒီအန်တီ့မလည်း စွဲမိစွဲရာပင်။ တင့်ရှင်းနှင့် လင်းရွှေရကို နှစ်ဦးတွဲကာ သူ့မျက်စိထဲ အလွန်သဘောကျပုံရသည်။

"သူ့ဟာသူ နောက်မှ လိုက်လာမှာလား"

"မဟုတ်ဘူး အန်တီ၊ သူ မလာနိုင်ဘူး"

"အို ... ဘာလို့မလာနိုင်ရတာတုန်း၊ ဘာကိစ္စရှိလို့တုန်း"

"ကိစ္စရှိရင်တောင် သူ ဖျက်မှာပါ အန်တီရယ်၊ အခုက ဘယ်လိုမှ မလာနိုင်လို့ပါ"

"ဘာဖြစ်လို့လဲ"

"သူ ချော်လဲပြီး ခြေဆစ်ကြီး လည်သွားတာ ခြေကျင်း၀တ်တစ်ခုလုံး ရောင်ကိုင်းနေလို့ပါ အန်တီ၊ တုတ်ကြီးထောက်ပြီး လျှောက်တာတောင် သုံးလေးလှမ်းထက်ပိုပြီး မလျှောက်နိုင်ဘူး"

ဖွေးဖွေးက တင့်ရှင်း စကားကို ကြားလျှင် ...

"ရွှေရ တစ်ယောက်ကလည်း ကလေးကျနေတာပဲ၊ ချော်လဲရတယ်ရယ်လို့၊ ဒီမှာ သူနဲ့တွေ့ရအောင် သူငယ်ချင်းတွေပါ ခေါ်ထားပါတယ်ဆိုမှ၊ သူငယ်ချင်းတွေ ခေါ်ထားတာ ဖုန်းဆက်ပြောလိုက်ဦးမယ်"

ဖွေးဖွေးက ဖုန်းနှိပ်နေတော့လျှင် တင့်ရှင်းမှာ ရင်တထိတ်ထိတ်နှင့် ဘေးက အန်တီ့စကားတွေ မကြားတစ်ချက်ကြားတစ်ချက်ဖြစ်ကာ ဖွေးဖွေးဘက် နားစွင့်နေမိသည်။





"ဟယ်လို ... ဟဲ့ ... ရွှေရလား"

"ဟုတ်ကဲ့ပါ"

"အမယ်၊ နင် အရမ်းယဉ်ကျေးနေတာပေါ့လေ၊ ဘာလုပ်နေလဲ အခု"

"ခုပြောနေတာ ဘယ်သူပါလဲ ခင်ဗျာ"

"ငါ ဖွေးဖွေးပါ၊ နာမည်ကြားတော့ရော သိရဲ့လား၊ နင်က ငါ့နာမည် မေ့နေတာဆို"

"မတွေ့ကြတာ ကြာလို့ မေ့နေတာပါဟ၊ ခုတော့ သိပါပြီ"

"နင် အခု ဘာလုပ်နေလဲ"

"ကားတစ်စင်း အင်ဂျင်ချတာ လာကြည့်ပေးနေတာဟ"

"ဟင် ... နင် နေမကောင်းဘူးဆို"

"ဩော် ... အေး၊ ဟုတ်တယ်လေ၊ နေတော့မကောင်းဘူး၊ အခုလည်း အနွေးထည်အင်္ကျီ ၀တ်ထားပါတယ်ဟ၊ ဒါပေမဲ့ အဖျားက ကျစပြုပါပြီ၊ မနက်က နေ့လယ်ကတွေကတော့ တစ်ရာ့သုံး,လေးလောက်ကို ရှိတာဟ၊ ဒါကြောင့် ငါမလိုက်လာတော့တာ၊ အဟွတ် ... အဟွတ် ... အဟွတ်၊ ချောင်းတွေလည်း ဆိုးနေတယ်ဟ"

"ဟီး ဟီး ... နင် ဘာတွေလျှောက်ပြောနေတာလဲ ရွှေရ"

"နေမကောင်းဘူးဆိုတာ ပြောပြတာလေဟာ"

"ချောင်းတွေလည်းဆိုး၊ အဖျားတွေလည်း တက်ဆိုတော့ အအေးမိ တုပ်ကွေးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



တင့်ရှင်း မျက်နှာကလေးပျက်ကာ နီမြန်းလာရပါသည်။

"ဟင် ... တုပ်ကွေးတဲ့လား၊ ဘယ်လိုဖြစ်တာတုန်း၊ ချော်လည်းလဲ၊ တုပ်လည်းကွေး"

အန်တီက အံ့အားတသင့်ပြောလျှင် ဖွေးဖွေးက ရယ်ကာမောကာ တင့်ရှင်းဘက်ပါ တရင်းတနှီးကြည့်ရင်း ...

"ဧကန္တ မေမေ၊ သူတို့နှစ်ယောက် စိတ်ကောက်ရန်ဖြစ်ထားတာ ထင်တယ်၊ ဟဲ့ ... ရွှေရ၊ နင့်ခြေကျင်းဝတ် ဘာဖြစ်နေလဲ"

"ဘာမှမဖြစ်ပါဘူးဟ၊ ဘာဖြစ်လို့လဲ"

"ဟား ဟား၊ သေချာပါတယ်၊ နင်နဲ့ တင့်ရှင်းသွင် စိတ်ကောက်နေကြတယ် မဟုတ်လား၊ ဒီကိုလာဖို့ တင့်ရှင်းသွင်က မခေါ်ချင်တာလား၊ နင်က မလိုက်ချင်တာလား တစ်ခုခုပဲ၊ တစ်ယောက်တစ်မျိုး ရှီးနေကြတာ ... ဟား ဟား"

တင့်ရှင်းက မျက်နှာလေးရဲရဲနှင့် ခေါင်းလေးငုံ့ထားမိပါသည်။

"နင် ဘာတွေ ပြောနေတာလဲ ဖွေးဖွေး"

"ငါ့ကို လာရှီးမနေနဲ့ ရွှေရရေ ... နော်၊ တင့်ရှင်းသွင်က ပြောတော့ နင် ချော်လဲပြီး ခြေကျင်းဝတ်ကြီး ရောင်နေလို့ မလာနိုင်တာတဲ့၊ နင်ကပြောတော့ ချောင်းဆိုးအဖျား





တက်တဲ့၊ ဟိဟိ ... ရယ်ရတယ်၊ ဟော့ ... နင် အပိုတွေလုပ်မနေနဲ့ အခုလာပြီး တင့်ရှင်းကို လာချော့လှည့်"

သူ့သမီးစကားတွေကို နားထောင်နေသော အန်တီက မျက်နှာလေးရဲနေတဲ့ တင့်ရှင်းရဲ့လက်ဖျားလေးတွေကို ဆုပ်သုတ်ကာ ...

"သမီးရည်းစား ရန်ဖြစ်တာများ သမီးရယ်၊ ရက်မနေနဲ့၊ စုံတွဲတွေဆိုတာ ရန်ဖြစ်လေ ပိုချစ်လေပဲ၊ ကြာတော့ ရန်ဖြစ်ရတာ ပျင်းသွားရော၊ ရိုးသွားရော၊ စိတ်တွေကောက်မနေကြနဲ့၊ အချိန်တွေ နှမြောစရာကြီး၊ မကြာခင်ပဲ လက်ထပ်ကြတော့မယ့်ဟာ၊ သမီး ဖွေးဖွေး ... မောင်ရွှေရကို ရအောင်ခေါ်လိုက်၊ ဒီမှာ တင့်ရှင်းကို မေမေ ချော့ပြီးပြီလို့"

"ဟဲ့ ... ငါ့အမေ ပြောတာ ကြားလား၊ နင် ... အခုလာခဲ့"

တင့်ရှင်းသည် စိတ်ရှုပ်ရှုပ်နှင့် ...

"အန်တီ"

"ဘာလဲ သမီးရဲ့"

"သူနဲ့ တင့်ရှင်းက အန်တီတို့ ထင်သလို မဟုတ်ပါဘူး၊ ချစ်သူတွေလည်း မဟုတ်ဘူး၊ လက်ထပ်ကြမယ့် စုံတွဲလည်း မဟုတ်ဘူး၊ ဘာမှ မပတ်သက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမပြောရဘူးလေ သမီးရဲ့၊ သမီးရည်းစား ရန်ဖြစ်တာ ထုံးစံပဲ၊ ဆန်းမှ မဆန်းတာ၊ ရန်ဖြစ်တိုင်းသာ မပတ်သက်ပါဘူး မယူပါဘူး ပြောနေရရင် ခက်ချည်ရဲ့"

"မဟုတ်ဘူး အန်တီ၊ သူနဲ့ တင့်ရှင်းက လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့သူတွေကို မဟုတ်ဘူး"

"လက်ထပ်ဖို့ စဉ်းစားကြတုန်း ဆိုရင်လည်း စဉ်းစားမနေနဲ့တော့၊ ခေါင်းသာညိတ်လိုက်တော့၊ သမီးတို့နှစ်ယောက်က သိပ်လိုက်တာပဲ၊ သမီးကချောချောလှလှ ၊နုနုထွေးထွေး၊ မောင်ရွှေရက ရုပ်ကကြမ်းပေမယ့် စိတ်သဘောက သိပ်ကောင်းတယ်၊ စိတ်ကောင်းရှိတာ မျက်နှာမှာ ထင်ဟပ်နေတော့ မျက်နှာက ကြည်လင်အေးမြနေတာ၊ သမီးကိုလည်း အရိပ်တကြည့်ကြည့်နဲ့၊ နတ်ဖက်တဲ့စုံတွဲ၊ လိုက်ကိုလိုက်တာ"

ဟင်း ...။

တင့်ရှင်း သက်ပြင်းကြီးသာ ချလိုက်ရပါသည်။ ဘယ်လိုမှလဲ ပြောမရ။ မောလိုက်တာ။ မြတ်သစ်လွင်ကို ရှင်းပြသလို အတွင်းရေးတွေ တစ်လုံးမကျန် ဖွင့်ပြောပြီး ဘာကြောင့် သူနဲ့တွေ့ရ ဆုံရ ပတ်သက်ရပါတယ် ဆိုတာမျိုးအထိ ရှင်းပြဖို့လည်း မလိုအပ်ဘူးထင်သည်။ ကိုယ့်ရဲ့ကောလာဟလတွေပါ ဖော်ပြောပြီး ကိုယ်ပေါင်ကိုယ်ထောင်းသလို ရှုပ်ရှုပ်ယှက်ယှက် ဇာတ်လမ်းတွေ ပြောရမှာ မပြောနေချင်တော့ပါ။





ခုချက်ချင်း လာခဲ့ဖို့၊ မလာရင် သူငယ်ချင်းတွေ လွှတ်ခေါ်မည့်အကြောင်း ဖွေးဖွေး ဖုန်းထဲပြောနေတာ ကြားပေမယ့် ဝင်တားမနေချင်တော့။ ဒီလောက်ထိအောင် ကြဲဖန်တွန်းပို့လာတဲ့ ဇာတ်လမ်းကို ဖန်တီးလာတဲ့ ကံကြမ္မာကို အံ့အားတသင့်နှင့်သာ ငြိမ်နေမိသည်။

အဲဒီ ကံကြမ္မာကို တွေးရင်း တွေးရင်း တင့်ရှင်း အနည်းငယ် တုန်လှုပ်လာမိပါသည်။ ဒီလို မဖြစ်,ဖြစ်အောင် စေစားညွှန်ကြား ဖန်ဆင်းနေတာလား။ အမှတ်မထင် ထူးထူးခြားခြား ဒီလူနှင့် ဆုံစည်းရတာ။ သိက္ခမ်းရတာ။ ထပ်ထပ်တွေ့ဆုံ ပတ်သက်ရတာ။ ဒီအဖြစ်အပျက်တွေ တင့်ရှင်း ဘဝထဲ ဖြစ်ပျက်လာဖို့ နဂိုကပင် ပြဋ္ဌာန်းပြီးသားလား။ ဒါ့အပြင် ဘာကြောင့် တင့်ရှင်း ရင်တွေခုန် နလုံးတွေတုန်ချင်ရတာလဲ။

ဘယ်ဘက်ရင်ဘတ်တွေ အောင့်ကျိန်းလာတဲ့အထိ ရင်တွေတလှပ်လှပ်ဖိုပြီး စိတ်တွေ လှုပ်ရှားနေသည်။ သူ ရောက်လာတော့မည်လို့ တွေးရင်း ငိုချင်သလိုလိုတောင် ဖြစ်လာသလိုပင်။

"ဟော ... လာ ... လာ ... ဝရမ်းပြေးကွ၊ ဘယ်ရမလဲ နော"

အတော်ပေါ့ပါး ပျော်ရွှင်တတ်ပုံရတဲ့ ဖွေးဖွေးသည် တင့်ရှင်းရဲ့ လက်တစ်ဖက်ကို မလွှတ်တမ်း ဆွဲဆုပ်ထားသည်။ တင့်ရှင်းသည် တစ်လှမ်းချင်း လျှောက်လာနေတဲ့ လင်းရွှေရကို



www.burmeseclassic.com

www.burmeseclassic.com

မကွဲပြားတဲ့ ခံစားချက်နှင့် လှမ်းကြည့်နေမိပါသည်။ ကြည့်ရင်း ကြည့်ရင်းကကိုပဲ ရင်တွေ တုန်ယင်ပေါက်ကွဲလာလိုက်တာ။ ဒုက္ခပါပဲ။ ဘာတွေ ဘယ်လို ဖြစ်ပျက်ခဲ့ပြီနည်း။

ဘယ်တုန်းကမှ မခံစားခဲ့ဘူးတဲ့ တလိပ်လိပ် လှိုက်လှဲပြီး နင့်တက်လာသော ခံစားချက်ဟာ ဘာများလဲ။

"လာပါ သားရဲ့၊ ချော့လိုက် ချော့လိုက်၊ အဲသလို စိတ်မကောက်ကြနဲ့၊ အန်တီက ရန်ဖြစ်နေတဲ့ စိတ်ကောက်နေတဲ့ စုံတွဲတွေတွေ့ရင် နေကိုမနေနိုင်ဘူး၊ ညှိနှိုင်းပေးရမှ၊ ဖွေးဖွေးက ပိုဆိုသေး၊ သူ့အဖေနဲ့ အန်တီ့မှာ သူ့ကြောင့် နည်းနည်းကလေးတောင် မတည့်ခွင့် မရဘူး ...

ကဲ ... ငါ့သမီးကလည်း စိတ်ပြေလိုက်၊ ပြဿနာကို အန်တီ မသိပေမယ့် ပြဿနာက ဘာပဲဖြစ်ဖြစ် အရေးမကြီးပါဘူး၊ သမီးတို့ သားတို့ချင်းချစ်တဲ့ အချစ်ကအရေးကြီးတာပါ၊ သား ... မင်းက တောင်းပန်လိုက်လေ၊ မင်း တင့်ရှင်းကို ချစ်သလား မချစ်ဘူးလား ... ပြော"

တင့်ရှင်းက လင်းရွှေရကို မျက်လွှာလှန်ကာ ကြည့်လိုက်ပါသည်။ လင်းရွှေရရဲ့ မျက်ဝန်းတို့က ညှို့းရီကာ တင့်ရှင်းကိုလည်း ခွင့်လွှတ်ဖို့ တောင်းပန်သလို ကြည့်ရင်း ...

"ချစ်ပါတယ် အန်တီ၊ ကျွန်တော် တင့်ရှင်းကို သိပ်ချစ်ပါတယ်"

"ဟေး ..."





ဖွေးဖွေးနှင့် သူငယ်ချင်းတစ်စု၏ လက်ခုပ်သံတွေကြားတွင် တင့်ရှင်းရဲ့ရင်ခုန်သံ အကျယ်ကြီးကို ဘယ်သူမှ မကြားနိုင်ပါ။

"ချစ်ရင် တောင်းပန်လေ၊ ကိုယ်က ယောက်ျားလေးပဲ၊ အလျှော့ပေးပေါ့"

တင့်ရှင်းသည် အဖြစ်အပျက်တို့အတွက် မျက်ရည်ပင် လည်လာသည်။ ဘယ်လိုတွေများ ဖြစ်ချင်တိုင်း ဖြစ်နေတော့တာလဲ။

"တင့်ရှင်း"

"... ... ..."

"ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို စိတ်မဆိုးနဲ့နော်"

တင့်ရှင်းက သူ့ကို သတိလက်လွတ် တစ်ခဏငေး ကြည့်နေမိပြီးမှ ခေါင်းလေးညိတ်ကာ သက်ပြင်းချရင်း ...

"အင်း ... ရပါတယ်"

"ကဲ ... ထိုင်ကြ ... ထိုင်ကြ၊ ဒီနေ့ပွဲက ထူးခြားတယ် ဟေ့၊ စိတ်ကောက်နေတဲ့ ချစ်သူနှစ်ယောက် ပြန်တည့်သွားတော့ အန်တီတို့ နှစ်ပတ်လည်ပွဲပါ ပိုပြီးတော့ မင်္ဂလာရှိသွားတယ်၊ ကဲ ... စားကြစို့ ... စားကြစို့"

ခဏတော့ စိတ်ကျဉ်းကျပ် နှုတ်ဆိတ်နေကြတဲ့ တင့်ရှင်းနှင့် လင်းရွှေရသည် ပျော်ရွှင်စရာကောင်းတဲ့ စာရေးဆရာကြီးတို့ မိသားစု ဆွေမျိုးတစ်စုအလယ်တွင် တစ်ခဏနှင့် ရယ်ကာ မောကာ ရွှင်ကာ လန်းကာ မြူးထူးလာသည်။


www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုအမြင်ကတ်တတ်တတ်နှင့် မျက်စောင်းထိုးရာမှ တဖြည်းဖြည်း လန်းဆန်းပြုံးချိုမြလာတဲ့ တင့်ရှင်းကြောင့် လင်းရွှေရလည်း မြူးသွက်ကာ သူ့အသံအောင်အောင်ကြီးနှင့် စကားတွေလည်းဖောင၊ တဝါးဝါး တဟားဟားတွေလည်းဖြစ်၊ တင့်ရှင်း ပျော်လာပါသည်။ တကယ် ပျော်မိပါသည်။

ကိုနဲ့ တင့်ရှင်း ကြားမှာ ဒီလိုပျော်မြူးရွှင်ပျရတဲ့ အဖြစ်အပျက်မျိုး တစ်ကြိမ်မှ တစ်ခုမှ မရှိခဲ့ဖူးပါ။ ခုတော့ ပျော်လိုက်တာမှ စိတ်လွတ်ကိုယ်လွတ် နောက်ကြ ပြောင်ကြ ကာရာအိုကေတွေဆိုကြ။ တစ်စက်မှ မကောင်းတဲ့ သူ့အသံခပ်ဩဩနှင့်ပင် ဆရာကြီးမင်းဒင်္ဂနက အတင်းဆိုခိုင်းတဲ့ "ဂုဏ်ဆိုတာငွေကိုခေါ်တယ်"သီချင်းကို အားလုံး အော်ဟစ် လက်ခေါက်တွေမှုတ်ရအောင် လင်းရွှေရ ဆိုသွားလိုက်သည်မှာ ဟန်နှင့်ပန်နှင့်။

သူ့ကို စိုက်ကြည့်ကာ ရယ်လိုက်ရတာ မျက်ရည်တောင် ထွက်လာပြီး လက်ခုပ်လက်ဝါးတီး အားပေးရတာလည်း လက်ဝါးတွေတောင် နာကျင်ကျိန်းစပ်ပြီး ကွဲထွက်မတတ်ပင်။ တင့်ရှင်း ပျော်နေ၍ လင်းရွှေရကလည်း တင့်ရှင်းကိုကြည့်ကာ မြူးကြွနေပါသည်။

"တင့်ရှင်း"

"အင်း ... ဘာလဲ"

"တင့်ရှင်း ပျော်နေတာမြင်ရတာ စိတ်ချမ်းသာလိုက်တာ၊ တင့်ရှင်းရဲ့အမျိုးသား လိုက်မလာဘူးလား"





တင့်ရှင်းက ရင်ထဲခပ်နာနာနှင့် ...

"ဟင့်အင်း ... သူက ဒီလိုပျော်ရွှင်မှုမျိုးတွေနဲ့ မထိုက်တန်တဲ့လူစားရှင့်"

တင့်ရှင်းအသံက ဝမ်းနည်းသံပါသွားသလားမသိပါ။

"ကျွန်တော် စိတ်မကောင်းပါဘူး တင့်ရှင်း"

"ရှင်က ဘာကိစ္စစိတ်မကောင်းရတာလဲ"

"ကျွန်တော်က တင့်ရှင်း ပျော်နေတာကိုပဲ မြင်ချင်တဲ့သူပါ"

"အခု ကျွန်မ ပျော်နေတာပဲလေ ကိုရွှေရရဲ့"

"ကျွန်တော်က အမြဲတမ်း တစ်သက်လုံးပျော်စေချင်တာ"

"ကျွန်မကလည်း တစ်သက်လုံးပျော်အောင်နေသွားမှာပါ"

တင့်ရှင်းနှင့် လင်းရွှေရ တစ်ယောက်မျက်နှာကို တစ်ယောက် သတိလက်လွတ် စူးစိုက်ကြည့်နေမိကြပါသည်။ ခဏကြာမှ တင့်ရှင်းက အရင်သတိထားကာ မျက်နှာကိုလွှဲရင်း ...

"ရှင် စာမူမပါဘူးမို့လား"

"ဟောဗျာ ... တင့်ရှင်းက ဗီရိုထဲပဲ သိမ်းထားဆိုတော့"

"အရမ်းစကားနားထောင်တာပေါ့နော်"

"ကျွန်တော် ကမန်းကတန်းထွက်လာတာမို့လို့ ယူခဲ့ရမလားလို့ တင့်ရှင်းကို ဖုန်းဆက်မမေးမိလိုက်ဘူးဗျာ"

"ဒီစာမူလည်း ကွန်ပျူတာရိုက်တဲ့ဘဝကို ရောက်ကိုမရောက်တော့ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



"တင့်ရှင်၊ ဟိုတစ်ခါကတည်းက ဒီလိုပြောလို့ ကျွန်တော် အခုရိုက်ပေးနေတယ်"

"ရှင် ရိုက်တာ !!"

"အင်း"

"စာစီစာရိုက်ရတယ်ပေါ့"

"ရတာပေါ့၊ တစ်ဝက်ကျော်နေပြီ၊ ပြီးခါနီးပြီ"

သူ့စာမူကို လင်းရွှေရက ကွန်ပျူတာရိုက်ပေးတယ် ဆိုတဲ့အဖြစ်ကလည်း တင့်ရှင်းစိတ်ကို လှုပ်ရှားစေပါသည်။ အဲဒီ ညက ဒီပွဲလေးမှာ အပျော်ကြီးပျော်ခဲ့ရတဲ့ တင့်ရှင်းသည် အိမ်အပြန် မှာ မမျှော်လင့်တဲ့ ပြဿနာတစ်ခုကို ရင်ဆိုင်ရပါတော့သည်။

တင့်ရှင်းကားကရှေ့က လင်းရွှေရကားက တင့်ရှင်း တိုက်အောက်ထိ နောက်ကမောင်းလိုက်လာပြီးမှ ပြန်မည်ဆိုကာ နောက်ကပါလာသည်။ အိမ်ကိုမရောက်ခင် လမ်းခုလတ်တစ်နေရာ မှာပင် နောက်ကပါလာသော ကားတစ်စီးဟာ လီဗာကို အသံ ကြီးမြည်ဟည်းအောင်နင်းပြီး ကားနှစ်စီးလုံးကို ကျော်တက်၍ တင့်ရှင်းကားရှေ့ကို ထိုးဖြတ်ဝင်ကာ ပိတ်ရပ်ချလိုက်ပါသည်။

အလန့်တကြား ရှေ့ဆင့်နောက်ဆင့် ဘရိတ်အုပ် လိုက်ကြတဲ့ တင့်ရှင့်ရဲ့ကားနှင့် လင်းရွှေရရဲ့ကားတို့ဟာ အသီးသီး တုံ့ခနဲ တုံ့ခနဲ ရပ်ကုန်ကြသည်။ ပိတ်ရပ်လိုက်တဲ့ ရှေ့ကားထဲမှ မြတ်သစ်လွင်က ဒေါသတကြီး ကမူးရှူးထိုးဆင်းလာပြီး တင့်ရှင်း ကားကို ကျော်ဖြတ်လျှောက်သွားရင်း ...





"ဟော့ကောင် ဆင်းစမ်း"

ကားလမ်းခပ်ရှင်းရှင်းကြီးပေါ်မှာ မြတ်သစ်လွင်ရဲ့ ုပ်သံနှင့် အော်ဟစ်လိုက်သံက ဟိန်းထွက်လာသည်။ လင်းရွှေရ က သူ့ကားတံခါးကိုဖွင့်ကာ ထွက်လာချိန်မှာ အံကိုက်အနားရောက် ာသော မြတ်သစ်လွင်က လင်းရွှေရမျက်နှာကို လက်သီးနှင့် ားကုန်စိုက်ထိုးချလိုက်ပါသည်။

"အမယ်လေး ... ကို . မလုပ်ပါနဲ့"

တင့်ရှင်းက ကားပေါ်မှအပြေးဆင်းကာ သူတို့အနား ပြေးသွားပါသည်။

ယိုင်ပြီး ငိုက်သွားတဲ့ လင်းရွှေရက ဒီခန္ဓာကိုယ်ကြီး င့် ဒီလက်သီးချက်လောက်တော့ သိပ်မဖြုံဘဲ မတ်တတ်ပြန်ရပ် က မြတ်သစ်လွင်ကို ဘာမှ မတုံ့ပြန်ဘဲ သူ့နှုတ်ခမ်းကိုသာ သူ တ်သုတ်နေလေသည်။

"ကို ဒီလိုမလုပ်ပါနဲ့၊ လာပါ၊ ကားပေါ်တက်ပါ ကို"

"သွားစမ်း"

မြတ်သစ်လွင် လက်ဘစ်ဖက်ကို သွားဆွဲလိုက်တဲ့ တင့်ရှင်းကို မြတ်သစ်လွင်က လက်ကိုရုန်းတာနှင့်တစ်ပြိုင်နက် ပဲ ဆောင့်တွန်းထုတ်လိုက်ပါသည်။ တင့်ရှင်းသည် မမျှော်လင့် ဲ ရင်ညွန့်အထက် လည်ပင်းအောက်နား ဆောင့်တွန်းခံရ၍ မ်းမပေါ် ယိုင်ပြိုကျရင်း အသက်ရှူမှားပြီး ချောင်းတွေ တဟွတ် ွတ်ဆိုးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ခင်ဗျား ဒီလိုမလုပ်ပါနဲ့ဗျာ"

"ဟေ့ကောင်"

တင့်ရှင်းထဲလှမ်းနေတဲ့ လင်းရွှေရခြေလှမ်းက မြတ်သစ်လွင်အသံကြောင့် တုံ့သွားပါသည်။ ခေါင်းငိုက်စိုက်ချ လက်တွဲလောင်းချပုံစံနှင့် လင်းရွှေရက ရှေ့မတိုးဘဲရပ်နေလိုက်ပါသည်။

"တောက် ... မသက်ာလို့ လိုက်ကြည့်တာ၊ ငါ အဲဒီမြ ရောက်နေတာကြာပြီ နားလည်လား၊ ဟေ့ကောင် မင်းပြန် (...)ရှက်မရှိတဲ့ကောင်၊ ကြာကူရီ၊ ဘာမှ မင်္ဂလာယူမနေနဲ့ အခုထွက်သွား"

တင့်ရှင်းသည် နာလည်းနာ၊ ရှက်လည်းရှက်၊ ဝမ်းလည်းနည်း၊ မြတ်သစ်လွင်အပေါ် အနည်းအကျဉ်းတော့ရှိခဲ့တယ် ထင်မိသည့် သံယောဇဉ်လည်း ထောင်းခနဲပြတ်တောက်၊ အဖြစ်အပျက်ကိုလည်းခါးသီး။ ပေါက်ပေါက် ပေါက်ပေါက်ကျနေတဲ့ မျက်ရည်တို့ကို သုတ်မနေတော့ဘဲ လမ်းမပေါ်အားယူလက်ထောက် ၍ထကာ ထိုလူနှစ်ယောက်ကို ကျောခိုင်းပြီး ကားဆီကိုသာ ပြန်လျှောက်လာသည်။

"မင်း မသွားနဲ့ဦး"

မြတ်သစ်လွင်က တင့်ရှင်းလက်တစ်ဖက်ကို ဆောင့်ဆွဲထားလိုက်ပါသည်။ တင့်ရှင်းက ဆံပင်လေးခါခနဲဖြစ်အောင် သူ့ ဆောင့်ဆွဲရာ ယိမ်းပါသွားရင်းပင် ...

"လွှတ်"





စူးစူးရဲရဲအော်ပစ်လိုက်ကာ မြတ်သစ်လွင်ကလည်း က်အလွတ် ထိုလက်နှင့်ပဲ မြတ်သစ်လွင်မျက်နှာကို မီးရာထိရာ ရိုက်ချလိုက်ပါသည်။ တခြားဘာကြောင့်မှမပါ။ ကိုယ့်ကို စ်ချက်ဆောင့်တွန်းခဲ့တဲ့ ယောကျ်ားကို တစ်ချက်တော့ ကိုယ်ထိ က်ရောက် ပြန်လုပ်လိုက်ရမှ ဒီညအိပ်ပျော်ကာ ကိုယ့်ကိုယ်ကိုယ် ည်း ခွင့်လွှတ်နိုင်မှာမို့ပင်။

အငိုက်မိကြောင်သွားတဲ့ မြတ်သစ်လွင်နားက ပြန် လျှောက်ထွက်လာကာ ကိုယ့်ကားပေါ်ကိုယ်တက် မောင်းထွက်ခဲ့ တော့သည်။ အသိနဲ့လူနဲ့ မကပ်ကာ ဘယ်တွေကို မောင်းနေမိ န်းမသိ လမ်းတွေလည်းမှားလို့။

အတော်အတန်ကြာမှ ကိုယ်လမ်းမှားနေတာကိုယ် တိရကာ ကိုယ့်အိမ်ဘက်ကိုယ် ပြန်မောင်းလာခဲ့ရပါသည်။ က်ရည်တစိမ့်စိမ့်ကျနေမိကာ တအားဝမ်းနည်းနေမိသည်။ ခုနက အားပျော်ရွှင်ခဲ့တာမို့ ဝမ်းနည်းတေ ည်း တအားကြီးဝမ်းနည်း တာထင်သည်။ ရယ်လွန်းတဲ့ကလေး ငိုရတတ်တယ်ဆိုလား။

ကွန်ဒိုရဲ့ အန်ဒါဂရောင်းကားပါကင်ထဲ ပင်လာတဲ့ င့်ရှင်းရဲ့ကားသည် အုတ်တိုင်လုံးကြီးတွေနှင့် ပွတ်မိမလို ထိမိမလို ဖြစ်ကာ တစ်နေရာတွင် တုံ့ခနဲရပ်သည်။ ကားသော့ပိတ်ဆင်းလာ ဓာတ်လှေကားဆီ အပြေးတစ်ပိုင်း လျှောက်လာတဲ့ တင့်ရှင်း ည် တိုင်လုံးကြီးတစ်လုံးနောက်ကွယ်မှ ဘွားခနဲ ထွက်လာသူနှင့် င်းငင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"တင့်ရှင်း"

ကိုရွှေရ။

"စိတ်ပူလိုက်တာ၊ ဘယ်တွေသွားပြီး ကားဘဲဘဲဖြစ်လဲလို့ ဖုန်းဆက်တာ ဘာလို့မကိုင်တာလဲဗျာ"

သူ့မျက်နှာကလည်း ငိုချမလိုအုံ့ပြုံနေသည်။ တင့်ရှင်း ခြေစုံရပ်ကာ မျက်ရည်တွေ မရပ်မနား တပေါက်ပေါက်ကျလာပါသည်။

"တင့်ရှင်း ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့် ကြောင့်ပါ"

သူကလည်းရှေ့အတိုး တင့်ရှင်းကလည်းရှေ့အတိုး အလွန်နီးကပ်သွားတဲ့ လျှပ်တစ်ပြက်မှာ လင်းရွှေရက တင့်ရှင်းကို ဆတ်ခနဲကျုံးဖက်ကာ သူ့ရင်ခွင်မှာ ဆွဲအပ်လိုက်ပါသည်။ သူက အတင်းချုပ်ထားခဲ့လို့လား တင့်ရှင်းက မရုန်းချင်ခဲ့လို့လား။ ကြားလေဝင်သွေးလို့မရအောင် တစ်သားတည်းနီးပါး ထိစပ်နေတဲ့ ခန္ဓာကိုယ်တို့က တဆတ်ဆတ်တုန်ကာ ပိုလို့တင်းကျပ်အောင်သာ မျက်စိစုံမှိတ် ဖက်တွယ်ထားလိုက်မိပါသည်။

* ❦ *





## ၁၄

'ချစ်သူ'ဆိုတဲ့ ထူးခြားသော သီးသန့်ဆန်သော တော်စပ်နွယ်ယှက်ပတ်သက်ခြင်းကြောင့် ယောကျ်ားတစ်ယောက် ဆီမှရရှိတဲ့ ပြုစုယုယ ဂရုစိုက်အလိုလိုက်ခြင်းတည်းဟူသော ဦးစား ပေးမှုကို ခုမှ တအံ့တသြခံစားဖူးကာ အဆန်းတကြယ်နှင့် တင့်ရှင်းတစ်ယောက် ရွှန်းပီတိ ဝမ်းဆဲ..သလိုဖြစ်နေပါသည်။

နံနက် နေ့လယ် ည တစ်မျိုးပြီးတစ်မျိုး မ..ရတဲ့ ရင်ခုန်ခံစားမှုရသတို့ပေးစွမ်းတဲ့ လင်းရွှေရကို တင့်ရှင်းသည် ကိုယ့်ကိုယ်ကိုယ် လိမ်ညာလှည့်စားကြည့်လို့မရတော့ဘဲ အချစ်ကြီး ချစ်ခဲ့မိလေပြီ။ သို့ပေမဲ့ သူ့ဆီကချစ်စကားကိုသာ နားဝင်ချိုချို နှင့် လက်ခံနားဆင်ရင့်တွေခုန်တဲ့ တင့်ရှင်းက သူ့ကို တရားဝင် ကြီးဝေ ခေါင်းညိတ်အဖြေမပေးသေး။


www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် လက်ထပ်ဖို့တောင်စီစဉ်ထားတဲ့ အနေအထားရှိရာက တခြားသူတစ်ယောက်အပေါ် တိမ်းညွှတ်ကာ အရင်လူကိုတော့ စိတ်ကုန် သံယောဇဉ်ပြတ်သွားပါသည်ဆိုတဲ့ တင့်ရှင်းအဖြစ်ကို ကြားသူတိုင်းက တင့်ရှင်းကို အပြစ်မြင်ကြမှာပင်။ ဒါကို ရင်ဆိုင်ခံယူဖို့ အားတင်းနိုင်ရင်တောင်မှ ကိုယ့်လုပ်ရပ်မှားသွားမလားကိုတော့ တင့်ရှင်း တထင့်ထင့်ဖြစ်ရပါသည်။

အဲဒီညရဲ့နောက်ပိုင်း တင့်ရှင်းကို လုံးဝဆက်သွယ်မလာတဲ့ မြတ်သစ်လွင်ကို တင့်ရှင်းကလည်း မဆက်သွယ်ခဲ့ပါ။ သူ မဆက်သွယ်တာကိုလည်း ဝမ်းလည်းမနည်း။ စိတ်လည်းမညစ်ပိုတောင်ပေါ့ပါးလွတ်လပ်နေပါသည်။ သို့ပေမဲ့ တင့်ရှင်းဟာ မိကောင်းဖခင်သားသမီးတစ်ယောက်ပီပီ တစ်ဖက်ကလူကြီးမိဘတို့ကိုတော့ ကိုယ်ကနောက်ဆုတ်လျှင် နောက်ဆုတ်တယ်ဆိုတာ အကြောင်းကြားအသိပေးဖို့ သင့်တယ်ထင်မိသည်။

တင့်ရှင်းက အပြစ်ရှိသောရုပ်လေးနှင့် ဖေဖေ့ထံ ရောက်ခဲ့ရပါသည်။

"လာ လာ ... သမီးကို ဖေဖေ မျှော်နေတာ"

"ဘာဖြစ်လို့လဲ ဖေဖေ"

"သမီးမှာ ပြောစရာစကားတွေရှိနေပြီး ဖေဖေ့ကိုလာပြောလိမ့်ဦးမယ်ဆိုတာ ဖေဖေသိထားပြီးလို့ပေါ့၊ ဒါပေမဲ့ သမီးစိတ်တွေရှုပ်ထွေးနေမယ့်အချိန်မှာ ဖေဖေက ဝင်မပြောချင်



သေးလို့ ဘာမှလဲ လှမ်းမပြောဘဲငြိမ်နေတာပါ၊ သမီးဘာသာ ဖေဖေ့ဆီရောက်လာဖို့ ဖေဖေ အချိန်ပေးထားတာပါ"

"ဖေဖေ ဘယ်ကနေ ဘာတွေသိရလို့လဲ"

"လွန်ခဲ့တဲ့အပတ်က ဖေဖေ့ဆီ မြတ်သစ်လွင် ဖုန်းဆက်တယ်"

တင့်ရှင်း မျက်နှာပျက်သွားရပါသည်။

"သမီးဟာ သူ့ကွယ်ရာမှာ သူမသိအောင် လူတစ်ယောက်နဲ့ ရှုပ်ရှုပ်ယှက်ယှက်ဇာတ်လမ်းတစ်ခုရှိနေတယ်ပေါ့၊ ဒီလူနဲ့ ပတ်သက်တာ အတူသွားလာတာတွေကို သူကိုယ်တိုင်မြင်ပြီးပြီတဲ့၊ သမီးအနေအထားကို ဖေဖေ့ကိုတိုင်တယ်"

"ဖေဖေ ဘာပြောလိုက်လဲဟင်"

"ဖေဖေ မေးကြည့်ဦးမယ်လို့ပဲပြောလိုက်တာပေါ့"

တင့်ရှင်းက တုန်တုန်ယင်ယင်နှင့် မျက်ရည်လည်လာပါသည်။ ဖေဖေ့ထံမှာ ရှက်လည်းရှက် ဝမ်းနည်းသလိုကြီးလည်း ခံစားရကာ ဖေဖေ့ထံ လှမ်းအကြောင်းကြားတဲ့ မြတ်သစ်လွင်ရဲ့ အပြုအမူကိုလည်း သဘောမကျနိုင် ဒေါသဖြစ်ကာ လူက ကတုန်ကယင်ဖြစ်လာတာပင်။

"ဖေဖေ့ကိုပြောပြပါမယ်၊ တစ်ခါတုန်းက Studio မှာ ဖေဖေ သမီးကို ဖိတ်စာနမူနာလေးတွေ လာပေးတဲ့နေ့လေ၊ ဖေဖေ မှတ်မိမှာပေါ့၊ အဲဒီနေ့က သမီးက ဒီဘက်မှာ

www.burmeseclassic.com



ကိုမြတ်သစ်လွင်နဲ့ အခြေအတင်ပြောနေရတာ၊ သူ ကိတ်မုန့် ဆိုင်မလိုက်ဘူးဆိုတဲ့ကိစ္စနဲ့ စိတ်ရှုပ်နေတုန်း ဖေဖေ ဟိုဘက် က ဟဲန်းဖုန်းကို ကိုင်ပေးရတယ်လေ ...

ဖေဖေ့ကို အဲဒီလူက သမီးနဲ့ ကောလာဟလထွက် နေတဲ့သူပါလို့ ပြောသွားခဲ့တာ ဖေဖေ မှတ်မိမှာပါ။ အဲဒီ ဇာတ်လမ်းက အဲဒီကောလာဟလကနေ စခဲ့တာပါ ဖေဖေ"

တင့်ရှင်းက အဖြစ်အပျက်တွေကို ဖေဖေ့ကို အစ အဆုံးပြောပြလိုက်ပါသည်။ ဖေဖေကလည်း တင့်ရှင်း စကားတွေကို သေချာနားထောင်ရင်း ...

"မြတ်သစ်လွင်ကပြောတော့ ဟိုတလောက ပွဲကိုဆိုရင် သမီးက သူ လာနိုင်မလာနိုင် အရင်တောက်ကြည့်ပြီး အစ်မေးကြည့်ပြီး မလာနိုင်တာ သေချာတော့ ဟိုသူငယ်ကို ခေါ်သွားတယ်လို့ ပြောတယ်၊ သမီးရဲ့ စာအုပ်အမှတ်တရ ပွဲတုန်းကလည်း မြတ်သစ်လွင် မလာဘူးဆိုလို့ သမီးက ဟိုလူငယ်ကို လှမ်းခေါ်လိုက်တယ်လို့ ပြောတယ်၊ သူက မမျှော်လင့်ဘဲ ရောက်သွားတော့ သွားတိုးနေတယ်တဲ့"

"အဲဒါက သူ့အထင်ပါ ဖေဖေ၊ ကိုရွှေရကို သမီးဘယ် တုန်းကမှ သမီးနဲ့ပတ်သက်တဲ့ကိစ္စတွေကို မဖိတ်ဖူးပါဘူး၊ သူ့ဟာသူ ရောက်လာတာပါ၊ ပထမတော့ သူနဲ့ကြဲဖန်ပြီး လူမြင်ကွင်းမှာ နှစ်ယောက်အတူ ဖြစ်ဖြစ်နေတာအပေါ်



သမီးစိတ်အနှောင့်အယှက် ဖြစ်ခဲ့ပေမယ့် နောက်တော့ ဖြစ်မနေမိတော့ဘူး ဖေဖေ ...

အဲဒီနေ့ညက စာရေးဆရာကြီးရဲ့ပွဲမှာဆိုရင် သမီး အရမ်းပျော်ခဲ့တယ်၊ ကိုမြတ်သစ်လွင်ကို သမီးရဲ့အသိုင်း အဝန်းမှာ အံဝင်ခွင်ကျ ရောပါနိုင်စေချင်ပေမယ့် သူက ဘယ်တော့မှ ပါမပေးနိုင်ဘူး ဖေဖေ၊ ဒါကို စိတ်မကောင်း ပေမယ့် ကိုရွှေရကို သမီးခေါ်တာ မဟုတ်ပါဘူး၊ ကိုရွှေရ ကို သမီးရဲ့သတို့သားလောင်းလို့ ထင်နေတဲ့ စာရေးဆရာ ကြီးမိသားစုကပဲ မရမက လှမ်းခေါ်တာပါ၊ ငြင်းတဲ့ကြားက အမှတ်မထင် လာဖို့ဖြစ်သွားတာပါ"

"မြတ်သစ်လွင်က နောက်တော့ ရောက်လာတာလား"

"ပွဲထဲကို ရောက်မလာပါဘူး၊ ဒါပေမဲ့ သူ ခြံပြင်ကနေ သမီးကို လိုက်ချောင်းနေတာကြောင့် တွေ့သွားတာ၊ သူ သမီးအပေါ် သံသယတစ်ခုခုရှိလို့ လိုက်ချောင်းတယ်၊ တိုက်တိုက်ဆိုင်ဆိုင် သူ ထင်မြင်သလို ယူဆနိုင်ဖို့ဖြစ်သွား တယ်၊ ဒါပေမဲ့ ကားနဲ့နောက်ကလိုက်လာပြီး ကိုရွှေရကို ကားပေါ်က ဆင်းခိုင်းပြီးထိုးတာ၊ သမီးကို ရင်ညွန့်ကနေ ဆောင့်တွန်းလိုက်တာ ...

ဒါတွေဟာ သူ့အတွင်းစိတ် ရုတ်တရက် ပေါ်ထွင် လာတာပဲ ဖေဖေ၊ သမီးလမ်းပေါ်လဲကျသွားတယ်၊ သမီး

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ရှန့်ရှင်းကြမ်းတမ်းတဲ့ အပြုအမူအဖြစ်အပျက် ဒါ ပထမဆုံးဖြစ်ဖူးတာပဲ ဖေဖေ၊ သမီးလည်း စိတ်မထိန်းနိုင်ဘဲ သူ့ကို ပြန်ရိုက်ခဲ့တယ်၊ ပြန်စဉ်းစားကြည့်ရင် ရှက်ဖို့သိပ်ကောင်းတယ်၊ ရည်းစားဘဝမှာ ကိုယ်ထိလက်ရောက် ထိုးကြိတ်တွန်းထိုးရန်ဖြစ်ရတာ သိပ်အောက်တန်းကျတာပဲ ဖေဖေ ...

အဲဒီအခိုက်အတန့်မှာ သမီး သူ့ကို လုံးလုံးစိတ်ပြတ်သွားတယ်၊ လှည့်မကြည့်ချင်ဘူး၊ ကိုမြတ်သစ်လွင်နဲ့ ရှေ့ဆက်ရင် သမီး ရှေ့လျှောက် ပျော်ရမှာ မဟုတ်ဘူးလို့ ထင်လာတယ် ဖေဖေ”

ဖေဖေက ခေါင်းတညိတ်ညိတ် နားစိုက်ထောင်နေသည်။

“ဖေဖေ ဟိုတလောက ပြောဖူးပါတယ်၊ တွေဝေတဲ့စိတ်ဖြစ်လာရင် သူ့ဘာမှားနေလဲ ကိုယ်ဘာမှားနေလဲ သေချာပြန်သုံးသပ်ကြည့်ရမယ်ဆိုတာ၊ တစ်ခါတလေကျတော့ တခြားတစ်ဖက်ကို ကိုယ်က အပြစ်မြင်မိတာဟာ သူက အရင်ကနဲ့ မတူဘဲ ခြားနားပြောင်းလဲသွားတာ မဟုတ်ဘဲ ကိုယ့်ဘက်ကိုယ့်အမြင်ကိုက ပြောင်းလာတာလည်း ဖြစ်တတ်တယ်ဆိုတာလေ”

“အင်း”





“ဒီရက်တွေအတွင်း သမီး အရမ်းစဉ်းစားဖြစ်ခဲ့တယ်၊ စာတောင်မရေးဖြစ်ဘူး ဖေဖေ၊ သမီး ပြောင်းလဲသွားတာလားလို့ပါ၊ သမီးဘက်က ပြောင်းလဲသွားလို့ သူ့ကို အပြစ်မရှိအပြစ်ရှာ မြင်နေမိသလားလို့လည်း စဉ်းစားကြည့်ပါတယ်၊ သေချာတာကတော့ သမီးစိတ်ကိုကလည်း တကယ်ပဲပြောင်းလဲနေပြီဆိုတာပါ။ ဒါပေမဲ့ သူ့ကိုတော့ မရှိတဲ့အပြစ်ရှာထုတ်နေတာ မဟုတ်ပါဘူး ...

တဖြည်းဖြည်းနဲ့ သူဟာသမီးဘဝကို ပျော်ရွှင်မှုပေးနိုင်မယ့် ယောကျ်ားတစ်ယောက်လို့ မယုံကြည်တော့တာပါ၊ သူ့ကို ကြားလူဆက်စပ်ပေးလို့ ကိုယ့်အိမ်ထောင်ဖက်အဖြစ် လက်ခံနိုင်မလားလို့ ဝေခွဲတဲ့အမြင်နဲ့ စ,ကြည့်ခဲ့ရတာ၊ အပေါ်ယံမြင်ရတာတွေနဲ့ သမီး စိတ်ကျေနပ်မိလက်ခံမိခဲ့တယ် ဖေဖေ၊ အပေါ်ယံ မမြင်ရနိုင်တာတွေကိုတဖြည်းဖြည်း အတွင်းကျကျ မြင်လာတဲ့အချိန်မှာ သမီးသူ့ကို မချစ်နိုင်ဘူးလို့လည်း သိခဲ့ရတယ်”

“သမီး သူ့ကို လက်ခံတော့လည်း ဖေဖေ့ကိုပြောခဲ့သားပဲ၊ သူ့ကိုချစ်တော့မချစ်နိုင်သေးဘူးဆိုတာ၊ အရင်ကရော အခုရော မချစ်နိုင်ဘူးဆိုတာက ပြောင်းလွဲသွားတာမှမဟုတ်တာ၊ မချစ်နိုင်လို့တစ်ခုကြောင့်တော့ သမီး စိတ်ပြောင်းသွားတာမဟုတ်နိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



တင့်ရှင်းသည် ဖေဖေ ဘာကိုဆိုလိုတယ်ဆိုတာ သဘောပေါက်ပါသည်။ ခေါင်းကို ငုံ့ချထားမိကာ ဖေဖေ့ကို ရုတ်တရက် ဝန်မခံရဲပါ။

"သမီးကို ဖေဖေ ပြောခဲ့ပြီပဲ၊ သမီးမှာ အသိဉာဏ်ရှိတယ်လို့ ဖေဖေ ယုံကြည်တယ်၊ အဲဒါတစ်ချက်။ သမီး ပျော်ရွှင်မှု စိတ်ချမ်းသာမှုအတွက် သမီးပဲ ရွေးချယ်ဆုံးဖြတ်ရမှာလို့ လည်း ဖေဖေ ပြောထားပြီးသားပဲ၊ အဲဒါက နောက်တစ်ချက် ပေါ့"

"ဟုတ်ကဲ့ ဖေဖေ"

"နောက်တစ်ခု သမီးကိုပြောချင်တာက အရာအားလုံးဟာ ဒါဆိုရင် ဒီလိုကံသေကံမဖြစ်ရမယ်လို့ ဘယ်အရာကိုမှ မပြောနိုင်ဘူး သမီး၊ လူတိုင်းဟာတော့ ကိုယ့်အတွက် ကောင်းမယ်ထင်တာကို လုပ်ကြတာပဲ သမီးရဲ့၊ ကိုယ့်ဘဝ ကိုယ် အကောင်းဆုံးဖြစ်အောင် ကြိုးစားတည်ဆောက်ကြ တာပဲ၊ ဒါပေမဲ့ ကိုယ်ထင်တိုင်းလည်း ဖြစ်မလာတာတွေ အများကြီးရှိတာပေါ့၊ ကံအားလျော်စွာ ကိုယ့်ဆုံးဖြတ်ချက် ကို ပြောင်းလဲပြင်ဆင် ချိုးကွေ့လိုက်ရတဲ့လမ်းကြောင်းတွေ အဖြစ်အပျက်တွေ ရှိတတ်ပါတယ်၊ ဒီအတွက် သမီး Guilty ဖြစ်ကောင်းဖြစ်မိမယ်၊ တကယ်တော့ ကိုယ်က ကာယကံရှင်မို့ ကိုယ်ခံစားနေရတဲ့ ရင်ဆိုင်နေရတဲ့ အကောင်း





အဆိုးပြဿနာတွေကို ကိုယ့်အပြင် ဘယ်သူမှ ပိုမသိနိုင် ဘူး"

တင့်ရှင်းကို ဖေဖေဟာ အစအဆုံးနားလည်နေကာ စိတ်သက်သာရာရအောင် စိတ်မကျဉ်းကျပ်ရအောင် ဖြေသိမ့်ပေး နေတာ သဘောပေါက်၍ ဖေဖေ့ကို ကျေးဇူးတင်လှပါသည်။

"ဖေဖေ သမီး တကယ်ချစ်တယ်လို့ထင်မိတဲ့ လူတစ် ယောက်ကို တွေ့လာတဲ့အချိန်မှာ ကိုမြတ်သစ်လွင်ကို အပြစ်ရှာခွာထုတ်တာမျိုး လူတွေမြင်မှာစိုးရိမ်မိတာပါ၊ သမီး လုပ်ရပ် သမီးရဲ့ဆုံးဖြတ်ချက်ကို လူတွေ မေးငေါ့ဝေဖန်မှာ လည်း စိုးရိမ်တယ်၊ ဒါကို စိုးရိမ်လို့ကြောက်လို့ဆိုပြီးတော့ လည်း ကိုမြတ်သစ်လွင်ကို ရှေ့ဆက်မတိုးချင်တော့ဘဲ သမီး ဒုက္ခရောက်နေတာပါ"

ဖေဖေ့ကို ဝန်ခံရင်း တင့်ရှင်း မျက်ရည်ကျမိ သည်။

"အမိကက ကိုယ့်စိတ်ကိုယ် သေချာဖို့ပါပဲ သမီးရဲ့"

"ကိုမြတ်သစ်လွင်ကို သမီး လက်မထပ်ချင်တော့တာက တော့ သေချာတယ် ဖေဖေ၊ နောက်တစ်ယောက်ကို လက် ခံဖြစ်သည်ဖြစ်စေ လက်မခံဖြစ်သည်ဖြစ်စေ ကိုမြတ်သစ်လွင် နဲ့တော့ တစ်သက်လုံးလက်တွဲပြီး နေမသွားနိုင်တော့ဘူးဆို တာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ယောက်သည် ဘယ်လိုလူစားလဲဆိုတာ ဖေဖေမသိဘူးနော်၊ ဒါပေမဲ့ မြတ်သစ်လွင်ကို လက်မထပ်တော့ဘူးလို့ သမီး သေချာဆုံးဖြတ်ရင် ဖေဖေ ကန့်ကွက်စရာမရှိဘူး၊ လူကြီးတွေသိပြီးပြီ၊ ဆွေမျိုးတချို့လည်းသိပြီးနေပြီ၊ တွဲလာတာလည်း တစ်နှစ်ကျော်ပြီဆိုတဲ့ အချက်တွေက တစ်ဘဝလုံးအတွက်နဲ့ နှိုင်းယှဉ်ရင် ဘာမှ မဟုတ်တဲ့အချက်တွေပါ ...

ဖေဖေနဲ့သမီးမေမေဟာ တစ်ယောက်ကိုတစ်ယောက် ချစ်ပြီးလက်ထပ်ခဲ့ကြတာပါပဲ၊ လူကြီးတွေ စပ်ဟပ်တာလည်းမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် ချစ်လို့ယူကြပြီး ဘယ်သူ့မှာမှလဲ ကြီးမားဆိုးဝါးတဲ့ ချို့ယွင်းချက်မရှိဘူး၊ ဖေဖေရော သမီးမေမေရော အိမ်ထောင်ရေးကျင့်ဝတ် မဖောက်ပြန်ကြဘူး၊ လောင်းကစားတွေ ဘာတွေ မပတ်သက်ဘူး၊ ကြီးမားတဲ့ပြစ်ချက် ဘယ်သူမှ မကျူးလွန်ဘူး ...

ဒါပေမဲ့ အမြင်တွေ နားလည်မှုတွေ မတူညီဘူး၊ ညှိနှိုင်းမရဘူး၊ အတူနေခြင်းဟာ ကိုယ့်ဘဝစိတ်ချမ်းသာမှုကို ဖျက်ဆီးနေပြီဆိုတာ အသီးသီးနားလည်လာတော့ ကျန်နေသေးတဲ့ဘဝအစိတ်အပိုင်းမှာ ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ် ဆက်နေနိုင်သွားအောင် နှစ်ဦးသဘောတူ လမ်းခွဲလိုက်ကြတယ်၊ လက်တွဲဖြုတ်လိုက်ကြတယ်၊ အဲဒီအခါ





ညှိမရတဲ့ အမြင်မတူတဲ့ ပြဿနာတွေကြောင့် ရန်ဖြစ်ရတာ စိတ်ညစ်ရတာတွေ နှစ်ယောက်လုံးမှာ ကင်းရှင်းသွားတာပေါ့ သမီးရယ် ...

ဒါပေမဲ့ ဒီလူနှစ်ယောက်ကနေ ဆင့်ပွားပြီး ဖြစ်တည်လာရတဲ့ သမီးလေးအပေါ်မှာ သွားပြီးရိုက်ခတ်မှုရှိတယ်၊ သမီးဟာ အဖေတကွဲ အမေတကွဲနဲ့ မိဘမစုံဘဲ နေခဲ့ရရှာတယ်၊ သူများတန်းတူမဟုတ်တဲ့ ကွက်လပ်ဘစ်ခု သမီးမှာရှိခဲ့ရရှာတယ်မဟုတ်လား သမီး ...

တကယ်လို့များ ဖေဖေနဲ့ သမီးမေမေဟာ မယူခင်ကတည်းက ဒီလိုစိတ်သဘောချင်း မတိုက်ဆိုင်တာတွေ ညှိနှိုင်းမရတဲ့အဆုံး လမ်းခွဲရမှာတွေ ကြိုတင်မှန်းဆနိုင်လို့ ကြိုမြင်လို့ မယူဖြစ်ဘဲနောက်ဆုတ်ခဲ့ရင် နှစ်ယောက်လုံး အိမ်ထောင်ကွဲ တစ်ခုလပ်ဆိုတဲ့နာမည်လည်း မရတော့ဘူး၊ သမီးကို မွေးလာတဲ့အထိတောင် ဖြစ်လာမှာမဟုတ်တော့ သမီးလည်း မိဘမစုံတဲ့အဖြစ်နဲ့ ကြုံစရာအကြောင်းမရှိဘူး ...

အိမ်ထောင်တစ်ခု တည်ဆောက်တော့မယ်ဆိုတဲ့အခါ ဘယ်သူမဆို မှားမှာကြောက်တယ်၊ အမှားနဲ့ ဘယ်သူမှမကြုံချင်ဘူး၊ ဒါပေမဲ့တော့ ရွေးချယ်မှုတိုင်းဟာ မှန်ကန်တာချည်းမှမဟုတ်တာ၊ မှားရင်လည်းမှားသွားမှာပဲ၊ လူဆိုတာ မှားတတ်တဲ့ပုထုဇဉ်ပဲ၊ မှန်အောင် စဉ်းစားဆုံးဖြတ်နိုင်ဖို့က



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အလုပ်၊ ဒီကြားထဲကမှ မထင်မှတ်ဘဲ မှားသွားခဲ့ရင်လည်း အရှုံးမခံနဲ့ ...

ဒီလူတစ်ယောက်ကို ကိုယ် မလိုချင်တော့ဘူး မလိုအပ်တော့ဘူးဆိုတာကို အိမ်ထောင်ကျပြီးမှ သိရတာထက်စာရင် အိမ်ထောင်မပြုခင်က သိခွင့်ရလိုက်တာ ကိုယ့်အတွက်ကောင်းတာပေါ့၊ အဲဒီအတွက် ရင်ဆိုင်စရာရှိမှာတွေကို ရင်ဆိုင်လိုက်ရုံပဲ"

ဖေဖေ့စကားတွေကို နားထဲမှာ အထပ်ထပ်ကြားယောင်စဉ်းစားမိကာ ...

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"ဘယ့်နှယ် ကိုယ့်အဖေကိုယ် ကျေးဇူးတင်စရာလား သမီးရဲ့"

"သမီး သတ္တိနည်းနေတာပါ၊ ဖေဖေ အားပေးတော့ သတ္တိနည်းနည်းရှိလာတာပါ၊ သမီးရဲ့စိတ်ခံစားချက်ဘက်က ရပ်တည်ပေးလို့ ဖေဖေ့ကို ကျေးဇူးတင်တာပါ ဖေဖေ"

"သမီးရဲ့စိတ်ခံစားချက်ကလည်း အမှားမဖြစ်ဖို့လိုတာပေါ့ သမီး"

"ဖေဖေ"

"အင်း ပြော"

"ကိုရွှေရကို ဖေဖေနဲ့ တစ်နေ့မိတ်ဆက်ပေးပါရစေ ဖေဖေ"





မြတ်သစ်လွင်တုန်းက ဖေဖေ့ထံ တင့်ရှင်းက ခေါ်လာမိတ်ဆက်ပေးရတာမဟုတ်ခဲ့။ သူ့လူကြီးတွေက ကြားလူအောင်သွယ်နှင့်အတူ ဖေဖေ့ထံဝင်မိတ်ဆက်ရတာမျိုးဖြစ်ပါသည်။ ကိုရွှေရကိုကျမှ တင့်ရှင်းကိုယ်တိုင် ဖေဖေနှင့် မိတ်ဆက်ပေးမှာ။ ဤကွဲပြားခြားနားချက်က တင့်ရှင်းကို ရင်ဖိုစေ့စေသည်။ အတ္တကလေးမာန်ကလေးတို့နှင့် မြတ်သစ်လွင်လိုလူတစ်ယောက်ကိုတောင် ဆီးကြိုနွေးထွေး အလိုက်သင့်ပျူငှာပေးတဲ့ ဖေဖေဟာ ကိုရွှေရကို နှစ်လိုသဘောကျလိမ့်မည်ဟု တင့်ရှင်းက ကြိုသိနေပါသည်။

* ❦ *

www.burmeseclassic.com



## ၁၅

“ရွှေရ ဆိုတဲ့သူနဲ့ တွေ့ချင်တယ်”

ကားပေါ်ကဆင်းလာကတည်းကကြည့်နေတာ လာမေးလိုက်တဲ့ပုံစံက အထက်စီးစီးကမို့ ဇော်လတ်က ထိုင်နေရာက ထလိုက်ရင်း ...

“ဘာကိစ္စရှိလို့လဲမသိဘူး”

“ကိစ္စလေးတစ်ခုရှိလို့ပါ၊ ဒါပေမဲ့ သူနဲ့မတွေ့ခွင်တော့ ဘာကိစ္စဆိုတာ ပြောပြဖို့မလိုအပ်ဘူးထင်တယ်”

ဇော်လတ်က ဒီလေး ကိုကြားသည်ဆိုရင်ပင် စိတ်က အလိုအလျောက် ဖျတ်ခနဲလင်းပွင့်ထင်မြင်မိသည်မှာ ဒီလူဟာ တင့်ရှင်းသွင်ရဲ့ လူဆိုတာပင်။ ဟိုးတည်းက လင်းရွှေရကို ထိုးလွှတ်လိုက်တာကိုလည်း သိရပြီး မကျေမနပ် ဖြစ်ကြရပြီးပါပြီ။ ပြန်မလုပ်ပုံရကောင်းလားလို့လည်း လင်းရွှေရကို ပယ်ပယ်နယ်နယ် ဝိုင်းဝန်းရှုတ်ချခဲ့ပြီးပါပြီ။



“ခဏစောင့်”

သူ့အပေါ် ချေချောင်ငံမရှိတဲ့သူဟာ သူဘယ်သူဆိုတာ အရိပ်အမြွက်သိတဲ့ လင်းရွှေရရဲ့သူငယ်ချင်းများထဲကပဲ ဖြစ်လိမ့်မည်ဆိုတာ မြတ်သစ်လွင်ကလည်း တွေးမိပါသည်။ ကားကောင်းကြီးနဲ့ဝင်လာပြီး ကျကျနနလည်း ဝတ်စားဆင်ယင်ထားတဲ့ လူတစ်ယောက်ကို ပုံမှန်ဆိုရင် သူတို့ဝပ်ရှော့ပ်မှာ ကားလာအပ်မည့် ကပ်စ်တမ်မာလားထင်ပြီး ချေချောင်ငံ ကြိုဆိုဖို့ပဲရှိတာလေ။

မြတ်သစ်လွင်သည် တစ်ခဏအကြာမှာ အဆောက်အအုံတစ်နေရာဆီကထွက်လာတဲ့ လင်းရွှေရကို လှမ်းမြင်လိုက်ရပါသည်။ တစ်ဖက်ကိုလှည့်ပြီး နှာခေါင်းကလေထွက်ရုံ ဟက်ခနဲ စိတ်ပျက်ပျက်ရယ်မိရတဲ့အထိ လင်းရွှေရသဏ္ဌာန်က မဲညစ်ပေတူးနေပါသည်။ မြတ်သစ်လွင်က အပေါ်ဒေါနစိမ်းရောင် အောက်အနက်။ ရုပ်လက်ရှည်နှင့် ဘောင်းဘီကို နက်ပြောင်တဲ့ ဒေါက်တာမာတင်ရှူးနှင့် တွဲဝတ်ထားရာ သား ားကြော့မော့နေသလောက် လင်းရွှေရက မကြဲင်းနစ်ဆုတ်နှင့်။

လက်ချောင်းလက်ဖမိုးတွေပါ ဆီချေးမကျိုညစ်ထေးနေတဲ့အထိ မပေမကျဲတဲ့မျက်နှာပြင်ကလည်း ပေနေသလောက် နီးနီး အသားကညိုကာ ဆီပြန်နေပါသေးသည်။ ရုပ်ရည်ကလည်း ခပ်ကြမ်းကြမ်း။ ဒီရုပ်ရည် ဒီပုံစံအပေါ် ဘာကိုနှစ်လိုရင်ခုန်ချင်ရတာလဲ။ ကိုယ်ပြိုင်လုရမယ့်သူက ဒီလိုပုံပန်းဆိုတဲ့အသိက ဖိလင်ကို ကာင်အောက်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းရွှေရနောက်က သူငယ်ချင်းနှစ်ယောက်က ခြံရှံ ကပ်လိုက်လာ၍ လင်းရွှေရက လှည့်ကြည့်ကာ ကျန်ရစ်ခဲ့ဖို့ပြော ပုံရသည်။ ဟိုနှစ်ယောက်က စာဒကတက်နေသေးကာ လင်းရွှေရ က ခပ်တင်းတင်းဇွတ်တိုးပြောမှ မကျေမချမ်းနှင့် ခြေစုံရပ်ကျန်ခဲ့ ကြပါသည်။ အနားရောက်လာတဲ့ လင်းရွှေရလက်ထဲမှာတော့ ဘောက်စ်စပန်နာတစ်ချောင်းနှင့်။

"ဘာကိစ္စများရှိလို့လဲ ကိုမြတ်သစ်လွင်"

လင်းရွှေရက ဘုကျကျမဟုတ်။ ကြည်ကြည်သာသာ ပြေပြေလည်လည်လေသံပင်။ ဒီတော့လည်း လူရိုင်းတစ်ယောက် တော့မဟုတ်သည့် မြတ်သစ်လွင်က ...

"ပြောစရာလေးရှိလို့ဗျာ၊ စကားခဏလောက် ပြောနိုင် မလား"

"ပြောပါ ကိုမြတ်သစ်လွင်၊ ရပါတယ်"

"ဒီမှာတော့ မကောင်းဘူးထင်တယ်"

"ကျွန်တော် လိုက်ခဲ့ရမှာလား"

"ဖြစ်နိုင်ရင်ပေါ့ဗျာ၊ ခင်ဗျား ပရဝုဏ်ထဲ မဟုတ်ရင်ရပါပြီ၊ ခင်ဗျားသူငယ်ချင်းတွေကြည့်ရတာ ကျွန်တော့်ကို သိပ်အမြင် ကြည်ကြပုံမရဘူး၊ နီးနီးနားနား တစ်နေရာရာပဲ ေ…ာင်းသွား ပြီး ကားပေါ်မှာပဲ စကားပြောလို့လည်းဖြစ်ပါတယ်"





ဤသို့ဖြင့် လင်းရွှေရက မြတ်သစ်လွင်ရဲ့ကားပေါ် ဤပုံစံကြီးအတိုင်း ပါလာပါသည်။ မနီးမဝေးက ကျောင်းဝင်း တစ်ခုရှေ့မှာ ကားရပ်ကာ မြတ်သစ်လွင်က စကားစသည်။

"ကျွန်တော် ရှည်ရှည်လျားလျား အချိန်မဖြုန်းတော့ပါဘူး၊ တိုတိုနဲ့လိုရင်းပေါ့ဗျာ၊ ခင်ဗျား တင့်ရှင်းကို ထပ်မဆက်သွယ် ဘဲရှောင်ပေးပါ ကိုရွှေရ၊ ကျွန်တော် သုံးပွင့်ဆိုင်ဇာတ်လမ်း မျိုးကို မကြိုက်ဘူး၊ တင့်ရှင်းနဲ့ ကျွန်တော်က သီတင်းကျွတ် ရင် လက်ထပ်ဖို့စီစဉ်ထားတယ်"

လင်းရွှေရက ရှေ့တူရူကိုသာ ငြိမ်၍ ကြည့်နေ သည်။

"ကျွန်တော်ပြောတာ ခင်ဗျား ကြားတယ်နော်"

"ကြားပါတယ်"

"ကြားရင် အဖြူအမည်း Y… or No ပြောဦးလေဗျာ၊ ခင်ဗျားနဲ့တင့်ရှင်း သိကြတယ်ဆိုတာ ဘာမှ ကြ…သေးတာ မဟုတ်ပါဘူး၊ သိကြရတာကလည်း မဟုတ်ကဟုတ်က ကောလဟာလကြီးထွက်လာတာကို တင့်ရှင်းက ကျွန်တော့်ကို အသိမပေးဘဲ ခင်ဗျားတို့ဆီ လာမေးမြန်းစုံစမ်းလို့ သိကြ တာ၊ ဘာမှ လေးနက်တဲ့ ခိုင်ခန့်တဲ့ သံယောဇဉ်တွေတင်းနေ ရမယ့်ပတ်သက်မှုမျိုး မဟုတ်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး ဒီကြားထဲမှာ ကျွန်တော် ခင်ဗျားနဲ့ပတ်သက်ပြီး ရတတ်သလောက်လေး မေးမြန်းစုံစမ်းကြည့်ထားပါတယ်၊ ခင်ဗျားက လူကောင်းတစ်ယောက် လူရည်မွန်တစ်ယောက်လို့ပဲ နေရာတိုင်းကကြားရပါတယ်၊ ဒါပေမဲ့ ခင်ဗျားမှာလည်း ခင်ဗျားချစ်သူနဲ့ ခင်ဗျားရှိပြီးသားလို့ ကျွန်တော်သိရတယ်၊ မှန်တယ်မဟုတ်လား"

လင်းရွှေရကာ မြတ်သစ်လွင်ဘက် ငုံ့ကြည့်ရင်း ...

"ရှိခဲ့ပါတယ်၊ ဒါပေမဲ့ ပြတ်သွားပါပြီ၊ ခုလောလောဆယ် ကျွန်တော့်မှာ ဘာချစ်သူရည်းစားမှ မရှိပါဘူး"

"ဒါလည်း မကြာသေးဘူးမို့လား၊ သိပ်မကြာခင်အချိန်အထိ ခင်ဗျားမှာ ရည်းစားရှိခဲ့သေးတယ်ဆိုတာသိရတော့ တင့်ရှင်းနဲ့တွေ့လို့များ ဖြတ်လိုက်တာလား"

"အဲဒီလိုမဟုတ်ပါဘူး၊ တင့်ရှင်းနဲ့တွေ့တော့ ပြတ်ပြီးပါပြီ"

"ဘာပဲဖြစ်ဖြစ် တင့်ရှင်းနဲ့ ကျွန်တော် လက်ထပ်ဖို့ရည်ရွယ်ထားတာ ခင်ဗျား သိတယ်မဟုတ်လား"

"သိထားပါတယ်"

"ဒါဖြင့် ခင်ဗျား ရှေ့တိုးသင့်သလား၊ နောက်ဆုတ်သင့်သလား ကိုရွှေရ"

လင်းရွှေရကာ မျက်နှာကို အပျော့ပျောင်းဆုံး လေသံကို အနူးညံ့ဆုံးထား၍ ...





"ဘယ်သူ ရှေ့တိုးပြီး ဘယ်သူနောက်ဆုတ်ရမယ်ဆိုတာကို တင့်ရှင်းက ရွေးချယ်ဆုံးဖြတ်သွားလိမ့်မယ်လို့ ကျွန်တော် နားလည်ထားပါတယ်၊ တင့်ရှင်းကလိုအပ်တဲ့သူဟာ တင့်ရှင်းနားမှာ ကျန်ခဲ့မှာပါ"

"ဗွတ်တိုးဝင်လာတာကိုက ခင်ဗျား ယောကျ်ားတစ်ယောက်ရဲ့စည်းကိုဖောက်တာပဲ၊ ခင်ဗျား စည်းကမ်းဆိုတာကို နားမလည်ဘူး ထင်တယ် ကိုရွှေရ၊ ပြီးတော့ ကျွန်တော် စုံစမ်းလို့ရသလောက် ခင်ဗျားနဲ့ တင့်ရှင်းရဲ့ ကောလာဟလ ခင်ဗျားအသိုင်းအဝိုင်းကပဲ ထွက်လာတာဖြစ်နေတယ်၊ အဲဒါ တစ်ခုကိုလည်း ခုထိ ကျွန်တော် သံသယမကင်းဘူး၊ ခင်ဗျား တင့်ရှင်းကို ချဉ်းကပ်ဖို့အတွက် လမ်းကြောင်းတစ်ခုရှိအောင် အကြောင်းအရာတစ်ခုကို တမင်တကာ ဖန်တီးခဲ့တာလားလို့ ကျွန်တော် ထင်တယ်"

မြတ်သစ်လွင်က ပျက်သွားတဲ့ လင်းရွှေရမျက်နှာကို မိမိရရ အကဲခတ်ရင်း ...

"ခင်ဗျား ဝန်ခံစမ်းပါ၊ ခင်ဗျား ယောကျ်ားတစ်ယောက်ပဲ၊ ကိုယ်လုပ်တာဟုတ်ရင် ဟုတ်တယ်ပေါ့"

"ကျွန်တော့်အနေနဲ့ ခင်ဗျားကို ဘာမှ ဝန်ခံနေစရာ တိုင်တည်နေစရာ မလိုပါဘူး ကိုမြတ်သစ်လွင်၊ တစ်ခုပဲသိအောင် ပြောချင်တာကတော့ အချစ်ဆိုတာကို ခင်ဗျား အချိန်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အတာ အနေးအမြန်တွေနဲ့ ကန့်သတ်သောင်ခတ်ပြီး တိုင်းတာလို့မရပါဘူး၊ စောစောတွေ့တဲ့သူ အရင်တွေ့တဲ့သူက ပိုချစ်တယ်၊ နောက်မှတွေ့တဲ့သူက လျော့ချစ်တယ်လို့ ခင်ဗျား ဆိုလိုချင်ရင် လူရယ်စရာကြီး ဖြစ်နေမှာပေါ့ ...

အခုမှတွေ့ပေမယ့် အသက်လျှောက်ချစ်ပြီး သူ့ပျော်အောင် ရွှင်အောင် တစ်သက်လုံး ထားပေးနိုင်တဲ့သူဆိုတာ ရှိပါတယ်၊ ခင်ဗျားက တင့်ရှင်းဘဝကို ကိုယ်ချမ်းသာအောင် ထားနိုင်ပါလိမ့်မယ်၊ ကျွန်တော့်ထက်ပိုပြီး ပြည့်စုံအောင် ရုပ်ဝတ္ထုဖြည့်ဆည်းနိုင်ပါလိမ့်မယ်၊ ကျွန်တော်က တင့်ရှင်းကို စိတ်ချမ်းသာအောင် ထားနိုင်မယ့်သူပါ၊ ဘယ်သူနဲ့မှ မတူတဲ့ စိတ်ချမ်းသာပျော်ရွှင်မှုမျိုး ပေးမယ့်သူပါ”

“မင်းကိုယ်မင်း မင်းက ဘာထင်နေလို့လဲ၊ မင်းကမှ သူ့ကို ပျော်နိုင်စေရအောင် မင်းက ဘာမို့လဲ”

“ကျွန်တော်က တင့်ရှင်းဆန္ဒကိုပဲ စောင့်မယ့်သူပါ၊ ကျွန်တော့်စိတ် ကျွန်တော့်ဆန္ဒကို ဘယ်တော့မှ ရှေ့တန်းတင်ဦးစားပေးမှာမဟုတ်ဘူးဗျ၊ တင့်ရှင်းက လာစေချင်ရင်သွားမှာပါ၊ တင့်ရှင်း မလာစေချင်ရင် ရပ်နေမှာပါ၊ အနက်ကိစ္စလည်း ကျွန်တော့်ကိုပဲ ရွေးချယ်ပါလို့ ဘာတစ်ခွန်းမှ မပြောပါဘူး၊ တင့်ရှင်း စိတ်လွတ်လပ်ချမ်းသာစွာ အေးအေးဆေးဆေး ရွေးချယ်မှုကိုပဲ စိတ်ရှည်လက်ရှည်စောင့်နေမှာပဲ၊ တင့်ရှင်းက ကျွန်တော့်ကို ထားရစ်ခဲ့ပြီး ခင်ဗျားဆီပြန်သွားရင် ကျွန်တော် မနှောင့်ယှက်ပါဘူးဗျာ၊ တင့်ရှင်းဆန္ဒကို လေးစားမှာပါ”



“တောက် ...”

မြတ်သစ်လွင်က တောက်တစ်ချက်ခေါက်ရင်း ...

“ဒါ မင်းက နောက်မဆုတ်ဘူးဆိုတဲ့သဘောပေါ့”

“ခင်ဗျား နောက်ဆုတ်ခိုင်းလို့ မဆုတ်ဘူးဆိုတဲ့သဘောပါ၊ တင့်ရှင်းက နောက်ဆုတ်ခိုင်းရင်တော့ ကျွန်တော် ဆုတ်မှာပါ”

“မင်းနဲ့စကားဆက်ပြောစရာအကြောင်း မရှိတော့ဘူး၊ မင်းကားပေါ်ကဆင်းလို့ရပြီ”

ရွှေရက အပြင်ဘက်မှာရွာနေတဲ့ မိုးကို ကားမှန်ထဲမှ ဖြတ်ကာကြည့်ရင်း သဘောတကျရယ်မောလိုက်မိပါသည်။ မိုးရွာနေပေမယ့် မိုင်ဝက်လောက်သာ လမ်းလျှောက်ရမယ့်ခရီးမို့ ဆေးလှမ်းတယ်မဆိုသာပါ။ သူက စကားပြောချင်တဲ့ကိစ္စအတွက် ကားနဲ့တင်ခေါ်လာပြီး စကားပြောအဆင်မပြေတော့ မူရင်းနေရာတောင် ပြန်မပို့တော့တဲ့ မြတ်သစ်လွင် အပြုအမူက သဘောထားသေးပြီး ကလေးဆန်ပါသည်။

စိတ်ဓာတ်မပြည့်ဝတာကို ပြနေတာပင်။ ဒီလိုလူမျိုးလက်ထဲ တင့်ရှင်း မရောက်ပါစေနဲ့။ ကိုယ့်အတွက်မပါဘဲကို

www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ဆုတောင်းမိတာပင်။ ရယ်ဟဟနှင့် ကားပေါ်ကဆင်းတဲ့ လင်းရွှေရကို မြတ်သစ်လွင်က အခဲမကြေသလို လှမ်းကြည့်ရင်း ...

"မင်းကိုယ်မင်းလည်း သိပ်အထင်ကြီးမနေပါနဲ့ဦး၊ ငါ့ဘက်က လက်ထပ်ဖို့အစီအစဉ်ကို မဖျက်သိမ်းပေးသရွေ့ တင့်ရှင်းလည်း နောက်ဆုတ်လို့မရပါဘူး"

သူ့ကိုယ်သူလည်း အထင်ကြီးလှတဲ့ မြတ်သစ်လွင်ကို လင်းရွှေရက ဘာမှပြန်ပြောမနေတော့ပါ။ ခေါင်းတစ်ချက်ညိတ်နှုတ်ဆက်လိုက်ပြီး ရောက်နေတဲ့နေရာကနေ ဝပ်ရှော့ပ်ရှိရာဆီ မိုးစွေစွေထဲမှာ လမ်းလျှောက်ပြန်လာပါသည်။ ဝပ်ရှော့ပ်ဝင်းဆီ သူချိုးကွေ့ဝင်လိုက်သည်နှင့် ကွက်လပ်မှာ တင့်ရှင်းရဲ့ကားကို လှမ်းမြင်လိုက်ရသည်။ ဟိုးနောက်ဘက်တန်းလျားထဲမှာ တင့်ရှင်း။

ထိုင်နေတဲ့ တင့်ရှင်းဟာ လင်းရွှေရကိုမြင်လျှင် ထ,ရပ်လိုက်ပါသည်။ သူ့နံဘေးမှာရှိနေတဲ့ ခေါက်ထီးဝါဝါလေးကို ဖွင့်ဆောင်းလိုက်ကာ အမိုးအကာအောက်က လျှောက်ထွက်လာပြီး လင်းရွှေရနားကို ရောက်လာပါသည်။ တင့်ရှင်း မျက်နှာမှာ ပူပန်စိုးရိမ်မှုတွေ အထင်းသား။

"ကိုရွှေရ"

"ဗျ"

လင်းရွှေရက ရယ်ရွှန်းဖတ်ရွှန်း ထူးလိုက်ပါသည်။

"ကိုမြတ်သစ်လွင်ရော"





"လမ်းခွဲပြီး ပြန်သွားပြီလေ"

"ရှင်တို့ ဘာပြဿနာမှ မဖြစ်ကြဘူး မဟုတ်လားဟင်"

"ဘာမှ မဖြစ်ပါဘူး တင့်ရှင်းရဲ့"

"သူက ဘာလာခေါ်လုပ်တာလဲဟင်"

"သူ စကားနည်းနည်း ပြောတာပါ"

စိုးရိမ်တကြီးရှိနေတဲ့ တင့်ရှင်းရဲ့မျက်ဝန်းကလေးကို လင်းရွှေရက တမြတ်တနိုး ချစ်စနိုးကြည့်ရင်း ...

"ဘာမှမစိုးရိမ်ပါနဲ့ တင့်ရှင်းရဲ့၊ မိုးထဲ ဘာဖြစ်လို့ ထွက်လာတာလဲ၊ လာ အမိုးအောက်ပြန်ဝင်နေ"

တင့်ရှင်းထီးကို လှမ်းယူကာ တင့်ရှင်းကိုယ်ပေါ်ပဲ မိုးပေးရင်း တန်းလျားဘက်ပြန်လျှောက်လာပါသည်။ သူကတော့ စိုနစ်နေပြီးသားလေ။ စိုရွှဲနေတဲ့ လင်းရွှေရက တင့်ရှင်းသွင်ကို နောက်ဘက်ကနေ ထီးမိုးပေးကာ လျှောက်လာတာကို သူငယ်ချင်းများ အလုပ်သမားများက ဝိုင်းကြည့်နေကြရင်း အနားရောက်လာလျှင် အနည်းငယ်အေးချမ်းတဲ့ သက်ထူးကပင် ...

"မင်းလူက မမိုက်ပါဘူး ရွှေရရာ၊ သူပြောစရာရှိတော့ ကားနဲ့တင်ခေါ်သွားပြီး ပြောလည်းပြီးရော ပြန်တောင်မပို့ဘဲ လမ်းကပြန်လွှတ်လိုက်တယ်ပေါ့၊ စိတ်ဓာတ်ကအောက်ပါတယ်ကွာ"

"ဒီကောင် ဒီမှာစကားမပြောရဲဘူးလေ သက်ထူးရ၊ ငါတို့ခွင်မဟုတ်လား၊ ဒီမှာ မပြောရဲလို့ ရွှေရကိုခေါ်ထုတ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ ခေါ်ထုတ်သွားတာ သူမှန်တယ်၊ ငါကတော့ ဒီတစ်ခါလာကြောရင် ထွက်ကိုရိုက်မှာ၊ ဒီကောင့်လိုတော့ ငြိမ်ခံမနေဘူး”

ဇော်လတ်က တမင်တကာပင် တင့်ရှင်းကြားရင်လည်း ကြားကြားဆိုပြီး ပေါ်တင်ပြောပစ်တာပင်။ လင်းရွှေရကို ဟိုတစ်ညက ထိုးလိုက်တာ၊ လင်းရွှေရ ငုံ့ခံလာတာတို့ကို မကျေနပ်လို့ပင်။ လင်းရွှေရက ဝင်တားရပါသည်။

“ဟော့ကောင်တွေ တော်ပြီကွာ၊ တင့်ရှင်း စိတ်ညစ်တယ်”

“မတင့်ရှင်းကို တစ်ခုတော့ပြောရဦးမယ်၊ ဒီကောင် ရွှေရက ဘာအပြစ်မှရှိတဲ့ကောင်မဟုတ်ပါဘူးဗျာ၊ ကောလဟလတွေဘာတွေနဲ့ပတ်သက်ပြီး ကျွန်တော်ကမှ အပြစ်ရှိတာ၊ သူ့အပေါ် မတင့်ရှင်း ဘယ်တော့မှ အထင်မမှားစေချင်ဘူး၊ တစ်ကွေ့ကွေ့ တစ်နေ့နေ့ မတင့်ရှင်း ရွှေရကို အပြစ်တွေ့ကောင်းတွေ့လာမယ်၊ သံသယဖြစ်ကောင်းဖြစ်လာမယ်၊ စိတ်နာကောင်းနာမယ်၊ ဒါပေမဲ့ လုံးဝ မှားမယ်”

“ဟော့ကောင် တော်တော့ ဇော်လတ်”

ဇော်လတ်က မကျေနပ်တဲ့ရုပ်နှင့် ပါးစပ်ပိတ်လိုက်သော်လည်း ဘေးမှာရှိနေတဲ့ နောက်တစ်ယောက်က ...

“ဆရာမနဲ့ပတ်သက်ပြီး ရွှေရ ဘယ်လောက်ခံစားနေရတယ် ဘယ်လောက် Trueဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ပိုသိပါတယ်၊ အသိဆုံးပါ”





“ဟာ ... ဒီကောင်တွေနဲ့တော့ ဒုက္ခပဲ၊ တင့်ရှင်း လာဗျာ၊ အိမ်ဘက်သွားမယ်၊ ကွန်ပျူတာစာမူလည်း ပရင့်အောက်ထုတ်ပြီးပြီ၊ တင့်ရှင်း ဒါလာယူတာမဟုတ်လား၊ တင့်ရှင်းကိုတွေ့ရင် မေမေလည်း ဝမ်းသာဦးမှာ၊ မနေ့ကပဲ တင့်ရှင်းကို အိမ်ကသီးတဲ့ စိန်တစ်လုံးသရက်သီးတွေ ပေးချင်လို့ ကျွန်တော့်ကို သွားပို့ခိုင်းနေတယ်”

လင်းရွှေရက တင့်ရှင်းလည်းနေရခက်မှာစိုး၊ သူကိုယ်တိုင်လည်း ရှက်တက်တက်ဖြစ်လာတာမို့ စကားဝင်လွှဲကာ တင့်ရှင်းကို သူတို့အိမ်ဘက် ခေါ်လာခဲ့ပါသည်။

“ရှင် အကျိုးလဲလိုက်ပါဦး ကိုရွှေရ”

“ဘာမှ မဖြစ်ပါဘူး တင့်ရှင်းရဲ့၊ မိုးတွင်းပဲ၊ ခါတိုင်းလည်း ဒီလိုပဲ စိုနေကျပါ”

“ကိုရွှေရကို ကိုမြတ်သစ်လွင် အပြုအမူတွေအတွက် တောင်းပန်ပါတယ်”

“တောင်းပန်ဖို့ ဘာမှ မလိုတာပဲဗျာ၊ ကျွန်တော်က သူ ဒီလိုပြုမူထိုက်တဲ့သူပဲ၊ သူ ကျွန်တော့်ကို ဒီထက်တောင် ရင့်သီးခွင့်ရှိပါတယ်၊ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး တင့်ရှင်း၊ ကျွန်တော်က သူချစ်တဲ့မိန်းကလေးကိုမှ သွားချစ်ခဲ့မိတာကိုးဗျာ”

တင့်ရှင်းက နီမြန်းသောမျက်နှာလေးကို ငုံ့ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဒါပေမဲ့ ကာယကံရှင်က တင့်ရှင်းပါ၊ တင့်ရှင်း သဘောပါ"

"ကျွန်တော်က တစ်ခါတစ်ခါတော့ ငြိမ်းချမ်းပြီး ပြီးပြည့်စုံတဲ့ ဖြောင့်ဖြူးနေတဲ့ တင့်ရှင်းရဲ့ဘဝလမ်းခရီးမှာ ခဲတစ်လုံး ခလုတ်တစ်ခုလို ဝင်ရှုပ်ခဲ့မိသလားလို့ စဉ်းစားမိပြီး တင့်ရှင်းကို အားနာမိတယ် သနားမိတယ်"

တိုးပြီးခြောက်သွေ့နေတဲ့ လင်းရွှေရအသံကြောင့် တင့်ရှင်းက မျက်စိမလေးစုံမှိတ်အားတင်းကာ ...

"ဒါပေမဲ့ ကျွန်မ ဘာလိုချင်တာကို ကျွန်မ သိပါတယ်၊ သူ့ကို လမ်းခွဲလိုက်ဖို့ ဆုံးဖြတ်မိတာကို နောင်တလည်း မရဘူး၊ ဝမ်းလည်းမနည်းဘူး၊ ရှင် အားနာဖို့မလိုဘူး"

"သူ့ကို လမ်းခွဲလိုက်တယ်ဆိုရင် ကျွန်တော်ရှိနေတဲ့လမ်းပေါ် တင့်ရှင်းရောက်လာပြီး ကျွန်တော်နဲ့အတူတူလျှောက်တော့မယ့်သဘောလား တင့်ရှင်း"

တင့်ရှင်းက ရှက်ရိပ်သန်းရီနေတဲ့ မျက်ဝန်းလေးများနှင့် လင်းရွှေရကို တောက်ပလက်ဖြာစွာ မော်ကြည့်လာပါသည်။

❋ ❦ ❋





## ၁၆

"ဟဲလို ဆရာမရေ ... ခုလို ဆရာမနဲ့စကားပြောခွင့်ရတာ ဝမ်းသာလိုက်တာ ဆရာမရယ်"

"ဟုတ်ကဲ့ပါ ကျွန်မကလည်း ဝမ်းသာပါတယ်"

"ကျွန်မနာမည်က စန္ဒာလို့ခေါ်ပါတယ် ဆရာမ၊ ဆရာမကို တစ်ခုမေးကြည့်ချင်လို့ပါ"

"မေးပါ မစန္ဒာရယ်"

"ဆရာမရယ် ... ချစ်မိပြီဆိုရင် ကံဆိုးဖို့ချည်းပဲလားဟင်၊ အချစ်ရေးမှာ ကံကောင်းဖို့များ ဘာများလုပ်လို့ရမလဲလို့၊ ကြုံလိုက်ရတိုင်း ကံမကောင်းတာချည်းပဲမို့ပါ"

"ဟုတ်ကဲ့ မစန္ဒာရေ၊ အချစ်ဆိုတာ ကံကောင်းခြင်းမဟုတ်သလို ကံဆိုးခြင်းလည်းမဟုတ်ပါဘူး ညီမရယ်၊ ကိုယ်က ကံကောင်းဖို့ မျှော်လင့်တိုင်းလည်း ကံကောင်းမလာတတ်



www.burmeseclassic.com

www.burmeseclassic.com



သလို အမြဲတမ်းတော့လည်း ကံဆိုးမနေနိုင်ပါဘူး၊ ကံဆိုးခဲ့တဲ့အလှည့်ကြုံခဲ့ပြီ့ရင် တစ်ကြိမ်ကြိမ်တော့ ကံကောင်းလာနိုင်ပါသေးတယ်"

"အဲဒီလိုပဲ မျှော်လင့်ရတာပါပဲ ဆရာမရယ်၊ အခုတော့ ကိုယ်ကလည်း လျှပ်ပေါ်ပေါ်လော်လီတာမဟုတ်ဘဲနဲ့ နှစ်ကြိမ်တောင် အသည်းကွဲခဲ့ရပြီးပြီပေါ့နော်၊ ကိုယ်က မိန်းမသားဆိုတော့ နောက်တစ်ကြိမ်ဆိုတာရော ရှိဖို့သင့်ပါဦးမလား၊ ကိုယ်ကလည်း တစ်မျက်နှာမြီးတစ်မျက်နှာ ပြောင်းနေသလိုလို ပတ်ဝန်းကျင်ကမြင်မှာလည်း ကြောက်ရသေးတယ် ဆရာမရယ်"

"မမျှော်လင့်ဘဲ ဇာတ်လမ်းတွေ များသွားပြန်တော့လည်း မိန်းမတွေအဖို့ လူအထင်သေးမှာ စိုးရိမ်ရပြန်ရောပေါ့ ညီမရယ်၊ ဟုတ်ပါတယ်၊ နည်းနည်းအကြံပေးချင်တာကတော့ ဒီတစ်ကြိမ်ဆိုရင် ဆုံးဖြတ်ချက်မချခင် ခေါင်းမညိတ်ခင် သေသေချာချာလေး အကြောင်းသိနိုင်အောင် အချိန်ယူစေချင်ပါတယ် ညီမရယ် ...

ယောက်ျားဆိုတာ လေ့လာနိုင်လွန်းပါမှ တော်ခါကျတာပါ၊ ယောက်ျားတွေရဲ့ အတွင်းစိတ်သဏ္ဍာန်ဟာ သုံးနှစ်သုံးမိုးလောက် အချိန်ယူတာတောင်မှ ခန့်မှန်းဆုံးဖြတ်နိုင်ဖို့ ခဲယဉ်းတာပါ မစန္ဒာရေ၊ ဟန်ဆောင်မှုမှာ ကျွမ်းကျင်တဲ့





ယောက်ျားမျိုးဆိုရင် ပိုတောင်ခန့်မှန်းရခက်သေးတာပေါ့၊ ကိုယ်ထင်တဲ့အတိုင်း ဖြစ်မလာဘဲ လွဲတတ်ပါတယ်၊ အချိန်ယူလေကောင်းလေမို့လို့ ဒီတစ်ခါဆိုရင်တော့ အဆုံးဖြတ်မစောလိုက်ပါနဲ့ဦးလို့ သတိပေးပါရစေ ညီမရယ်"

"ကျေးဇူးတင်ပါတယ် ဆရာမ"

"ကလင် ... ကလင် ... ကလင်"

"ကလင် ... ကလင် ... ကလင်"

"ဟဲလို"

"မမလား ဟယ်လို"

"မမ သိရိပါ၊ ဟယ်လို ... ဟယ်လို"

"သောတရှင်များရှင် ခုဆိုရင် လေလှိုင်းမှာ ဖြေနိုင်းပါဆိုတဲ့ ဆရာမတင့်ရှင်းသွင်ရဲ့ အချစ်ရေး အိမ်ထောင်ရေး အမေးအအဖြေ ဖုန်းပြောတဲ့ကဏ္ဍလေး အချိန်စေ့သွားပြီဖြစ်တဲ့အတွက် ဖုန်းပြောဖို့စောင့်နေကြတဲ့ ပရိသတ်များ နောက်တစ်ကြိမ်မှပဲ ထပ်မံဖုန်းခေါ်လိုက်ပါဦးလို့ ပန်ကြားလိုက်ပါတယ်ရှင် ...

ကျွန်မတို့ရဲ့ '...FM' ရေဒီယိုလိုင်းမှ လေလှိုင်းမှာ ဖြေနိုင်းပါ အစီအစဉ်ကို အပတ်စဉ် တနင်္လာနေ့နဲ့ သောကြာနေ့များမှာ နေ့လယ်ဆယ့်နှစ်နာရီတိတိအချိန်မှာ ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်ရှင် ...



www.burmeseclassic.com

www.burmeseclassic.com



အခု ဆက်လက်ပြီး ........"

ရှေ့က မှန်ချပ်ခြားနေတဲ့ အသံဖမ်းခန်းထဲက အသံဖမ်းအင်ဂျင်နီယာက လက်ပြလိုက်ပြီမို့ တင့်ရှင်းက ခေါင်းက Head Phoneကိုဖြုတ်ပြီး ရှေ့စားပွဲပေါ် တင်လိုက်ပါသည်။ ဒီနေ့ အဖို့ပြီးပြီ။

ခုနက အချိန်စေ့သွားလို့ တစ်ဝက်တစ်ပျက်နှင့် ဆက်မကြားရတော့တဲ့ သီရိဆိုတာ ဟိုးအရင်က တင့်ရှင်းထံ အမြဲဆက်နေကျ သီရိခက်ပဲဖြစ်လိမ့်မည်။ အစီအစဉ်က Liveလွှင့်တာမို့ သူ့အချိန်စေ့ချိန်မှာ ရောက်ရာနေတာက ဖြတ်ချလိုက်မြဲပါ။ ဖုန်းမဆက်တာကြာတဲ့ သီရိတစ်ယောက် ရေဒီယိုလိုင်းပေါ်တက်ပြီး ဆက်သွယ်လာပါလား။

တင့်ရှင်းက အသံသွင်းခန်းထဲက အိတ်ဆွဲပြီးထွက်အလာ ...

"တီတီတီ ... တီတီ"

လက်ကိုင်ဖုန်းကမြည်လာ၍ တင့်ရှင်းက ဖွင့်၍နားထောင်လိုက်ပါသည်။

"ဟယ်လို"

"မမတင့်ရှင်းလား"

"အေး သီရိလား၊ ခုန ဖုန်းခေါ်တာ သီရိပဲလား"

"အဟင်း ... ဟုတ်တယ်၊ အချိန်စေ့သွားတာ မမတော့ ကြိဖန်ကံကောင်းသွားတာပဲသိလား"





"ဘာကံကောင်းတာလဲ သီရိ"

"သီရိမေးမလို့ လုပ်ထားတာတွေကို On Airကနေ တစ်တိုင်းပြည်လုံးဆီ လူသိရှင်ကြား မပြန်နိုင်တော့ဘူးပေါ့"

"သီရိက ဘာတွေမေးမလို့လဲ သီရိရဲ့"

"အံ့ဩလွန်းမက အံ့ဩရတာတွေမေးမလို့ပေါ့၊ မမ မှတ်မိသေးလား၊ သီရိရဲ့ ချစ်သူနဲ့ လက်ထပ်လို့ဖြစ်ပါ့မလားလို့ သီရိကမေးတော့ မမက မဖြစ်နိုင်ရင် ဖွတ်တိုးပြီးလက်မထပ်နဲ့လို့ ဖြေခဲ့တာလေ"

"အင်း ... အဲဒီသဘောဆန်ဆန် ဖြေခဲ့ဖူးတယ်၊ သီရိ သူ့ကို ဖြတ်လိုက်တော့မယ်ဆို"

"ဖြတ်ခဲ့ပြီးပါပြီ၊ သီရိ အခု အမေရိကားကနေ ဖုန်းခေါ်နေတာ၊ သီရိက မမစကား မမအကြံဉာဏ်ကို ယုံစားပြီး သူ့ကို ဖြတ်ခဲ့ပြီး နိုင်ငံခြား ထွက်လာလိုက်တာ"

"အင်း ... သီရိက ထွက်ချင်တယ် သူက မလိုက်ဘူး၊ သီရိက ရှိုးကျကျ သပ်သပ်ရပ်ရပ်ရှိစေချင်တယ်၊ သူက ပစ်စလက်ခတ်နေတယ်၊ သီရိက သီရိကိုပဲ အချိန်ပေးစေချင်တယ်၊ သူက အပေါင်းအသင်းသိပ်ခင်တယ်၊ အဲဒါတွေက သီရိတို့ကြားက ပဋိပက္ခတွေမဟုတ်လား၊ သီရိကလည်းမလျှော့ သူကလည်းမပြင် ..."

"အဲဒီတော့ မမက ဖြတ်ခိုင်းတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မမက ဖြတ်နိုင်းတာမဟုတ်ဘူးလေ၊ မမက သီရိ တကယ် စိတ်ချမ်းသာမယ့်လမ်းကို ရွေးခိုင်းတာ၊ အရာရာ သီရိပေါ် မူတည်တယ်၊ သီရိ ရွေးချယ်ရမယ်ဆိုတော့ သီရိက ဒီလူနဲ့ တစ်သက်လုံး ရှေ့ဆက်ရရင် ဘယ်နည်းနဲ့မှ စိတ်ချမ်းမသာနိုင်တော့ဘူးလို့ ပြောခဲ့တယ်မဟုတ်လား၊ သီရိစကားနဲ့ သီရိအဖြေက ထွက်နေပြီးသားပါ၊ မမက မဖြစ်နိုင်ဘူးလို့ စိတ်ထင့်နေရင် ဖွတ်မတိုးနဲ့လို့သာ အကြံပေးခဲ့တာလေ"

"သီရိက ဖြတ်လိုက်တော့မယ်ဆိုတော့ မမက ဖြတ်ဆို"

တင့်ရှင်းက စိတ်တွေရှုပ်လာကာ ...

"အင်းပေါ့၊ .သီရိကမှ ဖြတ်ချင်နေမှတော့ ဖြတ်တော့ပေါ့ကွယ်"

"အဲဒီတုန်းက တကယ်ပဲ သဘောရိုးနဲ့ အကြံပေးခဲ့တာလား မမ"

"ဘာဖြစ်လို့လဲ၊ သဘောရိုးပေါ့ သီရိအပေါ် သဘောရိုးနဲ့ မပြောဘဲ သဘောဆိုးနဲ့ပြောစရာ ဘာအကြောင်းရှိလို့လဲ"

"မမ အဲဒီတုန်းကတည်းက သူ့ကို မြင်ဖူးသိဖူးပြီးသားလား"

"ဘယ်သူ့ကိုလဲ"

"သီရိရဲ့ချစ်သူလေ"

"ဘယ်လိုလုပ်မြင်ဖူးမှာလဲ၊ နာမည်တောင် သီရိပြောဖူးတဲ့ ကိုဆိုးပေဆိုတာပဲ သိတာလေ၊ နာမည်ရင်းတော့ ဘုတ်ဘူးမို့လား"





"ဒီမှာ မမ၊ သီရိချစ်သူကို မမက အကြံပေးလို့ သီရိက ဖြတ်ပြီး နိုင်ငံခြားလည်း ထွက်သွားရော မမက သူနဲ့ ကောက်တွဲလိုက်ရောဆိုတာက ဘာသဘောလဲ၊ သီရိ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး၊ ဒါပေမဲ့ သူ အခု စာရေးဆရာမ တင့်ရှင်းသွင်နဲ့ တွဲနေကြတယ်ဆိုတဲ့သတင်းကတော့ ဆွေမျိုးတွေ သူငယ်ချင်းတွေဆီကနေ အတိအကျရနေတာ မမ ဘာသဘောလဲ"

"ဘာရယ် .... တို့နဲ့ တွဲနေတယ် !!"

"ဟုတ်တယ်၊ အဲဒါ ဘာသဘောလဲ"

"တို့က ဘယ်သူနဲ့တွဲလို့လဲ"

"လင်းရွှေရလေ၊ ကိုဆိုးပေဆိုတာ သူ့အိမ်နာမည်၊ နာမည်ရင်းက လင်းရွှေရ၊ အခု မမနဲ့ အရှုးအမူးစွဲလမ်းနေကြတယ်ဆိုတဲ့ လင်းရွှေရ"

"ဘာ ..."

တင့်ရှင်းသည် ခေါင်းကို တင်းပုတ်ကြ နှင့် ဒုံခနဲ အထုခံလိုက်ရသလို မူးမိုက်ပြာဝေသွားပြီး လူလည်း ထူပူသွားပါသည်။ လင်းရွှေရ ...။ ကိုရွှေရ ...။

"သူတို့တစ်ရပ်ကွက်လုံးမှာ သီရိအမျိုးတွေ သူငယ်ချင်းတွေချည်းပဲ၊ လုမ်းပြောပြတာမှ နားမဆံ့အောင်ပဲ၊ အဲဒါ မမ ဘာလုပ်တာလဲ၊ အစကတည်းက သူ့ကိုမြင်ဖူးပြီး မမ



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်လို့များ သီရိနဲ့ကွဲအောင် အားပေးတာလား၊ အရင်က မမမှာလည်း လက်ထပ်ရမယ့်သူ ရှိပြီးသားမဟုတ်လား၊ သီရိကိုတော့ဖြတ်တဲ့၊ မမကျတော့ ဆတ်ခနဲ ကောက်တွဲပစ်လိုက်တာ မြန်လိုက်တာ၊ ဘယ်နှလရှိသေးလို့လဲ မမရဲ့၊ အဲဒါ ဘာသဘောလဲ"

ဇွတ်တရွတ်မ ဂျိမ သီရိဟာ ခုလည်း ကလေးကြီးအလား တင့်ရှင်းကို အာပြဲလျှာပြဲနှင့် ဖုန်းထဲကအော်နေပါသည်။ တင့်ရှင်းသည် အလန့်တကြား တအံ့တသြ ကတုန်ကယင်ဖြစ်ကာ ထစ်ထစ်ငေါ့ငေါ့နှင့်ပင် ...

"မဟုတ်ဘူး သီရိ၊ မဟုတ်ဘူး၊ သီရိကို မမက ဒီလူနဲ့ မဖြတ်ခိုင်းဘူးနော်၊ သီရိရောမချပါနဲ့၊ သီရိက ဖြတ်ချင်တယ်ပဲပြော အပြစ်တွေပြော စိတ်ဆင်းရဲတာတွေပြော ရှေ့မဆက်နိုင်ဘူးချည်းပဲပြောလို့ တို့က သီရိ ဆန္ဒအပေါ်မှာပဲ လမ်းကြောင်းပေးတာပါ၊ ကဲ ... တို့က မရဘူး ခုချက်ချင်း လက်ထပ်ဆိုရင်ကော သီရိက လက်ထပ်မှာမို့လား၊ သီရိ လုပ်ချင်လုပ်လို့ အားပေးတာပဲရှိတယ်၊ သီရိက မခွဲချင်မခွာရက်ချစ်နေတာကို ဇွတ်အတင်းဖြတ်ခိုင်းတာ လုံးဝ မဟုတ်ဘူးဆိုတာ သီရိ အသိဆုံး ...

နောက်ပြီး သီရိချစ်သူကို တို့ နာမည်အ ...င်းတောင် မသိဘူး၊ သီရိပြောသလောက်ပဲ ကိုဆိုးပေလို့သိထားတာ၊





အခု ကိုရွှေရနဲ့ တို့ ခင်မင်ပတ်သက်တဲ့အချိန်မှာလည်း အရင်က သူဟာ သီရိချစ်သူဆိုတာ တို့ လုံးဝ ခုထိ မသိဘူး သီရိ၊ ခုမှသိတာ"

"ဟုတ်တယ်၊ မမပြောတာ သီရိ ယုံတယ်၊ မမကိုမှ သီရိ နာမည်ရင်းမပြောမိဘူးပဲ၊ ပြီးတော့ အရင်က မမက တခြားလူတစ်ယောက်နဲ့ပဲ၊ သီရိ ကြားရတာတွေကို စိတ်တိုအသည်းယားလို့သာ မမကို လှမ်းပြောတာပါ၊ အခု မမပြောတာတွေက အမှန်ဆိုတာ သီရိလည်း နားလည်နိုင်တာပဲ၊ နားမလည်နိုင်တာက ကိုဆိုးပေ၊ သင်းက မမကို ကောင်းကောင်းကြီးသိတာပဲ၊ သီရိ လေးစားအားကိုးတာ လွန်လွန်းအားကြီးလို့ ဆိုပြီးတော့တောင်မှ သီရိကို သူက ဒေါကန်သေးတာပဲ ...

မမကိုလည်း ချစ်သူတွေကြားထဲ ကဖျက်ယဖျက်ပါတယ် ဘာညာနဲ့ သူပဲ ဒေါတွေကန်နေပြီးတော့၊ ခုကျတော့ ဘာဖြစ်တာလဲ၊ သူ့ကိုသာ လုံးဝ နားမလည်တာ၊ စဉ်းစားလို့ကိုမရဘူး၊ သူ့ဆီလည်း ဖုန်းဆက်မနေချင်တော့ပါဘူး"

သီရိက စဉ်းစားလို့ကိုမရဘူးဆိုပေမယ့် ... တင့်ရှင်းကတော့ မရရအောင်စဉ်းစားရပါပြီ။ သီရိနဲ့ပတ်သက်ပြီး တင့်ရှင်းသွင်ကို ကောင်းကောင်းသိခဲ့တယ်ဆိုတဲ့ လင်းရွှေရ။ သမီးရည်းစားကြား ဝင်ပါရကောင်းလားလို့ ဒေါကန်ခဲ့တယ်ဆိုတဲ့ လင်းရွှေရ။ သူတို့အသိုက်အဝန်းထဲကပဲ စ,တင်လာတဲ့ကောလဟာလ။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကို ဘယ်သူပြောလဲဆိုတော့ ရေရေရာရာမပြောဆိုနိုင်ဘဲ မမှတ်မိသလိုလို ဘာလိုလို လျှောချခဲ့တာ။ အစကတည်းကိုက လူမသိသူမသိ လင်းရွှေရဆိုတဲ့နာမည် တိတိကျကျတစ်ခုနဲ့ တပ်ပြီးတော့ ထွက်ခဲ့ရတဲ့ကောလဟာလသတင်းကို အံ့ဩထူးဆန်းခဲ့ရတာလေ။ တစ်ခါမှလည်းမမြင်ဖူး မကြားဖူးဘဲ ဒီလူနဲ့မှ ဘာကြောင့် တိတိကျကျတပ်ပြီး သတင်းထွက်ရတာလဲ နားမလည်နိုင်ခဲ့တာလေ။

ခုတော့ ...။

ခုတော့ ... သူဟာ ...။

ခံပြင်းကြေကွဲစွာ ဆုံးရှုံးလိုက်ရတဲ့ ခံစားချက်က နှစ်နာခြင်းပြင်းထန်လှပါသည်။ အမှတ်မထင် အခိုက်အတန့်အတွင်း ရင်နှင့်အမျှ မချစ်စဖူး ချစ်လိုက်မိတာမို့ ဆုံးရှုံးလိုက်ရမှုက ပြင်းထန်လွန်းအားကြီးကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျ အသက်ရှူတွေမှား ခြေတွေလက်တွေ မနိုင်မတ်နိုင်အောင် ဖြစ်သွားရတဲ့ အထိပင်။ ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာတရားကို စော်ကားမော်ကား အပြုခံရသလို ရင်တွေနာကာ အသည်းနှလုံး တဆတ်ဆတ်ခါရပါသည်။

တင့်ရှင်းသည် စတူဒီယိုမှ ကားမောင်းပြန်လာပြီး သူ့ရဲ့ရွှေဝပ်ရှော့ပ်အထိ တစ်ဆက်တည်း ချက်ချင်းအရောက်လာခဲ့ပါသည်။ ဝပ်ရှော့ပ်ထဲ ကားထိုးဝင်လိုက်လျှင် လင်းရွှေရတပည့်လေးများက တရင်းတနှီး အပြုံးလေးများနှင့် တရိုတသေ ...





"ဆရာရွှေရ ထမင်းပြန်စားနေပါတယ် အစ်မ၊ အိမ်ဘက်မှာပါ"

တင့်ရှင်းက ကားကို ဟိုဘက်ခြံစပ်က ကပ်လျက်မလွယ်ပေါက်လေးမှ သူတို့အိမ်ဘက်ရောက်ခဲ့ပါသည်။ မီးသည်းသည်းဟာ ကိုယ်မှာခွဲလို့၊ အင်္ကျီစ၊ လုံချည်စတို့ကလည်း ကိုယ်မှာကပ်လို့။ ဆံပင်အချောင်းအမျှင်တွေက မျက်နှာပေါ် ရေနှင့်စိုကပ်ကာ ဖရိုဖရဲ။ အဲဒီဆံပင်တွေကပ်နေတဲ့ ပါးပြင်ပေါ်မှာတော့ မိုးနဲ့ရောနေတဲ့ မျက်ရည်စီးကြောင်းများပင်။

"တင့်ရှင်း"

လင်းရွှေရက နာကျင်ဒဏ်ရာရနေတဲ့ သတ္တဝါတစ်ကောင်လို သူ့ကို စူးစူးရဲရဲရပ်ကြည့်နေတဲ့ တင့်ရှင်းကိုမြင်လျှင် တအံ့တဩနှင့် ထမင်းစားစားပွဲမှ ထ,လာပါသည်။ ရင်တွေ ဗလောင်ဆူ ပူလောင်သွားရကာ ...

"တင့်ရှင်း ဘာဖြစ်လာတာလဲ၊ ဘာဖြစ်လို့လဲ တင့်ရှင်း"

တင့်ရှင်းသည် သူ့အရပ်ပေါ်မိုးထားတဲ့ လင်းရွှေရကို မော့ကြည့်ကာ ဝမ်းနည်းနာကြည်းလာပါသည်။ သူက ဘာမို့လဲ။ သူက ဘာမို့ တင့်ရှင်းက သူ့ကို ဤမျှရက်တိုတိုအတွင်း အရူးအမူးချစ်ခဲ့မိတာလဲ။ လက်ထပ်ခါနီးဆဲဆဲဖြစ်သော သူ့ထက်အရာရာသာသည့် ယောကျ်ားမျိုးကို ကျောခိုင်းစွန့်ပယ်ကာ သူ့ရင်ခွင်ထဲကိုမှ ဘာကြောင့် ခြေစုံပစ်ခိုဝင်မိတာလဲ။


www.burmeseclassic.com

www.burmeseclassic.com



“တင့်ရှင်း ... တင့်ရှင်း၊ ကျွန်တော့်ကို အဲသလိုကြည့်မနေပါနဲ့၊ တင့်ရှင်း ဘာတွေခံစားလာရတာလဲ၊ ပြောပါ၊ ပြောပါဗျ”

“ပြောမယ်၊ ပြောဖို့လာတာပါ၊ ကျွန်မ ဘာမှ မကျွံခင် မလွန်ခင် ဒီလောက်ရက်ပိုင်းလေးအတွင်းမှာ ရှင့်ဇာတိမှန်ကို သိလိုက်ရတာကပဲ ကံကောင်းလွန်းလို့လို့ မှတ်ယူပါတယ် ကိုရွှေရ”

တင့်ရှင်းအသံက ရှိုက်သံအစွက်စွက် တုန်ခါနေသည်။

“တင့်ရှင်း ဘာတွေပြောနေတာလဲ”

“ရှင် ရှင်က သီရိခက်ရဲ့ချစ်သူဆို”

လင်းရွှေရသည် ကြိုးပေးတရားခံကို မောင်းဖြုတ်ချလိုက်သလို ဆတ်ခနဲ ဇက်ကျိုး ခေါင်းငိုက်စိုက်ကျသွားရပါတော့သည်။

“ရှင်တို့ချစ်သူချင်း ကြားထဲဝင်ရှုပ်တယ်ဆိုပြီး ရှင့်ရဲ့သီရိက လမ်းခွဲသွားတာ ကျွန်မကြောင့်ဆိုပြီး ရှင် ကျွန်မကို မုန်းတီးခဲ့တယ်ပေါ့နော်”

“မဟုတ်ပါဘူး တင့်ရှင်း၊ အဲသလို မဟုတ်ရပါဘူးဗျာ”

လင်းရွှေရ အသံက အက်၍ တိမ်နေပါသည်။

“ရက်စက်လိုက်တာ ကိုရွှေရရယ်”



“တင့်ရှင်း ... ကျွန်တော် တင့်ရှင်းကို ... တင့်ရှင်းကို မြင်မြင်ချင်း ဘယ်လိုမှ မျိုသိပ်မထားနိုင်အောင် အရမ်းချစ်မိသွားတာပါ”

“တော်လောက်ပါပြီ ကိုရွှေရရယ်၊ ရှင့်ကို အရမ်းကြောက်သွားပါပြီ၊ ကျွန်မက သီရိကို ဘာအမိန့်မှပေးခဲ့တာမဟုတ်ပါဘူး၊ သီရိ သူ့ဘာသာဆုံးဖြတ်ပြီးသားဖြစ်နေတဲ့ဆန္ဒကိုသာ နောက်က တွန်းအားဖြစ်စေမယ့်စကားမျိုး ပြောခဲ့မိတာပါ၊ ဒီလောက်တောင် စိတ်ပျက်နေရင်တော့လည်း ရှေ့မတိုးပါနဲ့ဆိုတဲ့ အကြံဉာဏ်မျိုးထက် ဘာမှ ပိုမချုပ်ကိုင်ခဲ့ပါဘူး၊ သူလည်း သူ့ဦးနှောက်နဲ့ သူ့ခံစားချက်နဲ့ အရွယ်ရောက်နေတဲ့ မိန်းကလေးပါ၊ ဒီပြစ်မှုအတွက် ရှင် ဒဏ်ခတ်ပုံက ပြင်းထန်လွန်းပါတယ်၊ ကျွန်မက လက်ထပ်ဖူးတယ်ဆိုတဲ့ သတင်းကိုလည်း ဒီကိစ္စကြောင့်ပဲ ရှင်တို့တစ်စု ဝိုင်းလွှင့်ခဲ့ကြတာမဟုတ်လား၊ ကျွန်မ သံသောပေါက်သွားပြီ ...

ရှင်က သိပ်ကြောက်စရာကောင်းတဲ့ ယောကျ်ားတစ်ယောက်နော်။ ရှင့်ကို သိပ်ကြောက်သွားပြီ။ ကျွန်မကို ထပ်မနှောင့်ယှက်ပါနဲ့ ဒုက္ခမပေးပါနဲ့တော့ ကိုရွှေရရယ်”

လင်းရွှေရသည် ဘာစကားမှ မဆိုနိုင်တော့အောင် ရင်ထဲနင့်၍ ငိုင်နေမိပါသည်။

* ❦ *

www.burmeseclassic.com



## ၁၇

"တင့်ရှင်းရှိတယ် မဟုတ်လား"

အတွင်းတံခါးကိုတော့ ဖွင့်ဟကြည့်လိုက်တဲ့ အစောက မဖွင့်ရဲဘဲ တင့်ရှင်းဘက်လှည့်ကြည့်ပါသည်။ မြတ်သစ်လွင် အသံဆိုတာသိ၍ တင့်ရှင်းက ရုပ်ပျက်ဆင်းပျက် ရှိုင်းရှိုင်းပျပျ မဖြစ်လိုဘဲ 'ဖွင့်ပေးလိုက်ပါ အစော'လို့ ခပ်တိုးတိုး တုံ့ပြန်လိုက်ရပါသည်။ အိမ်ထဲဝင်လာတဲ့ မြတ်သစ်လွင်က ဧည့်ခန်းကဆိုဖာ တစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။

လူကိုယ်တော်တိုင် ကြွချီလာခဲ့တယ်ဆိုတော့ မြတ်သစ်လွင်အဖို့ သူ့မာန်ကို အတော်လေးလျှော့ချလာတာပဲဆိုတာ တင့်ရှင်း နားလည်သည်။

"အန်တီဝင်းတို့ နေကောင်းတယ်နော် ကိုမြတ်သစ်လွင်"

"အင်း"





"အန်တီသက်တို့ ဘွား ..."

"အားလုံးကောင်းပါတယ်"

"တင့်ရှင်းဘက်က မယဉ်ကျေးသလိုဖြစ်သွားတယ်၊ အန်တီဝင်းကိုတော့ တင့်ရှင်းကိုယ်တိုင် လာတောင်းပန်ပါဦးမယ်"

"အဲဒါတွေမလိုဘူး တင့်ရှင်း၊ မင်း အခု လင်းရွှေရနဲ့ ဇာတ်လမ်းပြီးဆုံးသွားပြီမဟုတ်လား၊ ကိုယ် သတင်းကြားပါတယ်"

"ကိုမြတ်သစ်လွင် ဘာပြောချင်လို့လဲ"

မြတ်သစ်လွင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ကိုယ်တို့ ပြီးခဲ့တဲ့အဖြစ်အပျက်တွေထဲက တချို့သော အစိတ်အပိုင်းတွေကို မဖြစ်ခဲ့ဘူးလို့ မှတ်ယူကြစို့၊ အနိုက်အတန့် တိမ်ညိုမည်းတွေ ဖုံးအုံ့သွားခဲ့တယ်ပဲ ယူဆကြရအောင်၊ အခု တိမ်ကင်းစင်သွားပြီ နေပြန်သာလာပြီလို့ သဘောထားရအောင်လား တင့်ရှင်း ...

ပြန်ပြီး သုံးသပ်ကြည့်တဲ့အခါမှာ ကိုယ့်ဘက်က ချို့ယွင်းအားနည်းချက်တွေလည်းရှိခဲ့တယ်၊ ကိုယ့်ဘက်က တင့်ရှင်းကို အချိန်ပေးမှုနည်းခဲ့တယ်၊ ချစ်သူတစ်ယောက်အပေါ် ယုယကြင်နာမှု ဂရုစိုက်မှုတွေလည်း ပေါ့လျော့ခဲ့တယ်၊ မိန်းမတွေဟာ ကြင်နာယုယမှုကို လိုလားတောင့်တတယ်မဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပေါ် မကျေနပ်နိုင်ချိန်မှာ တင့်ရှင်း တခြားတစ်ဖက်ကို စိတ်ယိုင်ညွတ်သွားတယ်လို့ ယူဆတယ်၊ တမင်တကာ ဂရုစိုက်အကြိုက်ဆောင်ပြနေတဲ့ လူတစ်ယောက်ကို စိတ်ညွတ် သာယာသွားတာ ဖြစ်တတ်တဲ့ သဘောပါ၊ ကိုယ် အားလုံးခွင့်လွှတ်နိုင်တယ်၊ ကိုယ်လည်း ဒါတွေ မေ့ပစ်မယ်၊ တင့်ရှင်းလည်း အားလုံးမေ့ပစ်ပြီး ကိုယ်တို့ စီစဉ်လက်စရှိတာ ဆက်စီစဉ်ကြရအောင်၊ ဒီတစ်ခါ မင်္ဂလာကိစ္စအတွက် ကိုယ် အချိန်ပေးမယ်လို့ ဆုံးဖြတ်ထားပါတယ်"

အချိန်ပေးမယ်လို့ ဆုံးဖြတ်ယူရတယ်ဆိုတာက သူ့အာရုံက ဒီကိစ္စဘက် သိပ်မဝင်စားတာပေါ်လွင်နေတာပင်။ ဘာပဲဖြစ်ဖြစ် တင့်ရှင်းကို ဒီလို လာပြောဖော်ရတဲ့ မြတ်သစ်လွင်ကို အားတောင်နာမိသည်။ သူဟာ ဘယ်တုန်းကညီနှိုင်းတဲ့ အောက်သက်ကြေတဲ့သူမို့လို့လဲ။ တကူးတက ပြုပြင်လုပ်ယူထားတဲ့ အခြေအနေနှင့် သူ့စိတ်ကို အတော်လျှော့ချလို့သာ သူ အခုလိုရောက်လာတာပါ။

"ကျေးဇူးတင်ပါတယ် ကိုမြတ်သစ်လွင်၊ တင့်ရှင်းဘက်ကို ငဲ့ပေးတာဆိုတာ နားလည်ပါတယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ တင့်ရှင်း ရပ်တည်နိုင်ပါတယ်၊ တင့်ရှင်းအတွက် ထည့်မတွက်ပါနဲ့"





"တင့်ရှင်းအတွက်ရော ကိုယ့်အတွက်ရောတွက်ရမယ်၊ ကိုယ်တို့က ကိုယ့်ဂုဏ်ဒြပ် ကိုယ့်သိက္ခာ ကိုယ့်နာမည်တစ်လုံးနဲ့နေကြတာ၊ ကိုယ်တို့ လက်ထပ်ကြမယ်ဆိုတာ တော်ရုံတန်ရုံအသိုင်းအဝိုင်းအားလုံး သိနေပြီးသား"

"လက်ထပ်ပွဲပျက်သွားတယ်ဆိုတာမျိုး မဖြစ်ချင်လို့ အဖတ်ဆယ်ဖို့အတွက်တော့ မဖြစ်မနေ လက်ထပ်ဖို့မလိုပါဘူး ကိုမြတ်သစ်လွင်"

"ခေါင်းမမာစမ်းပါနဲ့ တင့်ရှင်း၊ ဒါ အားလုံးအတွက် ကောင်းဖို့ပါ"

"အားလုံးထဲမှာ တင့်ရှင်းမပါဘူး၊ တင့်ရှင်းအတွက် မကောင်းပါဘူး"

မြတ်သစ်လွင်က တင့်ရှင်းကို စိတ်ပျက်သလိုကြည့်ရင်း ...

"တင့်ရှင်း ဖြစ်ခဲ့တာတွေအတွက် Guilty (အပြစ်မကင်းသလို) ဖြစ်နေတာလား"

"ဟင့်အင်း ... ဒီလိုမဟုတ်ပါဘူး"

"ဒါဖြင့် ကိုယ့်ဆီကနေ လင်းရွှေရဘက် ယိမ်းမိပြီးမှ ခုမှ ကိုယ့်ကို တစ်ကြိမ်ပြန်လက်ခံရမှာ မျက်နှာပူနေတာလား"

"ဟင့်အင်း ... ကိုမြတ်သစ်လွင်ကို ပြန်လက်ခံမှာမဟုတ်လို့ မျက်နှာပူစရာလည်းမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"တင့်ရှင်း"

"ကိုမြတ်သစ်လွင်၊ ကိုရွှေရကြောင့် တင့်ရှင်း ရှင့်ကို လမ်းခွဲခဲ့တာမဟုတ်ပါဘူး၊ တင့်ရှင်း လိုအပ်တဲ့သူဟာ ကိုမြတ်သစ်လွင်မဟုတ်တာသိလိုက်လို့ နောက်ဆုတ်လိုက်တာပါ၊ တင့်ရှင်း လိုအပ်တဲ့သူဟာ ကိုရွှေရလို့ ယုံကြည်ပြီး သူ့ကိုလည်း ချစ်လိုက်မိပြီးမှ သူ့ဘက်က ပေါ်လာတဲ့ပြဿနာကတော့ တင့်ရှင်းကသိုလ်ကံပါပဲ ...

ကိုရွှေရနဲ့ တင့်ရှင်းကြားက ပြဿနာက ကိုမြတ်သစ်လွင်နဲ့ မဆိုင်တော့ပါဘူး၊ တင့်ရှင်း ဘယ်တော့မှလဲ ကိုမြတ်သစ်လွင်ဆီ ပြန်လှည့်မလာတော့ပါဘူး၊ သတ်သတ်စီပါ ကိုမြတ်သစ်လွင်"

"မင်း ဘာတွေ မာနကြီးနေတာလဲ တင့်ရှင်း၊ ဟိုကောင်က မင်းကို သူ့ရည်းစားနဲ့ ကွဲအောင်ခွဲလို့ တမင်သက်သက် ပညာပေးရုံ လာချဉ်းကပ်တာ မင်း အသိပဲမို့လား"

ဤစကားက အသည်းနှလုံးအစုံကို နာကျင်စေကာ တင့်ရှင်း မျက်ရည်ရစ်ဝဲလာရပါသည်။ ဒီလိုပဲနားလည်လိုက်ရပေမယ့် တင့်ရှင်း မယုံချင်ခဲ့ရပါဘူး ကိုရွှေရရယ်။

"ဒါတွေကို မေမေတို့ အန်တီသက်တို့ကိုတောင် ကိုယ်ဘာမှ အသေးစိတ်ပြောပြမထားခဲ့ဘူး၊ လူကြီးတွေက ကိုယ်တို့ချင်းပြဿနာပဲထင်နေကြတာ၊ မင်း ဘယ်သူ့ကိုမှ ရှိန်နေဖို့မလိုဘူး တင့်ရှင်း"





"မရှိန်ပါဘူး ကိုမြတ်သစ်လွင်၊ ကိုမြတ်သစ်လွင်ရဲ့အိမ်မှာ ဒီကိစ္စတွေ ဘာမှ ပြန်မပြောတာကလည်း အဓိကက ကိုမြတ်သစ်လွင်ရဲ့ မာန အတ္တတွေအတွက်ဆိုတာ တင့်ရှင်း နားလည်ထားပါတယ်၊ ဘယ်သူက ဘာကို သိတာမသိတာ ဘယ်သူ ဘယ်လိုထင်မှာမထင်မှာ ဒါတွေတစ်ခုမှ တင့်ရှင်း ထည့်မစဉ်းစားပါဘူး၊ တင့်ရှင်းဘဝအတွက် တင့်ရှင်းလိုချင်တာ ဘာလဲဆိုတာပဲ စဉ်းစားတယ်၊ တင့်ရှင်း ကိုရွှေရကို ချစ်မိခဲ့တာဟာ ဘဝရဲ့အဓိပ္ပာယ်ကို လက်တွေ့ကျကျထည့်စဉ်းစားပြီး စိတ်သန့်သန့်လေးနဲ့ ချစ်မိတာပါ၊ တင့်ရှင်း ပျော်မယ်ထင်တဲ့ဘဝကို ရွေးခဲ့တာပါ"

"အဲဒီဘဝ ... မင်းပျော်မယ်ထင်နေတဲ့ဘဝက မြောင်းထဲရောက်သွားပြီလေ၊ မင်းကို သူက လှည့်စားပြီး ပညာပေးသွားတာလေ"

"ပညာပေးတာ လှည့်စားတာ ဒါတွေက သူ့ဘက်ကအပိုင်းပါ၊ တင့်ရှင်းဘက်ကတော့ တင့်ရှင်း သူ့ကို တကယ်ချစ်မိခဲ့တာပါ၊ သူ့ကိုပဲချစ်တာ ကိုယ့်ကိုယ်ကိုယ် သိသိကြီးနဲ့ ရှင်နဲ့ လက်ထပ်ဖို့ ပြန်မစီစဉ်နိုင်တော့ဘူး ကိုမြတ်သစ်လွင်"

"မင်း ရူးနေတာလား၊ သူက မင်းကို ချစ်လို့လား"

"ဆိုင်လေးတစ်ဆိုင်ထဲမှာ ပန္နည်းတွေအများကြီး ခင်းကျင်းထားတဲ့အထဲက ကိုယ်ဘာပန္နည်းကို လိုချင်ပါလိမ့်လို့



www.burmeseclassic.com

www.burmeseclassic.com

သေချာမသိခင်တုန်းမှာ တင့်ရှင်းက ကိုယ့်အတွက် အသုံးတည့်မယ်ထင်တဲ့ဟာလေး၊ အကောင်းဆုံးထင်တဲ့ဟာလေးကို ရွေးခဲ့မိတာပါ၊ နောက်တော့မှ ကိုယ်တကယ် အရမ်းကြိုက်တဲ့ ပစ္စည်းလေးတစ်ခုကို သွားတွေ့တယ်၊ အဲဒီပစ္စည်းလေးက သူများရွေးထား ယူထားပြီးသား၊ ကိုယ် မရနိုင်တော့ဘူး ဆိုတာ သိလိုက်ရတဲ့အခါကျတော့လည်း ယူခွင့်မရှိတော့တာက သတ်သတ်၊ ဒါလေးကိုပဲ ကိုယ်အရမ်းကြိုက်နေသေးတာက သတ်သတ်ပါ၊ ဒါကိုပဲ ကြိုက်လွန်းအားကြီးလို့ တခြား ဘာကိုမှလဲ သူ့နေရာ အစားထိုးပြီး မကြိုက်နိုင်တော့ပါဘူး ကိုမြတ်သစ်လွင်ရယ်၊ သက်မဲ့ပစ္စည်းလေးဆိုရင်တောင် ဟိုးပထမကြိုက်ခဲ့တာလေးကိုပဲ ဒီဟာမရ ဟိုဟာလေးပဲလို့ အစားထိုးလို့ ဖြစ်ရင်ဖြစ်နိုင်ပါဦးမယ်၊ အခုဟာက သက်ရှိလူသားပါ ကိုမြတ်သစ်လွင် ...

ဒီတစ်ယောက်ကို မရတော့လို့ အရင်တစ်ယောက်ဆိုတာမျိုး ပြန်ယူရလောက်အောင် အပေါစား အကျင့်အကြံမျိုး တင့်ရှင်းမှာ မရှိပါဘူး၊ ဘယ်သူ့ရရ တစ်ယောက်ရမှဆိုတဲ့ အဖြစ်မျိုးလည်း မရှိပါဘူး၊ အစစအရာရာအတွက် ကိုမြတ်သစ်လွင်ကို အားလည်းနာတယ်၊ တောင်းလည်းတောင်းပန်တယ်၊ အခုလိုပြန်ပြီး ညှိနှိုင်းပေးတာကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ တင့်ရှင်း ဆုံးဖြတ်ပြီးသွား





လို့ပါ၊ ကိုမြတ်သစ်လွင်နဲ့ လက်ထပ်ဖို့ အစီအစဉ်မရှိတော့ပါဘူး"

မြတ်သစ်လွင်က တင့်ရှင်းကို တစ်ခဏ စိုက်ကြည့်နေပါသည်။

"အချစ်သူရဲကောင်း ဖြစ်ချင်တဲ့ သဘောလား၊ အချစ်ရှုံးရှုံးနေတာလို့ ပြောရမှာလား၊ လင်းရွှေရက်ကို မင်း စိတ်မနာဘူးလား တင့်ရှင်း၊ မင်းကတော့ တကယ်ချစ်ရတာ၊ သူကတော့ စိမ်းအကွက်ချပြီး အငြိုးနဲ့ချဉ်းကပ်တာ၊ မင်း ရှုံးမနေဘူးလား"

တင့်ရှင်းက မာန်မာနသံမပါဘဲ သူ့ကို တကယ်ကရုဏာသက်သလို မေးလိုက်တဲ့ မြတ်သစ်လွင်ကို အပြုံးကလေးနှင့် ကြည့်ရင်း ...

"ရှုံးပါစေ"

"အဲသလို မဟုတ်ရပါဘူးဗျာ"လို့ မချိတင်ကဲပြောနေတဲ့ သူ့မျက်နှာကို ခုချိန်ထိ မျက်စိထဲက မထွက်ဘဲ ယုံကြည်ချင်နေမိသေးတာဟာလည်း နောက်ထပ်အရှုံးတစ်မျိုးပါပဲ။

* ❦ *



www.burmeseclassic.com

www.burmeseclassic.com



"စေ့စပ်ကြောင်းလမ်းခြင်းကိုဖျက်သိမ်းကြောင်း ကြေညာခြင်း"

ကျွန်တော် မောင်မြတ်သစ်လွင် (၁၂/ကမရ(နိုင်)-----)နှင့် ကျွန်မ မတင့်ရှင်းသွင်(၁၂/မရက(နိုင်)-----) တို့သည် နှစ်ဦးနှစ်ဖက် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသောကြောင့် (၁၂-၃-၂၀၀၉)နေ့တွင် နှစ်ဖက်သော ဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းခဲ့ခြင်းကို ယနေ့ (၂၆-၈-၂၀၀၉) မှစ၍ နှစ်ဦးသဘောတူ ညှိနှိုင်းဖျက်သိမ်းလိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မောင်မြတ်သစ်လွင်။

မတင့်ရှင်းသွင်။

* ❦ *

"သမီး ... အိုကေလား၊ နေကောင်းရဲ့လား"

"နေကောင်းပါတယ် ဖေဖေရဲ့၊ ဖိုင်းန်ပါ"

"ဟား ဟား ... ဖေဖေက မနက်စောကတည်း ,၁ ဆက်မလို့ပဲ သမီးရဲ့၊ သမီးမှ 'အိပ်ရာက နိုးပါ့မလားလို့"



"နိုးပါတယ် ဖေဖေ၊ ဒီမနက် ခုနစ်နာရီခွဲကတည်းက သမီး အိပ်ရာကထ,တာ ဖေဖေရဲ့၊ သတင်းစာလာရင် ခပ်စောစော ကြည့်ချင်လို့လေ၊ သမီးရဲ့စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းကြော်ငြာက တစ်ဖက်စောင်းနင်းဆန်ပြီး အမျက်ဒေါသပါနေတဲ့ ကြေညာချက်မျိုး မဖြစ်ချင်ဘူးလေ၊ ဒါကြောင့် စာကို သေသေချာချာ စီပေးလိုက်တာ၊ အဲဒီအတိုင်းမှ ဖြစ်ပါ့မလားလို့လေ၊ သတင်းစာ စောင့်ဖတ်တာ၊ သမီးရေးပေးသလို အတိအကျပါပဲ၊ အဲဒါကြောင့် ကိုမြတ်သစ်လွင်ကိုတောင်မှ ဖုန်းလှမ်းဆက်ပြီး ကျေးဇူးတင်ကြောင်း ပြောလိုက်ရသေးတယ်"

"အင်း ... အင်း ... အေးအေးဆေးဆေးပဲပေါ့"

"မအေးဆေးဘူး ဖေဖေရေ၊ စုံစမ်းမေးမြန်းခြင်း သည်းခံပါဆိုနေမှ မနက်ကနေ အခုထိ ဖုန်းတွေတဂွမ်ဂွမ်လာပြီး စုံစမ်းမေးမြန်းလိုက်ကြတာခ ဘ၊ လူရင်းတွေတင်မကဘူး၊ သူစိမ်းတွေတောင်ပါသေး၊ တစ်ခါမှ မသိဖူးဘဲ စာရေးဆရာမ တင့်ရှင်းသွင် ဆိုတာသိပြီး စိတ်မကောင်းလို့ဆိုပြီး ဖုန်းဆက်အားပေးတာမျိုးလည်း ရှိသေးရဲ့၊ စုံစမ်းမေးမြန်းခြင်းကို သူတို့က သည်းမခံဘူး၊ သမီးပဲ သည်းခံနေရတယ်၊ အဟင်း ဟင်း၊ ခုတော့ လိုင်းဖုန်း ဘေးချထားလိုက်ပြီ"

တင့်ရှင်းထံမှ ရယ်သံမောသံလေးနှင့် စကားသံတတ ကြွကြွလေးကြားမှ ဖေဖေ စိတ်အေးမည်ကိုသိ၍ ပို[illegible]သာ

www.burmeseclassic.com

www.burmeseclassic.com



လေး ဟီးဟီးဟားဟားလုပ်၍ ခပ်ရွှင်ရွှင် ပြောရသော်လည်း တင့်ရှင်း ရင်ထဲ ခံစားရပါသည်။ မြတ်သစ်လွှင်နဲ့ လမ်းခွဲရတဲ့အတွက် ဝမ်းနည်းတာ မဟုတ်ပေမယ့် စေ့စပ်ကြောင်းလမ်းပျက်ခဲ့ရတယ်ဆိုတဲ့ အဖြစ်အပျက်ကိုတော့ ဘာပဲဖြစ်ဖြစ် ခံစားရသည်။

ဖျက်သိမ်းခြင်း ထည့်လိုက်မည်လို့ ဆုံးဖြတ်ပြီးတော့သာ ထည့်လိုက်ရပေမယ့် "တင့်ရှင်းသွင်"ဆိုရင် နာမည်ကြီးစာရေးဆရာမပါလားဆိုတာ လူတကာ တန်းသိကြမှာမို့ မျက်နှာတော့ ပူမိပါသည်။ အခြေတစ်ရပ်ကို အဆင်မပြေမှုကြောင့် ဖျက်သိမ်းလိုက်ရတယ် ဆိုတာဟာ ဘာမှရှက်စရာမရှိဘူးလို့ ကိုယ့်ကိုယ်ကိုယ် အားပေးနေတဲ့ကြားကပင် တစ်မျိုးတော့ ခံစားရပါသည်။

"သမီး ညနေစာ တစ်ရက်လာစားဦးလေတဲ့၊ အန်တီက ပြောနေတယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"သမီး မိတ်ဆက်ပေးမယ်ဆိုတဲ့သူပါ ဖိတ်ခဲ့ပေါ့ သမီး"

တင့်ရှင်း နှုတ်ဆိတ်သွားရပါသည်။ စေ့စပ်ကြောင်းလမ်းခြင်း ပျက်ရတာထက် ပိုခံစားနာကျင်ရတဲ့ ဝေဒနာ တင့်ရှင်းမှာ ရှိခဲ့ရတယ်ဆိုတာ ဖေဖေ မသိသေးပါ။

"ဖေဖေ ... ဒါပဲနော်၊ ဒီနေ့ (......FM)မှာ ဖုန်းသွားပြောရဦးမယ်"

"အေး ... အေး"

တင့်ရှင်းက ဖုန်းကိုပိတ်ပြီး ရေချိုးဖို့ပြင်သည်။





"တီ တီ တီ ... တီ တီ"

"ဟယ်လို"

"ဆရာမလား၊ သမီးတို့ (......FM)ကပါ"

"ပြော ... သမီး"

"ဆရာမ ဒီနေ့ စတူဒီယိုလာဖို့ ဖုန်းပြောတာ အသံသွင်းဖို့ အဆင်ပြေရဲ့လားလို့ပါ"

"အဆင်ပြေပါတယ်၊ အစ်မ လာဖြစ်ပါတယ် သမီး၊ စိတ်ချပါ"

"ဟုတ်ကဲ့ ဆရာမ၊ ကျေးဇူးတင်ပါတယ်"

အင်း ... သူတို့လည်း သတင်းစာတွေ့ပြီးကြလို့ပေါ့။ ကိုယ် ဘယ်လိုပဲ ခံစားချက် ရှိနေနေ အပတ်စဉ် Live လွှင့်နေရတဲ့ အစီအစဉ်တစ်ခုကို တာဝန်ယူထားပြီးမှတော့ တော်ရုံတန်ရုံနှင့် မပျက်လိုပါ။ ခံစားချက်က ခံစားချက်၊ တာဝန်က တာဝန်။ ကိုယ်က ဒီလိုဖြေသိမ့်ထားပေမယ့် ကိုယ့်ကိုတော့ အိမ်က အစောကအစ ခါတိုင်းထက် အရိပ်တကြည့်ကြည့် ဂရုစိုက်နေပါသည်။

သူ့ကိုသနားကရုဏာသက်နေပုံရတဲ့ အစော မျက်လုံးများအောက်မှ လွတ်အောင် စတူဒီယိုဆီ ခပ်စောစော ထွက်လာခဲ့ပါသည်။

လမ်းမှာ ဖုန်းမြည်လာပြန်သည်။ ဟဲန်းဒ်ဖုန်းကိုတော့ ပိတ်ထားဖို့ မသင့်လေရာ တင့်ရှင်းက သက်ပြင်းလေးတစ်ချက်နှင့် ဖုန်းကိုဖွင့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"မမ ... သီရိပါ"

တင့်ရှင်း နှုတ်ဆိတ်သွားရသည်။

"မမ ... သီရိကို စိတ်ဆိုးနေမယ် ထင်တယ်နော်"

"သီရိကို မမ စိတ်ဆိုးစရာအကြောင်း ဘာမှ မရှိပါဘူး"

"မမက စိတ်မဆိုးပေမယ့် ကိုဆိုးပေကတော့ အရမ်းစိတ်ဆိုးသွားတယ်၊ သီရိအိမ်ကို ဖုန်းဆက်ပြီး သီရိဆီဆက်လို့ရမယ့်ဖုန်းနံပါတ်တောင်းပြီးတော့ အမေရိကားအထိကိုဖုန်းဆက်ရန်ထောင်တာ မမရေ၊ သူ ပိုက်ဆံတော့ အတော်ကုန်ကျသွားမယ်၊ အကြာကြီးပဲ၊ သီရိကပဲ ဖြတ်သွားတဲ့ကိစ္စတစ်ခုကို မမကို အလကား လုမ်းအာချောင်ရပါ့မလားလို့ အော်ဟစ်တာ၊ ခေါင်းတွေတောင် မူးလာတယ်"

"သီရိကို သူက ဘာအော်စရာရှိလဲ၊ သီရိက အပြစ်မှမရှိဘဲ၊ အပြစ်ရှိတာက သူပဲဟာ၊ သီရိကို အခါပေးဦးပုည လုပ်ပြီး သူနဲ့ကွဲအောင် ခွဲတယ်ဆိုပြီး သူက အငြိုးထားပြီးတော့ တို့နဲ့ပတ်သက်တဲ့ ကောလာဟလတွေ လွှင့်ထုတ်၊ တို့ကိုလည်း ဟန်ဆောင်ပြီး ချဉ်းကပ်လာခဲ့တာ၊ မကောင်းတာလုပ်တာက သူ"

"သူက မမကို ဟန်ဆောင်ချဉ်းကပ်ခဲ့တာ မဟုတ်ဘူးတဲ့၊ ကောလဟလ ထွက်လာတာကတော့ သူ့အတွက်မခံချင်တဲ့ သူ့သူငယ်ချင်းတွေလက်ချက်၊ ရှိအောင်မတားမိတဲ့အပြွက်





သူ အပြစ်ရှိတယ်တဲ့၊ မမကိုတော့ သူက တကယ်ကြီးပဲ အရမ်းချစ်တာတဲ့"

"ဒါ သူက သီရိကို လာပြောစရာလား ... ဟွန်း"

"သီရိသိရင် မမဆီ သတင်းပို့မှာပဲလို့ သူ သိလို့ပေါ့၊ မမကို စိတ်ခုနေခဲ့ပေမယ့် မမမျက်နှာလေးကို စ,မြင်မြင်လိုက်ချင်းမှာပဲ သူ အရမ်းကိုချစ်တာတဲ့၊ အံ့ဩစရာပဲ မမရယ်၊ အဲဒီကိုဆိုးပေက 'ချစ်'ဆိုတဲ့ စကားလုံးကို ပါးစပ်ကထွက်ဖို့ အသေရှက်တတ်တဲ့သူ၊ သီရိက ချစ်လား ချစ်ရဲ့လားမေးတာတောင် ရေငုံနှုတ်ပိတ်ကြီး မဖြေဘဲနေတဲ့သူ သိလား။ ဒီလိုဟာကြီးက မမကိုအသက်လောက်ချစ်တာ၊ တစ်သက်မှာ တစ်ယောက်ချစ်တာ၊ သေလုမတတ်ချစ်တာနဲ့ ပြောနေလိုက်တာ၊ ကြားရင်း ကြားရင်း အရမ်းတောင် မနာလိုလာတယ်၊ မုန်းလိုက်တာ၊ ခုမှ အသက်ရှူမှားမတတ် တံတွေးသီးမတတ် ပြောတတ်လိုက်တာ၊ အရင်ကတော့ မပြောဘူး"

တင့်ရှင်းသည် သီရိပြောပုံကို လှစ်ခနဲတောင် ပြုံးမိသွားရပါသည်။ ကြည့်စမ်း။ အဖြစ်များ ဆန်းကြယ်ပုံက။ ဒီလူဟာ ကိုယ့်ကို တကယ်အရမ်းချစ်ပါတယ် ဆိုတာကို ဒီလူရဲ့ရည်းစားဟောင်းက ကိုယ့်ကိုပြောပြနေတာ။ ရင်ထဲ နွေးမြလိုက်ခုန်လာကာ ပါးပြင်လေးတွေမှာ ကြက်သီးမွေးညင်းထ,လာမိပါသည်။

"အမယ် ... သူကလေ သီရိကိုကျတော့ မင်းကို ဖောင်းပန်တယ်တဲ့၊ မင်းကို ငါ တကယ်မချစ်ဘူးတဲ့ ဖော်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်မိတာတဲ့လေ ဟွန်း၊ သီရိကလည်း ပြောလိုက်ပါတယ်၊ ရှင့်ကိုလည်း ကျုပ် စိတ်ကူးယဉ်တာလို့၊ တကယ်မချစ်ပါဘူးလို့၊ အဲဒီတော့ ကြေရောပေါ့။ ဒါပေမဲ့ မမရယ်၊ မမကကျတော့ကောဟင် ! မမနဲ့ စေ့စပ်ထားတဲ့သူက အရမ်းလည်းချမ်းသာ၊ ရုပ်လည်းရှိ၊ ဘာမှအပြစ်ပြောစရာလည်း မရှိဘဲနဲ့ အဲဒီ ကိုဆိုးပေကြီးကိုများ ကိုယ့်လက်ရှိ ချစ်သူကိုပစ်ပြီးတော့ ဘယ်လိုဖြစ်လို့ ...”

“ရွေးချယ်မှုတွေဟာ မှားတတ်ကြတာပဲ မဟုတ်လား သီရိ၊ သူက သီရိကို ဖော်လိုလေးလုပ်ပြီး ချစ်တယ်ထင်တယ်၊ သီရိက သူ့ကို စိတ်ကူးယဉ်ပြီး ချစ်တယ်ထင်တယ်၊ မမကလည်း ဟိုလူတစ်ယောက်ကို အကြိုက်ကို အချစ်ထင်ပြီး လက်ခံခဲ့တာပဲ၊ အချစ်ကို တကယ်ခံစားလိုက်ရတော့ ဟိုဟာက အချစ်မဟုတ်ပါလား ဆိုတာ သဘောပေါက်သွားတယ်ပေါ့၊ ဒါပါပဲ ညီမရယ်”

“မမ ကိုဆိုးပေကို တကယ်ချစ်တယ်ပေါ့နော်”

“သီရိရေ ... ဖုန်းပိတ်တော့မယ်၊ မမ စတူဒီယိုရောက်လာပြီ၊ ခဏနေရင် အသံသွင်းရတော့မယ်”

“ဟုတ်ကဲ့၊ သီရိ နောက်မှ ထပ်ဆက်လိုက်မယ် မမ”

ဘယ်လိုပင်ဖြစ်စေ သီရိထံက တစ်ဆင့်ကြားလိုက်ရတဲ့ စကားတွေက တင့်ရှင်းရဲ့နှလုံးသားကို ပွန်းစေကာ လှကိုရင်ခုန်တက်ကြွစေပါသည်။ ဒီနေ့အဖို့ ဖုန်းစကားပြောရတာတောင်





နှုတ်သွက် အာသွက် ဖြစ်နေသလားလို့ ကိုယ့်ကိုကိုယ် ထင်မိသည်။ တစ်ယောက်ပြီးတစ်ယောက်နဲ့ အဖေ အဖြေပြောလာရင်း ငါးယောက်မြောက် နောက်ဆုံးတစ်ယောက်အလှည့် ကျလာပါသည်။

“ကလင် ... ကလင် ... ကလင်”

“ဟယ်လို ... လေလှိုင်းမှာ ဖြေခိုင်းပါ အစီအစဉ်က တင့်ရှင်းသွင် ဖြေနေပါတယ်”

“ဟယ်လို ... ဆရာမ”

“ဟင်”

BURMESE CLASSIC .com

တင့်ရှင်းသည် တစ်ကိုယ်လုံး အေးစက်ကြက်သီးထသွားကာ ရင်တွေ တဒုန်းဒုန်း ခုန်လာတဲ့အထိ စိတ်တွေလှုပ်ရှားသွားရပါသည်။ ဆရာမလို့ ခေါ်လိုက်ပေမယ့် အသံလေ ... အသံ။ သူ့ရဲ့အသံခပ်ဩဩကို တင့်ရှင်းရဲ့နားတို့က မမှတ်မိနိုင်စရာလား။

“ဆရာမ ကျွန်တော်ကလေ စေ့စပ်ထားတဲ့သူရှိတဲ့ မိန်းကလေးတစ်ယောက်ကို မမျှော်လင့်ဘဲ ချစ်ခဲ့မိပါတယ်၊ သူလည်း ကျွန်တော့်ကို ချစ်တယ်လို့ ကျွန်တော် ထင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အပေါ် သူ အထင်လွဲစရာတစ်ခု ပေါ်လာပြီး သူ့ကို လှည့်စားတယ်ထင်ပြီး နာကြည်းသွားပါတယ်၊ ကျွန်တော် သူ့ကို ဆက်သွယ်ချင် ရှင်းပြချင် တောင်းပန်ချင်ပေမယ့် သူ အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ငြိမ်ငြိမ်[illegible]နေနေခဲ့တာပါ၊ ခုတော့ သူ့ရဲ့စေ့စပ်ကြောင်းလမ်းခြင်းက ပျက်သွားပါတယ်"

တင့်ရှင်းသည် မျက်ရည်လေးလည်ကာ ပါးစပ်ကိုလက်ဝါးနှင့်အုပ်ပိတ်၍ ငိုင်ပြီး နားထောင်နေမိပါသည်။

"အဲ ... အဲဒါ ကျွန်တော် အခု သူ့ကို နောက်တစ်ခေါက်ထပ်ပြီး ချစ်ရေးဆိုလို့ ဖြစ်မလားဆိုတာရယ်၊ သူကကော လက်ခံပါ့မလား ဆိုတာရယ် ဆရာမ ဘယ်လိုထင်လဲ သိချင်ပါတယ် ခင်ဗျာ"

လင်းရွှေရ အသံကလည်း ခံစားချက်တို့နှင့် တုန်လှုပ်သွေ့အက်နေပါသည်။ တင့်ရှင်းသည် သူ့အမေးဆုံးသော်လည်း ဝမ်းပန်းတနည်း ငိုင်နေမိ၍ ရှေ့ဘက် အသံဖမ်းခန်းမှ အင်ဂျင်နီယာက လက်ဟန်ခြေဟန်နှင့် သတိပေးတော့မှပင် သတိဝင်လှုပ်ရှားလာသည်။

"ပထမဆုံး အချက်ကတော့ ရှင့်ဘက်ကို ရှင် အရင်ဆုံး သေချာပါစေ၊ ဟန်ဆောင်တယ် လှည့်စားတယ်လို့ သူက ထင်တာကလည်း ထင်စရာအကြောင်းရှိလို့ ဖြစ်မှာပေါ့"

တင့်ရှင်း အသံလေးကလည်း ဝမ်းနည်းလှိုက်လှဲနေပါသည်။

"ဆရာမ ... သူ့ကို ကျွန်တော် သိပ်ချစ်ပါတယ်၊ ဟန်ဆောင်ခဲ့တာ မဟုတ်ပါဘူးဗျာ၊ ရင်နဲ့မဆန့်ဆောင် အစစ်အမှန် ချစ်ခဲ့တာပါ၊ ကျွန်တော့်ကို အဖြေပေးပါဦး ဆရာမ"





"ဟိုလေ ... ရှင့်စကားထဲမှာကိုက သူကလည်း ရှင့်ကိုချစ်တယ်လို့ ရှင်ထင်တယ်ဆို"

"ကျွန်တော် သေချာချင်လို့ပါ၊ ကျွန်တော် အငြင်းခံရမှာကိုလည်း ကြောက်လို့၊ မခံစားနိုင်လို့ပါ၊ သူကသာ စိတ်ဆိုးပြေတယ်ဆိုရင် အခု ကျွန်တော်က သူရှိနေတဲ့အဆောက်အအုံရဲ့အပြင်နားမှာတင် ရှိနေပါတယ်၊ ချက်ချင်း သူ့အနားဝင်သွားလိုက်မှာပါ"

"ဟင် ... ဘယ် ..."

တင့်ရှင်းက မျက်လုံးဝိုင်းလေးနှင့် ခြံထဲကိုမြင်ရတဲ့ မှန်ချပ်မှ အပြင်ဘက်ကို ဟိုဟိုဒီဒီ လှမ်းကြည့်မိပါသည်။ ကားပါကင်နေရာမှာ ကားရပ်ပြီး ကားကိုမှီကာ ဖုန်းပြောနေတဲ့ လင်းရွှေရရဲ့မျက်နှာက တိုးလျှိုးညှိုးငယ်ခြင်းနှင့် တင့်ရှင်းထံ ကြည့်နေပါသည်။

"တင့်ရှင်း"

ဆွတ်ပျံ့တိုးနှင့်တဲ့ သူ့ရဲ့ခေါ်သံ၊ တင့်ရှင်းရဲ့မျက်နှာ၊ မှန်ချပ်အပြင်ဘက်တို့ကို အားလုံး တွေ့နေရတဲ့ အင်ဂျင်နီယာက ဆဲပင်တွေ ကုတ်ဖွကာ တယ်လီဖုန်းမှ အသံဖမ်းယူမှုကို ဖြတ်တောက်လိုက်ပါသည်။ သူ့လိုပဲ တအံ့တသြ ကြောင်အအယောင်နနလေးဖြစ်နေတဲ့ "......FM" က [illegible]န်ထမ်းအသံလွှင့် မိန်းကလေးက ကမန်းကတန်းပင် ...



www.burmeseclassic.com

 www.burmeseclassic.com

"ဟုတ်ကဲ့ပါ သောတရှင်များရှင်၊ အချိန်စေ့သွားတဲ့အတွက် တစ်ဝက်တစ်ပျက်နဲ့ ရပ်ဆိုင်းလိုက်ရတာ ခွင့်လွှတ်ပါရှင်။ ပရိသတ်များ နောက်တစ်ကြိမ်မှပဲ ထပ်မံဖုန်းခေါ်လိုက်ပါဦးလို့ ပန်ကြားလိုက်ပါတယ်။

ကျွန်မတို့ရဲ့ "......FM"ရေဒီယိုလိုင်းမှ ... ..."

တင့်ရှင်းက Head phone ကို ဖြည်းညင်းစွာဖြုတ်၍ စားပွဲပေါ်ချကာ ထိုင်ရာမှ ထ,လိုက်ပါသည်။ မှန်ချပ်အပြင်ဘက်မှ လင်းရွှေရကလည်း ဖုန်းကိုပိတ်ပြီး တင့်ရှင်း ရှိရာဆီ တည့်တည့်ကြီး ရပ်ကြည့်နေမောလျက်၊ တင်ရှင်းကလည်း လင်းရွှေရထံ မျက်တောင်မခတ် လှမ်းကြည့်လျက် ...။

ဘဝမှာ ရင်ဆိုင်ကြရတဲ့ ရွေးချယ်မှုအမျိုးမျိုးတို့ကို ကိုယ့်အမြော်အမြင် သတ်မှတ်ချက်နဲ့ကိုယ် ကိုယ့်တန်ဖိုးထားရာနှင့် ကိုယ် တိုင်းတာသုံးသပ် ဆုံးဖြတ်ကြတဲ့အခါ ကိုယ့်ရဲ့အဖြေကို ကိုယ့်ဘဝတစ်လျှောက်လုံး နှစ်သိမ့်ကျေနပ်နိုင်ဖို့သာ အရေးအကြီးဆုံး မဟုတ်လား။

* ❦ *

လမင်းမိုမို

BURMESE CLASSIC .com
www.burmeseclassic.com